စိတ်ကူးချိုချိုအနုပညာ
mgyoe.com

ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်ဒုတိယတွဲ

## (ဇော်ဟိတ်ဝတ္ထုတိုများ)




mgyoe.com

mgyoe.com

# ရွှေဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်
# ဒုတိယတွဲ (ဇော်ဟိတ်ဝတ္ထုတိုများ)



SOD0003
4,000.00 KS

mgyoe.com



ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၁၄၀၆၀၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၁၆၀၆၀၂ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို **မုတ်ဆုန်** ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးထွန်းထွန်းဦး၊ အင်ကြင်းဦးပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ မတ်လတွင် တန်ဖိုး ၄၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| * | အမှာစာ | |
| ၁။ | ကိုဇော်ဟိတ်၏ လက်ဖွဲ့စွမ်း | ၁ |
| ၂။ | တိမ်တစ်လုံးဘတင်နှင့် ဇော်ဟိတ် | ၁၇ |
| ၃။ | တိုင်းလုံးကျော်နှင့် ဇော်ဟိတ် | ၄၀ |
| ၄။ | တိုင်းလုံးကျော်၏ လက်တုံ့ပြန်ခြင်း | ၆၄ |
| ၅။ | သူသေကိုယ်သေ တစ်ယောက်ချင်းသတ်ကြခြင်း | ၇၈ |
| ၆။ | နံပါတ်ငါးနှင့် ဇော်ဟိတ် | ၉၄ |
| ၇။ | ဟန်ကိုယ်ဖို့ | ၁၁၁ |
| ၈။ | အရက်သမား ခင်မောင်ထွား | ၁၂၉ |
| ၉။ | အာထဗ္ဗဏဗေဒင်ကျမ်း အခက်အခဲ | ၁၅၀ |
| ၁၀။ | အာထဗ္ဗဏဗေဒင်ကျမ်း နောက်ဆက်တွဲ | ၁၆၇ |
| ၁၁။ | ဇော်ဟိတ် လူအိုဖြစ်ရခြင်း | ၁၈၃ |
| ၁၂။ | စားခုတ်ရာ လက်လျှိုခြင်း | ၁၉၇ |
| ၁၃။ | မော်တော်ဘုတ် ပေါက်ကွဲနစ်မြုပ်ခြင်း | ၂၁၅ |
| ၁၄။ | ထူးဆန်းသော မီးပြတိုက်စောင့်သမား | ၂၃၃ |
| ၁၅။ | လူသားစားကျားဆိုးကို အရှင်ဖမ်းခြင်း | ၂၅၀ |
| ၁၆။ | ခြေနှစ်ချောင်းနှင့်အမဲ | ၂၆၈ |
| ၁၇။ | ဇော်ဟိတ်၏ကလေးဘဝ အတွေ့အကြုံ | ၂၈၅ |
| ၁၈။ | ပထမံ ဆရာသိန်းနှင့် ဇော်ဟိတ် တွေ့ခြင်း | ၃၀၇ |
| ၁၉။ | ဆင်ရိုင်းအုပ်ကို ဖမ်းဆီးခြင်း | ၃၅၁ |
| ၂၀။ | မခံချင်၍ ထိုးသတ်သော လက်ဖွဲ့ပွဲ | ၃၆၉ |
| ၂၁။ | အပေါ်ထပ်မှ ခရီးသည် | ၃၈၇ |
| ၂၂။ | ပင်လယ်တွင်း၌ အမျှောခံရခြင်း | ၄၀၆ |
| ၂၃။ | စစ်သင်္ဘောကြီး နစ်မြုပ်ခြင်း | ၄၂၃ |
| ၂၄။ | ကျွဲရိုင်းအုပ် အလိုက်ခံရခြင်း | ၄၃၉ |
| ၂၅။ | ရင်ထိတ်ဖွယ် ဖယောင်းတိုင်မီးတောက် | ၄၅၄ |
| ၂၆။ | လူမိုက်များနှင့် ရင်ဆိုင်၍ အစွမ်းပြခြင်း | ၄၇၀ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အမှာစာ

ကျွန်ုပ်၏ တစ်သက်တာမှတ်တမ်းကို ဖတ်ရှုဖူးသူများသည် သူရသတ္တိ အရာတွင် ပင်ကိုအားဖြင့် မိခင်ကို ကျွန်ုပ်မမီဘဲ၊ ဖခင်ကဲ့သို့ လူအေးလူကောင်း တစ်ယောက်ဖြစ်ခြင်းကို သတိပြုမိကြပေလိမ့်မည်။ သို့ရာတွင် အရွယ်ရောက်လာသောအခါ၌ ကျွန်ုပ်သည် အင်္ဂလိပ်ဝတ္ထုပေါင်းမြောက်မြားစွာ ဖတ်ခဲ့ရာ အထူးသဖြင့် စွန့်စားခြင်းဆိုင်ရာ ဝတ္ထုများကို အလေးပေး၍ ဖတ်ခဲ့ခြင်းအားဖြင့် မိမိကိုယ်တိုင် စွန့်စားခြင်းအလုပ်တွင် ဝါသနာပါလာ၍ သူရသတ္တိ အထိုက်အလျောက် တိုးတက်လာခြင်းကို တွေ့ရပါသည်။

ထို့နောက် ကျွန်ုပ်ကိုယ်တိုင် ဝတ္ထုရေးသမား တစ်ယောက်ဖြစ်လာသောအခါ စာဖတ်သူ ကျောင်းသားလူငယ်များအားလည်း ကျွန်ုပ်ကဲ့သို့ပင် သူရသတ္တိ တိုးတက်စေလိုသည်ဖြစ်၍ ကျွန်ုပ်၏ ပင်ကိုဉာဏ်ဖြင့် ရေးသားသည့် ရန်ကြီးအောင် ဝတ္ထုတွင် စွန့်စားခန်းများ တတ်နိုင်သလောက် ဖြည့်စွက်ထည့်သွင်းရေးသားခဲ့ပါသည်။ သို့ရာတွင် ထိုစာအုပ်၌ပါရှိသည့် စွန့်စားခန်းများသည် အဆင့်အတန်း မမြင့်လှသည့်ပြင် များစွာသော မြန်မာဝတ္ထုများသည်လည်း စွန့်စားခန်းနှင့် ပတ်သက်၍ ပြောပလောက်အောင် အဆင့်အတန်း မမြင့်လှသည်ဖြစ်သောကြောင့် ကျွန်ုပ်သည် ဂျမဒါကိုကိုကြီး၊ စုံထောက်မောင်စံရှား၊ ဖော်ဟိတ် အစရှိသည့် စွန့်စားခြင်းဆိုင်ရာ ဝတ္ထုများကို အနောက်တိုင်း ဝတ္ထုများမှမှီး၍ ရေးသားခဲ့ပါသည်။ ဘယ်သူတွေက

mgyoe.com

mgyoe.com

ဘာပြောကြသည်ဖြစ်စေ စွန့်စားခြင်းဆိုင်ရာ ဝတ္ထုများတွင် မြန်မာ စာရေးဆရာများသည် အနောက်တိုင်းဝတ္ထုများကို မီအောင်မဆိုထားနှင့် "ချဉ်းကပ်"အောင် ရေးဖို့ မတတ်နိုင်ဘဲ ရှိနေသေးရာတွင် (သူရသတ္တိရှိခြင်းသည် ကောင်းသောအချင်းအရာတစ်ခုဖြစ်သည်ဟု ဝန်ခံပါက) အကောင်းဆုံးဝတ္ထုများမှ "မှီး"သောနည်းသည် အကောင်းဆုံးဖြစ်သည်ဟု ဆိုလိုက်ရသည်။

စုံထောက်မောင်စံရှား ဝတ္ထုများသည် စွန့်စားခန်းသက်သက် မဟုတ်သော်လည်း မောင်စံရှားကိုယ်တိုင် အတွေးအခေါ်တွင်သာမက လိုအပ်သည့်အခါမျိုး၌ အရဲရင့်ဆုံးဆိုသည့် ပုရိသယောကျ်ားမျိုးနှင့် ယှဉ်ပြိုင်နိုင်လောက်အောင် သူရသတ္တိကောင်းသူ တစ်ယောက်ဖြစ်၍ စာဖတ်သူတို့ အတုယူအားကျလောက်သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် အားလျော်စွာ စွန့်စားခန်း ဝတ္ထုစာရင်းတွင် ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ စွန့်စားခန်းအတွက် သက်သက်ဆိုပါက ဂျမဒါကိုကိုကြီးဝတ္ထုများကို ပထမတန်းနေရာ ပေးရလိမ့်မည် ထင်ပါသည်။

သို့သော် "လူစွန့်စား"(ဖော်ဟိတ်) ဝတ္ထုများ၏ ထူးခြားချက်တစ်ခုကို ဖော်ပြလိုပါသေးသည်။ များစွာသော လူငယ်များသည် (ဤခေတ်တွင် ပေါ်ပေါက်လာသည့် လမ်းသရဲဆိုသူများ၏) ရမ်းကားစော်ကားသော အပြုအမူမျိုးကို သတ္တိကောင်းခြင်းဟူ၍ အထင်မှားတတ်ကြဟန်ရှိ၏။ ခွန်အားနည်းသူကို အနိုင်ကျင့်ခြင်းသည် သတ္တိကောင်းခြင်းမဟုတ်၊ ပြင်းထန်စွာ ရှုတ်ချထိုက်သော လူညံ့စားများ၏ အပြုအမူမျှသာဖြစ်သည်။ ကျွန်ုပ်၏ဇာတ်လိုက် "ဖော်ဟိတ်"မှာကား "လမ်းသရဲ" ဆန်သော လူရမ်းကားမျိုးနှင့် ရင်ဆိုင်ရသည့်အခါ မိမိအား တိုက်ရိုက်ထိခိုက်ခြင်း မရှိစေကာမူလည်း ခွန်အားနည်းသူတို့ဘက်မှ စွက်ဖက်ပါဝင် ခုခံကာကွယ်ပေးဖို့ ဦးမလေးသည့် ဝါသနာရှိသော ယောကျ်ားကောင်း ယောကျ်ားမြတ်တို့၏ အင်္ဂါရပ်နှင့် ပြည့်စုံခြင်းပင် ဖြစ်ပါသတည်း။

ရွှေဥဒေါင်း

၂၃-၄-၆၅

mgyoe.com

mgyoe.com

# ကိုဇော်ဟိတ်၏ လက်ဝှေ့စွမ်း

ကသာဒိစတြိတ် တွင်းငယ်ရွာကလေးသည် ဧရာဝတီမြစ်၏ လက်ဝဲဘက်ကမ်း၌တွင် တည်ရှိသည့် သာမညရွာကလေးပင် ဖြစ်သော်လည်း လွန်ခဲ့သည့် ၁၉၂၇–၂၈ ခုနှစ်များတွင် ၎င်းနယ်၌ နီလာကျောက်များ တူးဖော်ရရှိသည်ဟု ရုတ်တရက် နာမည်ကြီးခဲ့သည့်အတွက်ကြောင့် ရွှေဘို၊ ကသာ၊ မိုးကုတ် အစရှိသော မြို့ကြီးများမှ ကျောက်ကုန်သည်များ၊ ကျောက်ပွဲစားများ၊ ကျောက်တွင်းသမားများ၊ တွင်းတူး ကူလီများ လာရောက်ကာ စီးပွားရှာကြသဖြင့် အလွန်စည်ကားသော ရွာကလေးအဖြစ်သို့ နေ့ချင်းညချင်းတိုင် ရောက်လာခဲ့ဖူး၏။ စင်စစ်သော်ကား ကျောက်များ တွေ့ရှိဖူးသောနေရာမှာ တွင်းငယ်ရွာမဟုတ်။ ၎င်းရွာနှင့် လေးငါးမိုင်ခန့် ဝေးကွာသည့် ရေညာဦးအမည်ရှိ ရွာကလေး ပတ်ဝန်းကျင် တစ်ဝိုက်၌ ဖြစ်ပေရာ အရပ်ရပ်မှ ကျောက်တွင်းအလုပ်သမားများသည် ရေညာဦးရွာအနီးအပါးတွင် တဲအုံကနားများ ဆောက်လုပ်ကာ တည်းခိုနေထိုင်လျက် အလုပ်လုပ်ကြ၏။ မည်သူသည် ကျောက်တစ်လုံး 'အောင်' သဖြင့် သုံးသောင်းနှင့် ရောင်းလိုက်ရသည်။ မည်ဝါသည် ငါးသောင်းတန်ကျောက်တစ်လုံး တွေ့ရှိ၍ ဈေးမတည့်သေးသဖြင့် မရောင်းသေး အစရှိသော သတင်းများသည် အထက်မြစ်ညာ တစ်လျှောက်တွင် တစ်ဆင့်မှ တစ်ဆင့် ကမ်းလှမ်း ပျံ့နှံ့သွားလေရကား။

mgyoe.com

mgyoe.com

အညှိရှိသော နေရာသို့ ယင်ကောင်များ အုံတတ်သည့်အလားကဲ့သို့ အမြန် သူဌေးဖြစ်ချင်သော လူများသည် ၎င်းအရပ်သို့ စုပြုံလာရောက်ကာ ကံစမ်းကြသဖြင့် တစ်နေ့ထက်တစ်နေ့ တစ်ပတ်ထက်တစ်ပတ် တစ်လထက် တစ်လ တိုးပွားစည်ကားလျက်ရှိခဲ့လေ၏။ အမှန်ကိုဖော်ပြရသော် 'အောင်' သောလူတစ်ယောက် ရှိခဲ့လျှင် ပါသမျှ အရင်းအနှီးကလေး ပြောင်၍ပြန်သွားရသော လူပေါင်း ရာထောင်မက ပေါများလေရကား။

ကျောက်တွင်းတူးရသော အလုပ်မှာ ထိထိုးရသော အလုပ်မျိုးနှင့် မခြားနားလှချေ။ သို့သော် ဟိုလူမတွေ့သော်လည်း ငါတူးလျှင် တွေ့ရမည်ဟူသော မျှော်လင့်ချက်မျိုးနှင့် လာရောက်တတ်ကြသောကြောင့် လူဆယ်ယောက်တို့က ပြောင်၍ ပြန်သွားတိုင်း နောက်ထပ် လူနှစ်ဆယ် ရောက်လာတတ်ကြ၏။ သို့ဖြစ်ရကား တစ်လတစ်ကြိမ် နှစ်လတစ်ကြိမ် စသည်ဖြင့် တစ်ယောက်ယောက် ကျောက်အောင်လျက်ရှိသမျှ ကာလပတ်လုံး ကျောက်တူးသမားများ မရှား အောင်ဖြစ်ခဲ့ရာ၊ လေးငါးလတိုင်တိုင် မည်သူ တစ်ဦးတစ်ယောက်မျှ ကျောက် အောင်သည်ဟု မကြားရသောအခါမှသာလျှင် လူများ မလာမရောက် ခန်းခြောက် သွားလေတော့၏။

ကျွန်တော်နှင့်ကိုဇော်ဟိတ်တို့မှာ တစ်ယောက်နှင့်တစ်ယောက် သိကျွမ်း ကြပြီးနောက် မည်သည့်အရပ်ဒေသသို့ သွားရောက်လည်ပတ်ကြရမည်ဟု စဉ်းစား စိတ်ကူးလျက်ရှိကြစဉ် တွင်းငယ်ကျောက်တွင်းအကြောင်းကို သတင်းကြားရသည်နှင့် ကံစမ်းလိုကြသည်လည်း တစ်ကြောင်း၊ မရောက်ဖူးသော အရပ်ဒေသသို့ ရောက်လို ကြသည်လည်း တစ်ကြောင်းကြောင့် စိတ်တူသဘောတူ စုန်ဆင်းလာခဲ့ကြလေ၏။

တွင်းငယ်ဗိုလ်တဲတွင် တစ်ရက်မျှတည်းခိုကြပြီးနောက် ကျွန်တော်တို့သည် ရေညာဦးရွာကလေးသို့ ဆက်လက်သွားရောက်၍ ကျောက်တွင်းတူးသမား ကူလီများ စေ့စပ်ငှားရမ်းပြီးလျှင်၊ သူတစ်ပါးနည်းတူ တွင်းရာတစ်ကွက်ကို လိုင်စင်ခံယူ၍ တူးဖော်လုပ်ကိုင်ကြလေ၏။

ရေညာဦးရွာမှာ ရွာသိမ်ရွာငယ်ကလေးမျှသာ ဖြစ်သော်လည်း ကျောက်တွင်းအရှိန်ကြောင့် လူပေါင်းစုံ လာရောက်ကြသည်ဖြစ်၍ ဖဲသမား၊ ကြက်သမား၊ အရက်သမား၊ လူလိမ် လူညစ်၊ လူရှုပ် လူပွေ၊ လူတေ လူညာ စသည်တို့မှာ ရွာကလေးနှင့် မလိုက်အောင် ခြေချင်းလိမ်မတတ် ထူထပ်ပေါများလှ၏။ ကိုးမီးဝိုင်းများမှာလည်း နေ့ရောညပါ ကစားလျက်ရှိကြရာ အချို့မှာ နံနက်ခင်းက ကျောက်ရောင်း၍ရသော ငွေထောင်ကိုးရာမျှကို နေမဝင်မီ ရှုံးကုန်သည်ဟု ကြားလိုက်ရ၏။ အချို့ ပိုက်ဆံဝါလားများကမူ အနီထောင်နှင့် လေးကောင်ဂျင်ဝိုင်းများပင် ဖွင့်လှစ်ကစားကြသည်ဟု ကြားသိရ၏။
mgyoe.com

mgyoe.com

မူးယစ်သေစာများမှာလည်း တောအရက် ချက်အရက် ထန်းရည်မှသည် ဝီစကီ ဘရန်ဒီနှင့် ဘိန်းသို့တိုင်အောင် အလိုရှိရာ ဝယ်ယူရရှိနိုင်ပေ၏။ တရုတ်လူမျိုးများသည် ယစ်မျိုးအလုပ်ဖြင့် စီးပွားရှာခြင်းကို လူမျိုးအလိုက် ဝါသနာပါရှိကြသည်ဖြစ်ရာ အဝိန်ဆိုသော တရုတ်သည် ဒေသနှင့်မလိုက်အောင် အတော်ကျယ်ဝန်းသိုက်မြိုက်သော တဲကြီးတစ်တဲ ဆောက်လုပ်၍ အရက်အမျိုးမျိုးတို့ကို လက်သိပ်ထိုး ရောင်းချလျက်ရှိ၏။ အစိုးရထံမှ အမိန့်လိုင်စင် ခံယူထားဟန်မရှိသော်လည်း အမိန့်ရဆိုင်ကြီးသဖွယ် ဓာတ်မီးတထိန်ထိန် သောက်စားသူ တအုံးအုံးနှင့် တပြုံးပြုံးရောင်းချလျက်ရှိ၏။

ကျွန်တော်တို့ ဆိုက်ရောက်သွားကြပြီးနောက် ဒုတိယနေ့တွင် တစ်ဘက်လပ် ကိုစိန်ဆိုသူနှင့် သိကျွမ်းကြလေရာ ထိုသူမှာ မိုးကုတ်သားဖြစ်၍ ကျောက်တွင်းအလုပ်ကို နားလည်သည့်အပြင် ၎င်းဒေသအကြောင်းကိုလည်း သိရှိ၍ ၎င်းကိုယ်တိုင် အရင်းအနှီး ပြတ်လပ်နေခိုက်ဖြစ်ရကား ကျွန်တော်တို့နှင့် ဖက်စပ်လုပ်ကိုင်ရန် သဘောတူညီလေ၏။ တစ်ဘက်လပ်ကိုစိန်မှာ အတော်လည်ပတ်သူ တစ်ယောက်ဖြစ်ကြောင်း ထင်ရှားသော်လည်း ကျွန်တော်တို့ကို မလိမ်တန်ရာဟု ယုံးစံအတိုင်း တွေးထင်မိကြသဖြင့် တွဲဖက်လုပ်ကိုင်ရန် သဘောတူညီကြခြင်းဖြစ်၏။ ကျွန်တော်တို့၏ တွက်ကိန်းမှာ ငွေနှစ်ရာသုံးရာအကုန်ခံ၍ ကံစမ်းမည်။ နေရာကျလျှင်လည်း ဝေယူမည်။ နေရာမကျလျှင်လည်း ထိုငွေမျှလောက်နှင့် ကျွန်တော်တို့ နစ်နာလောက်အောင် မရှိဟု တွက်ထား၏။ ကျွန်တော်တို့က ငွေစိုက်၊ ကိုစိန်က လူစိုက်၊ အလုပ်လုပ်ကြ၍ ရသမျှကို သုံးယောက်အညီအမျှ ဝေယူအံ့ဟု အကြမ်းအားဖြင့် သဘောတူထားကြ၏။

တစ်နေ့သ၌ ကျွန်တော်နှင့်ကိုဇော်ဟိတ်တို့သည် ရေညာဦးရွာမှ တွင်းငယ်ဘက်သို့ အညောင်းပြေ လမ်းလျှောက်လာကြစဉ် အဝေးမှ မြင်းတစ်စီး စိုင်းလာသည်ကို မြင်ကြသဖြင့် ခြေဟန်လက်ဟန်ကောင်းလှသော ၎င်းမြင်းပြေးပုံကို ငေးလျက်ကြည့်နေကြ၏။ ကျွန်တော်မှာ ဒုန်းမြင်းများကို ဝါသနာမပါသော်လည်း အသားကျကောင်းသော မြန်မာမြင်းတစ်စီး ပြေးခြင်းကို အလွန်နှစ်သက်စွာ ကြည့်ရှုတတ်သည့်အတိုင်း မြင်းပေါ်က လူထက် မြင်းကို အထူးဂရုစိုက်၍ ကြည့်နေမိလေ၏။ မြင်းသည် ကျွန်တော်နှင့် ရင်ဆိုင်ပြေးလာ၍ အနီးသို့ ရောက်လာသည့်တိုင်အောင် တစ်ချက်မျှ မ'ဖောက်'ဘဲ လေးဖက်ကျနစွာ ပြေးလာရကား ကျွန်တော်မှာ မြင်းကို ချီးမွမ်းရာမှ နိုင်နိုင်နင်းနင်းစီးလာသော မြင်းစီးသမားကို မော့်ကြည့်ကာ ချီးမွမ်းလိုက်မိ၏။

"တော်ပါပေ့ဗျာ၊ မြင်းရော လူရော ကောင်းပါပေရဲ့" ဟုပြောလျက် ကိုဇော်ဟိတ်၏ မျက်နှာကို မော့်ကြည့်လိုက်မိရာ ကိုဇော်ဟိတ်မှာမူ အလွန်

mgyoe.com

mgyoe.com

အံ့ဩသော မျက်နှာမျိုးနှင့် မြင်းစီးသမားကို လှည့်လျက်ကြည့်နေသေး၏။ တစ်ခဏချင်းတွင် မြင်းကြီးသည် တရှူးရှူးမြည်လျက် ကျွန်တော်တို့အနီးမှ ပွတ်ကာ ရေညာဦးရွာဘက်သို့ စိုင်းသွားလေရာ နောက်မှမျှော်ကြည့်နေကြသော ကျွန်တော်တို့မှာ ဖုံတထောင်းထောင်း ကျန်ရစ်သည့်အဖြစ်ကိုသာ မြင်လိုက်ကြရလေတော့၏။

ကျွန်တော်။ ။"မြင်းပေါ်ကလူကို သိလို့ အံ့ဩနေတာလားဗျ"

ဟိတ်။ ။"ခင်ဗျားကော သူ့ကို မသိဘူးလား"

ကျွန်တော်။ ။"မသိပေါင်ဗျာ၊ ဒီနယ်သားဆိုလို့ ကျွန်တော် သိတဲ့လူ အနည်းသားကပဲ"

ဟိတ်။ ။"ဒီလူက ဒီနယ်သားမဟုတ်ဘူးဗျ။ ဇာတိက မန္တလေးသားကပဲ။ မြေပိုင်ရှင် ဦးကျော်ဟိုးရဲ့သား။ ဘိလပ်ပြန် မောင်မောင်လတ်ဆိုတာ သူပေါ့ဗျ။ ကသာနယ်က မင်းတိုင်ပင်အမတ်ပေါ့"

ကျွန်တော်။ ။"ဩော်. . .ဩော်။ ကြားဖူးတယ်ဗျို့။ ဒါ့ထက် အမတ်တော်မင်းက ဒီနယ်မှာ ဘာများလာလုပ်ပါလိမ့်"

ဟိတ်။ ။"အမတ်ဆိုတာမျိုးဟာ ရွေးကောက်ပွဲနီးလျှင် ကိုယ့်နယ် အတွင်းလှည့်ပြီး မဲဆွယ်တဲ့ အလုပ်က အရေးကြီးဆုံးပေါ့ဗျ"

၎င်းနောက် ကျွန်တော်တို့သည် ရွာဘက်သို့လှည့်ကာ ပြန်လာခဲ့ကြ၍ တည်းအိမ်သို့ ရောက်သောအခါ ကျွန်တော်မှာ မိတ်ဆွေများထံ စာများရေးနေစဉ်၊ ကိုဇော်ဟိတ်မှာ ၎င်းသဘောအတိုင်း လည်ပတ်လျက်ရှိလေ၏။ စာရေးပြီးစီးလတ်သော် ကိုဇော်ဟိတ် ပြန်မလာသေးသည်နှင့် ကျွန်တော်မှာ လက်ဖက်ရည် တစ်ခွက်သောက်ရန် တရုတ်အဝိန်း၏ ဆိုင်ဘက်သို့ ထွက်လာခဲ့လေ၏။

အဝိန်း၏ဆိုင်ကြီးမှာ တစ်ဘက်တွင် အရက်အမျိုးမျိုးရောင်းချ၍ အခြားတစ်ဖက်တွင် ခေါက်ဆွဲကြော်၊ ကြာဆံကြော် စသည့် အကြော်အလှော် အမျိုးမျိုးတို့အပြင် လက်ဖက်ရည် ကာဖီစသည်ကို ရောင်းချသဖြင့် အခါခပ်သိမ်း လူစည်ကားလျက်ရှိ၏။ ကျွန်တော်သည် စားစရာ ရောင်းသောဘက်သို့ ဝင်မည်ပြုစဉ် အရက်ရောင်းသည့်ဘက်တွင် တစ်ဘက်လပ်ကိုစိန်ကို မြင်သည်နှင့် ၎င်းအား ကျွန်တော်တို့ဘက်သို့ လှမ်းခေါ်ပြီးလျှင် လက်ဖက်ရည်သောက်ရင်း စကားပြောနေကြလေ၏။

စားစရာခန်းနှင့် အရက်ခန်းတို့မှာ မျက်ကွက်ထရံတစ်ချပ်မျှသာ ခြားထားလေရကား တစ်ဖက်မှ တစ်ဖက်သို့ မြင်နိုင်ပေ၏။

စိန်။ ။ "နောက်ဆုံးသတင်း ကြားပြီးပြီလားဗျ"

ကျွန်တော်။ ။"ဘာအကြောင်းများလဲဗျ"

mgyoe.com

mgyoe.com

စိန်။ ။"အရာရှိယောင်ယောင် ဘာယောင်ယောင် လင်မယား နှစ်ယောက် ရောက်လာကြတယ်။ တချို့က ရုပ်ဖျက်လာတဲ့ ဝန်ထောက်လား၊ ခုံထောက်လား၊ ပုလိပ်အရာရှိလားလို့ လောင်းကြေးစားကြေးလုပ်နေကြလေရဲ့"

ထိုအခါ ကျွန်တော်မှာ ကသာအမတ် မောင်မောင်လတ်ကို ပြောနေကြောင်း ရိပ်မိသော်လည်း ဖွင့်၍မပြောဘဲ နေလိုက်၏။

ကျွန်တော်။ ။"ဒီလူက ဒီမှာ ဘာလာလုပ်တာတဲ့လဲ"

စိန်။ ။"သူလည်းပဲ ကျောက်ဘွင်းတူရ တော်မလားလို့ လာပြီး စုံစမ်းတယ် ဆိုပါကလား။ ဟော ပြောရင်းဆိုရင်း ရောက်လာပြီဗျို့၊ ဟောဟိုလူပဲ"

ထိုခဏ၌ ကျွန်တော်မြင်ခဲ့ဖူးသည့် ကသာအမတ်လောင်း မောင်မောင်လတ်သည် ခေါက်ဆွဲဆိုင်ထဲသို့ ဝင်လာလေရာ မလှမ်းမကမ်းက တွင်းတူးကူလီလေးငါးယောက်တို့လည်း မယောင်မလည်ဖြင့် လိုက်ပါလာကြလေ၏။ မောင်မောင်လတ်မှာ အသက်သုံးဆယ်ကျော် အရွယ်မျှသာရှိသေး၍ အင်္ဂလိပ်ကျောင်းများတွင် မင်းသားဟူ၍ ပြောင်လှောင်မှည့်ခေါ်ခြင်းခံရတတ်သည့် ရုပ်လက္ခဏာမျိုးရှိလေရာ မျက်နှာနုဖွေးပုံကို ထောက်ရခြင်းအားဖြင့် တို့ပတ်ပဝါဆောင်တတ်သည့် လူစားမျိုး ဖြစ်ဟန်တူပေ၏။ ထိုအချိန်၌မူ မောင်မောင်လတ်သည် မာဖလာကို လည်ပင်းတွင်စည်းလျက် စီးကရက်ကို ပယင်းရောင် ဆေးစွပ်ဖြင့်စွပ်ပြီး နှုတ်ခမ်းဖျားတွင် မခို့တရို့တပ်ကာ၊ ဆိုင်တွင်းသို့ ဝင်လာ၍ ကာဖီတစ်ခွက် မှာယူပြီးမှ ကုလားထိုင်တွင် ထိုင်စောင့်နေလေ၏။ တွင်းတူးကူလီများသည်လည်း အခြားစားပွဲတစ်ခုတွင် ဝိုင်းထိုင်ကာ မောင်မောင်လတ်အား အထူးအဆန်းလူတစ်ယောက်အနေဖြင့် စိုက်ကြည့်နေကြလေ၏။ ထိုခဏ၌ လူကြမ်းနှစ်ယောက်သည် အရက်ဆိုင်ဘက်မှ ဟောင်ဖွာဟောင်ဖွာနှင့် ကူးလာကြ၍ အကြော်များမှာယူပြီးလျှင် အော်ကျယ်ဟစ်ကျယ် စကားပြောနေကြရာ စားပွဲ၌ ထိုင်နေသော ကူလီများအနက်မှ ခေါင်းဆောင်နှင့်တူသောလူက "ဟေ့လူများ၊ ဒီမှာ လူကြီးလူကောင်းတွေ မမြင်ဘူးလားကွယ်တို့၊ အော်ကြီးဟစ်ကျယ်နှင့် မလုပ်ကြနှင့်လေကွယ်"ဟု ပြောလိုက်သောအခါ လူကြမ်းနှစ်ယောက်သည် မောင်မောင်လတ်၏ မျက်နှာကို လှမ်းကြည့်ပြီးလျှင် ဆိတ်ဆိတ်နေကြလေ၏။ ထိုအခါ မောင်မောင်လတ်က "တောရောက်တဲ့အခါ တောအလိုက်ပေါ့ဗျာ။ ပျော်ပျော်သာနေကြပါ။ ကိစ္စမရှိပါဘူး။ ခင်ဗျားတို့ ဘာစားကြမလဲ။ ဟေ့ ပေါက်ဖော်၊ ခေါက်ဆွဲကြော်၊ ငါးခွက် ပြင်ပေးလိုက်ပါ"ဟု ဆိုင်ရှင်အား လှမ်း၍အမိန့်ပေးလိုက်လေ၏။

"ငါးခွက်တည်းလားဗျ၊ ကျုပ်တို့ကော မစားရဘူးလား"ဟု နောက်ဝင်လာသူတစ်ယောက်က ပြောလိုက်သဖြင့်၊ ကျွန်တော်သည် အသံကြားရာသို့

mgyoe.com

mgyoe.com

လှည့်ကြည့်လိုက်သောအခါ အလွန်တုတ်ခိုင် ထွားကျိုင်း၍ မျက်နှာနီသော လူတစ်ယောက်သည် ဆိုင်ထဲသို့ ဝင်လာပြီး စားပွဲကို တုတ်ကောက်ကြီးနှင့် ရိုက်တီးလိုက်လေ၏။ ထိုခဏ၌ ကိုစိန်သည် ကျွန်တော်၏ပေါင်ကို လက်ဖြင့် တို့လျက် "သတိထားဗျို့၊ ခွေးဘီလူးဘိုးနီဆိုတာ ဒီအကောင်ပဲ။ လူတစ်ယောက်ကို ခါးချိုးသတ်လို့ ထောင်ဆယ်နှစ်ကျဖူးတဲ့ အကောင်ပဲ။ ရန်လည်း အင်မတန် ဖြစ်ချင်တဲ့အကောင်။ ကျုပ်တို့ ရှောင်ထွက်ကြရင် ကောင်းမယ်ထင်တယ်"ဟု သတိပေးသော်လည်း ကျွန်တော်တို့မှာ မောင်မောင်လတ်က မည်ကဲ့သို့ ပြန်ပြော မည်ကို ကြားလိုသည်နှင့် မထဘဲ ထိုင်၍နေလေ၏။

မောင်မောင်လတ်သည် နားမလည်သော အမူအရာမျိုးနှင့် ခပ်အေးအေး ထိုင်လျက်ရှိသောအခါ ဘိုးနီက "ဟေ့ဆရာ၊ ကျုပ်ပြောတာ မကြားဘူးလား။ ကျုပ်ဖို့ပါ တစ်ခွက်မှာစမ်းပါဦး"ဟု ထပ်၍ ပြောလေ၏။ ထိုအခါ မောင်မောင် လတ်သည် ဘိုးနီဘက်သို့ လှည့်ကြည့်၍ "ဟေ့ ဆရာဆိုတာ ဘယ်သူ့ကို ပြောတာလဲ"ဟု မေးလိုက်သောအခါ ဘိုးနီက မျက်နှာပျက်လျက် "ကိုယ့်ပြော လို့မှ ပြောမှန်းမသိအောင် တယ်ထူတဲ့လူပါကလား။ မှာလိုက်ပါ။ ကျုပ်ဖို့ ခေါက်ဆွဲတစ်ပန်းကန်"

လတ်။ ။"မင်း စားချင်လို့လား"

နီ။ ။"ခက်ပါပြီ။ စားချင်လို့ ပြောတာပေါ့"

လတ်။ ။"စားချင်ရင် ကိုယ့်ဘာသာ မှာစားပါလား"

နီ။ ။(နီသောမျက်နှာသည် တိုး၍ နီလာလျက်) "နေစမ်းပါဦး၊ ကျုပ် ဘယ်သူဆိုတာ ခင်ဗျားသိရဲ့လား"

လတ်။ ။"မသိဘူး၊ သိလည်း မသိချင်ဘူး"

နီ။ ။"ခွေးဘီလူး ဘိုးနီဆိုတာ ကျုပ်ပဲ"

လတ်။ ။"အေး၊ ခွေးဘီလူးနှင့်တူတာတော့ ငါမြင်ပါပြီ"

ထိုခဏ၌ ခေါက်ဆွဲရပြီးသော ကူလီများသည် မစားနိုင်ကြဘဲ ပန်းကန် ပြားကို ရှေ့တွင်ချလျက် ငေးကြည့်နေကြလေ၏။ ခွေးဘီလူးဘိုးနီသည် ခပ်ရက်ရက် မျက်နှာမျိုးဖြင့် မောင်မောင်လတ်အနီးသို့ ချဉ်းကပ်လာရာ မောင်မောင်လတ် ကမူ ဣန္ဒြေမပျက်ဘဲ ကာဖီကို သောက်မြဲတိုင်း သောက်နေလေ၏။

နီ။ ။"ခင်ဗျားက ခေါက်ဆွဲတစ်ခွက်တောင် မကျွေးချင်ရင် ကျုပ်က ကျွေးပါ့မယ်ဗျာ၊ ခင်ဗျား ဘာစားမလဲ၊ မှာစမ်း"

လတ်။ ။"တော်ပြီ။ ငါဘာမှ မစားချင်ဘူး"

နီ။ ။"စားပါဗျ။ ကျုပ်မှာ ပိုက်ဆံပါပါတယ်"ဟု ပြောကာ လူကြွားလူကျယ်တို့ ထုံးစံအတိုင်း ငွေစက္ကူသုံးလေးချပ်ကို ထုတ်၍ပြလေ၏။

mgyoe.com

mgyoe.com

ထိုအခါ တွင်းတူးကူလီတစ်ယောက်က "ဒီဆရာကြီးက သဘောကောင်းပါတယ် ကိုဘိုးနီရဲ့"ဟု ဝင်ပြောလေရာ၊ ဘိုးနီက "မင်းက ဘာဝင်ရှုပ်တာလဲ"။ မောင်မောင်လတ်ဘက်သို့ လှည့်လျက် . . .

နီ။ ။"လာပါ မိတ်ဆွေရဲ့။ ရောက်တဲ့အခါ အသိအကျွမ်းဖွဲ့ရတာပေါ့ဗျ။ စားချင်တာ ခင်ဗျားစား။ ကျုပ်က ကျွေးပါမယ့်ဗျ"

လတ်။ ။"တော်ပြီ။ ကျုပ် ဘာမှမစားချင်ဘူး။ ကျေးဇူးတင်ပါတယ်"

နီ။ ။"ဟော့ ပေါက်ဖော်။ ကြာဆံကြော်နှစ်ခွက် ပြင်လိုက်စမ်း"

ထိုအခါ မောင်မောင်လတ်သည် ပြန်တော့မည့်အကြံဖြင့် ဆိုင်ရှင်အား ပိုက်ဆံလှမ်းပေးလေရာ ဘိုးနီက မောင်မောင်လတ်၏ လက်မောင်းကို ကိုင်ဆွဲထားလေ၏။

လတ်။ ။(မျက်နှာပျက်လျက်) "ဟော့လူ၊ ငါ့လက်မောင်းကို မကိုင်ပါနဲ့။ လွှတ်ပါ"

နီ။ ။"ကျုပ်မှာထားတဲ့ ကြာဆံကြော်ကို စားပြီးမှ လွှတ်မယ်ဗျ"

ကျွန်တော်တို့သည် မည်သို့ဖြစ်ကြမည်ဟု ထိုင်ရာမှ မျှော်ကြည့်လိုက်စဉ် လျှပ်စစ်ဓာတ်၏ လျင်မြန်ခြင်းဖြင့် မောင်မောင်လတ်၏ လက်ယာလက်သည် ကာဖီပန်းကန်ကို လှမ်းကိုင်ပြီးလျှင် ဘိုးနီ၏ မျက်နှာသို့ တည့်တည့်ကြီးပေါက်လိုက်ရာ ပန်းကန်မှာ စိစိညက်ညက်ကြေသွား၍ ကြွင်းကျန်သောကာဖီရည်များသည် ဘိုးနီ၏ မျက်နှာမှ စီးကျလာလေ၏။ ဘိုးနီမှာမူ အံ့ဩသောအမူအရာဖြင့် နောက်သို့ဆုတ်သွား၍ ကိုင်ထားသောလက်မောင်းကို လွှတ်ပစ်လိုက်လေရာ မောင်မောင်လတ်သည် အလွန်လည်းမမြန်၊ အလွန်လည်းမနှေးသော ခြေလှမ်းမှန်မှန်ဖြင့် ဆိုင်ထဲမှ ထွက်သွားလေ၏။ ကျွန်တော်တို့ကမူ မောင်မောင်လတ်နောက်သို့ ဘိုးနီထွက်၍ လိုက်ချေတော့မည်ဟု ကြည့်နေကြရာ ဘိုးနီကမူ ခြေတစ်လှမ်းမျှ မလှမ်းဘဲ မျက်နှာက စီးကျသော ကာဖီရည်များကို လက်ဖြင့် သုတ်လျက် ရပ်နေ၏။ ထို့နောက် ဘိုးနီသည် စကားတစ်ခွန်းမျှ မပြောဘဲ ဆိုင်ထဲမှ ချာခနဲ လှည့်ထွက်သွားလေတော့၏။

ခေါက်ဆွဲကြော်ကျွေးထားသော ခေါင်းဆောင်ကူလီက "တော်တော်တော့ သတ္တိကောင်းတဲ့ လူတစ်ယောက်ပဲ။ နို့ပေမယ့် ကျုပ် သိရသလောက်တော့ ဒီရန်စဟာ မအေးပေဘူးဗျနော်"ဟု ပြောလိုက်သောအခါ အခြားကူလီများလည်း အသီးသီး ထင်မြင်ချက်ပေးကြသဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်သွားလေ၏။ နောက်တစ်ခဏတွင် မောင်မောင်လတ်သည် ဆိုင်ထဲသို့ ပြန်ဝင်လာသဖြ

mgyoe.com

mgyoe.com

အသံများ ရပ်စဲသွားလေရာ မောင်မောင်လတ်သည် ထိုမှ ဤမှ လှမ်းမျှော်ကြည့်ရှုပြီးနောက် "ဩော်၊ ဟိုအကောင် ထွက်သွားပြီလား။ ကျုပ်က ရုတ်တရက်ထွက်သွားလေတော့ သူ့ကြောက်လို့ ထွက်သွားတယ် ထင်နေမှာစိုးလို့ ပြန်လာခဲ့တယ်။ အမှန်ပြောရရင် မိန်းမပါလာတော့ သတ်လားပုတ်လား မလုပ်ချင်လို့ပါ။ သူ့ကိုကြောက်လို့ မဟုတ်ပါဘူး"ဟု ပြောလေရာ၊ ကျွန်တော်မှာ မောင်မောင်လတ်၏ သူရသတ္တိကို စိတ်ထဲ၌ ချီးမွမ်းမိ၏။ စင်စစ်သော်ကား မောင်မောင်လတ်သည် လူဖလံကလေးမျှသာဖြစ်၍ ထွားကျိုင်းကြမ်းတမ်းလှသော ဘိုးနီကို မည်သည့်နည်းနှင့်နိုင်အောင် သတ်ပုတ်နိုင်မည်ဟု ကျွန်တော် မတွေးနိုင်ပေ။

ထိုအခါ ခေါင်းဆောင်ကုလီက ခေါက်ဆွဲတစ်ခွက်မျက်နှာကို ထောက်သည့်အလျောက် အရေးရှိလျှင် မိမိတို့လည်း ကြည့်နေမည်မဟုတ်ကြောင်းနှင့် အားပေးစကားပြောသေး၏။ နောက်ဆုံး၌မူကား လူမိုက်တစ်ယောက်နှင့် တုဖက်၍ ရန်မဖြစ်ထိုက်ကြောင်း၊ ဘိုးနီသည် အလွန်မိုက်သူတစ်ယောက်ဖြစ်သဖြင့် ဧကန်မုချ လက်စားချေလိမ့်မည်ထင်ရကြောင်းနှင့် ဝိုင်းဝန်းပြောဆိုကြပြီးလျှင် လင်မယားနှစ်ယောက်လုံး ၎င်းအရပ်မှ ထွက်ခွာသွားကြရန် တိုက်တွန်းကြလေ၏။

လတ်။ ။"မိတ်ဆွေများက ကျွန်တော့်အကျိုးကို လိုလားသဖြင့် အကြံပေးကြသည့်အတိုင်း ကျေးဇူးတင်ပါတယ်။ သို့သော် ဒီလိုအကောင်မျိုးကို ကြောက်တဲ့အတွက် ရှောင်ထွက်သွားရတယ်ဆိုလျှင် ရာဇဝင်ရိုင်းပါလိမ့်မယ်။ သူတတ်နိုင်သလို ကိုင်ပါစေ။ ကျွန်တော် အဆင်သင့်ရှိပါတယ်"ဟု ပြောပြီးလျှင် ပြုံးရွှင်သောမျက်နှာထားဖြင့် လူအားလုံးကို နှုတ်ဆက်၍ မောင်မောင်လတ်လည်း ထွက်သွားလေ၏။ လူများသည် မောင်မောင်လတ်၏ သတ္တိကို သဘောကျကြသော်လည်း ဦးခေါင်းယမ်းကာ စိုးရိမ်မကင်းသော အမူအရာမျိုး ပြကြလေ၏။

ကျွန်တော်သည် တည်းအိမ်သို့ ပြန်ရောက်သောအခါ ကိုဇော်ဟိတ်သည် ခြောက်လုံးပြူးသေနတ်ကို ယမ်းတောင့်ထိုးနေရာမှ မော့်ကြည့်၍ "ဘယ့်နှယ်လဲ ဆရာကြီး။ ဘာများ ဖြစ်လာလို့လဲဗျ"ဟု မေးလိုက်ရာ၊ ကျွန်တော်က "ကျုပ်တော့ ဘာမှမဖြစ်ပါဘူး၊ ခင်ဗျာ့မိတ်ဆွေ မောင်မောင်လတ်တော့ တစ်ခုခုဖြစ်လိမ့်မယ် ထင်ရတယ်"ဟု နိဒါန်းခံပြီးနောက် အဝိန့်ဆိုင်တွင်း အဖြစ်အပျက်ကို ပြန်ပြောင်းပြောပြလေ၏။ ကိုဇော်ဟိတ်သည် အနည်းငယ် အံ့ဩသော မျက်နှာထားဖြင့် နားထောင်နေပြီးနောက် "ငနဲက ဒီလိုတော့ အလာကြီးပါကလား။ ပိုက်ဆံကလေးရှိလို့ ဘိလပ်ကလေး ဘာကလေးရောက်ပြီး ငွေအားနှင့်ဖိလုပ်နိုင်လို့ ခင်ချောင်ချောင် အမတ်ဖြစ်တဲ့ လူတစ်ယောက်လို့ မှတ်လာခဲ့မိတယ်။ ဒီလိုတော့ ငနဲက အလာကြီးပါကလား"

mgyoe.com

mgyoe.com

ကိုဇော်ဟိတ်သည် လူတစ်ဖက်သားကို ဤကဲ့သို့ ဖိနှိပ်ပြောင်လှောင် ပြောဆိုခဲ့လှသဖြင့် မောင်မောင်လတ်အပေါ်၌ ရန်ငြိုးအနည်းငယ် ရှိဟန်တူသည်ဟု ကျွန်တော်သတိပြုမိ၏။ သို့ဖြစ်၍. . .

ကျွန်တော်။ ။"ဘာကြောင့်လဲဗျ။ ခင်ဗျားနဲ့ မောင်မောင်လတ်နဲ့ ဘာများ ဖြစ်ခဲ့ကြလို့လဲ"

ဟိတ်။ ။"ဒီလောက် မကြီးကျယ်ပါဘူးဗျာ။ ဟိုးရှေးရှေးတုန်းက ဖြစ်ခဲ့ကြတဲ့ ကိစ္စလေးတစ်ခုအတွက်ကြောင့်ပါပဲ။ အခုတော့ ပြီးပါပြီ။ ကျုပ် မှာလည်း မေ့သလောက်တောင် ဖြစ်နေတာ။ သူ့မျက်နှာ မြင်လိုက်တော့မှ အသစ်လို ပြန်ပေါ်လာလို့ပါ။ ခုတော့ ပြီးပါပြီ။ ပြောလည်း မပြောချင်တော့ ပါဘူး"

ကျွန်တော်။ ။"ဒါကြ ကိစ္စမရှိလျှင် ခင်ဗျားလူတော့ မကြာခင် ကိစ္စ ရှိလိမ့်မယ် ထင်တယ်။ ဟိုအကောင်ကြီးက ကြေမည့်အကောင်ကြီးမဟုတ်ဘူး။ ကေန္တ လက်စားချေလိမ့်မယ်လို့ လူတိုင်းက ပြောနေကြတယ်"

ဟိတ်။ ။"သူ့မှာ ကိစ္စရှိလျှင် သူ့ဟာသူ စခန်းသွားလိမ့်မယ်ပေါ့ဗျ။ ကျုပ်တို့ ပူစရာ မဟုတ်ပါဘူး"

ကျွန်တော်။ ။"သူ့တစ်ကိုယ်တည်းဆိုလျှင် အတွက်မရှိပါဘူး။ အခုတော့ မိန်းမပါလာတယ်ဆိုလို့ သနားမိပါရဲ့ဗျာ"

ဟိတ်။ ။(ရုတ်တရက် ခုန်ထလျက်) "အလို၊ သန်းသန်းလည်း ပါလာသတဲ့လား။ ခင်ဗျား ဘယ်သူပြောသလဲ"

ကျွန်တော်။ ။"သူကိုယ်တိုင်က ပြောတယ်"ဟု ပြောပြီးနောက် ကျွန် တော်မှာ ကိုဇော်ဟိတ်၏ အံ့သြသော မျက်နှာထားအကြောင်းနှင့် 'သန်းသန်း' ဟု ရင်းနှီးစွာ ခေါ်ခြင်းအကြောင်းတို့ကို တွေးတောစဉ်းစားနေမိသေး၏။

၎င်းနောက် ကိုဇော်ဟိတ်သည် လက်နှစ်ဖက်ကို နောက်သို့ပစ်လျက် မျက်မှောင်ကြုတ်ကာ စဉ်းစားစိတ်ကူးရင်း စင်္ကြံလျှောက်၍ နေလေ၏။

ဟိတ်။ ။"တောကြီးခေါင်ခေါင်အရပ်ကို ဘယ်လိုကိစ္စနှင့် ကိုယ့် သားမယား ခေါ်လာချင်ရပါလိမ့်ဗျာ။ တော်တော်ခွကျတဲ့ လူတစ်ယောက်ပဲ"

ကျွန်တော်။ ။"သားမယားခေါ်ခဲ့တာက ကိစ္စမရှိပါဘူး။ ကျွန်တော် စိုးရိမ်တာက ခင်ဗျာ့လူကို ဘိုးနီက ရန်ရှာလိမ့်မယ်ထင့်တယ်"

ဟိတ်။ ။(ရယ်မောလျက်) "ကိုယ့်လူက ဘိုးနီကို စိတ်ထဲမှာစွဲပြီး လန့်နေတယ် ထင်တယ်။ ဒီလောက်လည်း မိုက်ဝံ့မယ် မထင်ပါဘူးဗျာ"

ထိုခဏ၌ တစ်ဘက်လပ် ကိုစိန်သည် တဲထဲသို့ မောကြီး ပန်းကြီးဖြင့် ပြေးဝင်လာ၍ "ဘိုးနီက အစိန့်ဆိုင်ထဲမှာ ဟိုလူလင်မယား

mgyoe.com

နှစ်ယောက်ကို ဓားကစားနေတယ် ဆရာတို့ရေ။ ကျွန်တော်ဖြင့် မကြည့်ဝံ့လို့ ပြေးလာခဲ့တယ်။ လုပ်ကြပါဦး ဆရာတို့ရယ်"ဟု ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ကိုဇော်ဟိတ်သည် ခြောက်လုံးပြူးကိုဆွဲ၍ ထွက်သွားလေရာ ကျွန်တော်တို့လည်း နောက်မှ ပြေးလိုက်သွားကြလေ၏။

ကိုဇော်ဟိတ်သည် အနည်းငယ်မျှ ရပ်နားခြင်းမရှိဘဲ အဝိန့်ဆိုင်ဘက်သို့ ပြေးသွားလေရာ ကျွန်တော်တို့သည် နောက်မှ ခြေကုန်သုတ်၍ လိုက်ကြသော်လည်း မမီနိုင်ဘဲ ပြတ်၍ ကျန်ရစ်ခဲ့ကြလေ၏။ ထိုအချိန်၌ကား နေဝင်ပြီဖြစ်၍ အဝိန့်ဆိုင်မှ ဓာတ်မီးရောင် တထိန်ထိန်ထွက်လျက်ရှိရာ ကျွန်တော်သည် ကိုဇော်ဟိတ်နောက်က ဝင်လိုက်သွား၍ ဆိုင်အတွင်းသို့ လှမ်းကြည့်လိုက်သောအခါ တွေ့မြင်ရသော အခြင်းအရာများကို ယခုတိုင် စိတ်ထဲ၌ ဓာတ်ပုံရိုက်ထားဘိသကဲ့သို့ စွဲမြဲ ထင်ရှား မြင်နိုင်ပေသေး၏။

ခေါက်ဆွဲဆိုင်အတွင်း 'စတွန်းကင်း'ခေါ် ဓာတ်မီးအိမ်ကြီးသည် အလယ်၌ တွဲရရွဲဆွဲလျက်ရှိရာ ဆယ်ယောက်ခန့်မျှသော အလုပ်သမားကုလီများသည် မျက်လုံးပြူး မျက်ဆံပြူးဖြင့် တုန်လှုပ်စွာ ချောင်ထဲ၌ ကုပ်လျက် ထိုင်နေကြလေ၏။ တစ်ဖက်သော နံရံ၌ကား ခွေးဘီလူးဘိုးနီသည် လက်တစ်ဖက်တွင် မောင်းချဓားတစ်ချောင်းကို ကိုင်လျက်၊ အခြားတစ်ဖက်တွင် မိန်းမတစ်ယောက်၏လက်မောင်းကို ဆုပ်ကိုင်ကာ ရပ်လျက်ရှိရာ အနီးရှိ ခုံကလေးပေါ်၌ကား ဆယ်ချောင်းခန့်မျှသော မောင်းချဓားများ စုပုံလျက်ရှိလေ၏။ ထိုမိန်းမသည် ကြောက်လန့်စိုးရိမ်အားကြီးလှသော မျက်နှာထားဖြင့် အခြား နံရံဘက်သို့ လှမ်းကြည့်လျက်ရှိရာ၊ ကျွန်တော်သည် ထို မိန်းမကြည့်နေသော နေရာသို့ လှမ်းကြည့်လိုက်သောအခါ ကုလားထိုင်ပေါ်တွင် လက်ပိုက်၍ ထိုင်နေသော မောင်မောင်လတ်ကို တွေ့မြင်ရလေ၏။ မောင်မောင်လတ်၏ ပတ်ဝန်းကျင်ရှိ ဝါးထရံ၌ကား မောင်းချဓား သုံးစင်းစိုက်လျက်ရှိရာ၊ ဘိုးနီသည် မောင်းချဓားများကို ပစ်ပေါက်ခြင်းအားဖြင့် ဆပ်ကပ်ပွဲပမာ လက်စွမ်းပြလျက်ရှိကြောင်း ရိပ်မိ သိရှိရလေ၏။ မောင်မောင်လတ်မှာ မိမိအနီး၌ ဝိုးခနဲ ဝိုးခနဲ ဖြတ်သွားသော မောင်းချဓားများကို မျက်တောင်မခတ်ဘဲ ကြည့်လျက်ရှိရာ ၎င်း၏ မျက်နှာမှာ ထိတ်လန့်တုန်လှုပ်ခြင်းထက် ဒေါသထွက်ခြင်းက ပိုမို ထင်ရှားလျက်ရှိ၏။ သို့သော်လည်း ဓားထိမည်စိုးရသဖြင့် လှုပ်ရှားခြင်းငှာ မဝံ့ချေ။

ကျွန်တော် ဝင်သွားသောခဏ၌ ဘိုးနီက "မင်းကတော်က ငြိမ်ငြိမ်နေဗျနော်။ ခင်ဗျားက လှုပ်လို့ ကျုပ်က လက်ချော်သွားပြီး ခင်ဗျား ယောက်ျားကို မှန်သွားလျှင် ကျုပ်ကို အဆိုးမဆိုနဲ့"ဟု ပြောပြောဆိုဆိုဖြင့် စတုတ္ထတစ်ချောင်းကို ပစ်လွှတ်လိုက်လေ၏။ ဓားသည် မောင်မောင်လတ်၏ နားရွက်အနီးမှ သီသွား၍

mgyoe.com

mgyoe.com

ဝါးထရံတွင် ဒေါက်ခနဲ စိုက်မိလေရာ မောင်မောင်လတ်မှာ မျက်နှာနီသည်ထက် နီလာတော့၏။

ဘိုးနီသည် ကျွန်တော်တို့ဝင်လာသော ခြေသံများကို ကြားလိုက်ဟန် လက္ခဏာဖြင့် ကျွန်တော်တို့ဘက်သို့ ရုတ်တရက်လှည့်၍ ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မောင်မောင်လတ်သည် ထိုင်ရာမှ တစ်ဟုန်ထိုး အပြေးလာပြီးလျှင် ဘိုးနီ၏မျက်နှာကိုချိန်လျက် လက်သီးဖြင့် ထိုးလိုက်၏။ သို့ရာတွင် ဘိုးနီသည် လက်ဝှေ့သမားတစ်ယောက်ဖြစ်သည့်အလျောက် မျက်စိလျင်လှ၍ အသင့်ပြင်ဆင်ပြီး ဖြစ်နေရကား အရှိန်ဖြင့်ပြေးဝင်လာသော မောင်မောင်လတ်၏ မျက်နှာကို လက်ယာဘက်လက်သီးဖြင့် တစ်ချက်တည်းထောက်၍ ထိုးလိုက်ရာ မောင်မောင်လတ်မှာ ကြမ်းပေါ်သို့ ကျွမ်းပြန်လဲကျသွားပြီး ဆန့်ငင်ဆန့်ငင် ဖြစ်နေလေတော့၏။

ထိုနောက် ဘိုးနီသည် မိမိလက်ထဲက ရန်းကန်ဖယ်ထွက်ဖို့ ကြိုးစားလျက်ရှိသော မိန်းမကို လက်ဝဲဘက်လက်ဖြင့် ဆောင့်၍ ဆွဲလိုက်သည်နှင့် တစ်ပြိုင်နက် သေနတ်သံတစ်ချက် ကြားလိုက်သည်နှင့် မိန်းမကို လွှတ်ချ၍ အသံကြားရာသို့ ချာခနဲ လှည့်ကြည့်လိုက်လေ၏။ ထိုခဏ၌ ကိုဇော်ဟိတ်သည် ခြောက်လုံးပြူး သေနတ်ကို လက်တွင်ကိုင်ကာ ဘိုးနီအား တည့်တည့်ချိန်ထားလျက် "မလှုပ်နဲ့နော် မင်းက ဓားပစ်ကောင်းသလို ငါကလည်း သေနတ်နဲ့ လက်စွမ်းပြမလို့"ဟု ပြောပြောဆိုဆိုဖြင့် ခြောက်လုံးပြူးသေနတ်ကို မောင်းဖြုတ်ချလိုက်ရာ 'ဒိုင်း ဒိုင်း ဒိုင်း'ဟူသော အသံများသည် လျှင်မြန်စွာ ဆင့်ကာဆင့်ကာ ထွက်ပေါ်လာ၍ တစ်ခုသော ကျည်ဆန်သည် အံ့အားသင့်စွာဖြင့် ငေးကြည့်နေသော ဘိုးနီ၏ ဦးခေါင်းမှ ဦးထုပ်ကိုပင် တိုက်ချသွားလေ၏။

သေနတ်သံစဲလတ်သော် ဘိုးနီသည် လွင့်ကျသော ဦးထုပ်ကို ကောက်ယူ၍ ထိတ်လန့်တုန်လှုပ်သော အမူအရာမျိုး အနည်းငယ်မျှမပြဘဲ ကိုဇော်ဟိတ်၏ထံသို့ ခြေလှမ်းမှန်မှန်ဖြင့် လှမ်းလာခဲ့ပြီးလျှင် "သင့်ပါဗျာ။ သေနတ်ပစ်လိုက်ပုံကလေး သပ်ရပ်ပါပေ့။ သို့သော်လည်း သေနတ်သမားနှင့် ဓားသမားနှင့် ဖက်ပြိုင်ရမယ်ဆိုတော့ မတရားရာကျမှာပေါ့ဗျ"ဟု ခပ်အေးအေး ပြောလေ၏။ ထိုအခါ ကိုဇော်ဟိတ်သည် သေနတ်ကို စားပွဲပေါ်တွင် ချထားပြီးမှ "မင်းပြောတာ မှန်တယ်။ ငါကလည်း ဒီလိုဖက်ပြိုင်ဖို့ မကြံစည်ပါဘူး။ မင်းက ဓားစွမ်းပြလို့သာ ကိုယ်နိုင်တဲ့ဓာတ်ကို ခင်းပြလိုက်တာပါ။ တစ်ယောက်နှင့် တစ်ယောက် ဖက်ပြိုင်ဖို့ဆိုလျှင်တော့ လက်သီးချင်းဟာ အကောင်းဆုံးပေါ့ကွာ" ဟု ပြောလိုက်သောအခါ ဘိုးနီမှာ အလွန်တရာ ကျေနပ်သဘောကျဟန်ရှိသည့်အပြင် ဘိုးနီ၏ လက်သီးစွမ်းကို သိပြီးဖြစ်သော ပရိသတ်တို့မှာလည်း အံ့အား

mgyoe.com

mgyoe.com

သင့်လျက်ရှိကြ၏။ ဘိုးနီမှာ နာမည်ကျော် မြန်မာ လက်ဝှေ့သမားတစ်ယောက် ဖြစ်ခဲ့ဖူးကြောင်းကို ပရိသတ်က သိရှိပြီးဖြစ်ရကား မိမိတို့ မေတ္တာထားသော ဘက်က ရှုံးချေတော့မည်ဟု စိုးရိမ်ပူပန်နေကြဟန်တူ၏။

တစ်ယောက်သော ကုလီကမူ ကိုဇော်ဟိတ်အား "သွားမလုပ်နှင့် ဆရာကြီး။ ဒီလူက လက်ဝှေ့သတ်စားလာဖူးတယ်။ ဒီလိုတော့ မလုပ်ပါနှင့် ဆရာကြီးရယ်"ဟု တီးတိုး ကျိတ်၍ပြောသေး၏။ သို့သော်လည်း ကိုဇော်ဟိတ်မှာမူ ပြောမိသောစကားကို ပြန်နုတ်တတ်သော ဝါသနာမရှိသည့်အလျောက် ဦးခေါင်းယမ်း၍ ငြင်းပယ်လိုက်လေ၏။

ထိုအတောအတွင်း၌ မိန်းမသည် ခင်ပွန်းသည် မောင်မောင်လတ်၏ ဦးခေါင်းကို လက်ထဲတွင် ပွေ့ထား၍ သတိရအောင် နှိုးပေးလျက်ရှိရာ ကိုဇော်ဟိတ်ကမူ ကျွန်တော့်အနီးသို့ ချဉ်းကပ်၍ "မသန်းမြင့်ဆိုတာ သူပဲဗျ။ ကျုပ်ကို မကြိုက်ဘဲ မောင်မောင်လတ်ကို ယူသွားတဲ့ မိန်းမပေါ့။ သို့သော်လည်း အမှန် ပြောရမှာဖြင့် သူ့ငနဲလည်း မညံ့ပါပေဘူး။ အာဂသတ္တိကလေးပါပေပဲ။ မနိုင်တာတော့ ဘယ်တတ်နိုင်ပေမလဲလေ" စသည်ဖြင့် ပြောနေစဉ် မသန်းမြင့်သည် ကိုဇော်ဟိတ်၏ မျက်နှာကို တစ်ချက်မျှ လှမ်းကြည့်လိုက်၏။ မသန်းမြင့်၏ မျက်နှာထားမှာ အလွန်တရာ အဓိပ္ပာယ် လေးနက်ရကား ကိုဇော်ဟိတ်မှာ ၎င်းနှင့် မျက်နှာချင်းဆိုင်လိုက်ရပြီးသည့် တစ်ခဏမှစ၍ နိုင်နင်းအောင် သတ်ပုတ်လိုသောစိတ်မျိုး တို့၍ဖြစ်ပေါ်လာသည့် လက္ခဏာရှိပေ၏။

ထို့နောက် ကိုဇော်ဟိတ်နှင့် ဘိုးနီတို့သည် ၎င်းဆိုင်ထဲတွင် တစ်ယောက်ချင်း ဖက်ပြိုင်ထိုးသတ်ရန် ပြင်ဆင်ကြ၍ ပရိသတ်များလည်း ခုံများကို ဖယ်ရှားကြလေ၏။ ဆိုင်ရှင်အဝိန်မှာ လက်ဝှေ့ဝါသနာပါသူ တစ်ယောက် ဖြစ်သောကြောင့် အနည်းငယ် အရောင်းပျက်မည်ကို အရေးမလုပ်ဘဲ လက်ဝှေ့ပွဲ ကောင်းကောင်း ကြည့်ရလျှင် ကျေနပ်သည်ဟုပြော၍ ရွှင်ရွှင်ပျပျဖြင့် ကူညီပြင်ဆင်ပေးလေ၏။

ထိုအတောအတွင်း၌ ကိုဇော်ဟိတ်နှင့် ဘိုးနီတို့ ထိုးသတ်ကြမည့် သတင်းသည် တစ်ရွာလုံး ပျံ့နှံ့သွားပြီးရကား ယောကျ်ားဟူသမျှ လာရောက်ကြည့်ရှုကြသဖြင့် ဆိုင်ပတ်ဝန်းကျင်တစ်ဝိုက်တွင် ပြည့်ကျပ်လျက် ရှိနေလေပြီ။ အချို့လည်း ပြတင်းပေါက်မှ ရပ်ကြည့်၍၊ အချို့လည်း အရက်ဆိုင်ဘက် မျက်ကွက်ကြားမှ ချောင်းကြည့်နေကြလေ၏။

အဝိန်၏ဆိုင်ခန်းမှာ ပေအစိတ်ပတ်လည်မျှ ကျယ်ဝန်းလေရာ ကိုဇော်ဟိတ်နှင့် ဘိုးနီတို့သည် အင်္ကျီတုံးလုံးချွတ်လျက် ဆိုင်အလယ်၌ ဆွဲထားသော ဓာတ်မီးအိမ်အောက်တွင် မျက်နှာချင်းဆိုင်ကာ ရပ်လျက်ရှိနေကြလေပြီ။ ဘိုးနီမှာ ခါးတောင်းကို မြှောင်အောင်ကျိုက်ထား၍၊ ကိုဇော်ဟိတ်မူကား ဘောင်းဘီတို

mgyoe.com

mgyoe.com

ကလေးနှင့် ခါးပတ်ကိုပတ်ထား၏။ ယှဉ်လိုက်ကြသောအခါ အတော် အရပ်မြင့်သည်ဟု ထင်ရသော ကိုဇော်ဟိတ်မှာ ထွားကျိုင်းတုတ်ခိုင်လှသော ဘိုးနီရှေ့တွင် လူဖလံကလေးတစ်ယောက်ကဲ့သို့ ဖြစ်နေသဖြင့် ကျွန်တော်မှာ အားမရနိုင်အောင် ရှိနေမိ၏။ သို့ရာတွင် ဓာတ်မီးရောင်၌ ပြောင်လက်ကြည်လင်စွာရှိနေသော ကိုဇော်ဟိတ်၏ အသားအရေကို မြင်ရသဖြင့် လူကောင် မကြီးသော်လည်း အနေအထိုင် ကောင်းသဖြင့် မာကျောကျစ်လစ်စွာရှိခြင်းကို သိရသဖြင့် အားတက်မိ၏။

ဘိုးနီကမူ စားတော့မလို ဝါးတော့မလို မျက်နှာထားမျိုးဖြင့် စိန်းစိန်းကြီး ပြူးကြည့်လျက်ရှိရာ၊ ကိုဇော်ဟိတ်မူကား ပါးတို့တမ်း ကစားကြမည့်မျက်နှာထားမျိုးဖြင့် ခပ်အေးအေး ရှိနေလေ၏။ ၎င်းတို့၏ အင်္ဂါရုပ်ကို ကြည့်ရခြင်းအားဖြင့် ဘိုးနီက ခွန်အားဗလ သာလွန်ကြောင်းမှာ ယုံမှားဖွယ်ရာ မရှိချေ။ ကျင်လည်ခြင်း အရာ၌မူကား၌လည်း လက်ဖွေ့သမားဆိုသောကြောင့် ခေလှသည်မဟုတ်ချေ။ ကျွန်တော်မူကား ဘုရား ဘုရားသာ တသသ နေရလေတော့၏။

ဒိုင်လုပ်သော ကူလီခေါင်းက လက်ကိုင်ပဝါကိုမြှောက်ကာ အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် လူနှစ်ယောက်တို့သည် ရှေ့သို့ လှမ်းတက်၍ ဘမ်း ဘမ်း ဘမ်း မြည်သောအသံများဖြင့် တစ်ချက် နှစ်ချက်စီ လက်သီးစမ်းကြလေရာ ဘိုးနီ၏ လက်သီးချက်သည် ကိုဇော်ဟိတ်၏ နားရွက်ကို ထိုးမိသဖြင့် ပန်းဆီခဲကဲ့သို့ ရဲခနဲ နီတက်သွားလေ၏။

ကိုဇော်ဟိတ်၏လက်သီးချက်မူကား အရှိုက်ကို ထိသွားသဖြင့် ဘိုးနီ၏ ပါးစပ်မှ ရှူးခနဲ မြည်ထွက်သွား၏။ ယင်းကဲ့သို့ ကိုယ်လုံးကိုထိုးသော လက်သီးချက်သည် အမြင်အားဖြင့် မလှသော်လည်း သက်လုံမကောင်းသောလူ၊ သို့မဟုတ် အမောခံနိုင်အောင် လေ့ကျင့်မထားသော လူတစ်ယောက်အဖို့ အလွန်တရာ အခံရခက်လှပေ၏။ ကိုဇော်ဟိတ်သည် အရှိုက်ကို တစ်ချက်ထိုး စမ်းကြည့်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် ဘိုးနီ၏ သက်လုံမကောင်းသောအဖြစ်ကို ရိပ်မိသိရှိသည်နှင့် အခြားသော နေရာသို့ထိုးရန် မကြိုးစားတော့ဘဲ ဘိုးနီ၏ အရှိုက်ကိုသာ ဆက်ကာ ဆက်ကာ ထိုးလေတော့၏။ ဘိုးနီကမူ ကိုဇော်ဟိတ်၏ ဦးခေါင်း၊ မျက်နှာ၊ မေးရိုး စသည်တို့ကို အနံ့အပြား ထိုးကြိတ်လေရာ အရှောင်အတိမ်း ကောင်းလှသောကြောင့် လှလှကြီး မမိခဲ့သော်လည်း မျက်နှာကသွေးများ ယိုစီးထွက်နေလေပြီ။ သို့ရာတွင် ၎င်းတို့သတ်ပုတ်ခြင်းမှာ 'ကွဲ'ရုံမျှ သတ်ပုတ်ခြင်းမဟုတ်ဘဲ ကြောက်ပါပြီဆို၍ အရှုံးပေးသည်ဖြစ်စေ၊ မသတ်နိုင်အောင် မြောမေ့သွားသောအခါမှဖြစ်စေ အနိုင်ရမည်ဖြစ်လေရကား သွေးအနည်းငယ် ယိုထွက်ခြင်းကို ဂရုမစိုက်ကြချေ။

mgyoe.com

mgyoe.com

ထို့အပြင် ၎င်းတို့သတ်ရာ၌ တစ်ချီစီ နား၍ သတ်ရခြင်းမဟုတ်ဘဲ ရန်ဖြစ်သကဲ့သို့ တောက်လျှောက်သတ်ပုတ်ကြရခြင်းဖြစ်ရကား အမောခံနိုင်မှုသည် အလွန်အရေးကြီးလှ၏။ မောသေးသည် နားပါရစေဦးဆို၍ နားခွင့်မရချေ။

ငါးမိနစ်ခန့် ထိုးသတ်မိသော် ကိုဇော်ဟိတ်၏ မျက်နှာတွင် သွေးများ ထွက်နေသော်လည်း ဘိုးနီ၏ မျက်နှာမှုကား ပြောပလောက်အောင် ဒဏ်ရာမရ သေးချေ။ သို့ရာတွင် ၎င်း၏ နံဘေးနှင့် အရိုက်များ၌မူကား အညိုအမည်း စွဲလျက်ရှိသည်ကို မြင်ရသဖြင့် ကျွန်တော် အားရှိမိ၏။ အတန်ငယ် ဆက်လက် သတ်ပုတ်မိကြသော် ဘိုးနီသည် သက်လုံချင်း ကွာခြားသည့်အကြောင်းကို ရိပ်မိလေရကား မြန်မြန်ပြီးမှ မိမိနိုင်နင်းမည့် အကြောင်းကို သိရှိသဖြင့် မြန်မြန် ပြီးစိမ့်သောငှာ အတင်းနင်း၍ ထိုးသတ်လေ၏။ မိမိ ကောင်းကောင်းမမောမီ ကိုဇော်ဟိတ်ကို လဲအောင်ထိုးအံ့ဟု အားခဲသည့် လက္ခဏာဖြင့် ခပ်ကြမ်းကြမ်း ဝင်ပြီး ခပ်ကြမ်းကြမ်း ထိုးလေ၏။ ကိုဇော်ဟိတ်မူကား ခြေလှမ်းမှန်မှန်နှင့် မျက်စိမမှားရအောင် ကြည့်ရှောင်ပြီးလျှင် အရိုက်သို့သာလျှင် တဘမ်းဘမ်း ထိုးနေလေ၏။

ဦးခေါင်းနှင့် မျက်နှာတို့ကို ခြောက်ရုံမျှခြောက်၍ အားကုန်ထိုးသော လက်သီးချက်များကို အရိုက်သို့သာ လွှတ်လေ၏။ ဘိုးနီကမူ ရှောင်တိမ်းဖို့ ဂရုမစိုက်ဘဲ သူက နှစ်ချက်မိလျှင် ငါက တစ်ချက်မိစေရမည်ဆိုသော သဘော မျိုးဖြင့် အတင်းလိုက်၍ ထိုးလေ၏။

တစ်ခါက ကိုဇော်ဟိတ်၏မေးရိုးသို့ ပင့်၍သတ်လိုက်သော ဘိုးနီ၏ လက်သီးနှစ်ချက်သည် ပိုခနဲ မြည်မတတ် ပြင်းထန်လှရကား လှလှကြီးမိခဲ့ပါက ကိုဇော်ဟိတ် မသတ်နိုင်တော့ဘဲ ပွဲပြီးရတော့မည် ဧကန်ဖြစ်၏။ ကိုဇော်ဟိတ် မူကား မော့်၍ရှောင်လိုက်သောကြောင့် လက်သီးသည် မေးဖျားနှင့် ပွတ်၍ ထွက်သွားပြီး ဘိုးနီသာလျှင် အားလွန်သွားသေး၏။ ထို့ကြောင့် ဘိုးနီ ခြေလှမ်း ပျက်သည်တွင် ကိုဇော်ဟိတ်သည် ဘိုးနီ၏ နံဘေးနှင့် အရိုက်တို့ကို လက်သီး တစ်လုံးစီ သွင်းပေးလိုက်ရာ ဘိုးနီမှာ ဟိုက်သွားလေ၏။

ထိုနောက် ဘိုးနီသည် ကိုဇော်ဟိတ်နောက်သို့ အတင်းဝင်လိုက်လေရာ ကိုဇော်ဟိတ်သည် အခန်းထဲတွင် ပတ်ချာလှည့်ကာ ရှောင်တိမ်းရင်း ဘယ်လက်သီး ညာလက်သီးတို့ဖြင့် တစ်လုံးပြီးတစ်လုံး သွင်းသွား၏။ သို့သော် ဘိုးနီ၏ လက်သီးတစ်လုံးသည်လည်း ကိုဇော်ဟိတ်၏ မျက်နှာတွင် ပွတ်ထိသွားသေး သဖြင့် ကိုဇော်ဟိတ်၏ လက်ယာဘက်မျက်လုံးမှာ ဖူးဖူးရောင် ထလာခဲ့လေပြီ။ နှုတ်ခမ်းတစ်ဖက်လည်း ကွဲသွားသဖြင့် သွေးများယိုထွက်လာရကား ကျွန်တော်မှာ ဟုတ်မှဟုတ်ပါ့မလားဟု သနားမိ၏။

mgyoe.com

mgyoe.com

ထိုအခါ၌ကား ဘိုးနီသည် အတော်ဟိုက်လာပြီဖြစ်သောကြောင့် ပါးစပ်ဟလျက် အသက်ရှူရသဖြင့် တဟဲဟဲ တဟားဟား အသံများဖြင့် ဆူညံနေလေပြီ။ ဘိုးနီသည် မြန်သည်ထက်မြန်အောင် ပြီးမှဖြစ်မည်ဟု ရိပ်မိလာဟန်ဖြင့် လက်သီးကိုသာမက မြန်မာ့လက်ဝှေ့ထိုးနည်းအတိုင်း ဒူး၊ ခြေထောက် စသည်တို့ကိုလည်း အသုံးပြုလာလေ၏။ ကိုဇော်ဟိတ်မှာမူ ခြေတံလွတ်အောင် ခပ်ခွာခွာဆုတ်၍ထိုးရ၏။ ဘိုးနီသည် မောသည်ထက်မောလေလေ၊ မြန်မြန်ပြီးစိမ့်သောငှာ လောသည်ထက် လောလေလေ ဖြစ်လာခဲ့ရာ ကိုဇော်ဟိတ် မသုံးတတ်သော ဒူးတိုက်နည်းမျိုးကို အသုံးပြုအံ့ဟု အကြံဖြင့် လွှားခနဲ လွှားခနဲ ပစ်တိုက်ထိုးသတ်စမ်းသေး၏။ မျက်စိလျင်သော ကိုဇော်ဟိတ်ကမူ ဒူးကို ဒူးဖြင့်မပြန်ဘဲ မိမိအား မထိစေရအောင် ငုံ့ကာတိမ်းကာ ရှောင်တိမ်းပြီးနောက် ကိုယ်လုံးဖြင့် ထမ်းချလိုက်ရကား ဘိုးနီမှာ မြေပေါ်သို့ တစ်ကြိမ်မက ကျွမ်းပြန်၍ ကျသွားလေ၏။

ထိုအခါ၌ကား ကျင့်သားရပြီးသော ကိုဇော်ဟိတ်ပင်လျှင် မောဟိုက်စပြုနေပြီဖြစ်ရာ ဘိုးနီသည် ကိုဇော်ဟိတ်၏ ပခုံးထက်မှ လျှောကျသဖြင့် ကြမ်းပေါ်တွင် လူဟန်ပျက်လျက်ရှိစဉ် ကိုဇော်ဟိတ်သည် ဘိုးနီ၏ အရိုက်ကို လက်ဝဲဖြင့် ခြောက်လိုက်သဖြင့် ဘိုးနီက အောက်သို့အကာလိုက် ဘိုးနီ၏မေးရိုးကို လက်ယာလက်သီးဖြင့် တစ်အားကြုံး၍ တင်လိုက်ရကား ဘိလိယက်ဘောလုံး နှစ်လုံးတိုက်မိခြင်းကဲ့သို့ 'တောင်'ခနဲ မြည်သောအသံ ဖြစ်ပေါ်လာပြီးလျှင် ဘိုးနီသည် မြေပေါ်သို့ထောင်၍ လဲကျသွားလေ၏။

(၎င်းလက်သီးချက်သည် ကိုဇော်ဟိတ်လက်ကို ဖားပြုတ်ကဲ့သို့ ရောင်စေသောကြောင့် သုံးရက်တိုင်တိုင် ကုသယူရသေး၏။)

ဘိုးနီမူကား ကြမ်းပေါ်မှ ထလည်းမထ၊ လှုပ်ရှံမျှ မလှုပ်တော့ဘဲ စင်းစင်းကြီး လဲလျက်ရှိနေ၏။

ဘိုးနီမှာ လူကျယ်တစ်ယောက်ဖြစ်သောကြောင့် ၎င်းရှုံးခြင်းကို ပရိသတ်အလွန်ကျေနပ်သဖြင့် ကိုဇော်ဟိတ်အား ချီးမွမ်းစကား ပြောလိုက်ကြသည်မှာ ဆူညံနေတော့၏။ ကိုဇော်ဟိတ်ကမူ မည်သူ့ကိုမျှ လှည့်မကြည့်ဘဲ မသန်းမြင့်ဆီသို့ တည့်တည့်ကြီး လျှောက်သွားလေရာ၊ ထိုအခါ၌ကား မောင်မောင်လတ်မှာ သတိရနေပြီဖြစ်သောကြောင့် သတ်ပွဲကိုပင် ကြည့်နေခဲ့လေပြီ။ ဇာတ်ဟောင်းကို လှန်ရသော် ကိုဇော်ဟိတ်နှင့် မောင်မောင်လတ်တို့သည် မသန်းမြင့်ကို ယှဉ်ပြိုင်၍ လူပျိုလှည့်ခဲ့ကြရာ မသန်းမြင့်သည် ပိုက်ဆံပေါ၍ ရုပ်ချောသော မောင်မောင်လတ်ကို ချစ်ကြိုက်သဖြင့် ထိမ်းမြားလက်ထပ်ခဲ့ခြင်း ဖြစ်လေသည်။ သို့သော် ထိုနေ့ည အဖြစ်အပျက်ကို မသန်းမြင့် တွေ့မြင်သောအခါ၌ မိမိရွေးချယ်ပုံ

mgyoe.com

mgyoe.com
မှားလေပြီဟု နောင်တရသလိုလို မျက်နှာထားမျိုး မြင်ခဲ့ရသည်ဟု ကျွန်တော်၏ စိတ်၌ မှတ်ထင်မိခဲ့ပေတော့သတည်း။

●

ကြီးပွားရေးမဂ္ဂဇင်း
၁၉၄၀၊ နိုဝင်ဘာလ။

mgyoe.com

mgyoe.com

# တိမ်တစ်လုံး ဘတင်နှင့် ဇော်ဟိတ်

လူသတ္တဝါတို့၏သက်တမ်းသည် နှစ်ပေါင်းတစ်ရာရှိသည်ဟုဆိုကြ၍ ပျမ်းမျှအားဖြင့် ၅၆ နှစ်မျှသာရှိသည်ဟု တွက်ကိန်းရ၏။ အချို့မှာ ပျမ်းမျှခြင်း ၅၆ နှစ်ကို ကျော်လွန်၍ ခုနစ်ဆယ်၊ ရှစ်ဆယ် စသည်ဖြင့် အသက်ရှည်ကြပြီး သော်လည်း အရေးအကြောင်းရှိသည့်အခါ၌ မိမိ၏စည်းစိမ်ကို ခွဲဝေသုံးစွဲနိုင်မည့် မိတ်ဆွေမျိုး၊ လောကဓံနှင့် ကြုံတွေ့သောအလှည့်တွင် အပြစ်ကိုဖော်ပြမည့်အစား ကိုယ်ထိလက်ရောက် အကူအညီပေးသော မိတ်ဆွေမျိုး၊ မိမိ၏ အသက် အန္တရာယ်ကို အလျှဉ်းသတိမရဘဲ အကျဉ်းအကျပ်မှ လွတ်မြောက်အောင် ကူညီ ဆောင်ရွက်ဖော်ရသော မိတ်ဆွေမျိုး ရနိုင်ဖို့မူကား အများအပြား မဆိုထားဘိ၊ တစ်ယောက်တလေမျှရှိကြလျှင် မိမိကိုယ်ကို ကံကောင်းသည်ဟု ဆိုထိုက်ပါ ပေသည်။

စုံထောက်ကြီး ဦးစံရှားမှာ နှစ်ပေါင်းများစွာ ကျွန်ုပ်နှင့် အတူတကွ နေထိုင်ခဲ့ရသဖြင့် အထက်ဖော်ပြပါ မိတ်ဆွေတစ်ဦးဖြစ်ကြောင်းကို စာဖတ် ပရိသတ်တို့ ရိပ်မိလောက်သည်ဖြစ်ရာ၊ ကျွန်ုပ်၏ အထူးသဖြင့် ကံကောင်းသော အခြင်းအရာတစ်ခုမှာ အခြားသူများအဖို့၌ တစ်ယောက်ကောင်းကောင်းရဖို့ ခဲယဉ်းသော ကိစ္စတွင် ကျွန်ုပ်အဖို့မှာ နှစ်ယောက်တိတိ ရရှိထားခြင်းပင် ဖြစ်ပေ၏။ ဒုတိယမိတ်ဆွေကား အခြားမဟုတ်။ ကိုဇော်ဟိတ်ပင် ဖြစ်ပေသည်။

mgyoe.com

mgyoe.com

ကျွန်တော်၏ မိတ်ဆွေနှစ်ယောက်မှာ တစ်မျိုးစီ အစွမ်းကောင်းသူများ ဖြစ်ကြပေသည်။ စဉ်းစားဉာဏ်အရာဌာနတွင် ကျွန်ုပ်သည် ဦးစံရှားကိုမီသောလူ မတွေ့ဘူးသကဲ့သို့ ကာယဗလနှင့် သူရသတ္တိအရာတွင် ကိုဖော်ဟိတ်ကိုမီသောလူ မတွေ့ရဘူးပေ။ ဤသို့ဆိုခြင်းအားဖြင့် တူညီသောသူမရှိနိုင်ဟု ဆိုခြင်းမဟုတ်ပေ။ ရှိနိုင်လျှင် တစ်နေရာ၌ရှိပေမည်။ ကျွန်ုပ် တွေ့ဖူးခြင်းကိုသာ ပြောလိုခြင်းဖြစ်ပေ၏။ ကျွန်ုပ်သည် ဦးစံရှားနှင့် ကိုဖော်ဟိတ်တို့ နှစ်ယောက်ကို အဖော်လုပ်၍ သွားရမည်ဆိုလျှင် ကမ္ဘာ၏ အစွန်အဖျားသို့ သွားရစေကာမူ ထိတ်လန့်တုန်လှုပ်ခြင်းမရှိဘဲ ရဲဝံ့စွာ သွားနိုင်ပေလိမ့်မည်။

ဦးစံရှားအကြောင်းကို တိုင်းပြည်က အတော်အတန်သိကြပြီး ဖြစ်သော်လည်း ကိုဖော်ဟိတ်အကြောင်းကိုမူ တစ်ကြိမ်နှစ်ကြိမ် အနည်းငယ်မျှ ရေးသားဖော်ပြဖူးရုံမှတစ်ပါး လူသိမများသေးသဖြင့် မိတ်ဆက်ပေးရပေဦးမည်။

ဦးစံရှားသည် ရန်ကုန်၌နေစဉ် ကျွန်ုပ်၏အဖော် ဖြစ်သည့်နည်းတူ၊ ခရီးထွက်သောအခါတွင် ကိုဖော်ဟိတ်သည် ကျွန်ုပ်၏အဖော်ဖြစ်ပေ၏။ အသက်သုံးဆယ်ကျော်ဦးဖြစ်၍ မြန်မာတစ်ယောက်အဖို့တွင် 'လူပျို'ခေါ်လောက်ပေသော ကိုဖော်ဟိတ်သည် မြန်မာမင်းလက်ထက် အရာရှိအမျိုးအနွယ်မှ ဆင်းသက်ပေါက်ဖွားခဲ့သည့် ရွှေဘိုနယ်သားတစ်ယောက်ဖြစ်၍ သူ၏ 'ဘား'သည် ဦးအောင်ဇေယျနှင့်အတူ ထိုင်းနိုင်ငံသို့ ချီတက်စဉ်က စစ်ဗိုလ်တစ်ယောက်အဖြစ်ဖြင့် လိုက်ပါခဲ့ဖူးသည်ဟု စကားစပ်မိသောအခါများတွင် ပြောသံကြားရဖူး၏။ ရွှေဘိုတောင်ဘက်တွင် လယ်မြေဧက အမြောက်အမြားကို ဆက်ခံရရှိသော်လည်း မိဘညာတိ အရင်းအချာလည်းမရှိသည်နှင့် လယ်မြေများကို လုပ်သားထားကာ ခြေသလုံးအိမ်တိုင်ဆိုသကဲ့သို့ ရောက်ချင်ရာရောက် သဘောမျိုးဖြင့် လှည့်လည်သွားလာ နေထိုင်ခဲ့သူတစ်ယောက် ဖြစ်ပေ၏။

ကိုဖော်ဟိတ်သည် မိဘများရှိစဉ်က ရန်ကုန်ကောလိပ် ဘီအေအတန်းသို့ရောက်အောင် ပညာသင်ခဲ့ဖူးသော်လည်း စာပေသင်အံခြင်းထက် ကာယဗလ လေ့ကျင့်ခြင်းနှင့် တင်းနစ်၊ ဘောလုံး၊ လက်ဝှေ့ အစရှိသော ကစားခြင်းများတွင်သာ၍ အထုံပါခဲ့သည်ဖြစ်သောကြောင့် ကောလိပ်တွင် စုစုပေါင်း ခြောက်နှစ်မျှ အချိန်ကုန်ခဲ့ပါလျက်၊ ဘီအေစာမေးပွဲကိုပင် ဖြေဆိုခြင်း မပြုခဲ့ရချေ။ စာမေးပွဲမကျင်းပမီ တစ်နေ့တွင် ကိုဖော်ဟိတ်သည် အင်းလျားကန်၌ ရေကူးသင်ရာမှ ရေနစ်သွားသော ကျောင်းသားတစ်ယောက်ကို ကယ်ဆယ်မိရာ၌ နှစ်ယောက်စလုံး နစ်မြုပ်သွားသောကြောင့် အကြောက်အကန် ပက်လက်လှန်၍ ကူးယက်သည်တွင်မှ ကမ်းသို့ မချိမဆံ့ ဆိုက်ရောက်လာခဲ့ခြင်း ဖြစ်လေသည်။ အနီးရှိလူများသည် လူနှစ်ယောက်လုံးကို ဆေးရုံသို့တင်ပို့၍ ရေများအန်အောင် ပြုလုပ်

mgyoe.com

mgyoe.com

ပေးသောကြောင့်၊ ထိုနေ့၌ပင် ဆေးရုံက ဆင်းလာခဲ့နိုင်သော်လည်း ကိုဇော်ဟိတ်မှာ မောဟိုက်လွန်းအားကြီးသဖြင့် ကျက်ထားသောစာများအားလုံး မေ့သွားသည်ဆို၍ စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုခြင်းမပြုတော့ချေ။ စင်စစ်မှာ ရေမနစ်သဖြင့် စာမေးပွဲဝင်ခဲ့ရစေကာမူ အောင်မြင်လိမ့်မည်မထင်ကြောင်း ကိုဇော်ဟိတ်က ဖွင့်ဟဝန်ခံဖူးလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့၏မျက်စိထဲ၌ စာလုံးများကို မြင်မနေဘဲ ဘောလုံးနှင့် တင်းနစ်လုံးကလေးများကိုသာ မြင်နေရသည်ဆိုသောကြောင့်ပေတည်း။

အသားခင်ညိုညို၊ မျက်နှာခပ်ပြားပြား၊ မေးရိုးကြီးကြီးရှိသောကြောင့် လူချောတစ်ယောက်ဟု မဆိုလောက်သော်လည်း ကိုဇော်ဟိတ်မှာ တည့်မတ်ဖြောင့်စင်း၍ အချိုးအစားကျသော ကာယဗလနှင့် ငြိမ်သက်တည်ကြည်သော မျက်နှာထားရှိသည်ဖြစ်သောကြောင့် မိန်းမကြိုက် ယောကျ်ားမျိုးမဟုတ်စေကာမူ ယောကျ်ားအချင်းချင်းမှုကား မလေးစား မရှိသေဘဲ မနေနိုင်သော လူစားမျိုးဖြစ်ပေ၏။ ငါးပေဆယ့်တစ်လက်မမြင့်၍ မြန်မာများအနက်တွင် တစ်သောင်းလျှင် တစ်ယောက်မရှိတတ်သော အရပ်အမောင်းမျိုးဖြစ်သော်လည်း အချိုးအစားကျန၍ အလုံးနှင့်အရပ် မျှတသည့်အတွက်ကြောင့် ရုတ်တရက်အားဖြင့် မြင့်သည်မထင်ရဘဲ၊ လူရှည်ကြီးများထက် တစ်လက်မကျော်ကျော် မြင့်တက်နေသည့်အဖြစ်ကို ယှဉ်ကြည့်သဖြင့် တွေ့ရသောအခါမှ မြင့်ကြောင်းကို သိနိုင်လေတော့သည်။ တစ်ခါက လန်ဘားမောင်ကြီးဆိုသူနှင့် ကိုဇော်ဟိတ်ကို မည်သူက မြင့်သည်ဟု အလောင်းအစားဖြစ်ခဲ့ဖူးရာ တိုင်းကြည့်သောအခါမှ ကိုဇော်ဟိတ်က တစ်လက်မတိတိ မြင့်သည့်အဖြစ်ကို သိကြရလေတော့သည်။

အလုံးအထည်နှင့်ပတ်သက်၍လည်း ကိုဇော်ဟိတ်၏ ကာယဗလသည် လူ၏မျက်စိကို လှည့်စားတတ်သော သတ္တိထူးရှိ၏။ အမှတ်မဲ့အားဖြင့် ကြည့်လိုက်သော် ကိုဇော်ဟိတ်မှာ လူသာမန်တို့ထက် ကြီးသည်ဟူသော အဖြစ်မျှလောက်ကိုသာ သိနိုင်ကြ၍ လွန်လွန်မင်းမင်း ကြီးလိမ့်မည်မထင်ရပေ။ သို့ရာတွင် အပေါ်ဝတ်အင်္ကျီကို ချွတ်၍စွပ်ကျယ်နှင့် မြင်ရလျှင်ပင် ထင်သည်ထက် ကြီးထွက်လာသည်ကို တွေ့ရပေရာ၊ စွပ်ကျယ်အင်္ကျီကိုပါ ချွတ်၍ ခါးတောင်းမြှောင်လှအောင် ကျိုက်ထားသည်ကို မြင်ရသောအခါတွင်မူကား ယောကျ်ားများအနက်တွင် ရှာမှရှားသည့် ရောမလူကြီးပေတကားဟု သိနိုင်ကြပေတော့သည်။ သို့သော် ကိုဇော်ဟိတ်၏ ကိုယ်ကာယနှင့် ဗလအကြောင်းတို့ကို သက်ဆိုင်သော နေရာတွင်မှ ဖော်ပြရပေဦးမည်။

ကိုဇော်ဟိတ်သည် ကိုယ်ကာယကြီး၍ ဗလကောင်းသလောက် အသတ်အပုတ်တွင်လည်း ကျင်လည်သူတစ်ယောက်ဖြစ်ပေရာ ဘီအေ စိနိယာသို့တိုင်အောင်

mgyoe.com

mgyoe.com

သင်ခဲ့ရ၍ လောကီနှင့်ဆိုင်ရာ စာကြီးပေကြီးများကို လေ့လာခဲ့သူတစ်ယောက် မဟုတ်ခဲ့ပါလျှင်၊ လောကတွင် လူတွင်ကျယ်အဖြစ်ဖြင့် ကျော်ကြားကောင်း ကျော်ကြားနေပေလိမ့်မည်။ ယခုမူကား ကိုဇော်ဟိတ်သည် လူသာမန် သုံးလေး ယောက်တို့ကို (လူလုံးချင်းဆိုပါလျှင်) အမှုမထားလောက်သော အခြေအနေ၌ ရှိနေပါသော်လည်း သူတစ်ပါးအပေါ်တွင် နိုင်ထက်စီးကဲ မလုပ်တတ်ဘဲ မိမိနှင့် ပတ်သက်သမျှတွင် အတော်အတန်မျှလောက်ကို သည်းခံတတ်ပေသည်။ သို့ရာ တွင် ခွန်အားနည်းသောသူကို ခွန်အားကြီးသောသူက ဗလအားကိုးဖြင့် နိုင်လို မင်းထက် ပြုကျင့်သည်ဖြစ်စေ၊ မိမိက တိမ်းရှောင်ပါလျက်နှင့် ကမ်းတက်လာ သည်ကိုဖြစ်စေ တွေ့ကြုံရသောအခါမျိုးတွင်မူကား ကိုဇော်ဟိတ်သည် ဆယ်ယောက် နှင့်တစ်ယောက်ဖြစ်စေကာမူ အလျှော့မပေးဘဲ တစ်ကိုယ်တည်း ကြိတတ်သော ဝါသနာရှိ၏။ အများနှင့်တစ်ယောက်မို့ 'နေနှင့်ဦးကွာ'ဆိုသော စိတ်ထားမျိုးသည် ကိုဇော်ဟိတ်၌ အလျဉ်းမရှိဘဲ၊ များလေကြိုက်လေဆိုသော စိတ်ထားသည်သာလျှင် အမြဲကိန်းအောင်းလျက်ရှိ၏။ တုတ်၊ ဓား စသော လက်နက်မျိုးနှင့် လူတစ်ကျိပ် ဝိုင်းထားစေကာမူလည်း ကိုဇော်ဟိတ်မူကား အရှုံးပေးလိမ့်မည် မဟုတ်ချေ။ 'မနိုင်လျှင် သေရရုံပြင်မရှိ'ဟူသော စိတ်ထားမျိုးကို ကိုဇော်ဟိတ်သည် အမြဲ လက်ကိုင်ပြုလျက် ရှိလေတော့သည်။

ကျွန်ုပ်မှာ ဂျပန်တစ်ခေတ်လုံးကို ကိုဇော်ဟိတ်နှင့် သွားအတူလာအတူ အဖော်ပြုခဲ့ဖူးရာ ဦးစံရှားနှင့် ပေါင်းရစဉ်က အမှုဆယ်မှု စုံထောက်ရခြင်းသည် ကိုဇော်ဟိတ်နှင့် အတူတကွ နေထိုင်ရခြင်းကဲ့သို့ အသက်အန္တရာယ် ဘေးသို့ တိုးခဲ့ရသည် မဟုတ်ပေ။

ကိုဇော်ဟိတ်၏ ထူးခြားသော အခြင်းအရာတစ်ခုမှာ အသတ်အပုတ်နှင့် ပတ်သက်သော ပညာဟူသမျှတွင် ပါရမီရင့်ခဲ့ခြင်းပင် ဖြစ်၏။ ကောလိပ်ကျောင်း၌ ရှိစဉ်က တစ်နှစ်မျှ မလေ့ကျင့်ရသေးမီ ကရာဇာဝိတ် ချန်ပီယံဘွဲ့ရ၍ ရှမ်းသိုင်း ဆရာတစ်ယောက်ထံ၌ သုံးလမျှ မသင်ရမီ ဆရာကို နိုင်အောင် ခုခံနိုင်သော သိုင်းပညာ တတ်ခဲ့လေပြီ။ ထို့နောက် ဂျပန်ခေတ်၌ ခြောက်လုံးပြူးများ ပေါလှ၍ ယမ်းတောင့်လှိုင်လှိုင်ဖြင့် တစ်လမျှကျင့်လိုက်လျှင်ပင် ဆယ့်ငါးကိုက်၌ ထောင်ထား သော ဖဲချပ်ကို လိုရာအပွင့်သို့ ထိမှန်အောင် ပစ်နိုင်လေတော့သည်။ လူသတ္တဝါ သည် မျိုးရိုးအလိုက် ပါရမီရင့်သန်တတ်သည်ဆိုရာ ကိုဇော်ဟိတ်မှာ စစ်သား အမျိုးအနွယ်တစ်ယောက် ဖြစ်ရုံသာမက မြတ်စွာဘုရားရှိ၍ အတိတ်ကို ဆောင်နိုင် လျှင် ကိုဇော်ဟိတ်ကိုယ်တိုင် စစ်သားဖြစ်ခဲ့သော ဘဝပေါင်းမည်မျှ ရှိသည်ဟု ဟောတော်မူမည် မပြောတတ်ပေ။ ဤသည်ကား ကျွန်ုပ်၏ ဒုတိယ မိတ်ဆွေကြီး ကိုဇော်ဟိတ်ပေတည်း။

mgyoe.com

mgyoe.com

ကျွန်ုပ်သည် ဤစာကို ရေးသားလျက်ရှိစဉ် အိမ်သားတစ်စုကို၏ ဓာတ်ပုံကလေးတစ်ခုသည် ကျွန်ုပ်၏စားပွဲပေါ်တွင် ထောင်လျက်ရှိရာ၊ ထိုဓာတ်ပုံ၌ ရုပ်ရည်သနားကမားရှိသော မိန်းမတစ်ယောက်သည် နှစ်နှစ်သားအရွယ်ရှိ သားငယ်ကို ပွေ့ချီကာ ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိ၍ သူ၏ခင်ပွန်းသည်မှာ ကုလားထိုင်နောက်က ကျေနပ်ကြည်ရွှင်သော မျက်နှာထားဖြင့် ရပ်လျက်ရှိလေ၏။ ထိုလင်မယားမှာ မြို့အုပ်ကိုသောင်းတင်နှင့်ဇနီး မြို့အုပ်ကတော် ကြည်ကြည်မေ တို့ဖြစ်လေရာ အောက်ပါအဖြစ်အပျက်မှာ ကိုဇော်ဟိတ်၏ လုံ့လပယောဂအစွမ်းဖြင့် လူဆိုးလူမိုက်များလက်မှ ကြည်ကြည်မေ လွတ်မြောက်လာခဲ့ရပုံ အကြောင်းပင် ဖြစ်လေသည်။

လူ့အဆင့်အတန်းကို ကျွမ်းသဒ္ဒါပြန်အောင် လှန်ပစ်ခဲ့သော ဂျပန်ခေတ်၌ ယခင်က ရွှေတွဲလွဲ ငွေတွဲလွဲနှင့် အဝတ်အစားပြောင်ပြောင် ဝတ်နိုင်စားနိုင်သူများ သည် မကြံတတ်မစည်တတ်ဖြစ်၍ မငတ်ရုံ စားနေကြရသည်တွင်၊ ငွေဆိုလျှင် တစ်ရာပြည့်အောင် မကိုင်ခဲ့ဘူးသူများသည် ဘောဆိုးထဲတွင် ငါးရာ တစ်ထောင် ထည့်ကာ တစ်ထိုင်တည်းဖြင့် ငါးဆယ် တစ်ရာကုန်သည့်တိုင်အောင် သုံးနိုင် ဖြုန်းနိုင်ခဲ့ကြလေသည်။ ဂျပန်ဝင်စမှစ၍ ပြေးခါနီးဆဲဆဲတိုင်အောင် ဂျပန်ငွေသည် ယခုခေတ် အင်္ဂလိပ်ငွေတမျှ တန်ဖိုးရှိသေးသောကြောင့် ငါးဆယ်တစ်ရာဆိုသော ငွေမှာ အရာမရောက်လောက်အောင် မဟုတ်လှသေးချေ။ ဂျပန်ငွေပင်ဆိုသော်လည်း ဆန်တစ်တင်းလျှင် တစ်ဆယ် ဆယ့်တစ်ကျပ်ဖြင့် ဝယ်ရ၍၊ ကြက်ဥက်တစ်ပိဿာ လျှင် လေးငါးကျပ်ထက် မပိုသေးပေ။

ထိုခေတ်၌ ကသာမြို့ စက်ပန်းရပ်တွင် တိမ်တစ်လုံးဘတင်၏ နေအိမ်မှာ မည်သည့်ခေတ်အခါကမျှ မကြုံဖူးခဲ့သည့် ပျော်ပါးမှုအမျိုးမျိုးတို့ဖြင့် ပြည့်စုံသည် ဖြစ်၍ နေ့ရောညဉ့်ပါ 'လွန်စွာစည်ကားလျက် ပျော်ချင်တိုင်းပျော်၊ ဖြစ်ချင်တိုင်း ဖြစ်နေကြသော ဌာနကြီးဖြစ်ပေ၏။ ငွေတစ်ကျပ်ရဖို့အတွက် ချွေးကျအောင် အလုပ်လုပ်ခဲ့ရသော လူများသည် တစ်နေရာမှ ပစ္စည်းများကို တစ်ကျပ်နှုန်းဖြင့် ဝယ်၍ အခြားတစ်နေရာတွင် တစ်ဆယ် ဆယ့်ငါးကျပ်နှုန်းဖြင့် ရောင်းခဲ့ရသဖြင့် လေးငါးဆယ်ရက်အတွင်း လေးငါးရာမျှ မြတ်ခဲ့ကြလေရကား၊ တစ်သက်ပတ်လုံး မသုံးခဲ့မဖြုန်းခဲ့လေသမျှကို ဤတစ်ခါတွင် သုံးလိုက်မည် ဆိုဘိသကဲ့သို့ ငွေကို ရေလိုသွန်၍ သုံးဖြုန်းလျက်ရှိကြ၏။

တိမ်တစ်လုံးဘတင်၏ ပျော်ပွဲစားရုံမှာ ရန်ကုန်မြို့က ဟိုတယ်နှင့် ကလပ်တို့ နှစ်ခုပေါင်း တွဲဖက်ထားသည့်အလားကဲ့သို့ အရက်နှင့် စားစရာအမျိုးမျိုး တို့အပြင် ပိုကာ၊ ကိုးမီး၊ ပါကန်တည်းဟူသော ကစားဝိုင်းများဖြင့် စည်ကားး လျက်ရှိ၏။ ထိုမှတစ်ပါးလည်း ကစားသူများနှင့် ပျော်ပွဲစားသူများကို ဖျော်ဖြေ

mgyoe.com

mgyoe.com

ရန်ဆို၍ ရုပ်ရည်သနားကမားရှိသော မိန်းကလေးသုံးလေးယောက်တို့ကို လက်သပ်မွေးထားလေသည်။ မိန်းကလေးများမှာ ကြေးတန်းစားဟူ၍ အတိအလင်းမကြေညာသော်လည်း ဘတင်ကို ကျေနပ်အောင် ပြုစုနိုင်လျှင် ရနိုင်သည်ဟူ၍ သတင်းပြေးလျက်ရှိသည်။

တိမ်တစ်လုံးဘတင်သည် ဂျပန်စစ်ဗိုလ်များနှင့်လည်းကောင်း၊ ပုလိပ်အရာရှိများနှင့်လည်းကောင်း သင့်မြတ်အောင် ပေါင်းသင်းထားသည်ဖြစ်၍ အရက်နှင့် ကစားဝိုင်းများကို ပြောင်ပြောင်ကြီး ဖွင့်ထားသည့်အပြင်၊ ညအချိန်များတွင်လည်း ဓာတ်မီးတွေက တထိန်ထိန်ဖြင့် အမိန့်ရ ကလပ်ကြီးသဖွယ် အချိန်မရွေး ဝင်ထွက်သွားလာလျက် ရှိကြလေတော့သည်။

အဆိုပါ သနားကမား မိန်းကလေးသုံးလေးယောက်တို့သည် ဘတင်၏ ပျော်ပွဲရုံ၌ မည်သို့သောစည်းကမ်းချက်နှင့် နေထိုင်ကြသည်ဟု မည်သူမျှ မပြောနိုင်ချေ။ ကောင်းကောင်းကျွေးမွေး၍ လှလှပပ ပြင်ဆင်ထားသောကြောင့် မိန်းကလေးများသည် ပျော်ပွဲရုံ၌ ပျော်ပိုက်နေကြဟန်တူပေသည်။ ဘတင်ကို 'ကိုကို'ဟုခေါ်ကြ၍ စေခိုင်းသမျှကို မငြင်းမဆန် လိုက်နာကြရခြင်းကား ထင်ရှား၏။ ပိုက်ဆံကိုင်ရလျှင် အာခံချင်တတ်သည်ဆို၍ ဘတင်သည် မိန်းကလေးများလက်ဝယ်တွင် မုန့်ဖိုးသုံးလေးကျပ်ထက် ပို၍မထားဘဲ ရသမျှကို သိမ်းယူပြီးလျှင် လှလှပပဆင်ပြင်၍ ဝအောင် ကျွေးမွေးထားလေသည်။

တိမ်တစ်လုံးဘတင်သည် 'ကီပါး' လောကတွင် လာဘ်အမြင်ဆုံးလူတစ်ယောက်ဖြစ်၍ ရှာမှရှားဆိုလောက်အောင် ဆိုးမိုက်သူတစ်ယောက်ဖြစ်လေသည်။ မျက်စိတစ်ဘက်တွင် တိမ်အနည်းငယ်ရှိသဖြင့် ပုလိပ်အရာရှိများက 'တိမ်တစ်လုံးဘတင်'ဟူ၍ မှည့်ခေါ်ထားလေရာ၊ အရပ်သားများအနက်မှမူကား ငွေတစ်ထောင်ကျပ်ရမည်ဆိုစေကာမူ သူ၏ရှေ့တွင် ဤကဲ့သို့ ခေါ်ဝံ့မည့်သူတစ်ယောက်မျှ ပေါ်ထွက်မည်မဟုတ်ချေ။

အသက်သုံးဆယ်ကျော်အရွယ်ရှိ အလုံးအရပ် ထောင်ထောင်မောင်းမောင်းနှင့် ဂိုက်ဆိုက်အတော်ကောင်းသော 'ကီပါး'ဘတင်သည် အင်္ဂလိပ်ရာဇဝတ်ဝန်တစ်ယောက်ထံတွင် စားပွဲထိုးအဖြစ်ဖြင့် အမှုထမ်းခဲ့စဉ်က လူလည်လူရှုပ်တစ်ယောက်ဖြစ်သည့်အလျောက် လူဆိုးပေါင်းစုံ၊ ပုလိပ်ပေါင်းစုံ၊ 'ကီပါး'ပေါင်းစုံတို့နှင့် ပေါင်းသင်း၍ 'ဝန်ကြီးလူ'ဟူသော နာမည်ဖြင့် ငွေရအောင် အမျိုးမျိုးချုံနိုင်ခဲ့လေသည်။ ဘတင်သည် ဗိုလ်အကြိုက်လိုက်၍ အနည်းနည်းဖြင့် ကျေနပ်အောင် ဝတ်ပြုတတ်ခြင်းအားဖြင့် ရာဇဝတ်ဝန် တစ်ယောက်လုံးကို အိတ်ထဲသို့ထည့်ထားနိုင်ခဲ့သည်ဖြစ်ရာ စားပွဲထိုးပင်ဖြစ်စေကာမူ၊ ရှေ့ဖတ်စာရေးတမျှ ဩဇာရှိ၍ အချို့ကိစ္စများတွင် ဘတင်ပြီးလျှင် ပြီးသလောက်ဖြစ်ခဲ့၏။ ဤတွင်

mgyoe.com

mgyoe.com
ဘတင်သည် ငွေဝင်လမ်းဖြောင့်ခဲ့လေရာ ချွေတာကျစ်လစ်သော လူတစ်ယောက်ဖြစ်သည့်အလျောက် ရသမျှကို စုဆောင်း၍ ရာဇဝတ်ဝန်နှင့်အတူ ရှမ်းပြည်နယ်သို့ လိုက်ပါရသည်တွင် ဘိန်းများချလာခဲ့လေသည်။ ဤကဲ့သို့ နှစ်ကြိမ်မျှ စွန့်စားကူးသန်း၍ ထမြောက်အောင်မြင်ရာတွင် ဘတင်သည် စားပွဲထိုးအလုပ်မှ နုတ်ထွက်၍ ရုံးအနီးတွင် ဟိုတယ်ဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်လေ၏။ မိတ်များသော လူတစ်ယောက်ဖြစ်သောကြောင့် တွင်ကျယ်စွာ ရောင်းချရသည့်အပြင် စာရေးများအားလည်း တစ်ဆယ်လျှင် တစ်ကျပ်တိုးဖြင့် သွက်သွက်ကြီး ထုတ်ချေးဝံ့သူတစ်ယောက် ဖြစ်ရကား လေးငါးနှစ်အတွင်းတွင် ဘတင်သည် ကသာမြို့ပေါ်၌ အကြီးဆုံးသော ဆိုင်ရှင်ကြီးတစ်ယောက်အဖြစ်သို့ ရောက်လာခဲ့လေ၏။ ဂျပန်ခေတ်ကမူ လုပ်ဝံ့သလောက်ငွေရသော ခေတ်ကြီးဖြစ်သည်တွင် အထက်၌ဖော်ပြခဲ့သည့်အတိုင်း ဘတင်၏ ပျော်ပွဲရုံမှာ ငွေသုံးလေးသောင်း ရင်းနှီးရသော ပထမတန်း ဟိုတယ်ကြီးတစ်ခုအခြေသို့ ရောက်လာခဲ့လေတော့သည်။

ဘတင်သည် ငွေရှာရာ၌ လာဘ်မြင်သူတစ်ယောက်ဖြစ်သည့်အလျောက် မီးရထားဘူတာရုံ၊ သင်္ဘောဆိပ်၊ ရုံး၊ ဈေး စသောနေရာများသို့ ပွဲစားကြမ်းပိုးများစေလွှတ်ထား၍ အပျော်အပါးနှင့် လောင်းကစားဝါသနာပါသော ခရီးသည်များကို သူ၏ ပျော်ပွဲရုံသို့ ခေါ်ဆောင်ခဲ့စေသည်။ ထိုခရီးသည်များ သောက်စား သုံးဖြုန်းသလောက်နှင့် လောင်းကစား၍ ရှုံးသလောက် ဘတင်က ကြမ်းပိုးများအား ကော်မရှင်ပေးလေ့ရှိ၏။ ထိုကြမ်းပိုးများသည် ကသာ၊ ဗန်းမော် ကူးတို့သင်္ဘောနှင့် ကသာ သပိတ်ကျဉ်း ကူးတို့သင်္ဘောအပေါ်မှ ခရီးသည်များကို လမ်းညွှန်ပြရုံနှင့်ပင် နေ့တွက်ကိုက်လျက် ရှိကြလေတော့သည်။ ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့သည် ရွှေဘိုမြို့မှ မီးရထားဖြင့် ဆိုက်ရောက်လာကြ၍ ဗန်းမော်ကူးတို့သင်္ဘော မဆိုက်သေးသောကြောင့် ကသာမြို့တွင် တရုတ်ဟိုတယ်တစ်ခု၌ တည်းခိုစောင့်ဆိုင်းလျက်ရှိကြစဉ်၊ ညနေခင်းအချိန်တွင် ကမ်းနားလမ်းတစ်လျှောက် လမ်းလျှောက်ထွက်လာကြ၏။ ထိုအခါ ကြမ်းပိုးတစ်ကောင်သည် ကျွန်ုပ်တို့၏ မျက်နှာကို မြင်သဖြင့် ဧည့်သည်များဖြစ်ကြောင်း ရိပ်မိသည်နှင့် အနီးသို့ ချဉ်းကပ်ကာ မျက်နှာချိုသွေးလေ၏။ ကိုဇော်ဟိတ်သည် ထိုသူ၏အမူအရာကို မကြိုက်သည်နှင့် စကားခပ်တိုတိုဖြတ်၍ မောင်းထုတ်လိုက်ရာ ကြမ်းပိုးလည်း ထင်ကြေးမကိုက်ကြောင်း ရိပ်မိသောကြောင့် ခပ်သုတ်သုတ်ပင် ထွက်ခွာသွားလေတော့၏။

ကျွန်ုပ်တို့သည် ဆိပ်ခံသမ္ဗန်တစ်ခုပေါ်တွင် ထိုင်လျက် အတန်ကြာ စကားပြောနေကြပြီးနောက် မှောင်လုနီးသည်နှင့် ကမ်းသို့တက်၍ ဈေးဘက်သို့ လျှောက်လာကြသည်တွင် မိန်းမတစ်ယောက်၏ အော်သံကို ရုတ်တရက် ကြားလိုက်ရ၏။ ကိုဇော်ဟိတ်မှာ သင့်မသင့် လျော်မလျော်ကို စဉ်းစားရန်
mgyoe.com

mgyoe.com
ဝါသနာ မရှိဘဲ အကူအညီတောင်းလျှင် ချက်ချင်း အကူအညီပေးချင်တတ်သည့် အလျောက် ဖျတ်ခနဲလှည့်ကာ အသံကြားရာသို့ ပြေးသွားသဖြင့် ကျွန်ုပ် တစ်ယောက်တည်း ကျန်ရစ်လေ၏။ ထိုနောက်မှ ကျွန်ုပ်သည် ကိုဇော်ဟိတ် နောက်သို့လိုက်၍ အနီးသို့ ချဉ်းမိသောအခါ ယခင်က တွေ့လိုက်သော ကြမ်းပိုးသည် ကိုဇော်ဟိတ်၏ လက်ထဲတွင် ကန့်လန့်ကန့်လန့် ရုန်းလျက် အခြားဘက်၌ကား မိန်းကလေးတစ်ယောက် ရပ်နေသည်ကို တွေ့ရ၏။ မိန်းကလေးမှာ ရုပ်ရည်သနား ကမားရှိ၍ ကြမ်းပိုးကို ထိတ်လန့်တုန်လှုပ်သော မျက်နှာထားဖြင့် လှမ်းကြည့်နေရှာ၏။

ဟိတ်။ ။"ဘယ်လိုဖြစ်တာလဲ မိန်းကလေး။ ခုနက အော်သံလိုလို ကြားလိုက်ပါတယ်"

မိန်းကလေးသည် ကြမ်းပိုးကို မရဲသောမျက်နှာဖြင့် လှမ်းကြည့်လျက် "ကိစ္စမရှိပါဘူး အစ်ကိုကြီးရှင်။ ကျွန်မက ရုတ်တရက်မို့လို့ လန့်အော်မိတာပါ" ဟု ပြန်ပြော၏။

သို့ပါသော်လည်း ကိုဇော်ဟိတ်သည် မိန်းကလေးက ဖွင့်မပြောဝံ့သဖြင့် မပြောဘဲ ထိမ်ချန်ထားသည့်အဖြစ်ကို ရိပ်မိသောကြောင့် ကြမ်းပိုးဘက်သို့လှည့်လျက် "ဟေ့ကောင်၊ အမျိုးသမီးကလေးတစ်ယောက်တည်း လမ်းသွားနေတာ တွေ့တာနဲ့ မင်းက နှမချင်းမစာနာဘဲ နောက်တောက်တောက် ပြီတီတီ လုပ်မယ်ကြံတယ် ဟုတ်စ။ ခွေးမသား သွားလိုက်စမ်း"ဟု ပြောပြောဆိုဆို ကြမ်းပိုး၏လည်ကုပ်ကို လက်တစ်ဖက်၊ ခါးမှ လုံချည်ကို လက်တစ်ဖက်နှင့် ကိုင်ဆွဲပြီးလျှင် လမ်းနံဘေးရှိ သဲပုံပေါ်သို့ ပစ်တင်လိုက်လေ၏။ ကြမ်းပိုးသည် ယက်ကန်ယက်ကန် မြောက်ပါ သွား၍ သဲပုံပေါ်သို့ ဖုတ်ခနဲကျရာမှ လူးလဲထပြီးလျှင် ပါးစပ်က တတွတ်တွတ် ကျိန်ဆဲရင်း လှည့်ကြည့်လှည့်ကြည့်ဖြင့် ထွက်သွားလေ၏။

မိန်းကလေးသည် ကိုဇော်ဟိတ် ဗလကောင်းခြင်းကို အလွန်အားရသော မျက်နှာဖြင့် ကြည့်ပြီးနောက် "သိပ်အားကောင်းတဲ့ အစ်ကိုကြီးပါလားရှင်။ ကြည့်ရတာ ကျွန်မ အားရလိုက်တာ။ သိပ်ဆိုးတဲ့ ကောင်ကလေးရှင့်။ ကိုဘတင် ရဲ့ တပည့်ကျော်တွေပေါ့ အစ်ကိုကြီးရဲ့"

ဟိတ်။ ။"ထင်သားကပဲ။ ခုနက တစ်ခါတွေ့တုန်းက အဲဒီအိမ် သွားကြဖို့ ကပ်နှုးနေသေးတယ်"

မိန်းကလေးသည် ကိုဇော်ဟိတ်ကို ကြောက်ရွံ့သော မျက်နှာဖြင့် ကြည့်လျက် "သိပ်ကြောက်စရာကောင်းတဲ့အိမ်ပါရှင်။ အင်မတန် ဆိုးရွားပါတယ်။ အစ်ကိုကြီးတို့နှစ်ယောက်ကို မြင်ရမြင်ရခြင်း ကျွန်မကို ကယ်နိုင်မယ့်ပုဂ္ဂိုလ်တွေ ပဲလို့ အားထားပြီး နောက်က မီအောင်လိုက်နေတုန်းမှာ ဟိုကောင်က ဝင်ရှုပ်ပြီး ဖျက်လိုဖျက်ဆီး လုပ်နေပါတယ် အစ်ကိုကြီးတို့ရှင့်"
mgyoe.com

mgyoe.com
ဟိတ်။ ။"သူက ဘာသိလို့ နှောင့်ယှက်နေတာတဲ့တုံး။ မိန်းကလေး နှင့် ဘာဆိုင်လို့တုံး"

မိန်း။ ။"ကျွန်မမှာ အကြီးအကျယ် ဒုက္ခတွေ့နေပါတယ်ရှင်။ ကိုဘတင့်ရဲ့ ပျော်ပွဲရုံမှာ ရောက်နေရပါတယ်"

ဟိတ်။ ။"ခုလေ၊ ဘယ်နှယ့်လဲကွယ့်။ နားမလည်ဘူး။ ဘာကြောင့် ဒီလိုနေရာမျိုး မိန်းကလေး ရောက်နေရတာလဲ"

မိန်း။ ။"မနေ့ညက ကျွန်မ ရောက်ပါတယ်ရှင်။ ကျွန်မမှာ ကသာမြို့မှာ သောင်တင်နေလို့ ခိုကိုးရာမဲ့ဖြစ်နေတုန်း မိန်းမတစ်ယောက်နှင့် တွေ့လို့ သူနှင့်အတူနေဖို့ ခေါ်သွားပြီး၊ လက်စသတ်တော့ အဲဒီပျော်ပွဲရုံ ရောက်သွားပါတယ် အစ်ကိုကြီးရှင်"

ဟိတ်။ ။"အို ဖြစ်ရလေကွယ်။ ဒါဖြင့် ဘာကြောင့် ထွက်မသွားရသလဲ။ ဌာနကို သွားတိုင်ပါတော့လား"

မိန်း။ ။(ငိုသံပါဖြင့်) "သူတို့က ကျွန်မပစ္စည်းကလေးတွေကို အားလုံးဝှက်ထားကြပါတယ် အစ်ကိုကြီးရှင့်။ သေတ္တာကလေး တစ်လုံးရှိတာ သူတို့ ဝှက်ထားပါတယ်ရှင်"

ဟိတ်။ ။"ဩော် ဒီလိုလား။ ဒါဖြင့် အစ်ကိုကြီးတို့က ဘယ်လို လုပ်ပေးစေချင်သလဲ"

မိန်း။ ။"ကျွန်မ အားလုံး ပြောပြချင်လိုက်တာ၊ အချိန်လည်း မရှိဘူးရှင်။ ကြာကြာကြီးနေလို့ ကျွန်မထွက်သွားတာကို သူသိရင် ခွင့်မတောင်းဘဲ သွားရမလားဆိုပြီး ကျွန်မကို စိတ်ဆိုးမှာပဲရှင်။ ဒါဖြင့် ဒီလို လုပ်ကြစမ်းပါ။ ပျော်ပွဲရုံကို ရှင်တို့လာစားကြပြီး ကျွန်မစားပွဲကိုသာကြိုက်တယ်လို့ ပြောတောင်းယူပါ။ ဒီတော့မှ ကျွန်မက စားပွဲထိုးရင်း အားလုံးပြောပြပါရစေ ရှင်"

ကိုဇော်ဟိတ်သည် မိန်းကလေး၏ မျက်ရည်ဝိုင်းလျက်ရှိသော မျက်လုံးများကို ငုံ့ကြည့်စဉ် ကရုဏာစိတ် ပိုလာသည့် လက္ခဏာဖြင့်. . .

ဟိတ်။ ။"ကောင်းပြီ။ တို့လာခဲ့မယ်။ ရောက်တော့မှ ပြောပြပေတော့။ ပြီးတော့မှ တော်သလို စီမံကြတာပေါ့"

မိန်း။ ။"ကျေးဇူးပါပဲ အစ်ကိုကြီးတို့ရှင်။ နေရာကိုတော့ သိကြရဲ့ ထင်ပါရဲ့"

ဟိတ်။ ။"ကိစ္စမရှိပါဘူး။ တွေ့အောင် ရှာနိုင်ပါလိမ့်မယ်။ ဒါထက် မိန်းကလေးနာမည် ဘယ့်နှယ်ခေါ်သလဲ"

မိန်း။ ။"ကြည်ကြည်မေ ခေါ်ပါတယ် ရှင်"

mgyoe.com

mgyoe.com

ထိုနောက် မိန်းကလေးသည် မှောင်စပြုနေပြီဖြစ်သော လမ်းတစ်လျှောက် ခပ်သုတ်သုတ် လျှောက်သွားလေရာ ကိုဇော်ဟိတ်သည် မိန်းကလေးနောက်သို့ မျက်စိတစ်ဆုံး စိုက်ကြည့်နေပြီးမှ ကျွန်ုပ်ဘက်သို့ လှည့်၍. . .

ဟိတ်။ ။"ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို လူပါးကြီးတစ်ယောက် ရယ်လို့ မဆိုလိုပါဘူး ဦးသိန်းမောင်။ သို့သော် ဒီကိစ္စမှာတော့ ကျော့ကွင်း ထောင်ဖမ်းတာမျိုး မဟုတ်ဘူး။ တကယ့်ဒုက္ခသည် မှုမှန်အစစ်ဖြစ်ကြောင်းကို ကျွန်တော် ရဲရဲကြီး တာဝန်ခံဝံ့ပါတယ်"

နိုပ်။ ။(အိမ်ဘက်သို့ လှည့်လျှောက်ရင်း) "ကျုပ်တို့ တွေ့ကြ ရမယ့် ကိုဘတင်ဆိုတဲ့ လူကတော့ဖြင့် တယ်ချိုမယ့် လူမဟုတ်ပေဘူး ထင်တယ် ဗျို့"

ဟိတ်။ ။"ကျွန်တော့် ဝါသနာကို ဦးသိန်းမောင် ရိပ်မိပြီ မဟုတ် လား။ မချိုလေ သဘောကျလေပဲ ခင်ဗျာ"

ကျွန်ုပ်တို့သည် တည်းအိမ်သို့ဝင်၍ နွေးသောအဝတ်များ လဲလှယ်ပြီး နောက် အခြားတစ်နေရာတွင် ညစာစားကြမည့်အကြောင်းကို ပေါက်ဖော်အား ပြောခဲ့၍ စက်ပန်းဘက်သို့ လျှောက်လာကြရာတွင် ကိုဇော်ဟိတ်က "ဦးသိန်းမောင် ရေ၊ ကျွန်တော်တွေးတဲ့အတိုင်း တည့်လျှင်တော့ ကိုဘတင်ဆိုတဲ့လူနှင့် ကျွန်တော် ဒီကနေ့ည တစ်ချီတစ်ပွဲ စမ်းကြရလိမ့်မယ် ထင်တယ်ဗျို့"ဟု ပြောလိုက်သော အသံမှာ အလွန်တရာ တင်းမာခက်ထန်လှသည်ဟု ကျွန်ုပ် သတိပြုမိပေ၏။

ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့သည် တိမ်တစ်လုံးဘတင်၏ ခေတ်ဆန်း ပျော်ပွဲရုံသို့ ဝင်သွားကြသောအခါ ဓာတ်စက်က ဓာတ်ပြားတစ်ချပ်ဖွင့်ထားသဖြင့် တစ်ရုံလုံး ဆူညံလျက်ရှိလေ၏။ ခေတ်ဆန်းပျော်ပွဲရုံမှာ ခြောက်ခန်းနှစ်ထပ်တိုက် ဖြစ်၍ တစ်ဘက်တွင် ဘိလိယက်ခုံ ဖွင့်ထားလျက်၊ အခြားဘက်တွင် စားစရာ အမျိုးမျိုးနှင့် အရက်အမျိုးမျိုး ရောင်းချလေသည်။ အရက်အမျိုးမျိုးဆိုသော်လည်း အများအားဖြင့် တောအရက်နှင့် ဦးရေမျှသာဖြစ်၍ အဖိုးနှင့်လှအောင် ပေးနိုင်သူ များသာလျှင် နိုင်ငံခြားအရက်နှင့် ဘီယာများ ရနိုင်ပေသည်။

ကျွန်ုပ်တို့သည် တံခါးဝက ရပ်ကြည့်လိုက်ကြရာတွင် ခန်းမကြီးထဲ၌ စားပွဲကြီးနှစ်ခုနှင့် ကုလားထိုင်များ ခင်းကျင်းထားသည်ကို မြင်ရ၍ နံဘေးထစ်ဘက် တွင်ကား စားပွဲထိုင်ရန် အခန်းငယ်ကလေး သုံးခန်းကန့်ထားသည်ကို တွေ့ရပေ၏။ အခန်းငယ်ကလေးများအတွင်းက လူများကို ကျွန်ုပ်တို့ မမြင်နိုင်သော်လည်း ခန်းမကြီးအတွင်းရှိ စားပွဲကြီးနှစ်ခုအနက်တစ်ခုတွင် ကာလသားလေးငါးယောက် ထိုင်လျက်ရှိကြ၍၊ အခြားစားပွဲတွင် မိန်းကလေး သုံးလေးယောက် ဓာတ်စက်ဖွင့် လျက် ရှိကြလေ၏။ အခန်း၏ တစ်ခုသောထောင့်၌ကား ပျော်ပွဲစားရုံပိုင်ရှင်

mgyoe.com

mgyoe.com

ဘတင်သည် ရွက်ဖျင်ကုလားထိုင်တစ်လုံးပေါ်တွင် ဆေးပြင်းလိပ်ကြီးကို ခဲလျက်ရှိလေသည်။

ကျွန်ုပ်တို့ ဝင်လာသောခဏ၌ ကာလသားတစ်ယောက်သည် အခြားစားပွဲ၌ ထိုင်လျက်ရှိသော မိန်းကလေး လေးယောက်အနက် ကြည်ကြည်မေကို လှမ်း၍ စကားပြောလိုက်ရာ၊ ကြည်ကြည်မေသည် ကျွန်ုပ်တို့ကို မြင်သဖြင့် ထိုသူအား စကားပြန်မပြောဘဲ ကျွန်ုပ်တို့အား ရွှင်ပျသောမျက်နှာဖြင့် လှမ်းကြည့်လိုက်လေ၏။ ကာလသားများကမူ သူ့အား စကားတုံ့ပြန် ပြောဖော်မရချေသလောဟု ဒေါဖောင်းဖောင်းမျက်နှာဖြင့် ငေးကြည့်နေလေ၏။

ထိုခဏတွင် ဆိုင်ရှင်ဘတင်သည် လူကြီးလူကောင်းများ ရုပ်လက္ခဏာရှိသော ကျွန်ုပ်တို့ကိုမြင်သဖြင့် ခရီးဦးကြိုပြုအံ့ဟု ထိုင်ရာက ထလာ၍ "ကြွပါခင်ဗျား။ ဟိုဘက်မှာ အခန်းတစ်ခန်း အားနေပါတယ်။ ဘာအလိုရှိပါသလဲ။ လိုချင်တာရနိုင်ပါတယ်။ ဝီစကီလည်းရှိ၊ ဘရန်ဒီလည်းရှိ၊ ဘီယာလည်း ရှိပါတယ် ခင်ဗျ"ဟု သွက်လက်စွာ ပြောလေရာ၊ ကိုဇော်ဟိတ်သည် ဣန္ဒြေကြီးသောမျက်နှာဖြင့် ဆိုင်ရှင်ကို ကြည့်လျက် "အားတဲ့အခန်း လိုက်ပြစမ်း"ဟု အမိန့်ပေးလေ၏။

အခန်းငယ် တစ်ခုအတွင်း ကျွန်ုပ်တို့ ထိုင်မိကြသည်တွင် ကိုဇော်ဟိတ်သည် ဝီစကီနှစ်ခွက်နှင့် စားစရာများ မှာထားသဖြင့် ဆိုင်ရှင်က "ကျွန်တော့်ဆိုင်မှာ မိန်းကလေး စားပွဲထိုးတွေ ရှိပါတယ် ခင်ဗျာ။ ဟိုအထဲက ဘယ်သူ့ကို သဘောကျပါသလဲ"ဟု စပ်ဖြဲဖြဲ မျက်နှာဖြင့် မေးရာတွင်၊ ကိုဇော်ဟိတ်က "လည်ပင်းမှာ မာဖလာကလေးပတ်ထားတဲ့ မိန်းကလေး လွှတ်လိုက်စမ်း"ဟု ပြောလိုက်လေ၏။

ဆိုင်ရှင်သည် ရုတ်တရက် မသွားသေးဘဲ ရွှင်ပြုံးသော မျက်နှာဖြင့် ကိုဇော်ဟိတ်ကိုကြည့်လျက် "စားသောက်ပြီးလို့ ပျော်ပျော်ပါးပါးနေချင်ကြလို့ ရှိရင်လည်း"

ဟိတ်။ ။"ကျုပ်ခိုင်းတာ မြန်မြန်လုပ်စမ်းပါ"

ဆိုင်ရှင်ဘတင်မှာ ဤကဲ့သို့ စကားထန်ထန် ပြောခြင်းကို မခံရဖူးသောကြောင့် ရုတ်တရက် မျက်နှာပျက်သွားသော်လည်း ကိုဇော်ဟိတ်၏ မျက်နှာထားကို ရှိန်သည်နှင့် ဒေါသကို ချုပ်သိမ်း၍ အပြင်သို့ ထွက်သွားလေ၏။

ထို့နောက် ဆိုင်ရှင်သည် တပည့်တစ်ယောက်အား ကျွန်ုပ်တို့ မှာထားသော စားစရာများကို ပြင်ဆင်ခဲ့ရန် အမိန့်ပေးပြီးနောက် ကာလသား တစ်ယောက်နှင့် စကားပြောလျက်ရှိသော ကြည်ကြည်မေ အနီးသို့ ချဉ်းကပ်၍ စကားတီးတိုးပြောလိုက်သည်တွင် ကြည်ကြည်မေသည် ထိုင်ရာမှထ၍ လိုက်လာခဲ့ရာ ကာလသားလည်း မျက်စောင်းထိုးလျက် ကျန်နေရစ်လေသည်။

mgyoe.com

mgyoe.com

ဘတင်နှင့် ကြည်ကြည်မေတို့သည် ကျွန်ုပ်တို့အခန်းသို့ လျှောက်လာကြစဉ် ဘတင်က ပြိတ်တိပြောလိုက်သောစကားကို ကြည်ကြည်မေက မည်ကဲ့သို့ ပြောလိုက်သည်မသိ။ ဘတင်မှာ ရုတ်တရက် ဒေါပွဟန်ဖြင့် ကြည်ကြည်မေ၏ လက်မောင်းကို ခပ်ကြမ်းကြမ်း ကိုင်တွယ်မည်ပြုပြီးမှ ကိုဇော်ဟိတ်နှင့် မျက်လုံးချင်းဆိုင်မိကြသဖြင့် လက်ကိုရုပ်သိမ်းလိုက်လေ၏။ အခန်းငယ်အတွင်းသို့ ရောက်ကြသောအခါ ဘတင်က "ကိုင်း၊ ဟောဒီက နောင်ကြီးများကို အသုံးတော်ခံမယ့် ကြည်ကြည်မေပါတဲ့ ခင်ဗျာ"ဟု ပြောလျက် မိန်းကလေး၏ပါးကို လိမ်ဆွဲလိုက်ရာ ကြည်ကြည်မေသည် လက်ကိုင်ထားသော စီးကရက်မီးဖြင့် ဘတင်၏ လက်ကို ဆတ်ခနဲ ထိုးလိုက်လေ၏။

ကိုဇော်ဟိတ်သည် မိန်းကလေး၏သတ္တိကို သဘောကျဟန်ဖြင့် ရယ်မောလျက်ရှိရာ ဘတင်သည် "အလိုလေးဗျ"ဟု အော်၍ မီးထိသောလက်ချောင်းများကို ပါးစပ်တွင်ငုံလျက် ကြည်ကြည်မေအား ချက်ချင်းသတ်ပစ်လိုက်တော့မည့် မျက်နှာမျိုးဖြင့် စိန်းစိန်းကြည့်နေလေ၏။ ကြည်ကြည်မေမူကား ရုတ်တရက် ပြုမိပြုရာ ပြုလိုက်မိခြင်းအတွက် ထိတ်လန့်သည်နှင့် ကိုယ်ကလေးခပ်ရှိရှိ လုပ်နေရှာ၏။

ဟိတ်။ ။"ဟေ့လူ၊ ဝီစကီနှစ်ခွက် ဘယ်မှာလဲ"

တင်။ ။(ချာခနဲလှည့်၍) "ခင်ဗျားက ကျုပ်ကို ဘာမှတ်နေသလဲ။ ကျုပ် ဆိုင်ရှင်ဗျ။ ကူလီမဟုတ်ဘူး။"

ဟိတ်။ ။(မထိတရီ မျက်နှာမျိုးဖြင့်) "ဪ. . .ဟုတ်လား။ ဒါဖြင့် ဟေ့. . .ဆိုင်ရှင်၊ ကျုပ်မှာထားတဲ့ စားစရာတွေ ဘယ်မှာလဲ"

ထိုအခါ တိမ်တစ်လုံးဘတင်သည် နဖူးကြောကြီးများ တင်းလာ၍ အောက်နှုတ်ခမ်းကို သွားဖြင့်ခဲပြီးလျှင် ကိုဇော်ဟိတ်အား စားတော့ဝါးတော့မည့် မျက်နှာမျိုးဖြင့် ပြူးကြည့်နေပြီးမှ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည့် ကိုဇော်ဟိတ်၏ ထွားကျိုင်းသော ကိုယ်ကာယကြီး၌တည်ရှိသော တန်ခိုးသတ္တိထူးအတွက်ကြောင့် အခြားလူများစိတ်၌ ကြောက်ခဲ့ကြဖူးသည့်နည်းတူ အားမတန် မာန်လျှော့ဆိုသော အမူအရာမျိုးဖြင့် ရီတို့တို့ ဖြစ်သွားသည်ကို ကျွန်ုပ် မြင်လိုက်ရလေသည်။ နောက်ဆုံး၌ ဘတင်သည် ဆုပ်ထားသော လက်သီးကို တစ်ဖန်ဖြည်ချ၍ အခန်းအပြင်သို့ထွက်သွားပြီးလျှင် ကိုဇော်ဟိတ်မှာထားသော ဝီစကီကို ဖန်ခွက်ထဲသို့ ငှဲ့ထည့်နေလေရာ၊ ကြည်ကြည်မေလည်း ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်၍ ကိုဇော်ဟိတ်လည်း ခပ်ဖြည်းဖြည်း ရယ်မောလေ၏။

မေ။ ။"ရှင်တို့ကို ဖဲကစားဖို့ ကျွန်မ နှုးပေးရမယ်တဲ့ ရှင့်။ ကျွန်မက မလုပ်ချင်ဘူးပြောလို့ သူကစိတ်ဆိုးတယ်။ အစ်ကိုကြီးတို့လာကြတာ

mgyoe.com

mgyoe.com

ကျွန်မ အားရှိလိုက်တာ ရှင်။ ဒီအိမ်မှာနေရတာ ကျွန်မဖြင့် သိပ်ကြောက်နေတော့တာပဲ"

ထိုခဏတွင် ဘတင်သည် ဝီစကီနှစ်ခွက်နှင့် အခန်းထဲသို့ ဝင်လာ၍ ဖန်ခွက်များကို စားပွဲပေါ်တွင် ဆောင့်ချလျက် "ရော့၊ တစ်ခွက် ဆယ့်ငါးကျပ်ပဲ။ ကြိုက်ရင်သောက်"ဟု ပြော၏။ ဆိုင်ရှင်ဘတင်မှာ စားစရာများကို တပည့်များနှင့် လွှဲထားသော်လည်း နိုင်ငံခြား အရက်ကိုမူ ခွက်ဖြင့် ကိုယ်တိုင်ချင်ပေးလေ့ရှိ၏။

ဟိတ်။ ။(တည်ငြိမ်သော မျက်နှာထားဖြင့်) "စဉ်းစဉ်းစားစား ပြောပါ ကိုယ့်လူ။ ဆိုင်လုံးကျွတ်ဝယ်မှာ မဟုတ်ပါဘူး။ ဝီစကီ နှစ်ခွက်ဖိုး ပြောမှပေါ့"

တင်။ ။"သဘောကျရင် သောက်၊ သဘောမကျရင် ထွက်သွားနိုင်တယ်"

ဟိတ်။ ။"ထွက်သွားတာကတော့ ကျုပ်သွားချင်တဲ့ အချိန်ကျတော့ သွားမှာပဲ။ အရက်ဖိုးကတော့ ရှေ့နှစ်ခွက်အတွက် တစ်ဆယ်။ ကြိုက်ရင်ယူသွား၊ မကြိုက်ရင် ကိုယ်ဟာကိုယ် ပြန်ယူသွားပြီး သောက်ချင်သောက်၊ သွန်ပစ်ချင်ပစ်၊ သဘောရှိပဲ"

တိမ်တစ်လုံးဘတင်သည် စားပွဲပေါ်တွင် ခြေတင်ကာ ကုလားထိုင်တွင် ခပ်ယိုင်ယိုင်မှီထိုင်နေသော ကိုဇော်ဟိတ်၏ မျက်နှာကို ဆတ်ခနဲ လှမ်းကြည့်ပြီးမှ ဆယ်တန်စက္ကူကို ကောက်ယူ၍ ပါးစပ်က တတွတ်တွတ် ရေရွတ်ကာ အခန်းအပြင်သို့ ထွက်သွားလေ၏။

ဘတင်သည် ကိုဇော်ဟိတ်နှင့် နှစ်ကြိမ်ဆိုင်ခဲ့ရာ နှစ်ကြိမ်လုံး အရေးနိမ့်ခဲ့သည့်အဖြစ်ကို သူသိသည်။ ဆိုင်ရှင်ဘတင်မှာ မိုးလားကဲလား စကားပြောတတ်သည့် အရက်မူးသော လူမိုက်ဆိုသူများနှင့် အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ဖူးရာတွင် အနိုင်ရခဲ့သည်သာ ဖြစ်သော်လည်း၊ မထိတရီ ခပ်အေးအေးအမူအရာဖြင့် အထက်မှ ပိုင်ပိုင် စကားပြောတတ်သည့် ကိုဇော်ဟိတ်ကဲ့သို့သော လူမျိုးကို မကြုံတွေ့ဖူးသဖြင့် နားမလည်အောင် ဖြစ်နေပြီးလျှင် မလှန်ဝံ့ဘဲ ရှိနေလေတော့သည်။ ဤကဲ့သို့ အရေးနိမ့်ရခြင်းကို စိတ်ထဲက အတိအလင်း ဝန်မခံနိုင်သဖြင့် တော်လှန်မည်ဟု ကြံစည်မိသော်လည်း ကျောထဲက စိမ့်သလိုလို နှုတ်က ဆွံ့သလိုလို ဖြစ်သည်နှင့် လျှော့၍သာ ခံနေရလေတော့သည်။ မိမိဆိုင်အတွင်း၌ လူတစ်ယောက်က ဟန်ကြီးပန်ကြီး လုပ်ခြင်းခံရလိမ့်မည်ဟု ကြိုတင်ပြောထားခဲ့ပါလျှင် ဘတင်သည် ထိုကဲ့သို့ ပြောသောလူကိုကိုင်၍ ဆောင့်ကောင်းဆောင့်ပေလိမ့်မည်။ ခွေးဆိုးသည် မကြောက်တတ်သော လူတစ်ယောက်၏ ဘုန်းရှိန်ကို မလှန်နိုင်ဘဲ ဦးခေါင်းလျှိုရသကဲ့သို့ ဘတင်မှာလည်း မလျှိုးချင်ဘဲလျက် လျှိုးနေရလေတော့သည်။

mgyoe.com

mgyoe.com

သို့ရာတွင် နောက်တစ်ကြိမ် လူကျယ်လုပ်ခြင်းခံရပါမူကား မိမိကိုယ်တိုင် ဆွဲထုတ်ပစ်လိုက်မည်ဟု ကြုံးဝါးသံများကို ကျွန်ုပ် ကြားမိလေ၏။

ထိုအတောအတွင်း ကျွန်ုပ်တို့သည် အစိမ်းကြော်နှင့် ထမင်းစားရင်း ကြည်ကြည်မေအား ကိုဇော်ဟိတ်က အားပေးစကားပြောလျက်ရှိ၏။

ဟိတ်။ ။"အစ်ကိုကြီးတို့ရှိတယ်။ ဘာမှမကြောက်နဲ့နော် မိန်းကလေး။ ယောဟိုဟာက ဦးသိန်းမောင်တဲ့ ရန်ကုန်ကပဲ။ ကျုပ်က ကိုဇော်ဟိတ်တဲ့။ ကိုင်း. . .ဒီနေရာမျိုးကို မိန်းကလေး ဘယ်လိုရောက်လာရသလဲ ပြောပြစမ်း။ ပြီးတော့မှ ဘယ်ပုံစီမံရမယ်ဆိုတာ ကျုပ်တို့ စဉ်းစားမယ်"

ကြည်ကြည်မေသည် ကိုဇော်ဟိတ်အား အလွန်ကြည်ညိုလေးစားသော မျက်နှာထားဖြင့် ကြည့်နေပြီးမှ. . .

မေ။ ။"ကျွန်မအကြောင်းကို အစ်ကိုကြီးတို့ သိရရင်တော့ သိပ်မိုက်တဲ့ကောင်မလေးလို့ ဆိုကြမှာပဲ"

ဟိတ်။ ။"ငယ်ရွယ်တဲ့လူဆိုတာ မှားတဲ့အခါမှား၊ မိုက်မိတဲ့အခါ မိုက်မိကြတာပေါ့ကွယ်။ မိန်းကလေးက ဒီအရပ်သူမဟုတ်ဘူး ထင်တယ်"

မေ။ ။"မဟုတ်ပါဘူး အစ်ကိုကြီး။ စစ်ကိုင်းမြို့ ခဝါရုံ ရပ်ထဲကပါ။ မိဘများလည်းရှိကြပါတယ်"ဟု ပြောရင်း မိန်းကလေးသည် မိဘများကို လွမ်းဆွတ်ဟန်ဖြင့် ငိုယိုလေ၏။ ကိုဇော်ဟိတ်က ချော့မော့အားပေးသဖြင့် တဖြည်းဖြည်း ပြောပြ၍ ကျွန်ုပ်တို့ ကြားသိရသောအဖြစ်မှာကား. . .

ကြည်ကြည်မေမှာ ဘိုင်စကုတ် အလွန်ကြိုက်တတ်သူဖြစ်၍ ရုပ်ရည်ကလေးလည်း သနားကမားရှိသည့်အလျောက် ဇာတ်လိုက်မင်းသမီးတစ်ယောက်ဖြစ်ဖို့ ရည်မှန်းခဲ့ကြောင်း။ တစ်နေ့သ၌ ရန်ကုန်မြို့မှ ရုပ်ရှင်ကုမ္ပဏီတစ်ခုသည် စစ်ကိုင်းတံတားကြီးပါသော ဇာတ်ကားတစ်ကား ရိုက်ကူးလိုသည်နှင့် စစ်ကိုင်းမြို့သို့ ဆိုက်ရောက်လာခဲ့ကြောင်း။ ဝါသနာအိုးဖြစ်သော ကြည်ကြည်မေသည် ထိုရုပ်ရှင်ကုမ္ပဏီမှ ဒါရိုက်တာလုပ်သူနှင့် အသိအကျွမ်းဖွဲ့၍ မိမိဆန္ဒကိုပြောပြရာ ဒါရိုက်တာက တတ်နိုင်သမျှ အကူအညီပေးပါမည်ဟု ပြောပြပြီးလျှင် ဇာတ်ကွက်တစ်နေရာတွင် မိန်းမကြမ်း (လက်ထောက်ဇာတ်လိုက်)အဖြစ်ဖြင့် စမ်းသပ်လေ့ကျင့်စေကြောင်း။ မျှော်လင့်ချက်ရှိသည်ဟု ဒါရိုက်တာက ပြောရာတွင် ကြည်ကြည်မေသည် သဘောတူမည်မထင်သော မိဘများကိုပင် မတိုင်ပင်ဘဲ အိမ်မှ တိတ်တဆိတ် ထွက်လာခဲ့၍ ထိုဘိုင်စကုတ်အဖွဲ့နှင့်အတူ စွန့်စားလိုက်ပါသွားကြောင်း။ မန္တလေးမြို့သို့ ရောက်သောအခါ ဇာတ်အဖွဲ့တစ်ခုနှင့် တွေ့ဆုံ၍ စစ်ကိုင်းမြို့မှ ယိမ်းသူမတစ်ယောက်နှင့် ဆုံဆည်းမိရာတွင် ဘိုင်စကုတ်အဖွဲ့ကို စွန့်ခဲ့ပြီးလျှင် ဇာတ်အဖွဲ့နှင့်အတူ ကသာသို့ လိုက်ပါသွားကြောင်း။ ငယ်စဉ်

mgyoe.com
ကတည်းက အကအခုန်တတ်သဖြင့် ယိမ်းအဖွဲ့တွင် ယိမ်းသူမတစ်ယောက် အဖြစ် ပါဝင်ကပြခဲ့ကြောင်း။ ကသာမြို့သို့ ရောက်ကြ၍ ပွဲ လေးငါးချီ ကပြ ပြီးနောက် ဇာတ်ဆရာသည် ရသမျှငွေများကို တစ်ယောက်တည်းသုတ်ပြေး၍ ဇာတ်အဖွဲ့ဝင်များကို ပစ်ထားသောကြောင့် တစ်ဖွဲ့လုံး သောင်တင်လျက် ကျန်ရစ်ခဲ့ ကြောင်း။ စစ်ကိုင်းမှ ယိမ်းသူမနှင့်ကြည်ကြည်မေတို့ နှစ်ယောက်တစ်တွဲ ကျန်ရစ် ခဲ့သည့်အနက် စစ်ကိုင်းသူမှာ ဖြစ်ရာဘဝ ပျော်တော့မည်ဆို၍ ထိုပျော်ပွဲစားရုံတွင် ကျေနပ်စွာ နေထိုင်လျက်ရှိရာ ကြည်ကြည်မေသည်သာလျှင် မိဘရပ်ထံ ပြန်လိုသော စိတ်ဖြင့် နေ့စဉ် ကြေကွဲလွမ်းဆွတ်လျက်ရှိကြောင်းကို ပြောပြသဖြင့် ကြားသိရ လေသည်။ မိန်းကလေးနှစ်ယောက်ကို ပျော်ပွဲစားရုံသို့ ခေါ်ခဲ့သော မိန်းမမှာ ဘတင်၏ ပွဲစားဖြစ်ကြောင်းလည်း သိရှိရလေသည်။

ကြည်ကြည်မေသည် မိမိ၏ အဖြစ်အပျက်များကို ကျွန်ုပ်တို့အား ပြန်ပြောင်းပြောပြပြီးသည့်အဆုံး၌ ဝမ်းနည်းရှာသဖြင့် ရှိုက်ကြီးတငင် ငိုယိုလျက် ရှိရာ ကိုဇော်ဟိတ်မှာလည်း နှမချင်းစာနာသည့် လက္ခဏာနှင့် ကြင်နာသနား တတ်သော မျက်နှာထားဖြင့် ကြည့်နေလေ၏။

ဟိတ်။ ။"ကံကောင်းတယ်ကွယ် မိန်းကလေး။ တို့နှင့်တွေ့တာ မင်း သိပ်ကံကောင်းတယ်"

ကိုဇော်ဟိတ်သည် စားစရာများ စားသောက်ပြီး၊ ဆေးပြင်းလိပ် တစ်လိပ်ကို မီးညှိသောက်ရင်း ကြည်ကြည်မေအား စိုက်ကြည့်ကာ စဉ်းစားစိတ်ကူး နေလေ၏။

ဟိတ်။ ။"ဒီလိုလုပ်ကြစို့ မိန်းကလေး၊ မင်းပစ္စည်းကလေး တွေ ဆိုတာတော့ မတတ်နိုင်ဘူး။ ထားပစ်ခဲ့ပေတော့။ လူကိုသာ ကိုယ်လွတ်ရုန်းဖို့ ကြိုးစားကြရတော့မှာပဲ"

မေ။ ။"ဘယ်လိုလုပ်ရမလဲ အစ်ကိုကြီး"

ဟိတ်။ ။"လုပ်ဆို တို့နှင့် လိုက်ခဲ့ပေတော့။ အပြင်ရောက်တော့မှ သင့်တော်တဲ့ တစ်အိမ်အိမ်ရှာပြီး အပ်ထားရတော့မှာပဲ"

ကြည်ကြည်မေမှာ ဝမ်းသာသောမျက်နှာ ရုတ်တရက်ဖြစ်ပေါ်လာပြီးမှ ဦးခေါင်းကို ယမ်းလေ၏။

မေ။ ။"မဖြစ်ပေဘူးထင်တယ် အစ်ကိုကြီး။ ဟိုတစ်နေ့က ကယ်တင်ခြင်းတပ်ကဆိုလား ဗိုလ်ကြီးတစ်ယောက်လာပြီး မိန်းကလေး တစ် ယောက်ကို ခေါ်သွားတာ ကိုဘတင်က သူ့တပည့် လူမိုက်နှစ်ယောက်လွှတ် လိုက်ပြီး ဗိုလ်ကြီးကိုလည်း ခေါင်းရိုက်ခွဲခဲ့သေး၊ မိန်းကလေးကိုလည်း ပြန်ခေါ် သေးတယ် အစ်ကိုကြီးရဲ့"
mgyoe.com

mgyoe.com

ဟိတ်။ ။"တို့ကို ခေါင်းရိုက်ခွဲခံရမှာ မင်းက စိုးရိမ်သလား"

မေ။ ။"ကျွန်မ အဖိုးမတန်ပါဘူး အစ်ကိုကြီးရဲ့။ ကျွန်မလို ကောင်မလေးမျိုးအတွက် အစ်ကိုကြီးတို့ လူ့အဖိုးတန်တွေ ဒုက္ခမခံထိုက်ပါဘူး"

ကိုဇော်ဟိတ်သည် ကြည်ကြည်မေ၏ စကားကို ကြားရသည်တွင် သူ၏ မျက်လုံးများတွင် မျက်ရည်အစအနများ ပေါက်ထွက်လာ၍ လက်ကိုင်ပဝါကိုထုတ်ကာ မျက်နှာကို သုတ်လေ၏။

ဟိတ်။ ။"တော်ပါပေကွယ် မိန်းကလေး။ တယ် သိတတ်ပေတာပဲ။ တို့အတွက်တော့ မပူပါနှင့်ကွယ်။ ကယ်တင်ရေးတပ်က ဗိုလ်ကို ရိုက်ဝံ့ပေမယ့် မင့်လူတွေ တို့ကို မလုပ်ဝံ့ပါဘူး။ လုပ်လို့ရှိရင်လည်း တွေ့ကြရသေးတာပေါ့"

ထို့နောက် ကိုဇော်ဟိတ်သည် စားစရာများအတွက် စာရင်းရှင်းရန် အသံပြုလိုက်ရာ ဆိုင်ရှင်ကိုယ်တိုင် ဝင်မလာဘဲ တပည့်တစ်ယောက်ကို လွှတ်လိုက်သဖြင့် ကျသင့်သောငွေကို ရှင်းပေးလေ၏။ ထိုသူထွက်သွားသောအခါ ကိုဇော်ဟိတ်သည် ထိုင်ရာမှထ၍ "ကိုင်း လာ၊ လိုက်ခဲ့"ဟုဆိုကာ အခန်းပြင်သို့ ထွက်လာပြီးနောက် အိမ်ပြင်သို့ ထွက်မည်ပြုလေရာ ကြည်ကြည်မေမှာ ခပ်ဆိုင်းဆိုင်းလုပ်နေပြီးမှ ထ၍လိုက်သွားသဖြင့် ကျွန်ုပ်က နောက်ဆုံးမှ လိုက်ပါလာခဲ့လေ၏။

ထိုခဏ၌ ဆိုင်ရှင်ဘတင်သည် ရွက်ဖျင်ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိရာ "ဗျို့ဆရာတွေ၊ ကောင်မလေးကို ခင်ဗျားတို့က ဘယ်ထုတ်သွားမလို့လဲ"ဟု ဆိုကာ ကပျာကယာ ပြေးလိုက်လာ၍ အပေါက်ဝက ဆီးတားလေ၏။ ရှေ့ခန်း၌ ပိုကာဆွဲလျက်ရှိကြသော လူများသည် ဖဲများကို ချထား၍ ကျွန်ုပ်တို့ ရှိရာသို့ မျှော်ကြည့်နေကြလေရာ ကြည်ကြည်မေမှာ ကြောက်လန့်သော အမူအရာဖြင့် တစ်ကိုယ်လုံး တုန်လှုပ်ကာ ကျွန်ုပ်ရှိရာသို့ ကပ်လာ၍ ကိုဇော်ဟိတ်ကို မော့်ကြည့်နေလေ၏။

ဟိတ်။ ။(တုန်ရင်ခြင်း အလျဉ်းကင်းသောအသံဖြင့်) "ဟေး ... ကိုဘတင်။ မဆိုင်ရာမှာ ဝင်မရှုပ်နဲ့နော်။ ဒီမိန်းကလေးနှင့် ခင်ဗျားနဲ့ ဘာမှ မဆိုင်ဘူး။ ဖယ်လိုက်ပါ။ ထိသွားမယ်နော်၊ ဒါပဲ"

စင်စစ်မှာ ဆိုင်ရှင် ကိုဘတင်သည် သတ္တိခေသော လူတစ်ယောက် မဟုတ်ချေ။ ခပ်စောစောကမူ ရန်ဖြစ်သည့်လမ်းစ ရှာမတွေ့သဖြင့် အံ့အားသင့်ကာ ခံလိုက်ရခြင်းဖြစ်လေရာ ဤကဲ့သို့ ဇွတ်အတင်း လုပ်ခြင်းမျိုးမှာမူ သူတွေ့နေကျ ကိစ္စမျိုးဖြစ်သဖြင့် နောက်ဆုတ်ဖို့ စိတ်မကူးချေ။ အဘယ်ကြောင့်ဆိုသော် ကသာမြို့သည် သူ၏ 'နယ်'ဖြစ်သည့်အပြင် အိမ်မှာလည်း သူ၏အိမ်ဖြစ်၍ ဂင်တိုတိုနှင့် ဗလကောင်းသူတစ်ယောက်လည်း ဖြစ်ပေသောကြောင့်တည်း။

mgyoe.com

mgyoe.com

တင်။ ။"ထိသွားမတဲ့၊ သဘောကျတယ်ကွာ၊ ဟား ဟား ဟား ဟား"

ပိုကာဝိုင်းကလူများသည် ရောယောင်ကာ ရယ်မောကြရာမှ ရုတ်ခနဲ ရယ်သံရပ်စဲသွားလေတော့၏။ အကြောင်းမှုကား ကိုဇော်ဟိတ်၏လက်သီးသည် ဘတင်၏ မေးစွန်းကို အောက်မှပင့်၍ ကော်သတ်လိုက်သဖြင့် 'ခွပ်'ခနဲ အသံကြားလိုက်ကြရပြီးနောက် ဘတင်သည် ကုလားထိုင်တစ်လုံးဆီသို့ ကျွမ်းပြန် ထိုးလဲသွား၍ စားပွဲအောက်တွင် ပက်လက်လန်လျက် မလှုပ်ရှားဘဲ ငြိမ်ဝပ်စွာ ရှိနေသောကြောင့်ပေတည်း။

ထို့နောက် ကိုဇော်ဟိတ်သည် ပျော်ပွဲရုံအပေါက်မှ ထွက်လာခဲ့၍ ကြည်ကြည်မေနှင့် ကျွန်ုပ်တို့လည်း သူ၏နောက်က ထပ်ကြပ်မကွာ လိုက်လာ ခဲ့ကြလေရာ မည်သူတစ်ဦးတစ်ယောက်ကမျှ အနှောင့်အယှက်မပြုဘဲ ကြောင် တောင်တောင်ငေးလျက် ကြည့်နေရစ်ခဲ့ကြလေ၏။ လမ်းခရီး၌. . .

ဟိတ်။ ။"ထင်သထက် ပိုချောင်သေးတယ်ဗျို့ ဦးသိန်းမောင်။ သို့သော် ဟိုကောင် သတိရလာရင်တော့ ကျွန်တော့်အပေါ် ဗြဟ္မစိုရ်ပွားမယ့် ကောင်မဟုတ်ဘူး"

ကျွန်ုပ်တို့ ခပ်သုတ်သုတ်လျှောက်လာကြ၍ လမ်းကွေ့သို့ ရောက်သဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာတွင် တစ်ဦးတစ်ယောက်ကိုမျှ မမြင်ရဘဲ တစ် လမ်းလုံး ရှင်းလျက်ရှိသည်ကို တွေ့ရသဖြင့် အတော်စိတ်အေးမိ၏။ ဈေးထောင့်သို့ ရောက်ကြသောအခါ ဘယဆေးသည် ဆရာကြီး လင်မယားအိမ်သို့ ဝင်ကြ၍ ကြည်ကြည်မေအား တစ်ညတာမျှ တည်းခိုခွင့်ပြုရန် ခွင့်ပန်ရင်း၊ ဆယ်နှစ်နှစ် သမီးအရွယ်ခန့်ရှိ မြေးကလေးအား ကိုဇော်ဟိတ်က ငွေတစ်ဆယ်ကျပ် မုန့်ဖိုး ပေးသည်တွင် အဘိုးကြီးလင်မယားတို့သည် ကြည်ဖြူစွာ သဘောကျလက်ခံကြ လေ၏။ ထို့နောက် ကိုဇော်ဟိတ်က နံနက်စောစောလာ၍ ရှေ့အဖို့မည်သို့ စီစဉ်ရမည်ကို စိတ်ကူးလာခဲ့မည်ဖြစ်ကြောင်း မှာထားနှုတ်ဆက်ပြီးလျှင် ကျွန်ုပ်တို့ သူတို့အိမ်မှ ထွက်လာခဲ့ကြလေ၏။

ဟိတ်။ ။"တော်ပါသေးရဲ့ဗျာ ဦးသိန်းမောင်။ ခများမှာ ကျွန်တော် တို့နှင့် မတွေ့ရင်တော့ ပျက်စီးရာတော့မှာ ဧကန်ပဲ။ မိန်းကလေးဟာက"

ကိုဇော်ဟိတ်သည် စကားမဆုံးမီ ကျွန်ုပ်၏လက်မောင်းကို ဆုပ်ကိုင်ကာ နောက်သို့လှည့်လျက် "ကြည့်စမ်းဗျို့ ဦးသိန်းမောင်။ သေသေချာချာ၊ ဟောဟို သစ်ပင်အောက်မှာ ကြည့်လိုက်စမ်း။ ဘာမြင်သလဲဗျို့"

ကျွန်ုပ်သည် ကိုဇော်ဟိတ် ညွှန်ကြားသည့်သစ်ပင်ဆီသို့ လှမ်းကြည့် လိုက်သောအခါ အကောင်အထည်ကို မမြင်ရဘဲ လမ်းပေါ်၌ လူရိပ်ကဲ့သို့

mgyoe.com

mgyoe.com

ထိုးထွက်နေသည်ကို တွေ့မြင်ရလေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် သစ်ပင်ရှိရာသို့ ပြန်ဆုတ်ကာ ထိုမှဤမှ လှမ်းမျှော်ကြည့်ရှုကြပါသော်လည်း လူစလူန မတွေ့ရသည်နှင့် အထင်မှားခြင်းမျှသာဖြစ်သည်ဟု အောက်မေ့၍ တည်းခိုသော တရုတ်ဟိုတယ်သို့ ပြန်လာခဲ့ကြလေ၏။ နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်တို့သည် အဘိုးကြီး လင်မယားအိမ်သို့ သွားကြသောအခါ ကြည်ကြည်မေမှာ ထိုအိမ်၌ မရှိတော့ချေ။ စုံစမ်းသဖြင့် သိရှိရသည်မှာကား ယမန်ညဥ့်က ကျွန်ုပ်တို့ ပြန်သွားပြီးနောက် မျိုးမကြာမီအတွင်း လူတစ်ယောက်ရောက်လာ၍ 'ရွှေမျက်မှန်ဖြင့် ဆရာကြီးက အခေါ်လွှတ်လိုက်သည်'ဟု ပြောသည်တွင် မိန်းကလေးမှာ ကိုဇော်ဟိတ်က စေလွှတ်ခြင်းဖြစ်သည်ဟု ယုံကြည်သောကြောင့် ချက်ချင်း ဆင်းလိုက်သွားကြောင်း သိရှိရလေ၏။

ဟိတ်။ ။(နဖူးကို လက်သီးဖြင့်ထုလျက်) "သောက်ကျိုး နည်းပါပြီဗျာ ဦးသိန်းမောင်။ ကျွန်တော်တို့ တည်းတဲ့နေရာကို ခေါ်သွားလို့လည်း မလျော်တာနဲ့ ထားပစ်ခဲ့မိတာ။ သောက်ကျိုးနည်းကုန်ပါပြီကောဗျာ။ ဟို ခွေးမသားလက်ထဲ ပြန်ရောက်သွားရှာပါပြီဗျာ"

ကျွန်ုပ်။ ။"ပုလိပ်ကို သွားတိုင်ရရင် မကောင်းဘူးလားဗျာ"

ဟိတ်။ ။"ဒီလိုခေတ်ကြီးမျိုးမှာ ပုလိပ်က ဒီအမှုမျိုးလောက်ဟာကို ဘာအရေးယူမှာလဲဗျာ။ ပြီးတော့ ကျွန်တော်တို့ကလည်း အခိုင်အမာ ဘာတစ်ခုမှ ပြနိုင်တာမှ မရှိဘဲကပဲ။ မဖြစ်ဘူး ဦးသိန်းမောင်၊ ကျွန်တော်တို့ကိုယ်တိုင် ဆောင်ရွက်မှဖြစ်မယ်။ ဘယ့်နှယ်လဲ၊ သဘောတူရဲ့လား"

ကျွန်ုပ်။ ။"စိန်လိုက်ဗျာ။ ဘယ်လိုစပြီး အလုပ်လုပ်မလဲ"

ဟိတ်။ ။"ဘယ်လိုစ,ဆို တိမ်တစ်လုံးဘတင်နှင့် သွားတွေ့ကြတဲ့ဆီက စ,ရုံပေါ့"

ကျွန်ုပ်တို့သည် ပျော်ပွဲစားရုံသို့ဝင်ကြသောအခါ အခန်းကလေးများတွင် ဧည့်သည်များ မရှိကြသော်လည်း ခန်းမကြီးထဲ၌ ဖောင်ကြိုးသမားနှင့်တူသော လူလေးငါးယောက်တို့ အရက်သောက်လျက်ရှိကြသည်ကို တွေ့ရလေ၏။

ကိုဇော်ဟိတ်သည် စားပွဲကို တုတ်ကောက်ဖြင့် ခေါက်လျက် "ဟေး၊ ဘယ်သွားကုန်ကြသလဲ၊ ဘွိုင် ချွတ်ကရား"ဟူ၍ ဘိုဆန်ဆန်ငေါက် ခေါ်လိုက်ရာတွင် ဆိုင်ရှင်ဘတင်သည် နောက်ဖေးဆောင်ဆီမှ ထွက်လာ၍ ကျွန်ုပ်တို့နှစ်ယောက်ကို မြင်သဖြင့် ဆတ်ခနဲ ဖြစ်သွားသည့်တိုင်အောင် အံ့အားသင့်သွား၏။ ထို့နောက် ယမန်နေ့ညဥ့်က အဖြစ်အပျက်ကြောင့် ဒေါသထွက်ဟန်ဖြင့် တစ်စုံတစ်ခု ပြုလိုက်တော့မည်ကဲ့သို့ ဟန်ပြင်လိုက်သေး၏။ သို့ရာတွင် ကိုဇော်ဟိတ်၏ အေးစက်စက်ဖြင့် ငြိမ်သက်တည်ကြည်သောမျက်နှာကို မြင်လိုက်ရသည်တွင်

mgyoe.com

mgyoe.com

အလစ်ကို ဆွဲတတ်သော ခွေးဆိုးသည် တင်းတင်းရပ်၍ ခံသောလူနှင့်တွေ့သော အခါ ရှေ့သို့မတိုးဝံ့ဘဲ တန့်ရပ်နေခြင်းကဲ့သို့ ကိုယ်ဟန်အမူအရာ ပြောင်းလဲ၍ "ဒီအချိန် အရက်မရောင်းဘူး"ဟု ခပ်ဆတ်ဆတ် ပြောလိုက်လေ၏။

ဟိတ်။ ။"အရက်သောက်မယ်လို့ ဘယ်သူက ပြောသေးလို့လဲ"

တင်။ ။"စားစရာလည်း ဒီအချိန် မရသေးဘူး"

ဟိတ်။ ။"ဟုတ်လား။ ဒါနှင့် ကိုယ့်လူမေးစေ့ ဘယ့်နှယ့်နေသေးလဲ"

တင်။ ။"သွားကြဗျာ၊ ခင်ဗျားတို့ ကျုပ်ဆိုင် မလာကြနှင့်"

ဟိတ်။ ။"သွားပါ့မယ် ကိုယ့်လူ၊ ကြည်ကြည်မေကိုသာ ထုတ်ပေးပါ၊ ကျုပ်တို့ သွားပါ့မယ်"

တင်။ ။(ပြောင်ချော်ချော် မျက်နှာထားဖြင့်) "ခိုးထုတ်သွားပြီး ခုဖျောက်ပစ်ခဲ့ကြပြီပေါ့လေ။ ခင်ဗျားတို့ကို ကောင်မလေးက နှပ်ချသွားပြီပေါ့လေ။ ဟီး .... ဟီး .... ဟီး .... ဟီး ....၊ ဟော့ ဘထူးတို့ ဘိုးစတီ လာကြစမ်းဟော့။ ရိုက်ထုတ်ကြစမ်းကွာ။ ဒီလူနှစ်ယောက်ကိုတော့ ရုံးရောက်ရင်တော့ ငါတာဝန်ရှိပေ့စေဟော့"

ထိုခဏ၌ လူမိုက်နှစ်ယောက်တို့သည် နောက်ဖေးဆောင်မှ ထွက်လာကြလေရာ၊ သူတို့၏ လက်မောင်းအိုးကြီးများကို မြင်ရခြင်းအားဖြင့် ပန်းပဲသမားများပေလောဟု အောက်မေ့လောက်၏။ လူနှစ်ယောက်တို့က ဇော်ဟိတ်ကို လှမ်းကြည့်ပုံ မျက်နှာထားမှာလည်း ရွှေမျက်မှန်နှင့် ဤလူမျိုးကို ကိုင်ပေါက်ရခြင်းတည်းဟူသော အလုပ်သည် ကယ်တင်ရေးတပ်က ဗိုလ်ဦးခေါင်းကို ရိုက်ခွဲရခြင်းထက်ပင်လျှင် ချောင်သေးသည်ဟု အောက်မေ့ကြသည့် လက္ခဏာရှိ၏။

လူနှစ်ယောက်တို့သည် အင်္ကျီလက်မောင်းများကို ပင့်၍ ကိုဇော်ဟိတ်၏ ကျောဘက်မှ ချဉ်းကပ်လာကြလေရာ ကိုဇော်ဟိတ်ကမူ မထိမဲ့မြင် အမူအရာမျိုးဖြင့် နောက်သို့အလျဉ်းမလှည့်ဘဲ နံရံ၌ ချိတ်ထားသော မှန်ပေါင်အရုပ်ကားကိုသာ မျက်စောင်းထိုးကြည့်နေ၍ အနီးသို့ရောက်လာကြသည်နှင့်တပြိုင်နက် ချာခနဲ လှည့်ပြီးနောက် ခံသားတုတ်ကောက် အရင်းဘက်ဖြင့် ရှေ့ဆုံးလူ၏ ဦးခေါင်းသို့ တည့်တည့်ကြီး ရိုက်ချလိုက်လေ၏။ လက်ဆကောင်းလှသော ခံသားတုတ်သို့ ထည့်ပေးလိုက်သည့်ခွန်အားမှာ လူတစ်ယောက်ကို တုံးခနဲလဲအောင် ထိုးနိုင်သည့် လက်သီးအားမျိုးပင် ဖြစ်ရလေကား ခွပ်ခနဲမြည်သောအသံနှင့် ဗိုင်းခနဲလဲကျသော အသံတို့မှာ ဝင်းခနဲပစ်လိုက်သော လျှပ်စစ်နောက်မှ ဒိန်းခနဲ မြည်ချုန်းသော မိုးကြိုးသံ ကပ်လိုက်လာခြင်းထက်ပင်လျှင် မြန်ချေသေး၏။

mgyoe.com

mgyoe.com

ထို့နောက် သွေးပူလာပြီဖြစ်သော ကိုဇော်ဟိတ်သည် ခံသားတုတ်ကောက်ကို တစ်ဖန် ကိုင်မြှောက်လျက် "ကိုင်း၊ လာခဲ့ဦး တစ်ယောက်"ဟု ဆိုကာ အသင့်ပြင်ဆင်ပြန်လေရာ ဒုတိယလူမိုက်သည် ပထမလူမိုက်၏လမ်းသို့ လိုက်လိုသည့်ဆန္ဒ မရှိသည့်လက္ခဏာဖြင့် ဘတင်၏အနီးသို့ ချဉ်းကပ်၍ စကား တီးတိုးပြောလိုက်သည်တွင် ဘတင်လည်း သဘောကျဟန်ဖြင့် သွားကို ဖြဲလေ၏။

ထိုအခါ ကျွန်ုပ်ကလည်း ကိုဇော်ဟိတ်အား၊ "သူတို့အကြံရှိတယ်ဗျ။ နောက် သတိထားဗျို့" တီးတိုးသတိပေးလိုက်သဖြင့် ကိုဇော်ဟိတ်က ဦးခေါင်း ညိတ်လေ၏။

တင်။ ။"ခင်ဗျားက ကောင်မလေးကို အတော်စွဲနေဟန် တူတယ်။ ဒီလိုဆိုရင် ခင်ဗျားဟာခင်ဗျား ခေါ်သွားနိုင်ပါတယ်။ အိမ်ပေါ်တက်သွား ပြီး အခန်းထဲဝင်ခေါ်ပါတော့။ သူ သဘောတူလျှင် ကျုပ် မကန့်ကွက်ပါဘူး"

ကိုဇော်ဟိတ်သည် ဆိုင်ရှင်ဘတင်၏စကားကို နားထောင်လျက်ရှိစဉ် ထိုသူ၏မျက်နှာကို စေ့စေ့ကြည့်ကာ အကဲခတ်လျက်ရှိ၏။ စကားဆုံးသော်လည်း ကိုဇော်ဟိတ်က မလှုပ်ရှားသေးဘဲ ကြည့်မြဲတိုင်း ကြည့်နေရာတွင်. . .

တင်။ ။"ဘာလဲဗျ၊ ခင်ဗျား ကြောက်သလား။ လမ်းမသိရင် ကျုပ် လိုက်ပြပါတယ်ဗျာ။ လာ၊ လိုက်ခဲ့ပါ"

ဘတင်သည် လှေကားမှ ပြောပြောဆိုဆို တက်မည်ပြုလေရာ အလွန် ဇက်ရဲလှသောကိုဇော်ဟိတ်သည် ကြောက်သောကြောင့် မလိုက်ဝံ့ဟု စွပ်စွဲခြင်း မခံလိုသည်နှင့် အနည်းငယ်မျှ ဆိုင်းလင့်ပြီးနောက် ကောက်ကောက်ပါအောင် လိုက်သွားလေသည်။

ကျွန်ုပ်မှာလည်း အခြားနည်းလမ်းမရှိတော့သဖြင့် နောက်ဆုံးက လိုက်ပါ သွားရလေတော့သည်။

ကိုဇော်ဟိတ်သည် လက်ဝဲဘက်တွင် တုတ်ကောက်ကိုင်၍ လက်ယာဘက်တွင်မူကား ဖလေဇာကုတ်အင်္ကျီအတွင်းသို့ နှိုက်သွင်းထားလေရာ ထိုအိတ် အတွင်း၌ ကနုကမာလက်ကိုင်တပ်ထားသည့် သေနတ်ကလေးပါရှိကြောင်း၊ ကျွန်ုပ်သိပြီးဖြစ်၏။ (ထိုသေနတ်ကလေးမှာ အခါပျက်ခါနီးအချိန်က ရွှေဘို အရေးပိုင်ကတော်အတွက် ကိုဇော်ဟိတ် ဆောင်ရွက်ပေးဖူးသည့်ကိစ္စကလေးတစ်ခု ကြောင့် လက်ဆောင်ပေးခဲ့ခြင်းဖြစ်လေသည်။) ကျွန်ုပ်မှာလည်း သေနတ်ပေါလှ သော ဂျပန်ခေတ်ဖြစ်၍ ငါးရာဖြင့်ဝယ်ထားသည့် သေနတ်တစ်လက်ပါသေးသဖြင့် မကြောက်လှချေ။

ဘတင်က ရှေ့ဆုံးကတက်သွား၍ ကျွန်ုပ်တို့နှစ်ယောက်က သူ့နောက်မှ လိုက်ပါလာကြလေရာ တပည့်လူမိုက်မူကား အတူမပါလာသည့်အဖြစ်ကို ကျွန်ုပ်

mgyoe.com

mgyoe.com

သတိပြုမိ၏။ အပေါ်ထပ်သို့ ရောက်ကြသောအခါ အခန်းတစ်ခန်း၏တံခါးကို ခြေဖြင့် ကန်ဖွင့်လိုက်သည်တွင် ကြည်ကြည်မေမှာ ခုတင်ပေါ်၌ ကြိုးဖြင့်တုပ်၍ ပါးစပ်တွင် အဝတ်များပိတ်ဆို့ထားသည်ကို တွေ့ရလေ၏။

"သိပ်ရက်စက်တဲ့ ခွေးမသားတွေပဲ။ ခင်ဗျား သေနတ်နှင့် ချိန်ထားဖို့ နော်. . .ဦးသိန်းမောင်"ဟု ပြောပြောဆိုဆို ကိုဇော်ဟိတ်သည် ကြည်ကြည်မေကို ချည်နှောင်ထားသည့်ကြိုးကို ဖြည်လျက်ရှိရာ၊ ကျွန်ုပ်သည် ဘတင်၏ ဝမ်းဗိုက်ကို သေနတ်ဖြင့် တေ့ထားလေ၏။ သို့ရာတွင် ထူးခြားသောအရာတစ်ခု ကျွန်ုပ် သတိပြုမိသည်မှာ ဘတင်သည် သေနတ်ဖြင့် ချိန်ထားခြင်းခံရသည့်အတွက် စိတ်ပျက်အားငယ်ဟန်မပြသည့်ပြင် ခပ်ရွှင်ရွှင် မျက်နှာမျိုး ရှိနေသည်ကို မြင်ရ သေး၏။ ကျွန်ုပ်သည် ဘတင်၏ဝမ်းဗိုက်ကို သေနတ်ဖြင့် တေ့ကပ်ထားစဉ် ဘတင်သည် ကျွန်ုပ် ပခုံးပေါ်မှ နောက်သို့ လှမ်းမျှော်ကြည့်နေရာမှ ကိုင်း "လုပ်ပေတော့ဟေ့"ဟု ရုတ်တရက် ဟစ်အော်ကာ အချက်ပေးလိုက်လေ၏။

ထိုအခါ ကျွန်ုပ်မှာ ထိတ်လန့်သွားသည်နှင့် သတိလစ်ကာ နောက်သို့ လှည့်ကြည့်လိုက်မိသည်တွင် ဘတင်သည် ကျွန်ုပ်လက်က သေနတ်ကိုပုတ်ချ၍ ကျွန်ုပ်၏လည်မျိုကို ကိုင်ညှစ်လေတော့၏။ ထိုခဏ၌ ကိုဇော်ဟိတ်မှာလည်း တံခါးမှ ပြေးဝင်လာသည့် လူနှစ်ယောက်တို့နှင့် ထွေးလုံးသတ်ပုတ်နေကြသည်ကို ရိပ်ခနဲ မြင်လိုက်ရ၏။ သို့ရာတွင် ဘတင်က "ကိုင်း၊ လုပ်ပေတော့ဟေ့" ဆိုကာ အချက်ပေးလိုက်သူကား တခြားရှိသေး၏။

ထိုသူသည် ဥုအိမ်နှင့် ယှဉ်ကပ်လျက်ရှိသော တိုက်ပုကလေးတစ်လုံး၏ အမိုးပေါ်မှ သေနတ်တစ်လက်ကိုကိုင်ကာ ချဉ်းကပ်လာပြီးလျှင် ဖွင့်ထားသော ပြတင်းပေါက်မှ ကိုဇော်ဟိတ်၏ကျောကို သေနတ်ဖြင့် ချိန်ထားလေ၏။ ကိုဇော် ဟိတ်ကမူ အခြားလူနှစ်ယောက်နှင့် သတ်ပုတ်နေရသောကြောင့် ထိုအခြင်း အရာကို မမြင်ရချေ။ ပြတင်းပေါက်မှ ကိုဇော်ဟိတ်ကို သေနတ်ဖြင့်ချိန်ထားသူမှာ အိမ်အောက်ထပ်တွင် ကျန်ရစ်သော လူမိုက်ပင်ဖြစ်လေသည်။ ကျွန်ုပ်သည် ကိုဇော်ဟိတ်အား သတိပေးလိုသော်လည်း ဘတင်က လည်မျိုကို ညှစ်ထား သောကြောင့် မတတ်နိုင်ဘဲ ရှိနေလေ၏။

ကိုဇော်ဟိတ်နှင့် ထိုးကြိတ်သတ်ပုတ်လျက်ရှိသော လူနှစ်ယောက်တို့ သည် ကိုဇော်ဟိတ်ကို နိုင်အောင်ဖမ်းရန် မတတ်နိုင်သော်လည်း သူ့အား ပြတင်းပေါက်ဆီသို့ တွန်းပို့၍ သေနတ်သမားချိန်သားရအောင် ကြိုးစားလျက် ရှိကြ၏။ တစ်ခါက သေနတ်သမားသည် ချိန်သားရသဖြင့် ပစ်တော့မည်ဟု ပြင်ဆင်ပြီးမှ သုံးယောက်သား ထွေးလုံးရစ်ပတ်ဖြစ်သွားပြန်သဖြင့် စောင့်ဆိုင်း ထားလိုက်ရ၏။

mgyoe.com

mgyoe.com

ကျွန်ုပ်သည် ကိုဇော်ဟိတ်၏ မမြင်သောဘေးအန္တရာယ်ကို မြင်နေရသည်နှင့် မစူးမရဲဖြစ်၍ နောက်ဆုံးအကြိမ် သတိပေးရန် ကြိုးစားအံ့ဟု ဘတင်၏လက်မှ လွတ်အောင် အကြောက်အကန် ဖယ်ရှားရုန်းကန်လိုက်သည်တွင် ဘတင်ရော ကျွန်ုပ်ပါ ကြမ်းပေါ်သို့ တလိမ့်ခေါက်ကွေး ကျသွားကြလေ၏။

ထိုအကြောင်းကြောင့် ကျွန်ုပ်သည် ကြည်ကြည်မေ၏ စွန့်စားပုံ အခြင်းအရာကို မမြင်လိုက်ဘဲ နောက်ဆုံး၌ ကိုဇော်ဟိတ်ပြောပြသော စကားဖြင့်သာ ကြားသိရလေတော့သည်။ ကြည်ကြည်မေသည် အနှောင်အဖွဲ့မှ လွတ်မြောက်ပြီးသည့်နောက် ကိုဇော်ဟိတ်၏ ဘေးအန္တရာယ်ကို ကျွန်ုပ် မြင်သည့်အတိုင်း မြင်နေရသည်ဖြစ်သောကြောင့် ပြတင်းပေါက်ကို ရုတ်တရက် ပိတ်လိုက်ပြီးလျှင် မင်းတုံးရှာမရသည်နှင့် မင်းတုံးလျှိုသည့် အပေါက်နှစ်ပေါက်သို့ မိမိ၏ လက်နှစ်ဖက် တစ်ဖက်စီလျှိုလျက် ကိုယ်ဖြင့် အတင်းပိတ်ထား၏။ အပြင်ကလူမိုက်သည် ပြတင်းပေါက်တံခါးကို အတင်းဆောင့်ဖွင့်သည်တွင် ကြည်ကြည်မေမှာ လက်တစ်ဖက် သွင်သွင်ကျိုးသွားရှာလေတော့၏။

ထိုအချိန်၌ကား ကိုဇော်ဟိတ်သည် လူနှစ်ယောက် အတင်းသိမ်းကျုံးဖက်ထားခြင်းမှ ဆတ်ခနဲ လွတ်အောင်ရုန်း၍ မိမိ၏သေနတ်ကို ထုတ်ပြီးလျှင် ပြတင်းပေါက် ရုတ်တရက် ပွင့်ထွက်သွားသဖြင့် ပစ်တော့မည်ဟန်ပြင်သော လူမိုက်၏လက်ကို ပစ်ချိုးလိုက်သဖြင့် ဟပ်ထိုးကျလာလေတော့၏။ ဤတွင်မှ ကိုဇော်ဟိတ်သည် ဘတင်နှင့် တပည့်နှစ်ယောက်ကိုပါ သေနတ်ဖြင့် ချိန်ခြင်းအားဖြင့် အနိုင်ရလေရာ ကျွန်ုပ်မှာလည်း ကြမ်းပေါ်က လူးထသောအချိန်တွင် ကိုဇော်ဟိတ်အား အကူအညီပေးလိုက်လေတော့သည်။ ကျွန်ုပ်သည် သေနတ်နှင့် ချိန်ရသောတာဝန်ကို လွှဲယူနိုင်သည်နှင့် တစ်ပြိုင်နက် ကိုဇော်ဟိတ်သည် ကြည်ကြည်မေကို ကူပွေ့နိုင်လေရာ သနားဖွယ်ကောင်းလှသော မိန်းကလေးမှာ လက်ဝဲဘက်လက်ကောက်ဝတ်အထက်မှ ဆတ်ဆတ်ကျိုးသွားသဖြင့် မိန်းမောလျက် ရှိရှာလေတော့သည်။

ကျွန်ုပ်တို့သည် လူနာနှစ်ယောက်ကို ဂျပန်ဆေးရုံသို့ပို့၍ ကြည်ကြည်မေ လက်နာပျောက်သည့်တိုင်အောင် ကသာမြို့၌ပင် စောင့်ဆိုင်းနေကြလေရာ ဂျပန်ခေတ်ဖြစ်သည့်အလျောက် လူနှစ်ယောက်လက်ကျိုးသော အမှုမျှလောက်ကို တော်သလို ဖုံးဖိနိုင်ကြလေတော့သည်။

ယခုအခါ ကြည်ကြည်မေမှာ ဖော်ပြခဲ့သည့်အတိုင်း မြို့အုပ်ကတော်ဖြစ်နေသဖြင့် ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့ထံ ဓာတ်ပုံတစ်ခုစီ ရိုက်ကူးပေးပို့၍ အောက်တွင် 'တစ်သက်လုံးမမေ့နိုင်တဲ့ ကျေးဇူးရှင်ကြီးများသို့' ဟူသော စာလုံးများကို သူ၏လက်မှတ်နှင့်တကွ ရေးထိုးပါရှိလေသည်။ သူ၏လက်မှာ လက်

mgyoe.com

mgyoe.com
ကောက်ဝတ်အဆက်တွင် အနည်းငယ်ကလေးမျှ ကောက်နေရုံမှတစ်ပါး မသိသာနိုင်တော့သည်ဖြစ်၍ ခင်ပွန်းသည် မြို့အုပ်မင်းက မိမိမဆင်ရဘဲ လက်ကောက်ပါပြီးဖြစ်နေသည်ဟု စာရေးဖူးသည့်အပြင် ထိုအတွက်ကြောင့် ကြည်ကြည်မေ၏ အလှဂုဏ်ကို ထိခိုက်သည်ဟူ၍လည်း စိုးစဉ်းမျှယူဆသည့် လက္ခဏာမရှိချေ။

●

သွေးသောက်မဂ္ဂဇင်း
၁၉၄၉၊ ဇန်နဝါရီလ။

mgyoe.com

mgyoe.com

# တိုင်းလုံးကျော်နှင့် ဇော်ဟိတ်

မိုးကောင်းမြို့သည် ကျောက်စိမ်းတွင်းအတွက်လည်းကောင်း၊ မိုးကုတ်မြို့သည် ကျောက်နီ (ပတ္တမြား) အတွက်လည်းကောင်း ထင်ပေါ်ကျော်ကြားရသည့်နည်းတူ၊ သပိတ်ကျင်းအထက်၌ရှိသော တွင်းငယ်မှာ နီလာတွင်းများကို အမှီပြု၍လူသိများခဲ့သော ဌာနငယ်တစ်ခုဖြစ်၏။ စင်စစ်မှာ တွင်းငယ်သည် နီလာတွင်းများမရှိခဲ့လျှင် အညတရဌာနတစ်ခုအဖြစ်ဖြင့်သာ တည်ရှိရမည်ဖြစ်၍ 'အညီရှိလျှင် ယင်အုံသည်' ဆိုသော စကားအတိုင်း ဝတ္ထုပစ္စည်း တစ်စုံတစ်ခုထွက်သောဌာနဆိုလျှင် လူသတ္တဝါတို့သည် ပျားပန်းခတ်သည့်ပမာ သူထက်ငါ သွားလာပင်ထွက်ကြသည်ဖြစ်သောကြောင့် တောခေါင်ခေါင်အရပ်သည်ပင်လျှင် နေ့ချင်းညချင်း ကြီးကျယ်စည်ကားသော မြို့ကြီးရွာကြီးတစ်ခု ဖြစ်လာရပေတော့သည်။ နီလာလက်ကောက်ဝတ်ဆင်ထားသော မိန်းမတစ်ယောက်သည် တွင်းငယ်မှ တူးဖော် ရရှိသောပစ္စည်းဖြစ်သည်ကိုလည်းကောင်း၊ တွင်းငယ်ဟူသောဒေသရှိခြင်းကိုလည်းကောင်း သိကောင်းမှ သိမည်ဖြစ်သော်လည်း စီးပွားဥစ္စာရှာဖွေခြင်းအလုပ်တွင် အလွန်နိုးကြားသော တရုတ်နှင့် ကုလားတို့သည် နီလာအရောင်းအဝယ်ကိစ္စအတွက် သာမက၊ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်၊ ဘိန်းခန်း စသည်တို့ကို တည်ထောင်ဖွင့်လှစ်ရန်အတွက်လည်း ပေါ်ပေါက်လာကြလေတော့သည်။ တရုတ်လူမျိုးများနှင့်ပတ်သက်၍ ထူးခြားသောအခြင်းအရာတစ်ခုမှာ မြို့ရွာစည်ကားမည်

mgyoe.com

mgyoe.com

ကြ၍ တရုတ်များ ရောက်လာကြသည်နှင့်တစ်ပြိုင်နက် ချက်အရက်နှင့်ဘိန်းတို့ လျှို့ဝှက်စွာ ပါလာကြသည်ဖြစ်၍၊ အချို့က ရှာသိမ်ရှာငယ်များ၌ လူငယ်များ ပျက်စီးကြရခြင်းမှာ တရုတ်များကြောင့်ဖြစ်သည်ဟုပင် အပြစ်တင်ကြလေတော့သည်။

ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့သည် ဂျပန်ခေတ်လက်ထက်တွင် ဗန်းမော်မြို့မှ ပြန်လာကြသည်နောက် သင်္ဘောပေါ်၌ (ပထမ၌ သင်္ဘောကလေးတစ်စင်း ကျန်ရစ်သေးသည်) တွင်းငယ်အကြောင်းကို ကြားသိရသောကြောင့် တီးတိုးသဘောမျိုးဖြင့် နီလာတွင်းတူးခြင်းအလုပ်တွင် စိတ်ဝင်စားမိကြသည်ဖြစ်၍ တွင်းငယ်ဆိပ်ကမ်း၌ ဆင်းနေရစ်ကြလေ၏။ စင်စစ်မှာ ကိုဇော်ဟိတ်သည် ကျောက်တွင်းအောင်၍ သူဌေးဖြစ်ရခြင်းထက် မရောက်ဘူးသောအရပ်တစ်ခုတွင် မလုပ်ဘူးသောအလုပ်မျိုး တစ်ခုလုပ်ရခြင်းအတွက် ပိုမို၍စိတ်ဝင်စားသောကြောင့် ဖြစ်လေရာ၊ ကျွန်ုပ်မှာလည်း အမှုအခင်းစုံထောက်ရန်အတွက် ခေတ်မကောင်းလှသော ဂျပန်လက်ထက်ဖြစ်သောကြောင့် ဦးစံရှားနှင့်ခွဲခွာ၍ ရောက်တတ်ရာရာ လှည့်လည်သွားလာနေခြင်းဖြစ်သောကြောင့် အဖော် ကိုဇော်ဟိတ်လုပ်လိုသမျှတွင် ကန့်ကွက်ခြင်းမရှိဘဲ သဘောတူခဲ့ခြင်း ဖြစ်လေသည်။

တွင်းငယ်သို့ ဆိုက်ရောက်ကြသောနေ့၌ပင် ကျွန်ုပ်တို့သည် လူပေါင်းအလွန်စုံ၍ ပါးရည်နပ်ရည်ရှိလှသော 'တစ်ဘက်လှ' ဆိုသူနှင့် မိတ်ဆက်မိကြလေရာ ထိုလူသည် ကျောက်တွင်းအလုပ်တွင် 'ကကြီးခခွေး'မှ စ၍ 'အ'တိုင်အောင် ညက်ညက်ကြေလျက်ရှိသည်ဖြစ်သောကြောင့် ဘာမျှနားမလည်သော ကျွန်ုပ်တို့နှစ်ယောက်အဖို့ ကြီးစွာသောအထောက်အပံ့ ဖြစ်စေ၏။ အမှန်မှာ ကျွန်ုပ်တို့သည် ဘာမဆို ဖြစ်အောင်လုပ်တတ်သည်ဟု မိမိတို့ကိုယ်ကို အထင်ကြီးခဲ့သော်လည်း တစ်ဘက်လှနှင့်မတွေ့ခဲ့လျှင် ကျောက်တွင်းတစ်တွင်းမျှ မကူးရမိ မည်မျှလောက်နပ်ချခြင်း ခံရမည်ကို မပြောနိုင်ပေ။ တစ်ဘက်လှ၏ ဝါဒတစ်ခုမှာ နပ်ခြင်းနပ်ချလျှင် မိမိသာ နပ်ချမည်ဆို၍၊ သူတစ်ပါးတို့ နပ်ချခြင်းမှ ကျွန်ုပ်တို့ကို လုံခြုံစွာ ကာကွယ်ပေးဖော်ရပေ၏။ သို့သော် သူကိုယ်တိုင် နပ်ချခြင်းမျိုးလည်း မနည်းလှပေ။ ကျွန်ုပ်တို့ကမူ အလွန်အမင်း နစ်နာလောက်အောင် မနပ်သမျှ ကာလပတ်လုံး မသိဟန်ပြု၍ ဖိတ်ချင်းဖိတ် အိတ်ထဲဖိတ်ဆိုသော သဘောမျိုးဖြင့် ကျေနပ်စွာ ရှိနေကြလေသည်။

တစ်ဘက်လှဟုခေါ်တွင်ခြင်းမှာ အခြားကြောင့်မဟုတ်။ ထိုဒေသတွင် ရွှေဘိုမှ ရောက်လာသည့် 'ရွှေဘိုလှ'ဟူ၍ လည်းကောင်း၊ အရပ်မြင့်သည့် 'လန်ဘားလှ'ဟူ၍ လည်းကောင်း ရှိကြသည့်အနက် ကျွန်ုပ်တို့ မိတ်ဆွေမှာ မျက်စိတစ်ဘက်လပ်ဖြစ်သည့်အတွက် 'တစ်ဘက်လှ'ဟု ခေါ်ဝေါ်ကြခြင်းဖြစ်လေ

mgyoe.com

mgyoe.com
သည်။ တစ်ဘက်လှ၏ ရုပ်လက္ခဏာမှာ မြန်မာ၊ တရုတ်၊ ရှမ်း၊ ကဒူးတို့ လေးမျိုးရောယှက်ထားဟန်တူပေရာ၊ ကသာမြို့သားဖြစ်သောကြောင့် လေးမျိုးလုံး ပေါင်းစပ်ရောယှက်ထားခြင်းဖြစ်လျှင်လည်း ဖြစ်နိုင်လောက်ပေ၏။ ထိုသူသည် မိုးကုတ်နှင့်မိုးကောင်းတို့တွင် ကြာရှည်စွာနေထိုင်ခဲ့ဖူး၍ တွင်းငယ်သို့ ရောက်သည်မှာလည်း နှစ်ပေါင်း အတော်ကြာပြီဖြစ်သောကြောင့် ကျောက်တွင်းတူးဖော်ခြင်း အကြောင်းကို သူသိသမျှ ရေးရလျှင် ဗိနယ္တပကာသနီကျမ်းထက် မငယ်သော ကျမ်းတစ်ခုဖြစ်နိုင်သည်ဟူ၍ သူကိုယ်တိုင်ပြောဖူး၏။ ကျွန်ုပ်တို့နှင့် ပေါင်းသင်း ဆက်ဆံရသော အချိန်ကာလအတွင်း သူပြောသမျှသောစကားများဖြင့် ချင့်ချိန် လိုက်သော် ကျမ်းတစ်ခုပြုစုနိုင်သည်ဆိုသောစကားမှာ ကြွားဝါခြင်းမဟုတ်ဟု ယုံကြည်မိ၏။ အဘယ့်ကြောင့်ဆိုသော် ကျောက်တွင်းအလုပ်တွင် အမိန့်လိုင်စင် လျှောက်ထားပုံ၊ မလျှောက်ထားဘဲ လိမ်တူးပုံမှစ၍ ရရှိသောကျောက်ကို ဈေးကုန် ရအောင် ရောင်းချနည်းသို့တိုင်အောင် ခရေစေ့တွင်းကျ နားလည်သူတစ်ယောက် ဖြစ်ပါပေသောကြောင့်တည်း။

တစ်ဘက်လှသည် မြေတူးရန်အတွက် ကူလီအလုပ်သမားများကို ရအောင်ရှာဖွေငှားရမ်း၍ သူကိုယ်တိုင် ကြီးကြပ်အုပ်ချုပ် လုပ်ကိုင်သည့်အပြင် အားလပ်သောအချိန်များ၌ မိုးကုတ် မိုးကောင်းနှင့် တွင်းငယ်ဒေသများတွင် အလုပ်ရှင်သူဌေးကြီးအဖြစ်မှ တစ်ပြားမျှ မကျန်ရစ်ခဲ့သောအခြေသို့ ရောက်သွားပြီး နောက် ကျောက်တွင်းအောင်သဖြင့် နေ့ချင်း ညချင်း 'မီလျံနာ' ဘွဲ့ပေးလောက် အောင် ကြွယ်ဝချမ်းသာသွားကြသူတို့၏ အဖြစ်အပျက်များကို ပြန်ပြောင်းပြော ပြခြင်းအားဖြင့် ကျွန်ုပ်တို့ကို ဖျော်ဖြေလေ့ရှိ၏။ စင်စစ်မှာ မိုးကုတ်နှင့် မိုးကောင်း မြို့များတွင် တစ်ဘက်လှအား 'ထမင်းပွဲရှေ့ရောက် ပြင်၍ မကျွေးမည့်သူဌေး ဟူ၍မရှိ ဆိုလေရာ၊ သေးငယ်သောတွင်းငယ်ဒေသတွင် အဘယ်မှာ ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။ တစ်ဘက်လှကိုယ်တိုင်မှာလည်း 'သောင်း'မျှလောက်သော ငွေကို မကိုင်ခဲ့ဘူးသူ မဟုတ်ပေရာ၊ ကျောက်တွင်းသမားတို့၏ ထုံးစံအတိုင်း တွင်းထဲမှရသောငွေသည် တွင်းထဲသို့ ပြန်၍မြုပ်သွားခြင်းမျှသာ ဖြစ်ပေသည်။ ကျွန်ုပ်တို့နှင့် ဆုံဆည်းမိသောအချိန်၌ကား တစ်ဘက်လှမှာ အိပ်ရာလိပ်တစ်ခုနှင့် အဝတ်တစ်စုံမှတစ်ပါး မူး၍မျှ ရှူစရာပိုက်ဆံ မရှိတော့ချေ။ ကျွန်ုပ်တို့အဖို့မှာမူ 'တွင်းအောင်'၍ အဖိုးတန်ကျောက် ရခြင်းမရခြင်းကို အပထား၍ အသေးအဖွဲ ကျောက်ကလေးများဖြင့် ကူလီခနှင့် ထမင်းဖိုးကျေလျှင် အလုပ်ဆန်းလုပ်ရခြင်း အတွက် အမြတ်ရသည်ဟု အောက်မေ့နိုင်ကြပေ၏။

တွင်းငယ်ဒေသများတွင် 'သောင်း'တန် နီလာများမှာ ရံဖန်ရံခါမျှသာ တူးဖော်ရရှိကြသော်လည်း 'ထောင်'တန်မျှလောက် ကျောက်မျိုးကိုမူကား မကြာ
mgyoe.com

mgyoe.com

ခဏာ တူးဖော်ရရှိသည်ဖြစ်ရာ အချို့ တွင်းသမားများသည် အလွန်ပေါများလှစွာသော ဖဲဝိုင်းများနှင့် အရက်ဆိုင်၊ ဘိန်းခန်းများတွင် မိမိတို့ ရရှိသောငွေကို နေ့ချင်းညချင်းကုန်အောင် လောင်းစားသုံးဖြုန်းတတ်ကြ၏။ ပျော်ပါးမှုများနှင့် ကစားဝိုင်းများမှာ ဒေသကလေးနှင့် မလိုက်အောင် မှိုပေါက်လျက်ရှိသည်ဖြစ်၍၊ ကျောက်တွင်းအောင်လျက် ဖဲရှုံးသူများ၊ ကျောက်တွင်းရှုံးလျက် ဖဲနိုင်သူများသည်လည်း အတိုင်းမသိ ပေါများလှ၏။ လူများသည် ငွေလည်း ငွေမထင်ကြ။ ယနေ့ မွဲသော်လည်း နက်ဖြန် သူဌေးဖြစ်နိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့် အလွန်သွေးကြီးလျက် ရှိကြ၏။ ပိုက်ဆံငါးမူးအတွက် တစ်ညဥ့်လုံးနှိပ်ပေးမည့် လူများလည်းရှိ၍၊ လက်ဖက်ရည် တစ်ပန်းကန် ငှဲ့ပေးရုံအတွက် ငွေတစ်ရာပေးမည်ဆိုသော်လည်း မလုပ်မည့်သူများလည်း ရှိကြ၏။ ရိုးကုမ္ပဏီသို့ရောက်ဖူးသော တွင်းသမားသည် ဖိနပ်ဝယ်သူ၏ ခြေထောက်ကိုကိုင်၍ ဖိနပ်စွပ်ပေးသော မျက်နှာဖြူ တစ်ယောက်ကို မြင်ခဲ့ဖူးရာ မိမိသာဆိုပါက ဖိနပ်တစ်ရန် ရောင်းဖို့အတွက် မဆိုထားဘိ၊ ကျောက်တစ်လုံးရောင်းဖို့အရေး၌ပင် သူတစ်ပါး၏ ခြေထောက်ကို ကိုင်တွယ်မည်မဟုတ်ကြောင်း ဖော်ထုတ်ပြောပြလေသည်။ ထိုစကားမှာလည်း အပိုကြွားဝါခြင်း မဟုတ်ပါပေ။

တစ်ဘက်လှမှာ အသောက်ဝါသနာပါသူတစ်ယောက်ဖြစ်လေရာ ကျွန်ုပ်တို့မှာလည်း ငါးပါးသီလအနက်မှ ထိုသိက္ခာပုဒ်ကို လုံခြုံအောင်စောင့်ထိန်းဖို့ ကြိုးစားသူများမဟုတ်သဖြင့် ချမ်းသောဒေသလည်းဖြစ်ပြန်၊ ဘိုင်စကုတ်အငြိမ့်ပွဲစသော ဖျော်ဖြေမှုများလည်း ပါးရှားသောဒေသလည်း ဖြစ်ပြန်လေရကား တစ်ဘက်လှနှင့် အဖော်ရလျက်ရှိ၏။ သို့ရာတွင် ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့မှာ ချဉ်ချဉ်တူးတူးဟူ၍ သဘောမထားနိုင်ဘဲ ကျန်းမာရေးကို ဂရုစိုက်သူများဖြစ်ကြသည့် အလျောက် အချိန်မရွေးသောက်တတ်သော တစ်ဘက်လှအား တောအရက်ဖြင့် အမြဲမူးမည့်အစား အရက်ကောင်းကို အချိန်နှင့်သောက်ဖို့ တရားဟောရ၏။ ဂျပန်ခေတ်ဖြစ်သောကြောင့် အခြားဒေသများတွင် ဝီစကီ၊ ဘရန်ဒီတို့ မရနိုင်သော်လည်း တွင်းဂေယ်၌မူကား ကျောက်နှင့် လဲလှယ်မည်ဆိုလျှင် လိုသလောက်ရနိုင်၏။ လာဘ်မြင်သော တရုတ်၊ ကုလားများသည် အရက်ကောင်းများကို မရမက ရှာဖွေဝယ်ယူခဲ့၍ ကြိုက်တတ်သော တွင်းသမားများထံမှ ကျောက်ကောင်းများဖြင့် လဲလှယ်ကြလေသည်။ သို့ဖြစ်၍ အရက်တစ်ပုလင်းကို ငွေတစ်ရာကျပ်ဖြင့် ဝယ်မရသော်လည်း တစ်ရာကျပ်တန်ကျောက်ဖြင့် လဲမည်ဆိုက ရနိုင်၏။ အဘယ့်ကြောင့်ဆိုသော် တစ်ရာကျပ်တန်ဆိုသော ကျောက်တစ်လုံးမှာ အနည်းဆုံး အမြတ်တစ်ရာကျပ် ပေါ်ထွက်လာဦးမည် ဖြစ်ပေသောကြောင့် တည်း။

mgyoe.com

mgyoe.com

အားလပ်သောနေ့တစ်နေ့တွင် ကျွန်ုပ်တို့သုံးယောက်သည် စည်ကားသော ရပ်ကွက်တစ်ခုသို့ ရောက်လာကြ၍ ညှော်သည်များတည်းခိုရန်အတွက် ဆောက်လုပ်ထားသော တရုတ်ဟိုတယ်ရှေ့သို့ ရောက်ကြသောအခါ ကျောက်တွင်းတူးသော ကူလီတစ်စုတို့သည် သစ်ပင်တစ်ပင်အောက်တွင် ဝိုင်းဖွဲ့ကာ ထိုင်နေကြလျက် ဟိုတယ်ဝရန်တာ၌ လှန်းထားသော သားမွေးလောင်းကုတ်နှစ်ထည်ကို ငေးမျှော်ကာ တန်ဖိုးဖြတ်နေကြသည်ကို တွေ့ရ၏။

လောင်းကုတ်တစ်ထည်မှာ အကြီးစား ယောက်ျားဝတ်ဖြစ်၍၊ အငယ်မှာမူ မိန်းမဝတ်ဖြစ်လေရာ နှစ်ထည်လုံး ဆွတ်ဆွတ်ဖြူသော ဥဘန်းမွေးဖြစ်သည့်အပြင် အပေါ်ယံက ဖဲသားမှာလည်း ဖိတ်ဖိတ်တောက်လျက်ရှိသောကြောင့် တောသား ကူလီများငေးမျှော်ကြည့်နေကြသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပါပေ။ စင်စစ်မှာ ကျွန်ုပ်ကိုယ်တိုင်၌လည်း ဤမျှလောက် တောက်ပြောင်လှသော သားမွေးလောင်းကုတ်တစ်စုံကို မမြင်ဘူးပါပေ။

ကျွန်ုပ်သည် ကူလီများ၏ချီးမွမ်းအံ့သြသောမျက်နှာထားကို မြင်ရသဖြင့် ပြုံးမိဆဲတွင် ကိုဇော်ဟိတ်သည် ကျွန်ုပ်တို့နှင့်အတူ ရင်ပေါင်တန်းလျှောက်လာရာမှ ရုတ်တရက် တန့်ခနဲရပ်သွားသဖြင့် သူ၏မျက်နှာကို လှမ်းကြည့်လိုက်မိ၏။ ကိုဇော်ဟိတ်မှာ သေပြီးသောလူတစ်ယောက်က ရုတ်တရက် ကိုယ်ထင်ပြသည်ကို မြင်လိုက်ရသောလူတစ်ယောက်ကဲ့သို့ ကြီးစွာသော အံ့သြခြင်းဖြင့် ဟိုတယ် ဝရန်တာဆီသို့ စိုက်ငေးလျက်ရှိသောကြောင့် ကျွန်ုပ်သည် သူကြည့်နေသောနေရာသို့ လှမ်းကြည့်မိလိုက်၏။ ထိုခဏ၌ အသက်သုံးဆယ်ခန့်အရွယ်ရှိ၍ မင်းသားရုပ်ကလေးတမျှ ချောမောလှပသောလူတစ်ယောက်သည် ဝရန်တာသို့ထွက်လာ၍ လောင်းကုတ်အင်္ကျီနှစ်ထည်ကို လက်မောင်းပေါ်သို့ တင်ယူပြီး အတွင်းဆောင်သို့ ဝင်သွားသည်ကို တွေ့မြင်လိုက်ရလေ၏။

ကျွန်ုပ်တို့သည် ဟိုတယ်ကို ကျော်လွန်၍ သောက်နေကျဖြစ်သော လက်ဖက်ရည်ဆိုင်သို့ ဆက်လက်လျှောက်သွားကြစဉ် ကိုဇော်ဟိတ်မှာ အလွန် နှုတ်ဆိတ်စွာ လိုက်ပါလာခဲ့၏။ လူတို့မည်သည် အကျွမ်းဝင်သော မိတ်ဆွေများ၌ အမူအရာ ပြောင်းလဲခြင်းကို တွေ့မြင်ရသည့်အခါ မေးချင်မြန်းချင်တတ်သော ဆန္ဒမျိုးဖြစ်ပေါ်တတ်မြဲဖြစ်သော်လည်း ကျွန်ုပ်နှင့် နှစ်ပေါင်းများစွာ အတူနေထိုင်ခဲ့သော ဦးစံရှားမှုကား မမေးဘဲနေခဲ့ရသည်သာများ၍ သူပြောမှ သိရတော့၏။ ကိုဇော်ဟိတ်မှုကား ဦးစံရှားကဲ့သို့ မကျွမ်းလှသေးသည့်အပြင် သူ့မျက်နှာကို မြင်ရခြင်းအားဖြင့် မမေးဝံ့သောစိတ်သည် အလိုအလျောက်ပေါ်ပေါက်လာသည် ဖြစ်သောကြောင့် မြဲလျက်သာနေလိုက်ရ၏။ ဥပမာဆောင်ရသော် မျက်မှောင်ကြုတ်ကာ စဉ်းစားစိတ်ကူးလျက်ရှိသော ခြင်္သေ့မင်းအား သစ်၊ ကျား စသော သတ္တဝါမျိုးက အသံပေးခြင်းငှာ မဝံ့ခြင်းကဲ့သို့ပင်။

mgyoe.com

mgyoe.com

လက်ဖက်ရည်ဆိုင်သို့ ရောက်ကြ၍ လက်ဖက်ရည်များမှာယူစဉ် တစ်ဘက်လှက မိမိမှာ လက်ဖက်ရည်မသောက်လိုဘဲ ဟိုတယ်သို့သွား၍ အေးမြသော ခန္ဓာကိုယ်ကို တေဇောဓာတ်ရည် အနည်းငယ်သွတ်သွင်းပြီး ပူနွေးအောင် နွေးပေးချေဦးမည်ဆိုကာ ထသွားသောအခါတွင်လည်း ကိုဇော်ဟိတ်သည် စဉ်းစားစိတ်ကူးနေရာမှ စကားအထူးမပြောဘဲ ဦးခေါင်းကိုသာ တစ်ချက် ဆတ်လိုက်လေ၏။ ထိုသူ ထွက်သွားသည့်နောက်. . .

ဟိတ်။ ။"ဟိုငနဲ မြင်လိုက်ကဲ့ မဟုတ်လား ဦးသိန်းမောင်။ ဟိုတယ် အပေါ်ထပ်မှာ လောင်းကုတ်တွေ ပွေ့ယူသွားတဲ့ လူဟာလေ"

နိပ်။ ။"ဟုတ်ကဲ့။ မြင်လိုက်ပါတယ်၊ သူ ဘယ်သူလဲဗျ"

ကိုဇော်ဟိတ်သည် အခံခက်အောင် ပြုံးခြင်းမျိုးဖြင့် ပြုံးပြီးမှ. . .

ဟိတ်။ ။"ရွှေလုံမြို့ဝန်ရဲ့မြေး ခင်မောင်ကြီး ဆိုတာပေါ့ဗျ၊ ယောကျ်ားထဲမှာဆိုရင်ဖြင့် ဥစ္စာပေါရုပ်ချော အလ်မွာ အိမ်ပါဆိုတဲ့ လူစားထဲကပေါ့ဗျာ။ ဒါတင်မကသေးဘူး။ မြန်မာမင်းလက်ထက်က အရာရှိအရာခံတစ်ယောက်ရဲ့ အနွယ်အဆက်လည်း ဖြစ်လိုက်သေးတယ်"

နိပ်။ ။"အောင်မယ်၊ တယ်လာတဲ့လူပါကလား၊ နေပါဦးဗျာ၊ ဒါထက် ဒီလိုလူတစ်ယောက်ဟာ ဒီလိုနေရာရောက်နေတာ အံ့ဩစရာ မကောင်းဘူးလားဗျာ"

ဟိတ်။ ။"ဟုတ်ကဲ့။ အံ့ဩစရာပဲဗျာ၊ သိပ်အံ့ဩစရာပဲ"

ထို့နောက် ကိုဇော်ဟိတ်သည် ကျွန်ုပ်ကို လက်ဖက်ရည်ဆိုင်တွင် ထားခဲ့၍ တစ်ကိုယ်တည်း လမ်းလျှောက်ထွက်သွားလေရာ ကျွန်ုပ်သည် ထောင့်၌ရှိသော စားပွဲတစ်လုံးတွင် ထိုင်လျက် မိတ်ဆွေကြီး ဦးစံရှားထံသို့ စာရှည်ကြီးတစ်စောင်ကို ရေးသားခြင်းဖြင့် အချိန်ဖြုန်းခဲ့လေ၏။ စာရေးပြီးသော်လည်း ကိုဇော်ဟိတ် မပေါ်လာသေးဘဲရှိရာတွင် ကျွန်ုပ်သည် တစ်ဘက်လှရှိသော ဟိုတယ်သို့ လိုက်သွားလေ၏။ တစ်ဘက်လှသည် ဟိုတယ်အောက်ထပ်တွင် ချောင်တစ်ခု၌ထိုင်လျက် ဂျပန်အရက်များ သောက်နေလေရာ ကျွန်ုပ်သည်လည်း ထိုသူအနီးသို့ သွား၍ထိုင်လေ၏။ ဝါသနာအိုးဖြစ်သော ကျောက်တွင်းသမားသုံးလေးယောက်တို့သည်လည်း အခြားစားပွဲများတွင် တောအရက်ကို အစိမ်းကြော်ဖြင့် မြည်းလျက်ရှိကြ၏။

လှ။ ။"ဒီမလေ ဦးသိန်းမောင်၊ ဆွေတော်မျိုးတော်ဆိုလား မင်းစိုးရာဇာထဲကဆိုလား လူတစ်ယောက် ရောက်နေတယ်ဗျ။ ခင်မောင်ကြီး ဆိုလားပဲ။ လူတွေက အထူးအဆန်းလုပ်ပြီး သူ့အကြောင်းပြောလိုက်ကြတာ အားများပေါက်ကုန်မှာတောင် စိုးရတယ်"

mgyoe.com

mgyoe.com

နိုပ်။ ။"သူက ဒီမှာ ဘာလာလုပ်တာတဲ့လဲ"

လှ။ ။"အစုစပ်နှင့် ကျောက်တွင်းတူးဖို့ သူလွှတ်ထားတဲ့ လူတွေကို လာကြည့်တာဆို ထင်ပဗျာ။ ဒီဟိုတယ် အပေါ်ထပ်မှာ တည်းသတဲ့။ စားတော့ သောက်တော့လည်း အောက်ဆင်းမစားဘူး။ သူ့အခန်းထဲ ပို့ရဆိုလားပဲ။ တော်တော် စခန်းကြီးပုံရတဲ့ လူပဲဗျ။ ဟော ပြောရင်းဆိုရင်း ပေါက်လာပြီ။ ကြည့်ဗျို့၊ သူပဲ"

ထိုခဏ၌ ခင်မောင်ကြီးဆိုသူသည် ဟိုတယ်အတွင်းသို့ ဝင်လာလေရာ သူ၏နောက်၌ကား ကျောက်တွင်းဘူးသမား ကူလီသုံးလေးယောက်တို့ လိုက်ပါလာကြ၍ ဈေးချိုတော်ပိုးကုန်တန်းသို့ အောင်ဗလလာစဉ်က ဈေးသူဈေးသားများ ကြည့်ကြသည့်နည်းတူ ထိုသူ၏ လက်ယမ်းခြင်း၊ ဦးခေါင်းငဲ့ခြင်း၊ တံတွေးထွေးခြင်း စသည်များကို တစ်ခုမျှမလစ်စေရအောင် မှတ်သားနေကြသကဲ့သို့ စိတ်ဝင်စားလျက်ရှိကြလေ၏။ ထိုသူ၏မျက်နှာထားကို မြင်ရခြင်းအားဖြင့် သူတို့သည် ခင်မောင်ကြီးအား 'မိုးကျရွှေကိုယ်'တစ်ယောက်ဟူ၍ မှတ်ယူနေကြကြောင်း ထင်ရှားပေ၏။ ခင်မောင်ကြီးသည် စားပွဲတစ်ခုအနီး၌ ရပ်လေရာ နောက်က လိုက်ပါလာသော လူစုသည်လည်း မလှမ်းမကမ်းရပ်လျက် ရှေ့ဆုံးမှ ကူလီက မိမိ၏ အဖော်များဘက်သို့ လှည့်ပြီးလျှင် "ဟေ့လူတွေ၊ ဆူဆူညံညံ မလုပ်ကြနှင့်နော်၊ ကိုယ်တော်ကြီးဘုရား သောက်စားတော်မူမယ်လို့ ထင်တယ်"ဟူ၍ တိုးတိုးပြောလိုက်လေ၏။

ကျွန်ုပ်တို့နှင့်တကွ ဟိုတယ်သို့ ရောက်နေကြပြီးဖြစ်သော လူအနည်းငယ်တို့သည်လည်း ခင်မောင်ကြီး၏ အမူအရာကို အကဲခတ်လျက်ရှိလေရာ ခင်မောင်ကြီးသည် နောက်ကလိုက်ပါလာသောလူများကို ကြည့်လိုက်လျက် "ဟုတ်တယ်၊ နည်းနည်းအေးတာနှင့် မင်းကတော် မသိအောင် တိတ်တိတ်ဆင်းပြီး တစ်ခွက်လောက် ကြိတ်စမ်းမယ်လို့ပဲ။ မိန်းမဆိုတာ သိပ်ခက်တာပဲ။ သူတို့ ဘာမှ နားမလည်ကြဘူး"ဟု ပြောလိုက်လေရာ နောက်က ရပ်နေကြသော လူစုလည်း အလွန်ကောင်းသော ပြက်လုံးတစ်ခုကို ကြားသိလိုက်ရသကဲ့သို့ အားပါးတရ ရယ်မောကြလေ၏။

ထို့နောက် ရှေ့ဆုံးကလူသည် ရှေ့သို့တိုးလာ၍ "ကျွန်တော်တို့လည်း ဝါသနာပါပါတယ်။ တစ်ယောက်တည်းမသောက်ပါနှင့်။ အားလုံးအတူတူ ဝိုင်းသောက်ကြတာပေါ့"ဟုဆိုကာ ခင်မောင်ကြီး၏စားပွဲသို့ ချဉ်းကပ်လေ၏။ ထိုအခါ ကျွန်ုပ်သည် ခေါင်းဆောင်ကူလီ၏ လူပါးဝသော အပြုအမူကို အံ့အားသင့်လျက် ကြည့်နေရာမှ တစ်ဘက်လှအား လှမ်းကြည့်လိုက်မိရာ၊ တစ်ဘက်လှမှာလည်း အံ့ဩသော အမူအရာဖြင့် တံခါးပေါက်ဆီသို့သာ ငေးကြည့်နေလေ၏။
mgyoe.com

mgyoe.com

လှ။ ။"အလိုလေး၊ ဘုရားရေ၊ တိုင်းလုံးကျော်ကြီးပါလား။ နို့၊ ဒီလူ ဘယ်တုန်းက ဒီရောက်နေပါလိမ့်"

ထိုခဏ၌ အလွန်တရာ ထွားကျိုင်းတုတ်ခိုင်လှသော လူတစ်ယောက်သည် တံခါးပေါက်မှဝင်လာ၍ စားပွဲတစ်ခုဆီသို့ လျှောက်သွားလေရာ ဟိုတယ်အတွင်းရှိ လူအားလုံးသည် မိမိတို့ ပြောနေကြသောစကားကို ရုတ်တရက် ရပ်စဲ၍ ထိုသူအား ငေးကြည့်နေကြလေတော့၏။ တိုင်းလုံးကျော်ဆိုသူလည်း မိမိဝင်လာသည့်အတွက် နှုတ်ဆိတ်သွားသည့်အဖြစ်ကို ရိပ်မိဟန်လက္ခဏာဖြင့် အနည်းငယ်မျှ ပြုံးလျက်ရှိ၏။ ထိုသူ၏ လက်ဝဲဘက်ပါးပြင်၌ ပါးစပ်မှ နားရွက်သို့တိုင်အောင် အမာရွတ်ကြီးတစ်ခုသည် ကန့်လန့်ကြီးတည်ရှိလေရာ အမာရွတ်၏ အကြောတင်းမှုကြောင့် ပါးတစ်ဘက်မှာ အနည်းငယ် ရွဲ့စောင်း၍ သွားသုံးလေးချောင်းတို့ အမြဲပေါ်လျက်ရှိ၏။ ထိုသူ၌ အထူးသဖြင့် လွန်ကဲသော အခြင်းအရာတစ်ခုမှာ သူ၏မျက်လုံးများသည် သူဝ-စ်ပါးနည်းတူ မည်းနက်သည်မဟုတ်ဘဲ နီကြောင်ကြောင်အရောင်ရှိသည့်အပြင် ကြည့်လိုသော အရာဝတ္ထုကို မျက်တောင်မခတ်ဘဲ စင်းစင်းကြီး စူးစိုက်ကြည့်တတ်၏။ သူ၏ကြီးမားသော ကိုယ်ကာယသည် သာ၍ကြီးမားသော ဦးခေါင်းကြီးကို မထိန်းနိုင် မသယ်နိုင်သည့် လက္ခဏာဖြင့် ရှေ့သို့ ခပ်ငိုက်ငိုက်ရှိနေလေရာ၊ သို့ပါလျက်နှင့်ပင် သူ၏အရပ်မှာ အခြားလူများထက် ဦးခေါင်းတစ်လုံးခန့် မြင့်နေသေး၏။ ကျွန်ုပ်မှာ တိုင်းလုံးကျော်ကြီး၏ ကြမ်းတမ်းထွားကျိုင်းသော ရုပ်လက္ခဏာကို မြင်သည်နှင့် တစ်ပြိုင်နက်သောနတ္ထိုရ် မုဆိုးဆိုသည်ကား ဤသူကဲ့သို့ပင် ရှိနေလိမ့်မည်ဟု ချက်ချင်းပင် သတိရမိလေတော့သည်။

လှ။ ။"သတိထားဗျနော် ဦးသိန်းမောင်။ သိပ်ဆိုးတဲ့ လူတစ်ယောက်ပဲ။ လူကောင်ကြီးကျယ်သလောက် စိတ်ကလည်းကြမ်းသဗျ။ သူ့ကို မမြင်တာ လေးငါးခြောက်နှစ် ရှိသွားပြီ။ ဟိုတုန်းက သိပ်ဆိုးတာပဲ။ လူတစ်ယောက်ကို ဒူးပေါ်တင်ပြီး ဗျစ်ဗျစ်မြည်အောင် လှန်ချိုးနိုင်တဲ့လူဗျ။ ဟိုလူမှာ စားမြှောင်ပါတယ်ဆိုပြီး တရားသူကြီးက ထောင်ခုနစ်နှစ်သာ ချလိုက်တယ်။ ဒါပေမဲ့ သူ့တစ်သက်မှာ ထောင်နှင့် ထောင်အပြင်ကို နှိုင်းချိန်လိုက်လျှင် ထောင်အပြင်မှာ နေရတဲ့အချိန်က နည်းပါလိမ့်မယ် ထင်တယ်"

ကျွန်ုပ်သည် တစ်ဘက်လှပြောသော စကားကို နားဖြင့် ကြားရစဉ် မျက်လုံးမှုကား တိုင်းလုံးကျော်ဆိုသူကို စိုက်ကြည့်နေမိလေ၏။

တိုင်းလုံးကျော်သည် ထိုလူလှမ်းပေးသော အရက်ခွက်ကို ဖြည်းညင်းစွာ ကိုင်မြှောက်၍ ပါးစပ်သို့ တပ်ပေးလိုက်သော်လည်း သူ၏နီကြောင်ကြောင်ရှိသော မျက်လုံးများသည် ခင်မောင်ကြီး၏မျက်နှာမှ လွှဲပြောင်းခြင်းလည်းမရှိ၊ မျက်တောင်

mgyoe.com

mgyoe.com

မျှပင် ခတ်သည်မရှိဘဲ စူးစိုက်ကာ ကြည့်နေလေ၏။ ကျွန်ုပ်သည် တွင်းတူး သမားက တိုက်သောအရက်ခွက်ကိုလည်း မသောက်ဘဲ တိုင်းလုံးကျော်ရှေ့၌ ရပ်လျက်ရှိသော ခင်မောင်ကြီးကိုကြည့်ရင်း မြွေပါးစပ်၌ တွေ့လျက်ရှိသော ဖားသူငယ်ကို မြင်ရသကဲ့သို့ ကျောထဲက စိမ့်တက်မိလေတော့သည်။ ခင်မောင် ကြီးသည် တိုင်းလုံးကျော်နှင့် မျက်လုံးချင်း တွေ့ဆိုင်ကာ အတန်ကြာအောင် စိုက်ကြည့်ပြီးမှ မျက်နှာလွှဲသွားလေရာ တိုင်းလုံးကျော်လည်း မသိမသာကလေးမျှ ပြုံးလိုက်လေ၏။

ကျော်။ ။(သောက်ပြီးသော အရက်ခွက်ကို ချထား၍) "နေစမ်းပါဦးဗျ ခင်မောင်ကြီး၊ ခင်ဗျားမျက်နှာကို ကျုပ် မြင်ဖူးပါတယ်။ ဘယ်တုန်းကလည်းတော့ ဖော်မရဘူး။ တွေ့ဖူးတာ အမှန်ပဲ။ ကိုင်း လာ၊ သူစိမ်းမှ မဟုတ်ကြဘဲ။ ဆုံဆည်းတဲ့အခါ ပျော်ပျော်ပါးပါး သောက်ကြအောင်ဗျာ"

ခင်မောင်ကြီးမှာ မိမိနှင့် အဖက်မတန်သူတစ်ယောက်က ဤကဲ့သို့ အရောတဝင် ခေါ်ငင်ပြောဆိုသည့်အတွက် မျက်နှာများနီသွားလျက်. . .

ခင်။ ။"သောက်ကြပါ။ ခင်ဗျားတို့သာ သောက်ကြပါ။ ကျုပ် မသောက်ချင်သေးပါဘူး"

ကျော်။ ။"တခြားလူကခေါ်တာ မဟုတ်ဘူး ခင်မောင်ကြီး။ ကျုပ်က ခေါ်နေတာဗျ၊ နားလည်လား"

ထိုအခါ၌မူကား ခင်မောင်ကြီးနောက်က ဝိုင်းပြုံလိုက်လာကြသော ကူလီများအနက် အခြားသူတို့သည် ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကုန် ကြပြီဖြစ်၍ ခေါင်းဆောင်တစ်ယောက်တည်းသာလျှင် ခင်မောင်ကြီးအနီးတွင် ကျန်နေရစ်လေတော့၏။

ထိုသူသည် ဖျန်ဖြေလိုသော သဘောဖြင့် တိုင်းလုံးကျော်ဘက်သို့ လှည့်၍. . .

လူ။ ။"ဒီကမိတ်ဆွေက လူကောင်းတစ်ယောက်ပါဗျ ဦးတိုင်းလုံး ကျော်ရဲ့။ ကျုပ်တို့ တောအရက်တွေကို မျိုမကျလို့ မသောက်တာနှင့် တူပါ ရဲ့ဗျာ"

တိုင်းလုံးကျော်၏ နီကြောင်သော မျက်လုံးများသည် ခင်မောင်ကြီးကို စိုက်ကြည့်နေရာမှ ထိုလူ၏မျက်နှာကို ပြောင်းရွှေ့ကာ လှမ်းကြည့်လျက်. . .

ကျော်။ ။"ဟေ့လူ နေစမ်းပါဦး။ ကိုရင်နှင့် ဘာဆိုင်လို့ ရှေ့နေ လိုက်နေရတာလဲ"

ထိုအခါ လူတွင်ကျယ်လုပ်မိသော ကူလီသည် "ဟုတ်ပါတယ် ခင်ဗျာ။ မှန်ပါတယ်ခင်ဗျာ"ဟု တတွတ်တွတ် တောင်းပန်ရင်း ဟိုတယ်မှ ထွက်ခွာသွား

mgyoe.com

mgyoe.com

လေရာ တိုင်းလုံးကျော်သည် ထိုလူကို လုံးဝဂရုမစိုက်ဘဲ ခင်မောင်ကြီးဘက်သို့ တစ်ဖန် လှည့်ပြန်လေ၏။

ကျော်။ ။"ကိုင်း၊ လုပ်ဗျာ ခင်မောင်ကြီး။ ကျုပ် တိုက်တာကို မသောက်ဘဲ မနေပါနှင့်"

ယင်းသို့ ပြောပြောဆိုဆိုဖြင့် တိုင်လုံးကျော်သည် ဆိုင်ရှင်ထံက မှာယူထားသော တောအရက်နှစ်ခွက်အနက် တစ်ခွက်ကို ခင်မောင်ကြီးဘက်သို့ တွန်းပို့လိုက်လေ၏။

ခင်။ ။"မသောက်ပါရစေနှင့်လို့ ကျုပ် ပြောပြီးပြီကောဗျာ"

ကျော်။ ။"ဘာလဲ။ ခင်ဗျားက အရက်မသောက်တတ်လို့လား"

ခင်။ ။"မသောက်တတ်လို့တော့ မဟုတ်ပါဘူး။ သို့သော် ကျုပ် သောက်လိုတဲ့အချိန်မှာ သောက်ချင်တဲ့လူနဲ့မှ သောက်တတ်လို့ပါ"

ယင်းသို့ ပြောပြီးနောက် ခင်မောင်ကြီးသည် ဟိုတယ်အပြင်သို့ ထွက်သွားမည်ဟု ခြေလှမ်းပြင်လေရာ တိုင်းလုံးကျော်သည် ရှေ့သို့ ခြေတစ်လှမ်း တိုးပြီးနောက် ခင်မောင်ကြီး၏ လက်မောင်းကို ဆတ်ခနဲ ကိုင်ဆွဲထားလေ၏။

ခင်။ ။(မျက်နှာပျက်သွားသော်လည်း တည်ငြိမ်သော အသံဖြင့်) "ကျုပ်လက်ကို မဆွဲပါနှင့် လွှတ်ဗျာ"

ကျော်။ ။"ကျုပ်တိုက်တဲ့ အရက်တစ်ခွက်ကို သောက်မှလွှတ်မယ်။ နို့ဖြင့် မလွှတ်ဘူး။ ရော့"

တိုင်းလုံးကျော်သည် အရက်ခွက်ကို ခင်မောင်ကြီးလက်သို့ အတင်းထိုး အပ်လေရာ ခင်မောင်ကြီးလည်း ဖန်ခွက်ကို ယူထားလိုက်လေ၏။ ထိုခဏ၌ ခင်မောင်ကြီးသည် တိုင်းလုံးကျော်၏ ထွားကျိုင်းပြီး ကြမ်းတမ်းသော ကိုယ်ကာယ ကြီးကို ခြေဆုံးခေါင်းဆုံး ကြည့်ကာအကဲခတ်ရာတွင် လူလူချင်းသတ်ပုတ်ရပါမူ က်ကောင်းပါမှ တစ်စက္ကန့်မျှလောက်သာ မိမိရပ်တည်နေနိုင်ဖို့ရှိသည့် အဖြစ်ကို ရိပ်မိဟန်တူသော်လည်း အမျိုးမြတ်သော ယောက်ျားကောင်းတို့၏ သဘာဝအတိုင်း လူရှေ့တွင် အရှက်ကွဲရမည့်အစား အသက်ကို အသေခံမည်ဟု ဆုံးဖြတ်ထားဟန် လက္ခဏာဖြင့် ရွံ့ကြောက်လန့်ထိတ်သော အမူအရာ အလျဉ်းမရှိဘဲ တိုင်းလုံး ကျော်၏မျက်နှာကို စေ့စေ့ကြည့်နေလေ၏။

ခင်။ ။"ငယ်ငယ်တုန်းက ဖန်တို့တမ်း ကစားဖူးသလား ဦးတိုင်း လုံးကျော်"

ကျော်။ ။"မကစားဖူးဘူး၊ ဘာကြောင့်လဲ"

ခင်။ ။"ဖန်တို့တဲ့အခါမှာ ပါးစပ်ကိုထိအောင် တို့တာထက် ဟော ဒီလိုထိအောင် လုပ်နိုင်လျှင် သာကောင်းတယ်ဗျ"

mgyoe.com

mgyoe.com

ယင်းသို့ ပြောပြောဆိုဆိုဖြင့် ခင်မောင်ကြီးသည် ကိုင်ထားသော အရက်ဖန်ခွက်ကိုမြှောက်၍ အံ့အားသင့်ကာ ငေးကြည့်နေသော တိုင်းလုံးကျော်၏ နဖူးသို့ တည့်တည့်ကြီး ပစ်ပေါက်လိုက်လေရာ ဖန်ခွက်သည် ဖြန်းခနဲကွဲသွား၍ အရက်များသည်လည်း တိုင်းလုံးကျော်၏ တစ်ကိုယ်လုံးသို့ စီးဆင်းကာ ရွှဲရွှဲစိုစေလေတော့၏။ ထိုအခါ တိုင်းလုံးကျော်လည်း ကိုင်ဆွဲထားသော လက်မောင်းကို လွှတ်လိုက်၍ နောက်သို့ဆုတ်ကာ ယိမ်းယိုင်သွားလေရာ ခင်မောင်ကြီးသည် ဖင့်နွဲ့ခြင်းလည်းမရှိ၊ အလွန်တရာ ပြာလောင်ခတ်သည့် ကတိုက်ကရိုက်အမူအရာ မျိုးလည်း မပါစေဘဲ၊ ခြေလှမ်းမှန်မှန်ဖြင့် ဟိုတယ်အပြင်ဘက်သို့ ထွက်သွားလေ၏။ ကျွန်ုပ်မှာ တိုင်းလုံးကျော်သည် ခင်မောင်ကြီးနောက်သို့ ချက်ချင်း ပြေးလိုက်သွားသည်ကို တွေ့ရတော့မည်ဟု အောက်မေ့မိ၏။ သို့ရာတွင် တိုင်းလုံး ကျော်ဘသည် ထိုကဲ့သို့ မပြုလုပ်ဘဲ ရွှဲစိုလျက်ရှိသော မိမိမျက်နှာက အရက်နှင့် သွေးများကို အင်္ကျီလက်ဖြင့်သုတ်ကာ အတန်ကြာအောင် ရပ်နေပြီးမှ ကျားဟိန်း သောအသံမျိုးဖြင့် ကျိန်ဆဲရေရွတ်လျက် ဟိုတယ်အပြင်သို့ ရုတ်တရက် ထွက်သွား လေတော့၏။

ဆိုင်ရှင်တရုတ်နှင့် ကျွန်ုပ်တို့သည် အတန်ငယ်ကြာအောင် အံ့အား သင့်ကာ ငေးကြည့်နေပြီးမှ . . .

လှ။ ။"အာဂ လူတစ်ယောက်ပဲဗျို့။ တကယ် သတ္တိကောင်းတဲ့ ခင်မောင်ကြီးပါပေဗျာ။ သို့သော် ကြည့်သာနေတော့ဗျို့ ဦးသိန်းမောင်၊ ဒီကိစ္စ ဒီလိုနှင့် မပြီးသေးဘူးဗျို့။ တိုင်းလုံးကျော်က ဘယ်နေရာမှာ ဘယ်လို လက်စား ချေမယ် မပြောတတ်သေးဘူး။ သိပ်ကြောက်ဖို့ ကောင်းတဲ့လူဗျ။ နို့ပေမယ့် ဟိုလူသတ္တိမျိုးတော့ မြင်ဖူးသေးပေါင်ဗျာ။ သိပ် အားရဖို့ကောင်းတဲ့လူပဲ"

ထိုအခါမှ ကျွန်ုပ်နှင့်တကွ ကြွင်းကျန်သော ဧည့်သည်များသည် တစ်ယောက်တစ်ခွန်း ချီးကျူးပြောဆိုကြခြင်းအားဖြင့် တစ်ခန်းလုံး ဆူညံလျက် ရှိသည်တွင် မီးကိုရေဖြင့် ငြိမ်းသတ်လိုက်သကဲ့သို့ တန့်ခနဲ ရပ်စဲသွားကြလေ၏။ အကြောင်းမူကား ခင်မောင်ကြီးသည် ထွက်သွားသောအပေါက်မှ တစ်ဖန်ပြန်ဝင် လာသည်ကို တွေ့မြင်ကြရသောကြောင့်ပေတည်း။

ခင်မောင်ကြီးသည် အခန်းတွင်းသို့ဝင်လာ၍ ထိုမှဤမှ မျှော်ကြည့်ကာ တန့်ရပ်နေပြီးနောက် . . .

ခင်။ ။"ဘယ်မှာလဲဟိုလူ။ ထွက်သွားပြီလား။ ကျွန်တော်က နည်းနည်း ကတိုက်ကရိုက်လို ထွက်သွားခဲ့မိလို့ သူ့ကို ကြောက်တယ်လို့များ ထင်နေမှာစိုးလို့ အပေါ်ရောက်ရောက်ချင်း ပြန်ဆင်းလာခဲ့ပါတယ်။ နည်းနည်း ခွကျသွားတာက ဒီလိုဗျ။ ကျွန်တော့်မိန်းမလည်း ပါလာတယ်။ မိန်းမသား

mgyoe.com

mgyoe.com
ပါလာတုန်းမှာ ရန်ခိုက်ဒေါသ ဖြစ်ရတယ်ဆိုတာ တယ်မကောင်းလှပေဘူးဗျ။ နို့မို့တော့ဗျာ ကျွန်တော်က ဘယ်အခါမဆို အဆင်သင့်ပါပဲ"

ထိုအခါ တစ်ဘက်လူသည် ထိုင်ရာမှထ၍ ခင်မောင်ကြီး အနီးသို့ ချဉ်းကပ်ပြီးလျှင်. . .

လူ။ ။"ကျွန်တော် တစ်ခုပြောပါရစေ ခင်ဗျာ။ ခွင့်ပြုပါ"

ခင်။ ။"ဘာလဲဗျာ။ ပြောပါ။"

လူ။ ။"ခင်ဗျားကို ကျွန်တော်တို့မြင်ရတာ သိပ် အားရပါတယ်။ ခင်ဗျားလိုလူ ကျွန်တော်တို့ မတွေ့ဖူးသေးပါဘူး။ တကယ် သတ္တိခဲပါပေ။ ကျွန်တော်တို့အားလုံးက ချီးကျူးပါတယ်။ သို့သော် ကျွန်တော် တစ်ခုတောင်းပန်ပါရစေဗျာ။ တိုင်းလုံးကျော်ဆိုတဲ့လူကို ကျွန်တော် ကောင်းကောင်းသိပါတယ်။ အင်မတန် ဆိုးတဲ့လူဗျနော်။ ဘယ်နည်းနှင့်မှ သူ့ကျေမှာ မဟုတ်ဘူး။ ခင်ဗျားကို လက်စားချေဦးမှာ အမှန်ပဲ။ ဒီတော့ကာ လူ့အဖိုးတန်တစ်ယောက်က သည်လို လူမိုက်ကို ဖက်ပြိုင်ပြီး မတုထိုက်ဘူး ထင်ပါတယ်။ မိတ်ဆွေ ဒီညနေမှာ သင်္ဘောဆိုက်လာပါလိမ့်မယ်။ ကျွန်တော်တို့ကိုယ်တိုင် ဝိုင်းဝန်းပြီး သင်္ဘောပေါ် ရောက်အောင် လိုက်ပို့ပေးမယ်။ ဒါကြောင့်"

ခင်။ ။"ကျေးဇူးတင်ပါတယ် မိတ်ဆွေ။ သို့သော် လူနှင့်လူချင်းမှာ တစ်ယောက်ကိုတစ်ယောက်က ကြောက်လို့ထွက်ပြေးရတယ်ဆိုတာ ရာဇဝင် ရိုင်းလှပါတယ်ဗျာ။ သည်းခံပါ၊ ကျွန်တော်ကို မတိုက်တွန်းကြပါနှင့်တော့။ ကိုယ့်လူကို အဖိုးတန်လူတစ်ယောက်ဆိုပြီး လူမိုက်တွေရမ်းကားတိုင်း ထွက်ပြေး နေရလျှင် ဘယ်မှာတန်ဖိုးရှိတော့မှာလဲ မိတ်ဆွေ။ ခုလက်ထက် အရာရှိ အရာခံ တွေတော့ဖြင့် မပြောတတ်ဘူး။ ကျွန်တော်တို့ မြန်မာမင်းလက်ထက်က အရာရှိ မျိုးနွယ်ဆိုတာ ဣန္ဒြေကို စောင့်စည်းရပါတယ်။ ရာဇဣန္ဒြေတော့ ဟုတ်ရိုး လားဗျာ။ သို့သော် ကျွန်တော် ရွှေလှံမြို့ဝန်မင်းရဲ့မြေး ခင်မောင်ကြီးပါပဲ"

ထို့နောက် ခင်မောင်ကြီးသည် ကျွန်ုပ်တို့အားလုံးကို သိမ်းကျုံးကြည့်ကာ ပြုံးပြီးနောက် အခန်းထဲမှ ထွက်သွားလေရာ ကျွန်ုပ်တို့လူစုမှာ အသံမထွက်ဘဲ စိတ်ထဲက ချီးမွမ်းလျက် ကျန်ရစ်ကြလေ၏။ အတန်ကြာသောအခါမှ ကျွန်ုပ်တို့၏ မိတ်ဆွေ တစ်ဘက်လူက. . .

လူ။ ။"ရွှေလှံလား ရွှေဓားလားတော့ ကျုပ် နားမလည်ဘူးဗျ။ ကျုပ် နားလည်တာ ပြောရမှာဖြင့် ခုနက ထွက်သွားတဲ့လူဟာ ဘေးအန္တရာယ် တွေ့ဖို့အချိန် သိပ်မကြာတော့ဘူးဆိုတာတော့ သေချာတယ် ဆရာကြီးတို့"

ကျွန်ုပ်သည် နေအိမ်သို့ ပြန်ရောက်သောအခါ ကိုဇော်ဟိတ်သည် မဂ္ဂဇင်းဟောင်းတစ်အုပ်ကို ဖတ်လျက်ရှိရာမှ မော်ကြည့်လျက်. . .
mgyoe.com

mgyoe.com

ဟိတ်။ ။"ဘယ့်နှယ်လဲ ဦးသိန်းမောင်။ ဘာများအကြောင်းထူးသလဲ"

နိုပ်။ ။"ထူးလိုက်ပုံတော့ မပြောနှင့်တော့ ဆရာရေ့။ ဒါထက် ခင်ဗျားလူ ခင်မောင်ကြီးဆိုတာက အာဂယောကျ်ားပါကလားဗျာ"

ကျွန်ုပ်သည် ဟိုတယ်၌ ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ကိုဇော် ဟိတ်အား ပြန်ပြောရာတွင် ကိုဇော်ဟိတ်၏မျက်နှာ၌ အတော်အတန် အံ့သြသော အမူအရာမျိုး ဖြစ်ပေါ်လာသည်ကို မြင်လိုက်ရ၏။

ဟိတ်။ ။"ကျွန်တော်ကတော့ ဒီလူကို ဒီလောက် မထင်မိပေဘူးဗျာ။ မျိုးရိုးကလေးကောင်းပြီး လူပုံကလေး သနားကမားရှိလေတော့ ဝိုင်းမြှောက်ပေး နေကြတယ်လို့ ထင်ခဲ့မိပါပေတယ်"

နိုပ်။ ။"ဒီလူအကြောင်းကို ခင်ဗျား ဘာများ သိထားသလဲဗျ"

ဟိတ်။ ။"များများကြီးတော့ မသိပါဘူးဗျာ။ သိသလောက်ကိုလည်း အခုပြန်ပြောချင်စိတ်မရှိသေးပါဘူး။ ဇာတ်ဟောင်းကို ပြန်လှန်ရသလို ဖြစ်နေ ပါရော့မယ်။ တော်တော်လည်း ကြာသွားပါပြီ။ ကျွန်တော့်စိတ်ထဲမှာ သူတို့ အကြောင်းကို မေ့လောက်ပြီလို့ အောက်မေ့နေမိတာ။ အခုလို ရုတ်တရက် တွေ့ရပြန်တော့ အသစ်လိုလို ပြန်ဖြစ်နေရပြန်ပြီကောဗျ"

နိုပ်။ ။"ဒါထက် အားလုံးက ထင်နေကြပုံတော့ ဒီကနေ့ည တစ်ခုခုဖြစ်လိမ့်မယ်လို့ စိုးရိမ်နေကြတယ်။ တိုင်းလုံးကျော်ဆိုတဲ့ လူဟာက သိပ်ဆိုးတဲ့ လူဆိုပဲဗျ။ ဘာမပြော ညာမပြောနှင့် အံကြိတ်ပြီး ဟိုတယ်ထဲက ထွက်သွားလိုက်ပုံကိုလည်း ကျုပ် တယ်မကြိုက်ဘူး။ သတ်မလေးပုတ်မလေးနှင့် လေထုတ်ပြီး ကြုံးဝါးတဲ့ လူမျိုးထက် ကြောက်ရတယ်ဗျ"

ဟိတ်။ ။(များစွာ တုန်လှုပ်ဟန်မရှိသော အမူအရာမျိုးဖြင့်) "တတ်နိုင် ဘူးလေ ဦးသိန်းမောင်။ ကိုယ်မွေးထားတဲ့မီးကို ကိုယ့်ဟာကို ငြိမ်းအောင် ငြိမ်းပေါ့ဗျ"

နိုပ်။ ။"လူကတော့ မခေပါဘူးဗျာ။ နို့ပေမယ့် သူ့မယား ပါလာ ခဲ့တာက တစ်ဆိတ် ခွကျနေတယ်ဗျ"

ဟိတ်။ ။" ဗျာ၊ သူ့မယားတဲ့၊ ဟုတ်လား"

နိုပ်။ ။"ဟုတ်ကဲ့၊ သူနှင့်အတူပါလာပြီး ဟိုတယ်မှာ တည်းခိုနေ ကြဆိုပဲ"

ဟိတ်။ ။"ခင်လေး ခင်စက်မေလည်း ပါခဲ့တယ်တဲ့။ ဟုတ်နိုင်ပါ့ မလားဗျာ"

နိုပ်။ ။" သူပြောတာပဲဗျ။ သူ့ကိုယ်သူ ဘယ်သူဘယ်ဝါ ဖြစ်တယ် လို့ ပြောတုန်းက သူ့မယားလည်း ပါလာတယ်လို့ ပြောတာပဲ"
mgyoe.com

mgyoe.com

ထို့နောက် ကိုဇော်ဟိတ်သည် ထိုင်ရာမှထ၍ လက်နှစ်ဖက် နောက်ပစ်ကာ တဲထဲ၌ ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်လျက်ရှိရာ မကြာခဏ မျက်မှောင်ကြုတ်ခြင်းများကို မြင်ရခြင်းအားဖြင့် နက်နဲစွာ စဉ်းစားစိတ်ကူးလျက်ရှိကြောင်း သိနိုင်ပေ၏။ နောက်ဆုံး၌. . .

ဟိတ်။ ။"တော်တော်ခွကျတဲ့ အကောင်ပဲဗျား။ ဒီခေတ်ကြီးထဲမှာ ဒီလိုနေရာမျိုးကို ခင်စက်မေလို သားမယားမျိုး ခေါ်လာခဲ့တာ သိပ်အံ့ဩဖို့ကောင်းတဲ့လူပဲဗျာ"

နှံပ်။ ။" သူ့မယားတော့ ကိစ္စရှိ မထင်ပေါင်ဗျာ။ သို့သော် ယောကျ်ားအဖို့တော့ ကျုပ် စိုးရိမ်တာပဲ။ ခင်ဗျားက ဟိုတယ်ပါမလာခဲ့လို့ ဟိုအထဲမှာ လူတွေဖြစ်နေလိုက်ပုံ မပြောပါနှင့်တော့၊ 'ဟိန္ဒက'အသံကို ကြားရုံနှင့် မြို့သူမြို့သားတွေ ဒူးတုန်ကုန်ကြ ငါ မဟုတ်ပါလားဗျ။ အဲဒီအတိုင်းပါပဲဗျာ၊ ဘယ်သူမှ တုတ်တုတ်မလှုပ်ဝံ့ကြဘူး။ လူပုံကြီးကိုက ကြောက်စရာကြီးဗျာ"

ကိုဇော်ဟိတ်လည်း ကျွန်ုပ်ပြောသောစကားကို နားထောင်ရင်း ပမာမခန့် အမူအရာမျိုးဖြင့် ရယ်မောလျက်ရှိ၏။

ဟိတ်။ ။"ခြေထောက်မှာ ထမင်းလုံးကပ်ပါပြီး အိပ်ပျော်သွားမိရင် ထမင်းလုံးတစ္ဆေ ခြောက်တတ်တယ်ဆိုတာမျိုးလို ခင်ဗျားမှာလည်း တိုင်းလုံးကျော်တစ္ဆေ ခြောက်နေပြီထင်ပဗျာ"

ထိုခဏ၌ ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဘက်လှသည် တဲထဲသို့ မောကြီးပန်းကြီး ပြေးဝင်လာ၍. . .

လှ။ ။"တိုင်းလုံးကျော်ဗျို့၊ တိုင်းလုံးကျော်လေ။ ဟိုတယ်ထဲမှာ သရမ်းနေတယ်ဗျ။ ရွှေလုံ့ခင်မောင်ကြီး ဆိုတဲ့လူကို လင်ရော မယားရော ဖမ်းထားပြီး ဓားစမ်းနေလေရဲ့ဗျ"

တစ်ဘက်လှပြောပြ၍ စကားဆုံးသောအခါ ကျွန်ုပ်တစ်ယောက်တည်းသာလျှင် နားထောင်သူရှိတော့သည်။ ကိုဇော်ဟိတ်မှုကား ဟိုတယ်ဘက်သို့ ပြေးသွားနှင့်ပြီဖြစ်သောကြောင့် တစ်ခေါ်လောက်ပင် ရောက်သွားနှင့်လေပြီ။ ထိုအချိန်၌ကား နေဝင်သွားပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုဇော်ဟိတ်နောက်က ပြေးလိုက်ကြရာတွင် ရေးရေးမျှသာ မြင်နိုင်ကြလေတော့၏။ တစ်ဘက်လှနှင့် ကျွန်ုပ်တို့ ရောက်သွားကြသောအခါ၌ ကျွန်ုပ်သည် အောက်ပါအခြင်းအရာတို့ကို တွေ့မြင်ရပေရာ၊ ထိုအဖြစ်အပျက် အခြင်းအရာများသည် ကျွန်ုပ်၏ ဦးနှောက်ထဲတွင် ဓာတ်ပုံရိုက်ကူးထားသကဲ့သို့ စွဲမြဲစွာ ထင်လျက်ရှိသောကြောင့် အသက်တစ်ရာကျော်ပင် ရှင်နေရစေကာမူလည်း အသေးအဖွဲ့မကျန် ကောင်းစွာမှတ်မိနိုင်လိမ့်မည် ဖြစ်ပေ၏။

mgyoe.com

mgyoe.com

ဟိုတယ်အတွင်း၌ တစ်ကျိပ်ကျော်မျှသော အလုပ်သမားများသည် စားပွဲတစ်ခုံလျှင် သုံးယောက်စီ လေးယောက်စီ ထိုင်လျက်ရှိကြရာ မှုးလှပါသည် ဆိုသောသူသည်ပင်လျှင် အမူးပြေပျောက်၍ မျက်လုံးကျယ်လျက် ရှိလေတော့၏။ အခန်းအလယ်၌ကား 'ဟာရိကိန်း' လက်ဆွဲဓာတ်မီးအိမ်တစ်လုံး ဆွဲချိတ်ထား လေရာ ထိုမီးအိမ်အောက်တည့်တည့်၌ ဦးထုပ်ဆောင်းထားသော တိုင်းလုံးကျော် သည် အလွန်တုန်လှုပ်နေသော်လည်း အလှမပျက်သော မိန်းမတစ်ယောက်၏ လက်မောင်းကို ဆွဲကိုင်ကာ ရပ်လျက်ရှိ၏။ တိုင်းလုံးကျော်နှင့် မျက်နှာချင်းဆိုင် လျက် ပျဉ်ထောင်ထရံကိုမှီကာ လက်ပိုက်၍ ရပ်နေသောလူမှာ ခင်မောင်ကြီးပင် ဖြစ်လေသည်။ သူ၏ဦးခေါင်း၊ လည်ပင်း၊ ပခုံးတို့၏အနီးတွင် ခြောက်လက်မထက် မနည်းသော ဆင်စွယ်ဓားမြှောင်များသည် ပျဉ်ထရံတွင် စူးဝင်လျက် တန်းလန်းကြီး ရှိနေကြလေ၏။ ကျွန်ုပ် ဝင်သွားသောအခိုက်၌ တစ်လက်သောဓားမြှောင်မှာ ထရံတွင် စူးဝင်ခါစဖြစ်သည့်လက္ခဏာဖြင့် ဆင်စွယ်ရိုးသည် ဆတ်ဆတ်ခါလျက် ရှိနေသေး၏။ စင်စစ်မှာ တိုင်းလုံးကျော်သည် တစ်ဘက်လှပြောသည့်အတိုင်း ဓားမြှောင်များဖြင့် လက်စွမ်းပြနေခြင်းပင် ဖြစ်ပေ၏။

ခင်မောင်ကြီးသည် ထရံကိုမှီလျက် လက်ပိုက်ကာရပ်နေစဉ်တွင် သူ၏ မျက်နှာထားမှာ ထိတ်လန့်တုန်လှုပ်ခြင်းထက် ပြင်းစွာ အမျက်ထွက်နေခြင်းကိုသာ ဖော်ပြ၍ သူ၏မျက်လုံးများသည်လည်း တိုင်းလုံးကျော်အား ရဲရဲကြီး ပြန်လှန် စူးစိုက်လျက် ကြည့်နေလေတော့၏။ တိုင်းလုံးကျော်သည် မိမိကိုင်ဖမ်းထားသော မိန်းမအား "မလှုပ်နှင့်ဟေ့နော် နှမလေးရေ။ မင်းလှုပ်လျှင် ငါက အချိန်ပျက်ပြီး ပါးနားမှာမစိုက်ဘဲ မျက်လုံးပေါ်သွားစိုက်လို့ မောင်တော်ဘုရား နတ်ရွာစံသွား လိမ့်မယ်ကွယ့်"ဟု ပြောင်လှောင်ကာ ပြောလိုက်သေး၏။

ထို့နောက် တိုင်းလုံးကျော်သည် အနီးရှိစားပွဲပေါ်တွင် အသင့်တင်ထား သော ဓားမြှောင်များအနက်မှ တစ်လက်ကို လှမ်းယူ၍ ပစ်လိုက်ရာ ဓားမြှောင် သည် လေထဲတွင် ချာလပတ်လည်ပြီးမှ ခင်မောင်ကြီး၏နားရွက်အနီးက ဖြတ်သန်း သွားပြီးလျှင် ထရံတွင် ကျောင်းခနဲ စိုက်ဝင်နေလေ၏။ ဓားကို လွှတ်လိုက်သော တစ်ခဏ၌ ခင်မောင်ကြီးမှာ မျက်စိမှိတ်ရုံသာ မှိတ်လိုက်၍ အသံမထွက်စေဘဲ အံကြိတ်ကာ ခံနေနိုင်သော်လည်း သူ၏ဇနီးမှာမူကား "ကယ်တော်မူပါ မြတ်စွာ ဘုရား"ဟု အချက်တိုင်း ဟစ်အော်မိရှာလေ၏။

ဓားမြှောင်ဆယ်လက်မျှ ပစ်ပြီးသဖြင့် စားပွဲပေါ်၌ ဓားအားလုံးကုန်သွား လတ်သော် တိုင်းလုံးကျော်က လူတစ်ယောက်အား "ဟေ့ ဓားတွေ နုတ်ယူခဲ့စမ်း။ ဒီတစ်ခါ ဒီထက်ဆန်းအောင် ပစ်ပြဦးမယ်"ဟု ပြောလိုက်သဖြင့် ထိုသူသည် ခင်မောင်ကြီးအနီးသို့ ချဉ်းကပ်၍ ဓားများကို ပျဉ်ထရံမှ နုတ်ယူမည် ပြုလိုက်

mgyoe.com

mgyoe.com
နေလေ၏။ ထိုအတောအတွင်း၌ တိုင်းလုံးကျော်သည် လက်နွေးရန်ဆို၍ တောအရက်တစ်ခွက်ကို လှမ်းယူမော့သောက်နေခိုက်ဖြစ်သဖြင့် အမှတ်တမဲ့ အမူအရာမျိုးရှိနေသည်တွင် ခင်မောင်ကြီးသည် ဓားနုတ်သောလူ ကွယ်နေခိုက်အတွင်း ထရုံမှ တစ်ဟုန်ထိုး ပြေးလာ၍ အရက်မော့ချနေသော တိုင်းလုံးကျော်ကို ကိုယ်လုံးရောလက်သီးပါ တစ်ခါတည်း ပစ်သွင်းလိုက်လေ၏။ လက်သီးချက်သည် တိုင်းလုံးကျော်၏နဖူးပြင်ကို တည့်တည့်ကြီး ထိသွားသောကြောင့် ဒဏ်ရာဟောင်းမှ သွေးများယိုကျလာသော်လည်း ဂျိုးလူဝိအား ကျောင်းသားကလေးတစ်ယောက်က ထိုးသတ်ခြင်းကဲ့သို့ အနည်းငယ်ဟန်ပျက်၍ သွားရုံမှတစ်ပါး ပြောပလောက်အောင်နာကျင်ခြင်းမရှိချေ။ ဤတွင်တိုင်းလုံးကျော်သည် ဖန်ခွက်ကို ပစ်ချ၍ ခင်မောင်ကြီး၏ လည်ကုပ်ကို လက်ဝဲလက်ဖြင့် ကိုင်ဖမ်းပြီးလျှင် လက်ယာလက်သီးဖြင့် မျက်ခွက်ဆီသို့ ကောက်သတ်လိုက်လေရကား လက်တစ်ဖက်ဖြင့် လည်ကုပ်ကို ထိန်းမထားခဲ့ပါမူ ကောင်းကင်သို့ပင် လွင့်စဉ်မြောက်ပါသွားဖွယ်ရာ ရှိ၏။ ယခုမှာမူ ခင်မောင်ကြီး၏ အောက်မေးသည် အထက်သို့ အရှိန်ပြင်းစွာ မြောက်တက်၍ အထက်သွားများနှင့် အောက်သွားတို့ အပြင်းအထန် တိုးဝှေ့ထိတွေ့မိကြသည့်အတွက်ကြောင့် 'ဂွပ်'ခနဲ မြည်သောအသံကြီး ပေါ်ထွက်လာပြီးလျှင် တိုင်းလုံးကျော်က ကုပ်ကို လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ခင်မောင်ကြီးမှာ ရှေ့သို့ ထိုးကျသွား၍ ပါးစပ်မှ သွေးများ ဝေါက်ဝေါက်ပန်း ထွက်လာလေတော့၏။

ဇနီးဖြစ်သူမှာလည်း "အောင်မလေး သေပါပြီ ရှင်"ဟု လွှတ်ခနဲအော်ကာ ကြမ်းပေါ်၌ မှောက်လျက်ထိုးကျသွားသော လင်ယောကျ်ားအားပွေ့ဖက်ထားလေ၏။ ခင်မောင်ကြီးခမျာမှာ ဝေဒနာခံစားသော အခြေအနေမှကျော်လွန်သွားပြီဖြစ်၍ ကြမ်းပေါ်တွင် ငှက်ပျောတုံး လက်ပံတုံးသဖွယ် ငြိမ်သက်လျက် ရှိနေလေတော့သည်။

"ဟော့လူ၊ ဘယ်မှာလဲ ငါ့ဓားတွေ၊ ယူခဲ့စမ်းဟေ့။ လင်ကို စမ်းပြီးလို့ မယားကို တစ်လှည့်စမ်းရဦးမယ်"ဟု တိုင်းလုံးကျော်က ပြောလိုက်သဖြင့် ဓားများကို ပွေ့ယူလာသောလူသည် စားပွဲပေါ်တွင် အားလုံး တင်ပေးလိုက်လေ၏။

"ကိုင်း၊ မယ်မင်းကြီးမ ငိုမနေနှင့်။ ထစမ်း"ဟု ပြောလျက် တိုင်းလုံးကျော်သည် မိန်းမ၏လက်ကို ကိုင်ဆွဲမည်အပြုတွင် ဒိုင်းခနဲ သေနတ်သံတစ်ချက်ကြားလိုက်ရ၍ တိုင်းလုံးကျော်၏ ဦးခေါင်းတွင် ဓာတ်မီးရောင်မကူးစေခြင်းငှာဆောင်းထားသော ဦးထုပ်သည် ဦးခေါင်းမှ လွင့်စင်ကျသွားလေ၏။ ထိုခဏ၌ခပ်အေးအေး ရယ်လိုက်သော အသံတစ်သံပေါ်ထွက်လာသောကြောင့် မိန်းမသည်
mgyoe.com

mgyoe.com

အသံကြားရာအရပ်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်တွင် ကျွန်ုပ်၏ မိတ်ဆွေနှင့် မျက်နှာချင်းဆိုင်မိသဖြင့် "ကိုဇော်ဟိတ်"ဟု လွှတ်ခနဲ ခေါ်လိုက်လေ၏။

ထိုအခါ တိုင်းလုံးကျော်သည် ငုံ့နေရာမှ ရုတ်တရက် မော်ကြည့်၍ "ခုနက ပစ်လိုက်တာ မိတ်ဆွေကလား"ဟု မေးကာ မိန်းမ၏လက်ကို လွှတ်လိုက်၍ ကိုဇော်ဟိတ်ဘက်သို့ ခြေတစ်လှမ်း တိုးလိုက်လေ၏။

ဟိတ်။ ။"ဟုတ်ကဲ့ဗျာ၊ ကျုပ်ပါပဲ။ သို့သော် ရှေ့မတိုးခဲ့နှင့်ဗျနော်။ မပြီးသေးဘူး။ ငါးချက် ကျန်သေးတယ်။ တိမ်းစမ်း ခင်စက်မေ"

ယင်းသို့ပြောပြောဆိုဆိုဖြင့် ကိုဇော်ဟိတ်သည် မိမိ၏ ခြောက်လုံးပြူးသေနတ်ကို ဘေးရန်ကင်းသော အုတ်နံရံဘက်သို့ လှည့်ချိန်လျက် တိုင်းလုံးကျော်၏ နားရွက်များအနီးမှ ကျည်ဆန်များ ပွတ်ကပ်ထွက်သွားအောင် တစ်ချက်ပြီးတစ်ချက် မောင်းဖြုတ်ချလိုက်ရကား တိုင်းလုံးကျော်၏ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေတော့၏။

ထို့နောက် "ဒီတစ်လက်မှာ ကျည်ဆန်ကုန်သွားပေမယ့် ဟောဒီမှာ တစ်လက်ရှိသေးတယ်ဗျနော်၊ ယီးတီးယားတားတော့ မလုပ်နှင့်" ကိုဇော်ဟိတ်က ပြောလိုက်သည်တွင် 'တိုင်းလုံးကျော်၏ မျက်နှာ၌ ကန့်လန့်ဖြတ်ရှိနေသော အမာရွတ်ကြီးသည် နီသည်ထက် နီရဲလာတော့၏။ သူ၏နီကြောင်သော မျက်လုံးများမူကား ကိုဇော်ဟိတ်၏မျက်နှာမှ တစ်စက္ကန့်မျှ လွှဲဖယ်ခြင်းလည်းမရှိ၊ မျက်တောင်ခတ်ခြင်းလည်းမရှိ၊ ဖန်သားပကတိကဲ့သို့ ကြောင်တောင်ကြီး စူးစိုက်နေလေ၏။ နောက်ဆုံး၌. . .

ကျော်။ ။"ဖြောင့်ပါ့ဗျာ၊ တယ်ဖြောင့်တဲ့လက်ပါပေ။ ကျုပ်ဟာလည်း တစ်မျိုး၊ ခင်ဗျားလည်းတစ်မျိုး၊ တစ်ယောက်တစ်မျိုးစီပေပဲ။ ကိုင်း ဒါထက် မိတ်ဆွေ၊ ရှေ့အဖို့ ဘယ်လိုတုံး၊ ဆိုစမ်းပါဦး။ တစ်ယောက်တစ်မျိုးစီ မျက်လှည့်ပြနေလို့ မပြီးသေးပါဘူး။ ဘာလုပ်ကြမှာလဲ မိန့်စမ်းပါဦး။ ဆရာကြီးရဲ့"

ဟိတ်။ ။"မိန့်ဆို ဒီလိုလေဗျာ။ ဒီအရပ်မှာ ခင်ဗျားနှင့် ကျုပ်နှင့် မိုလ်နှစ်ယောက် မစားလောက်အောင် ဒေသက ကျဉ်းတယ်ဗျ။ တစ်ယောက်ယောက်ပြုတ်မှ နေရာကျလိမ့်မယ်"

ကျော်။ ။"စိန်လိုက်ဗျာ။ သဘောတူတယ်။ ဖြုတ်ပုံဖြုတ်နည်းကလေး တစ်ဆိတ်လောက် အမိန့်ရှိပါစမ်းပါဦး"

ဟိတ်။ ။"ဒီလိုဗျ၊ ခင်ဗျားက ဓားမှာ ကျင်လည်တယ်။ ကျုပ်က သေနတ်မှာ ကျင်လည်တယ်။ ဒီတော့ သူထက်ငါ သာတယ် နာတယ် မရှိရအောင် ဓားရော သေနတ်ရော အသာဖယ်ထားပြီး လက်သီးချင်း ဆိုင်ကြစို့လားဗျာ"

mgyoe.com

mgyoe.com

ထိုအခါ တိုင်းလုံးကျော်မှာ စူဠလိပ် ရေထဲသို့ ချသတ်ရန် အကြံပေးခြင်းကဲ့သို့ ဟာဒယနှလုံး ရွှင်ပြုံးကြည်နူးစွာ ရှိနေသည်ဖြစ်ရာ ပရိသတ်များကမူ ကိုဇော်ဟိတ်အတွက် ဟိုက်ခနဲ ဖြစ်သွားမိကြ၏။ အချို့ကလည်း 'ရွှေမျက်မှန်နှင့် ဤလူကား စိတ်မှန့်ပါလေ၏လော'ဟု အံ့သြမိကြ၏။ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဘက်လူကမူ ကိုဇော်ဟိတ်အနီးသို့ အတင်းဝင်တိုးသွား၍ နားသို့ တော့ကပ်ပြီးလျှင် "မလုပ်လေနှင့် ဆရာကြီး၊ ဒီလူက ကြေးတမ်းစားသတ်လာခဲ့တဲ့ လက်ဇေ့သမား ဆရာကြီး။ တိုင်းလုံးကျော်ဆိုတာ ငယ်နာမည် မဟုတ်ဘူး။ လက်ဇေ့သမားနာမည် ခင်ဗျားကြီးရဲ့။ နွားမတမ်းတောင် နံရိုးကျိုးအောင် ထိုးနိုင်တဲ့လူကြီး ခင်ဗျ။ ရှိကြီးခိုးပါရဲ့၊ ဒီပြင်နည်းနှင့်လုပ်ပါ ဆရာကြီးရယ်။ ဒီနည်းတော့တောင်းပန်ပါရစေဗျာ" ဟု တီးတိုးသတိပေးလေ၏။

သို့ရာတွင် ကိုဇော်ဟိတ်ကမူ အခြားသူတို့၏ ထင်မြင်ချက်ကို လုံးဝဂရုမစိုက်ဘဲ မိမိ၏အင်္ကျီများကိုချွတ်လျက် ကျွန်ုပ်အားသာလျှင် မှာရန်ရှိသမျှကို မှာထားလေ၏။

"ဒီလိုဗျ ဦးသိန်းမောင်။ ညစ်တီးညစ်ပတ်မလုပ်ဘဲ သန့်သန့်ရှင်းရှင်း သတ်လျှင်တော့ ခင်ဗျား ဘာမှမလုပ်နှင့်၊ အသာကြည့်နေ။ ညစ်ပတ်လာလျှင်တော့ ခင်ဗျားကို ကျွန်တော် အားကိုးတယ်ဗျာ။ ဟောဒီမှာ ခြောက်လုံးပြူး၊ ရော့၊ ယူထား"

ထိုနောက် ကိုဇော်ဟိတ်သည် အင်္ကျီများကိုချွတ်၍ ဘောင်းဘီတိုကလေးဖြင့် ရပ်နေစဉ် လင်ယောကျ်ား၏ ဦးခေါင်းကို မိမိ၏ဒူးပေါ်၌တင်ကာ ကြင်နာယုယသော အမူအရာဖြင့် ပြုစုလျက်ရှိသော ခင်စက်မေရှိရာသို့ တစ်ချက်မျှ လှမ်းကြည့်၍ ပြုံးစိစိ မျက်နှာထား ဖြစ်ပေါ်လာလေ၏။

ဟိတ် ။ ။ "ခုတော့ ကိစ္စမရှိတော့ပါဘူး။ ဟို လွန်ခဲ့တဲ့ ငါးနှစ်လောက်တုန်းက ကိုယ့်ကိုပယ်ပြီး ခင်မောင်ကြီးကို ယူလိုက်တုန်းကများဖြင့် လူ့ပြည်မှာ နေလို့ဖြစ်တော့မှာ မဟုတ်ပါဘူးလို့တောင် အောက်မေ့မိတယ်။ သို့သော် ဟိုလူက လူတော်တစ်ယောက်ပါပေ ဦးသိန်းမောင်။ မတော်လို့များ တိုင်းလုံးကျော်က ကျွန်တော့်ကိုနိုင်ပြီး ဟိုလင်မယားကိုများ နှိပ်စက်ပြန်လို့ရှိလျှင် ခင်ဗျား တာဝန်ယူလိုက်ပါဗျနော်"

ကျွန်ုပ်လည်း ခေါင်းညိတ်လိုက်ရ၏။

ထိုခဏ၌ ခင်စက်မေသည် လင်ယောကျ်ားကို ပြုစုနေရာမှ ဦးခေါင်းထောင်၍ ကိုဇော်ဟိတ်ကို လှမ်းကြည့်လိုက်ရာ၊ သူမ၏ မျက်နှာထား၌ ကျေးဇူးတင်ခြင်း၊ အားကိုးခြင်း၊ ယုံကြည်စိတ်ချခြင်းတည်းဟူသော အခြင်းအရာတို့ ရောပြွမ်းပေါ်ထွက်လျက်ရှိ၏။ ကိုဇော်ဟိတ်မှာလည်း ခင်စက်မေ၏ မျက်နှာထားကို

mgyoe.com

mgyoe.com

မြင်ရခြင်းအားဖြင့် သူကိုယ်တိုင် အားတက်လာဟန်တူသည့်အပြင် ခင်စက်မေအားလည်း 'စိတ်သားချပါ'ဟူသော အဓိပ္ပာယ်မျိုးဖြင့် ပြုံးလိုက်လေ၏။ ထို့နောက် ကိုဇော်ဟိတ်သည် လက်ဝှေ့သတ်ရန်အတွက် မီးအိမ်အောက်တွင် သတ်မှတ်ထားသောနေရာသို့ ဝင်၍ရပ်နေလေ၏။ ထိုနေ့က ကိုဇော်ဟိတ်နှင့် တိုင်းလုံးကျော်တို့ ထိုးသတ်ကြသော လက်ဝှေ့ပွဲအကြောင်းကို ထိုနယ်သားများ ယနေ့တိုင် ပြော၍ မပြီးနိုင်အောင် ရှိကြ၏။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ယမန်ညဥ့်က အဖြစ်အပျက်ကဲ့သို့ စိတ်ထဲတွင် အသေးစိတ်၍ မှတ်မိသေး၏။ လူများသည် တိုင်းလုံးကျော်နှင့် ကိုဇော်ဟိတ် အရှုံးမပေးမချင်း ထိုးသတ်ကြမည့် လက်ဝှေ့ပွဲသတင်းကို ကြားကြရသောကြောင့် ဟိုတယ်သို့ ဝိုင်းအုံ လာရောက်ကြရာ တစ်ခန်းလုံး ပြည့်လျှံသွားသဖြင့် အချို့မှာ ပြတင်းပေါက်မှ မျှော်ကြည့်ကြရ၏။ ပရိသတ်တို့သည် မည်သူ့ဘက်မှ မေတ္တာထားကြသည့် အကြောင်းကို မကြာမီပင် ထင်ရှားစွာ သိလာနိုင်ပေ၏။ ကိုဇော်ဟိတ်အကြောင်းကို မသိကြဘဲ တိုင်းလုံးကျော်အကြောင်းကို လူတိုင်းသိကြပြီးဖြစ်၍ အလွန် မုန်းတီးကြသော်လည်း အလောင်းအစား ပြုလုပ်ကြသောအခါတွင် တိုင်းလုံးကျော်ဘက်မှ နှစ်လေးပေး၍ လောင်းစားကြ၏။ သို့ရာတွင် အချို့ကမူ မိမိတို့ လောင်းထားသောငွေ ရှုံးချင်ရှုံးရစေ၊ ကိုဇော်ဟိတ်သာ နိုင်စေလိုသည်ဟု ဖွင့်ဟပြောကြ၏။

ကိုဇော်ဟိတ်သည် စွပ်ကျယ်အင်္ကျီ၊ ဘောင်းဘီတိုနှင့် လည်းကောင်း၊ တိုင်းလုံးကျော်သည် အင်္ကျီတုံးလုံးနှင့် ခါးတောင်းမြှောင်လှအောင် ကျိုက်လျက် လည်းကောင်း၊ မီးအိမ်အောက်တွင် မျက်နှာချင်းဆိုင် ရပ်လိုက်ကြသောအခါ ပရိသတ်အားလုံးမှာ ပွဲကောင်းတစ်ခု ကြည့်ရပေတော့မည်ဟူသော မျှော်လင့်ချက်ဖြင့် ရှိုးတိုးရှတဖြစ်လျက်ရှိကြ၏။ နီကြောင်သော မျက်လုံးများဖြင့် ကိုဇော်ဟိတ်အား စိန်းစိန်းကြည့်လျက်ရှိသော တိုင်းလုံးကျော်သည် ကိုဇော်ဟိတ်ထက် မဆိုစလောက် တုတ်ခိုင်ကြီးမား၏။ စင်စစ်မှာ ကိုယ်တုံးလုံးကြီးနှင့် ခါးတောင်းမြှောင်လှအောင် ကျိုက်လိုက်သောအခါတွင် တိုင်းလုံးကျော်မှာ အဝတ်များဝတ်ထားသော အခါကထက် ကြောက်မက်ဖွယ်ရာ ကြီးမားထွားကျိုင်းလာသည်ဖြစ်၍ ကျွန်ုပ်မှာ ကိုဇော်ဟိတ်အတွက် စိုးရိမ်ပူပင်မိသဖြင့် လှုပ်ခုန်နေသော ရင်ဘတ်သည်ပင်လျှင် ငြိမ်သွားသကဲ့သို့ ထင်လိုက်ရ၏။ ထိုသူ၏ မျက်နှာထားမှာလည်း ညှာတာမည့် အမူအရာမျိုး အလျှင်းမတွေ့ရဘဲ တတ်နိုင်က အစိမ်းလိုက် ဝါးစားမည်ဟု ဖော်ထုတ်ပြောဆိုနေသကဲ့သို့ ရှိလေ၏။ သို့ရာတွင် ကိုဇော်ဟိတ်ဘက်သို့ လှမ်းကြည့်လိုက်၍ အနာရောဂါ လုံးဝ ကင်းစင်သဖြင့် ဖိတ်ဖိတ်တောက် ကြည်လင်သော အရေအသားတို့ဖြင့် အလွန်တရာ တည်ငြိမ်လှ၍ သောကအလျှင်းကင်းသော မျက်လုံးများကို မြင်လိုက်ရသော အခါတွင်

mgyoe.com

mgyoe.com

မှုကား အားတက်မိပြန်လေတော့သည်။ တိုင်းလုံးကျော်မှာ ကိုဇော်ဟိတ်ထက် ခွန်အားဗလကြီး၍ သဟ်ပုတ်ခြင်းအလုပ်၌လည်း ကျင်လည်စေကာမူ ကိုဇော်ဟိတ်၏ အပြစ်လုံး၀ ကင်းစင်သော ကျန်းမာခြင်းမျိုး မရှိနိုင်ချေ။

ထို့နောက် ထိုလူနှစ်ယောက်တို့သည် စတင်ထိုးသတ်ကြလေရာ ပရိသတ်တို့လည်း ပင့်သက်ရှုလိုက်ကြသဖြင့် ဟပ်ခနဲ ဖြစ်သွားမိကြ၏။ ဂိုးဂိုး ဂွတ်ဂွတ် ဗုန်းဗုန်း ဗင်းဗင်းဖြင့် သုံးလေးချက်မျှစီ ထိုးသတ်ကြ၍ ရှောင်နိုင်သမျှကို တိမ်းရှောင်ကြလျက် ထိသမျှလည်း အသီးသီး ထိသွားကြလေရာ ကိုဇော်ဟိတ်မှာမူ ပါးချောင်တွင် တစ်ချက်ထိမိသွားသဖြင့် နံဘေးသို့ ယိမ်းယိုင်သွား၏။ တိုင်းလုံးကျော်မှာမူ အရိုက်သို့ ထိသွားခြင်းမှာ အရိုက်တွင် တစ်ချက်လှလှကြီး ထိသွားသည်ဖြစ်၍ အွတ်ခနဲမြည်သွားသည့်အပြင် အသက်ရှုမှား၍ ရှူးခနဲ အသံထွက်သွား၏။ အရိုက်သို့ထိသွားခြင်းမှာ (နောက်ကောက်) ယူနိုင်သော လက်သီးချက်မျိုးမဟုတ်သော်လည်း မိမိအဖို့ ကြီးစွာသော အထောက်အပံ့ဖြစ်စေကြောင်း နောင်အခါတွင် ကိုဇော်ဟိတ်က ပြောပြလေသည်။ ထိုအချိန်မှစ၍ တိုင်းလုံးကျော်မှာ အသက်ရှူ ပြင်း၍ပြင်း၍လာခဲ့ရာ ကိုဇော်ဟိတ်သည် ထိုသူ၏ သက်လုံမကောင်းခြင်းကို ရိပ်မိသည်ဖြစ်သောကြောင့် အသက်ရှူမှားသည်ထက် မှားစေခြင်းငှာ အရိုက်သို့ချည်း ထပ်တလဲလဲ ချိန်ရွယ်ထိုးသတ်လေရကား ထိုနေရာတစ်ဝိုက်တွင် သပြေသီးပမာကဲ့သို့ ညိုမည်းသော အကွက်ကြီး ဖြစ်ပေါ်လာလေ၏။

သို့ရာတွင် တိုင်းလုံးကျော် ရှုံးဖို့မှုကား အဝေးကြီး လိုချေသေး၏။ ဤသတ်နည်းမှာ သာမန် လက်ဝှေ့ပွဲများကဲ့သို့ နားချည်သတ်ချည်ဖြင့် အချိန်နှင့်ထိုးသတ်ရသည်မဟုတ်ဘဲ အရှုံးမပေးချင်း တောက်လျှောက် တစ်ခါတည်း ထိုးသတ်ရခြင်းဖြစ်ပေရကား တိုင်းလုံးကျော်သည် မိမိ၏ သက်လုံမကောင်းသော အဖြစ်ကို ရိပ်မိသောကြောင့် အချိန်တိုတိုနှင့် မြန်မြန်ပြီးအောင် ကြိုးစား၏။

သို့ဖြစ်၍ တိုင်းလုံးကျော်သည် ကိုဇော်ဟိတ်ကို ဖွတ်အတင်းလိုက်၍ လက်သီးမိုးရွာချသည့်အလားကဲ့သို့ တရကြမ်းထိုးသတ်ကြလေရာ ကျွန်ုပ်မှာ အသက်အောင့်ကားမိသော အကြိမ်ပေါင်းများစွာကို သတိရမိ၏။ တရကြမ်းဆိုသော်လည်း လေထဲသို့ ရောက်သွားသည့် ဗလာလက်သီးမျိုးမဟုတ်ဘဲ ကိုဇော်ဟိတ်၏မျက်နှာကို စေ့စေ့ပါအောင် ချိန်ထိုးသော လက်သီးချက်မျိုးဖြစ်လေရာ မိမိကိုယ်ကိုကာကွယ်ဖို့ အလျှင်းသတိမထားဘဲ တစ်ဘက်သားကို ထိဖို့သာလျှင် အရေးတကြီး ထားတော့၏။ ကိုဇော်ဟိတ်ကမူ မိမိက ထိစေဖို့ထက် မိမိအား မိမသွားစေဖို့အတွက်ကို ပိုမိုဂရုစိုက်၍ အချိန်ရသော အခါမှသာလျှင် အရိုက်ဆီသို့ တစ်လုံးကောင်း နှစ်လုံးကောင်း သွင်းရလေတော့၏။ တိုင်းလုံးကျော်၏

mgyoe.com

mgyoe.com

လက်သီးချက်များသည် ကိုဇော်ဟိတ်ကို လုံး၀ မထိသည်မဟုတ်။ ထိသလောက်ကား ထိကြသည်သာဖြစ်၏။ မိမိကိုယ်ကို ထိချင်တိုင်းထိစေဟု သဘောထား၍ တရကြမ်းလိုက်ထိုးသော လူတစ်ယောက်၏ လက်သီးချက်များမှ အားလုံး လွတ်အောင် မည်သူမျှ တိမ်းရှောင်နိုင်မည် မဟုတ်ချေ။ သို့ရာတွင် ကိုဇော်ဟိတ်သည် မိမိအား လှလှကြီး မထိရအောင် ငုံ့ချည်တစ်ခါ မော့ချည်တစ်လှည့် လက်ဖြင့်ကာချည်တစ်ဖုံစသည်ဖြင့် ကာကွယ်နေရကား ပွတ်ကာသပ်ကာ ချော်ကာ စသည်ဖြင့် မထိတထိနှင့်သာ ကိစ္စပြီးကြရ၏။ တိုင်းလုံးကျော်၏ အချို့လက်သီးချက်များမှာ အလွန်ပြင်းထန်လှသဖြင့် လေထဲ၌ ကြာပွတ်နှင့် ရိုက်လိုက်သကဲ့သို့ ဝီခနဲမြည်သွားသည် ထင်လိုက်ကြပေရကား လှလှကြီးထိခဲ့လျှင် လူမဆိုထားနှင့် နွားမတမ်းပင် ခံနိုင်မည် မဟုတ်ချေ။

သို့ဖြစ်၍ တိုင်းလုံးကျော်က ထိုးလိုက်တိုင်း ကိုဇော်ဟိတ်သည် နောက်သို့ဆုတ်ကာ၊ လှည့်လည်ခုခံသဖြင့် မီးအိမ်အောက်တွင် နှစ်ယောက်သား ချာလပတ် လည်လျက်ရှိကြလေရာ အခွင့်ရသည့်အခါတိုင်း ညိုမည်းသော စက်ဝိုင်းပေါ်သို့ 'ထောက်'လက်သီး တစ်ချက် တစ်ချက် သွင်းရန်ကိုကား မမေ့မလျော့ချေ။ ကိုဇော်ဟိတ်၏ လက်သီးချက်များမှာ ရှောင်တိမ်းဖို့ အလျှင်းဂရုမစိုက်သော တိုင်းလုံးကျော်၏အရှိက်ကို ထိသည်ကများသည့်အပြင် အလွန်အမင်း အားမစိုက်စေကာမူ အတင်းဝင်လာသော တိုင်းလုံးကျော်၏ ကိုယ်ကာယပေါ်၌ အရှိန်မသေးငယ်လှချေ။ ထိတိုင်းထိတိုင်းမှာလည်း ဖားဖိုကြီးမှ လေထုတ်ခြင်းကဲ့သို့ ရှူးခနဲ ရှူးခနဲ ဖြစ်သွားလေတော့၏။ ထိုအချိန်ကား တိုင်းလုံးကျော်၏ ရင်ဝ၌သာ အညိုအမည်းရှိနေသည်မဟုတ်။ ကိုဇော်ဟိတ်မှာလည်း ပါးစပ်က သွေးများယိုစီး၍ မျက်လုံးများမှာလည်း ပိတ်လုမတတ် ဖူးရောင်လျက် ရှိနေလေပြီ။ သို့ရာတွင် အာဇာနည်ယောကျ်ားတို့၏ ထုံးစံအတိုင်း အားငယ်ခြင်း၊ တုန်လှုပ်ခြင်းတည်းဟူသော အခြင်းအရာမျိုး လုံး၀ မတွေ့ရဘဲ ကျန်သော မျက်လုံးတစ်လုံးမှာ တည်ငြိမ်ကြည်လင်သော လက္ခဏာကို ဖော်ပြလျက်ရှိ၏။

ပရိသတ်တို့သည် သြဘာပေးခြင်း၊ အားပေးခြင်း စသော အပြုအမူမျိုး မရှိဘဲ တိတ်ဆိတ်စွာ ကြည့်နေကြသည်ဖြစ်သောကြောင့် မည်သည့်အသံမျှ မကြားရဘဲ ထိုးသတ်သူနှစ်ဦးတို့၏ တရှပ်ရှပ် မြည်သော ခြေသံမျိုးနှင့် ဂွပ်၊ ဗျတ်၊ ဗုန်း၊ ဗိုင်း မြည်သော ထိုးကြိတ်သံများသည်သာ ဖြစ်ပေါ်လျက်ရှိ၏။ ထိုအချိန်၌ကား တိုင်းလုံးကျော်၏ တဟောဟော တဟဲဟဲ ဖြစ်နေရှာသော မောဟိုက်သံကြီးသည် မရပ်မနား တရစပ် ဖြစ်ပေါ်လျက်ရှိရာ၊ အမှန်ကိုရေးရလျှင် တိုင်းလုံးကျော်၏ ဟောဟဲခတ်နေသော မောဟိုက်သံကဲ့သို့ စိတ်ကြည်နူးခြင်း ဖြစ်သောအသံမျိုးသည် ကျွန်ုပ်၏နားထဲတွင် တစ်ကြိမ်တစ်ခါမျှ မကြားရဘူးချေ။

mgyoe.com

mgyoe.com

ထိုခဏ၌ တိုင်းလုံးကျော်သည် ကိုဇော်ဟိတ်၏ ပေါင်ကြားသို့ ခြေဖြင့် ခတ်လိုက်ရာ ပရိသတ်က "ဟေး မလုပ်နှင့်"ဟု ဝိုင်းအော်လိုက်ကြသဖြင့် ကျွန်ုပ်သည်လည်း သေနတ်ကို ဆွဲထုတ်လိုက်မိ၏။ သို့ရာတွင် ကိုဇော်ဟိတ်က ပေါင်တစ်ဖက်ကို လျင်မြန်စွာ လိမ်လိုက်သဖြင့် ကောင်းစွာမထိချေ။ ထိုအချိန်မှ စ၍ ကိုဇော်ဟိတ်သည် တိုင်းလုံးကျော်၌ ညစ်ချင်စိတ်ပေါ်လာခြင်းကို ရိပ်မိသဖြင့် လျင်မြန်စွာ ပြီးစေခြင်းငှာ ခံစစ်မှ တိုက်စစ်သို့ ပြောင်းရန် ပြင်ဆင်လေတော့၏။ တိုင်းလုံးကျော်သည် လျှာထွက်မတတ် မောဟိုက်နေပြီဖြစ်ရာ ကိုဇော်ဟိတ်သည် လက်ဝဲလက်ယာတို့မှ မိုးသီးမိုးပေါက်ကဲ့သို့ တိုင်းလုံးကျော်၏ မျက်နှာနှင့် အရှိက်တွင် ဖျိုးဖျိုးဖျောင်းဖျောင်း ဒိုးဒိုးဒေါင်းဒေါင်း မြည်သည့်တိုင်အောင် လက်သီးမိုး ရွာချလေ၏။ ထိုအတောအတွင်း၌ ကိုဇော်ဟိတ်၏ နဖူးနှင့်ရင်ဘတ်တို့တွင် လက်သီးတစ်ချက်စီ မိသွားသော်လည်း မောသည့်အတွက် အားပျော့နေသော တိုင်းလုံးကျော် ဖြစ်နေသောကြောင့် ယိမ်းယိုင်သွားလောက်အောင် မရှိတော့ချေ။ ထိုခဏ၌ ကိုဇော်ဟိတ်သည် ကိုယ်ကို အနည်းငယ် ငုံ့လျှိုး၍ တိုင်းလုံးကျော်၏ ရင်ဝကို ထိုးတော့မည်ဟန် ပြုလိုက်သဖြင့် တိုင်းလုံးကျော်က လက်ကို အောက်သို့ နှိမ့်ချ၍ ကာကွယ်ဆဲတွင် ကိုဇော်ဟိတ်သည် ကိုယ်ကို ရုတ်တရက် ဆန့်တန်းလျက် တိုင်းလုံးကျော်၏မေးစေ့အောက်သို့ ခြေဖျားထောက်ရင်း ကော်သတ်လိုက်လေရကား လက်သီးအရှိန် ကိုယ်အရှိန်နှင့် ခြေထောက်အရှိန်တို့ပါ စုပေါင်းရောသွင်းလိုက်ခြင်းဖြစ်သောကြောင့် သမံတလင်းပေါ်သို့ ဘိလိယက်ဘောလုံးကျသွားခြင်းကဲ့သို့ ဒေါက်ခနဲ မြည်သောအသံကြီး ပေါ်ထွက်လာလေ၏။

ထွားကျိုင်းလှသော တိုင်းလုံးကျော်မှာ လက်သီးအရှိန်ကြောင့် တစ်ပတ်တိတိ လည်သွားပြီးမှ ဒူးများ ညွတ်ကွေးသွားပြီးလျှင် ကြမ်းပေါ်သို့ ဟပ်ထိုးလဲကျသွားလေတော့၏။ တိုင်းလုံးကျော်မှာ ငှက်ပျောတုံး၊ လက်ပံတုံးသဖွယ် ကြမ်းပေါ်တွင် မလှုပ်မရှားဘဲ မှောက်လျက်ကြီး စင်းနေလေတော့၏။

ပထမ၌ ပရိသတ်တို့သည် ကြောင်တောင်ကြီး ငေးကြည့်နေကြသေး၏။ ထို့နောက်မှ အံ့သြခြင်း ပြေပျောက်၍ အသံထွက်နိုင်ကြသောအခါ၌ ပေါ်ထွက်လာသော သြဘာသံကြီးမှာ နားများပွင့်ထွက်မတတ် ဆူညံလှပေတော့၏။

ကျယ်လောင်စွာ ဟစ်အော်လျက်ရှိသော ပရိသတ်တို့အနက် အခြားသော အသံမျိုးကိုလွှမ်း၍ ပေါ်ထွက်လာသော တစ်ဘက်လှ၏အသံဖြင့် "ဟောဒါမှ ငါတို့လူကွ၊ ကိုဇော်ဟိတ်တဲ့ဟေ့။ ကြားဖူးရဲ့လား။ ဟောဒါမှ ယောကျ်ားအာဇာနည်ကွ" စသည်ဖြင့် မရပ်မနား ကုန်းအော်လျက်ရှိ၏။

ကိုဇော်ဟိတ်မှာမူ အဝတ်များကို လျင်မြန်စွာဝတ်၍ "ဟို လင်မယားကို ကျွန်တော်တို့အိမ် ခေါ်ခဲ့ပေတော့ဗျာ။ ဒီမှာနေလို့ မဖြစ်ပေဘူး"ဟု ကျွန်ုပ်အား

mgyoe.com

mgyoe.com

မှာထားပြီး အလစ်သုတ်သွားလေ၏။ ကျွန်ုပ်သည် သတိကောင်းစွာ ရနေပြီ ဖြစ်သော ခင်မောင်ကြီးနှင့်ဇနီး ခင်စက်မေတို့အား ကိုဇော်ဟိတ်မှာခဲ့သော စကားကို ပြောပြသဖြင့် ကျွန်ုပ်တို့၏တဲသို့ ချက်ချင်းပင် လိုက်ပါလာကြလေ၏။ တဲသို့ ရောက်ကြသောအခါ ကိုဇော်ဟိတ်သည် အပန်းပြေသောက်နေသော အရက် ခွက်ကို သွန်ပစ်ခဲ့၍ ညော့်သည်လင်မယားအား ဧည့်ခံလေရာ ခင်မောင်ကြီးမှာ ရှုန့်တန့်တန့် ဖြစ်နေသော်လည်း ခင်စက်မေမူကား ကျေးဇူးတင်စကားပြော၍ မဆုံးနိုင်အောင် ရှိလေတော့၏။

လင်။ ။"ကျွန်တော်သတိရလာတော့ ခင်ဗျားတို့ သတ်နေတာ မြင်ပါရဲ့။ ဒါတောင် ခင်ဗျားမှန်း မသိသေးဘူး ဦးဇော်ဟိတ်ရာ"

မယား။ ။"ကိုဇော်ဟိတ်က တခြားကြောင့်မဟုတ်ဘူး ကျွန်မတို့ အတွက် သူ့ဝင်သတ်တာ ရှင်ကြီးရဲ့"

လင်။ ။"ရိပ်မိပါတယ်ဗျာ။ ကျေးဇူးလည်းတင်ပါရဲ့။ ဒါပေမဲ့ ကိုယ်ရေးကိုယ်တာမှာ ကိုယ့်ဟာကိုယ် မစွမ်းဆောင်နိုင်လို့ သူတစ်ပါးက ဝင်ကူ ရတယ်ဆိုတာ သိပ်ခွကျတာပဲဗျ။ သို့သော် ကျေးဇူးကန်းလို့ မဟုတ်ပါဘူးဗျ။ ခင်ဗျားကို ကျွန်တော် သိပ်ပြီး ကြည်ညိုပါတယ်"

ဟိတ်။ ။"တည့်တည့်ပြောရလျှင် ဟိုနှစ်လောက်တုန်းကဆိုလျှင် ကျုပ် ဒီလို လုပ်ကောင်းမှ လုပ်မယ်။ ခုတောင်မှ ဟောဒီက ခင်စက်မေ မပါလျှင် လုပ်ချင်မှ လုပ်ဖြစ်မယ်"

ယင်းသို့ ပြောဆိုရင်း စဉ်းစားနေရင်းမှ တစ်ဖန်. . .

ဟိတ်။ ။"ကူတော့ ကူမှာပါပဲလေ။ ခွန်အားခြင်း မတူဘဲနှင့် ဟိုကောင်ကြီးကို ခင်ဗျား ဝင်တွယ်လိုက်တဲ့အတွက် သတ္တိကိုလည်း ကျုပ် ချီးကျူးပါတယ်ဗျာ။ လူတိုင်းလည်း ဗလမကောင်းနိုင်ပေဘူးဗျ"

လင်။ ။"ဟုတ်တော့ ဟုတ်ပါတယ်လေ။ နို့ပေမယ့် သတ္တိရော ဗလရော ကောင်းလျှင် သာကောင်းတာပေါ့ဗျာ"

ဟိတ်။ ။"မထင်နဲ့လေ မိတ်ဆွေ။ တချို့က ဗလတို့ သတ္တိတို့ကို နားမလည်ဘဲ မျက်နှာလှတာ ရီးတာလောက်ပဲ မြင်တတ်တဲ့ မျက်စိမျိုးလည်း ရှိသေးသဗျ"

မယား။ ။"ဟင်းနော် ကိုဇော်ဟိတ် ကျွန်မကို ရှင်အသိသားနဲ့။ မကျီစားနဲ့နော်"

ဟိတ်။ ။"တောင်းပန်ပါတယ်။ ဟိုတုန်းကတော့ ဒီလိုပဲ ယူဆမိပါ တယ်။ ဒီနေ့ကျတော့မှ မျိုးရိုးနဲ့ ရုပ်ရည်သာမက သတ္တိလည်းရှိကြောင်းကို ကိုယ်တိုင် မြင်ရပါပေတယ်"

mgyoe.com

mgyoe.com

မယ်ား။ ။"စကားကြော ရှည်မနေနှင့်၊ ရှင့်ကို လူပျိုကြီး ဘဝမှာ ကြာကြာထားလို့ မဖြစ်ဘူး။ မန္တလေးရောက်တော့ ကျွန်မတို့အိမ်ဝင်ခဲ့။ ရှင့်ကို နေရာချထားပေးရမယ်။ ကြားလား"

ဟိတ်။ ။"ဟုတ်ကဲ့။ ရောက်လျှင်တော့ ဝင်ရတာပေါ့"

လင်။ ။"ဝင်တာပေါ့မလုပ်နဲ့ ဆရာ။ မဝင်လျှင်တော့ တိုင်းလုံး ကျော်နှင့်သတ်ပြီး ကျုပ်နှင့်ခင်ဗျား သတ်ဖို့ပြင်ထားပေတော့"

●

သွေးသောက်မဂ္ဂဇင်း
၁၉၄၉၊ ဖေဖော်ဝါရီလ။

mgyoe.com

mgyoe.com

# တိုင်းလုံးကျော်၏ လက်တုံ့ပြန်ခြင်း

မိန်းမသားတစ်ယောက်ကို ယောကျ်ားနှစ်ယောက်က ဝိုင်းပိုး၍ တစ်ယောက်သောသူက လူရေးသာသဖြင့် အောင်ပန်းဆွတ်သည့်အခါ 'ဖိုးကျန်ရစ်' ဖြစ်ရသူ ယောကျ်ားမှာ စိတ်ထဲ၌ မစူးမရဲ ဖြစ်ရခြင်းမှာ လောကဓမ္မတာဖြစ်၏။ ဖိုးကျန်ရစ်သည် 'ဖိုးအောင်'၌ မိမိထက် ထူးကဲသာလွန်သော အရည်အချင်းမျိုးရှိခြင်းကို ဝန်ခံရန် မတတ်နိုင်ဘဲ၊ ထိုမိန်းမ၏ 'မျက်စိကြည့်' လွဲခြင်းကိုသာ တောက်တခေါက်ခေါက်ဖြင့် မကျေမချမ်းဖြစ်ကာ အပြစ်ဆိုချင်တတ်၏။ မိမိထက် အကယ်သာပါပေသည်ဟု ဖြောင့်ချက်ပေးကာ ဝန်ခံနိုင်သော ယောကျ်ားမျိုးမှာ တစ်ရာလျှင် တစ်ယောက်မျှ ရှိကောင်းရှိပေလိမ့်မည်။

ကျွန်ုပ်မိတ်ဆွေ ကိုဇော်ဟိတ်မှာ ခင်စက်မေက ဖယ်ထားခဲ့၍ ရွှေလုံဗိုလ်၏မြေး ခင်မောင်ကြီးနှင့် ထိမ်းမြားလက်ထပ်သည်တွင် ယောကျ်ားတို့၏ ထုံးစံအတိုင်း တကယ့်အရည်အချင်းရှိသော မိမိအားဖယ်ထား၍ 'လူ့ပေါက်ပန်း' မျှသာဖြစ်သော ခင်မောင်ကြီးကို စုံမက်သည်ဟု ယူဆသည့်အလျောက် တစ်နေ့ ရာရာ တစ်ခါခါ၌ လူစွမ်းပြဖို့ အခွင့်ကောင်းရလို၏ဟု မျှော်လင့်ဟန်တူ၏။ လောက၌ 'ဖိုးကျန်ရစ် ဖြစ်ရသူ ဟူသမျှလည်း ဤနည်းအတိုင်းပင် မျှော်လင့်ကြပေလိမ့်မည်။ သို့ရာတွင် များစွာသော ဖိုးကျန်ရစ်တို့မှာ မိမိတို့ တောင့်တသည့်အတိုင်း လူစွမ်းပြဖို့ အခွင့်ရခဲလှသော်လည်း ကိုဇော်ဟိတ်မှာမူ ဖော်ပြခဲ့သည့်

mgyoe.com

mgyoe.com
အတိုင်း လုလုကြီး လူစွမ်းပြဖို့ အခွင့်ကြုံခဲ့ရလေသည်။ ခင်မောင်ကြီးမှာလည်း ကိုဇော်ဟိတ်ကဲ့သို့ လူစွမ်းကောင်းခေါ်လောက်အောင် မဟုတ်စေကာမူ သူရသတ္တိ မည့်သည့်အဖြစ်ကို စာဖတ်သူတို့ တွေ့ခဲ့ရပေပြီ။ ကာယဗလမတူသဖြင့် နိုင်အောင် မသတ်နိုင်ခြင်းကား တခြား၊ နိုင်လိမ့်မည်မထင်သဖြင့် လျှော့ခံခြင်းကား တစ်ဌာန ဖြစ်၏။ များစွာသော ယောကျ်ားတို့အနက် ကိုဇော်ဟိတ်ကဲ့သို့ နိုင်အောင် ထိုးသတ်လိုသူတို့ ပေါများမည်ဖြစ်သော်လည်း ခင်မောင်ကြီးနေရာ၌ ရှိနေသည့် အခါ ခင်မောင်ကြီးကဲ့သို့ မလျှော့တမ်း သဘောထားနိုင်သူတို့ကား ရှားပါးပေ လိမ့်မည်။ အချို့ကမူ ခွန်အားချင်း မတူပါဘဲလျက် ဖက်ပြိုင်ဝံ့သော ခင်မောင် ကြီး၏သတ္တိကို ချီးကျူးဖို့ နားမလည်ဘဲ မတူဘဲတုရမည်လောဟု လူမိုက် တစ်ယောက်အဖြစ် အပြစ်တင်ကြဦးမည်လော မပြောတတ်ပေ။ မနိုင်လျှင် လျှော့ခံ၍ တိတ်တဆိတ် ချောင်းရိုက်သောအလေ့ကို အကောင်းမှတ်၍ ချီးကျူး သူများလည်း ရှေးခေတ် မြန်မာများအနက်တွင် မြောက်မြားစွာ ကြုံခဲ့ရဖူးလေ သည်။

ဟိတ်။ ။"ဟိုတုန်းကတော့ ခင်စက်မေဟာ ခင်မောင်ကြီးရဲ့ လုပ်ပုံ ကလေး သဘောကျပြီး ကြိုက်တာပဲ။ အတွင်းသဘောမှာတော့ အလကားလူ တစ်ယောက် ဖြစ်နေမှာပဲလို့ ထင်မိခဲ့ပါတယ် ဦးသိန်းမောင်။ တကယ့်အရေး ဆိုတော့ ကိုယ့်လူက မခေလှဘူးဗျ"

နံ့ပ်။ ။"လူအမျိုး ကြက်အရိုးတဲ့။ မျိုးရိုးကောင်းတဲ့လူမျိုး သိပ် မခေဘူးပေါ့ဗျာ။ ဒါထက် ခင်စက်မေနှင့် ခင်ဗျားနှင့် ဘယ်အဖြစ် ရောက်ခဲ့ ကြဖူးသလဲဗျ"

ဟိတ်။ ။"အမှန်ပြောရမှာဖြင့် တစ်ဘီးလိမ့်ဆိုတဲ့ စကားလိုပါပဲ။ ကျွန်တော်က ကြိုက်လို့ပိုးပေးမယ့် သူ့ပါးစပ်က ချစ်ပါတယ် ကြိုက်ပါတယ်လို့ ပြန်ပြောဖူးသေးတာတော့ မဟုတ်ပါဘူး။ သို့သော် ကျွန်တော် ထင်တယ်ဗျ။ ကိုခင်မောင်ကြီး ပေါ်မလာလျှင်တော့ ခင်စက်မေဟာ ကျွန်တော့်ကို လက်ခံမှာ အမှန်ပဲဗျ"

နံ့ပ်။ ။"ဟုတ်ကဲ့။ လောကမှာ ယောကျ်ားဆိုလို့ ခင်ဗျား တစ် ယောက်တည်း ရှိတယ်ဆိုလျှင်တော့ ခင်ဗျားနှင့် ရဖို့ပေါ့လေ"

ဟိတ်။ ။(ပြုံးရယ်လျက်) "နှိမ်လိုက်လေ ဆရာကြီးရယ်၊ ကျွန်တော် ဒီလောက်ပဲ အရုပ်ဆိုးသလားဗျ"

နံ့ပ်။ ။"အရုပ်ဆိုးလို့တော့ မဟုတ်ပါဘူးဗျာ။ ခင်ဗျားက လူဖြစ်တာ နေရာလွဲနေလို့ပါ"

ဟိတ်။ ။"ဟင် လာပြန်ချေသေး။ ဘယ်ပုံ လွဲတာလဲဗျ"
mgyoe.com

mgyoe.com

နို်ပ်။ ။"လွဲဆို ဒီလိုပါ။ အနောက်တိုင်းသူများကတော့ ခင်ဗျားလို ထောင်ထောင်မောင်းမောင်း ခံ့ခံ့ညားညား သန်သန်မာမာမျိုးကို သဘောကျဆိုပဲ။ ကျုပ်တို့ဆီက မိန်းမတွေကတော့ သျှောင်တွဲကလေးထုံးပြီး လုံချည်မျက်စိဖုံးနှင့် တို့ပတ်ကလေး ဟယ်ဇလင်စနိုးကလေးနှင့်မှဗျ။ ကြိုက်ချင်တတ်တယ်ဗျ"

ဟိတ်။ ။"ဒါတော့ ကျွန်တော့် ကံပဲလေဗျာ။ သူတို့ မကြိုက်လို့ မိန်းမမရလည်း အေးတာပါပဲ။ သို့သော် ခေတ်ပြောင်းကောင်းပါသေးလားဗျာ"

နို်ပ်။ ။"ပြောင်းတော့ ပြောင်းစပြုနေပါပြီ။ အဲဒီတော့မှပဲ ယူပေတော့ဗျာ"

ဟိတ်။ ။"ကိုင်း. . .ဦးသိန်းမောင်၊ ဒီ အရပ်မှာနေရတာ ကျွန်တော် ငြီးငွေ့လာပြီဗျာ။ တစ်နေရာ ပြောင်းကြစို့လား"

နို်ပ်။ ။"ကျုပ် ဒီလို သဘောရတာပဲ။ ဘယ်ဆီ သွားမလဲ"

ဟိတ်။ ။"မန္တလေးဘက် သွားကြစို့လားဗျာ"

နို်ပ်။ ။"စိန်လိုက်ဗျာ။ ဘယ်တော့လဲ"

ဟိတ်။ ။"ဒီနေ့ သွားကြစို့။ သင်္ဘောတော့ မရှိဘူး။ လှေငှားပြီး စုန်ကြစို့"

နို်ပ်။ ။"ဒီက ကျောက်တွင်းအလုပ်ကောဗျာ"

ဟိတ်။ ။"ဘာခက်သလဲ ဦးသိန်းမောင်၊ တစ်ဘက်လှကို ပေးပစ်ခဲ့တာပေါ့"

နို်ပ်။ ။"ရက်စက်လှချေလားဗျာ"

ဟိတ်။ ။"ကျွန်တော့် ဝါသနာက မလိုချင်ဘူးဆိုမှဖြင့် လွှင့်ပစ်ရက်တဲ့ အကောင်ဗျ"

ထိုနောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်အတူ ဖက်စပ် အလုပ်လုပ်လျက်ရှိသော တစ်ဘက်လှကိုခေါ်၍ အကျိုးအကြောင်းပြောပြရာ တစ်ဘက်လှမှာ ငွေတစ်ထောင်ကျော် ရင်းနှီးထားသော လုပ်ငန်းတစ်ခုကို အလကားရမည့်အတွက် ဝမ်းမြောက်သော်လည်း၊ လူချင်း ခင်မင်နေကြပြီဖြစ်သောကြောင့် ခွဲခွာရမည့်အတွက် ဝမ်းနည်းစကား ပြောရှာ၏။

လှ။ ။"ဒီလောက် အခြေအနေမျိုး ကျွန်တော် မရောက်တာ အတော် ကြာခဲ့ပြီမို့ အလကားပေးမယ်ဆိုတာ ဝမ်းတော့သာပါတယ် ခင်ဗျာ။ သို့သော် ခင်ဗျားတို့လို မြို့ကြီးသားတွေနှင့် ပေါင်းသင်းရတာ ကျွန်တော့်မှာ ဗဟုသုတတိုးပြီး မကြောင့်မကြ မတောင့်မတဆိုတာလို မှန်မှန်ကြီး စားသောက်နေထိုင်ရလို့ သိပ်ကျေနပ်နေတာ ခင်ဗျာ။ ဒီလိုဆိုလျှင် ကျွန်တော့်မှာ တာဝန်ကြီး ထမ်းရဦးတော့မှာပေါ့"

mgyoe.com

mgyoe.com

ကျွန်ုပ်တို့သည် ကင်းပ်ကော့၊ သံသေတ္တာစသော ခရီးဆောင်ပစ္စည်းများကို ထုပ်ပိုးချည်နှောင်ကြစဉ်၊ တစ်ဘက်လှအား မြစ်ဆိပ်သို့ လှည်းတစ်စီးရှာဖွေငှားရမ်းခဲ့ရန် စေတ္တလွှတ်လိုက်လေ၏။ မကြာမီ မိတ်ဆွေတစ်ယောက်ရောက်လာ၍. . .

မိတ်။ ။"ခင်ဗျားတို့ ဘာလုပ်နေကြတာလဲ"

ဟိတ်။ ။"မန္တလေး သွားလိုက်ဦးမယ်ဗျာ"

မိတ်။ ။"အောင်မယ်၊ ကောင်းတယ်ဗျို့။ ခင်ဗျားတို့ ရှောင်နေတာကောင်းတယ်"

မိတ်။ ။"တိုင်းလုံးကျော်ကြောင့် ပြောတာပေါ့ဗျ"

ဟိတ်။ ။"တိုင်းလုံးကျော်၊ ဘာဖြစ်သလဲ"

မိတ်။ ။"မနေ့ညတုန်းက နောက်ကောက်ကျအောင် ထိုးလှဲလိုက်လို့မေ့သွားရာက သတိရလာတော့ တိုင်းလုံးကျော်က ကြမ်းပေါ်မှာထထိုင်ပြီးမျက်လုံးများ ပွတ်ကြည့်သေးတယ်။ ပထမတော့ သူ့ဟာသူ ဘာဖြစ်လို့ဘယ်ရောက်နေမှန်း သိဟန်မတူဘူး။ တော်တော်ကြာတော့မှ သတိလည်းရလာပါလေရော ဖြုန်းဆို ထထိုင်ပြီး ဟိုကြည့်ဒီကြည့်နှင့် ခင်ဗျားကို ရှာသေးတယ်ဗျ။ နောက်ဆုံးမှာ ခင်ဗျားကို မမြင်တော့မှ သူ့ဟာသူ တောက်ခေါက်ပြီးဘယ်သူမှ ဘာတစ်ခွန်းမှမပြောဘဲ ဟိုတယ်ထဲက ထွက်သွားလေရဲ့။ တိုင်းလုံးကျော်ဆိုတဲ့လူက လူညစ်ဗျနော်။ ရန်ငြိုးလည်း အင်မတန်ကြီးတယ်။ ရိုးရိုးနှင့်မနိုင်လျှင် ညစ်ပေါက်ရှာပြီး လက်တုံ့ပြန်တဲ့ လူတစ်ယောက်ဗျ။ ဩော် မိတ်ဆွေဘာလုပ်တာလဲ"

ဤသို့ မေးလိုက်ခြင်း၏အကြောင်းရင်းမှာ ကိုဇော်ဟိတ်သည် ကင်းပ်တော့ကို ကြိုးဖြင့် ချည်တုပ်နေရာမှ တစ်ဖန်ပြန်ဖြည်၍ ဖြန့်ခင်းနေသည်ကိုတွေ့မြင်ရသောကြောင့် ဖြစ်ပေ၏။

နှ်ပ်။ ။" မသွားတော့ဘူးလားဗျို့ ကိုဇော်ဟိတ်"

ဟိတ်။ ။" ဒီကနေ့တော့ မသွားတော့ဘူးဗျာ။ သူ့ကြောက်လို့ထွက်ပြေးတယ် မှတ်နေရော့မယ်"

နှ်ပ်။ ။"မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ ဘာမျှ မကြားခင်က သွားဖို့ဆုံးဖြတ်ထားတာကပဲ"

ဟိတ်။ ။"ဒီလောက်ဆိုရင် ကျွန်တော့်ဝါသနာကို ဦးသိန်းမောင်သိလောက်ပြီ ထင်ပါတယ်။ ဘာပဲပြောပြော၊ ဒီကနေ့တော့ မသွားဘူးဗျာ"

ထိုအခါ တိုင်းလုံးကျော်အကြောင်း ပြောလာသောလူမှာ မျက်စိမျက်နှာမလှဘဲ ဆင်းပြေးလေရာ တစ်ဘက်လှ ရောက်လာ၍ လှည်းငှားခဲ့ကြောင်း

mgyoe.com

mgyoe.com

ပြော၏။ ကိုဇော်ဟိတ်ကမူ လှည်းသမားအား ကတိပျက်ကွက်သည့်အတွက် လှည်းခကို နှစ်ဆပေးပါမည်ဟု ပြောရန် တစ်ဘက်လှကို စေလွှတ်၍ နက်ဖြန် နံနက်မှ လာခဲ့ဖို့ မှာထားလိုက်လေ၏။ ကျွန်ုပ်မှာ မည်ကဲ့သို့ ပြောသော်လည်း ရတော့မည်မဟုတ်ကြောင်း သိသည်နှင့် လေကုန်မခံတော့ဘဲ အထုပ်အပိုးများကို ပြန်၍ ဖြည်ရလေတော့၏။

ထိုနေ့ ညနေ၌ ကျွန်ုပ်တို့သည် လမ်းလျှောက်ရန် ထွက်လာကြသော အခါ ယမန်ညဉ့်က လက်ဖွဲ့ပွဲကို မြင်ရသူများနှင့် ဤနေရာ ထိုနေရာတို့တွင် တွေ့ဆုံမိကြလေရာ တွေ့ရသောလူတိုင်းက တိုင်းလုံးကျော် ဆိုးသွမ်းကြောင်းကို ပြောပြ၍ ကိုဇော်ဟိတ်အား ဤအရပ်တွင် မနေဘဲ တတ်နိုင်သမျှ လျင်မြန်စွာ ထွက်ခွာသွားရန် တိုက်တွန်းကြပြီး၊ ရင်းနှီးသူများကမူ တောင်းပန်ကြလေ၏။ .ကိုဇော်ဟိတ်သည် ထိုသူတို့၏ စကားကို ကြားရတိုင်း မည်သို့မျှ ပြန်မပြောဘဲ စပ်ဖြဲဖြဲမျက်နှာဖြင့် ကြည့်နေတတ်သော်လည်း ကျွန်ုပ်နှင့်အတူ နှစ်ယောက်တည်း ကျန်ရစ်သောအခါများတွင်မူကား အထူးနှုတ်ဆိတ်၍ ဣန္ဒြေကြီးသော မျက်နှာထားမျိုး ရှိနေသည်ကို တွေ့မြင်ရပေ၏။

ကျွန်ုပ်တို့သည် အိမ်မြင့်ကြီးတစ်ဆောင်အနီးမှ ဖြတ်လာကြ၍ ထိုအိမ်မြင့်ကြီးကို ကျော်လွန်မိသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် နောက်မှ အသံမကြားရသော်လည်း တစ်စုံတစ်ယောက်သောသူက ကျွန်ုပ်၏နာမည်ကို ခေါ်လိုက်ဘိသကဲ့သို့ လှည့်ကြည့်လိုသော စိတ်ဆန္ဒဖြစ်ပေါ်လာသည့်အတိုင်း နောက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်မိသည်တွင် အိမ်ကြီးအပေါ်ထပ် ပြတင်းပေါက်ခန်းဆီးကြားမှ ကျွန်ုပ်တို့အား စူးစူးစိုက်စိုက် ချောင်းကြည့်လျက်ရှိသော မျက်လုံးနှစ်လုံးကို မြင်လိုက်ရသဖြင့် ရုတ်တရက် ခြေလှမ်းပျက်၍ တန့်ခနဲ ရပ်သွားမိ၏။ ထိုမျက်လုံးနှစ်လုံးမှာ အလွန်မုန်းတီးလှ၍ ရန်ငြိုးကြီးသော လက္ခဏာရှိကြောင်းကို ချက်ချင်းပင် အကဲခတ်နိုင်ပေရာ ထိုအတွက်ကြောင့်လည်း ခြေလှမ်းပျက်သွားခြင်းဖြစ်၏။ ခန်းဆီးကြားက မြင်ရခြင်းဖြစ်သောကြောင့် မည်သူမည်ဝါ၏ မျက်လုံးများဖြစ်သည်ဟု ကျွန်ုပ်မပြောနိုင်သော်လည်း စူးစိုက်ပုံနှင့် မုန်းတီးပုံကို တွေ့ရခြင်းအားဖြင့် တိုင်းလုံးကျော်ဖြစ်ရမည်ဟု ကျွန်ုပ်တွေးမိ၏။ စိတ်ထဲကလည်း ထိုကဲ့သို့ပင် သိ၏။ သို့ရာတွင် မျက်နှာကိုမူကား မြင်ခဲ့ရသည် မဟုတ်ချေ။

"ဘာကြည့်တာလဲဗျ"ဟု ကိုဇော်ဟိတ်က မေးသော်လည်း ကျွန်ုပ်သည် တိုင်းလုံးကျော်၏နာမည်ကို ကြားရတိုင်း ကိုဇော်ဟိတ်၌ ဒေါမနဿစိတ် ပွားများသည်အဖြစ်ကို ရိပ်မိသည်နှင့်၊ "ဘာမှ မဟုတ်ပေါင်ဗျာ။ ဘယ်သူ့အိမ်လဲလို့ ကြည့်မိတာပါ"ဟု ပြန်ပြောလိုက်လေ၏။ ထိုညဉ့်၌ ကျွန်ုပ်သည် အိပ်ရာထဲတွင် ရုတ်တရက်အိပ်မပျော်နိုင်ဘဲ တလိမ့်လိမ့် တလွန့်လွန့် ဖြစ်လျက် မျက်လုံး

mgyoe.com

mgyoe.com

နှစ်လုံးတို့သည်သာလျှင် ကျွန်ုပ်၏မျက်နှာအနီး၌ တဝဲဝဲတရစ်ရစ်ဖြစ်နေတော့ပေရာ စိတ်ထဲ၌လည်း တိုင်းလုံးကျော်ကို မကြာခဏသတိရလျက် နက်ဖြန်သွားရမည့် ခရီးအတွက် စိုးရိမ်သောကဖြစ်နေပြီးလျှင် မန္တလေးသို့ရောက်ပြီး ဖြစ်ချင်သောစိတ် ဆန္ဒသည်သာလျှင် ပြင်းထန်စွာပေါ်လျက်ရှိလေတော့၏။

နောက်တစ်နေ့ နံနက်စောစော၌ ကျွန်ုပ်တို့သည် ပစ္စည်းကလေးများကို လှည်းပေါ်သို့တင်ကြပြီးနောက် တစ်ဘက်လှကို နှုတ်ဆက်၍ မြစ်ဆိပ်သို့ မောင်းနှင်လာခဲ့ကြလေရာ လမ်းခရီးမှာ ခြောက်မိုင်ခန့်မျှသာရှိသော်လည်း အလွန် လူပြတ်သော လမ်းဖြစ်သည့်အပြင် ခေတ်ဆိုးကြီးဖြစ်သောကြောင့် ဘေးအန္တရာယ်တစ်ခု မက ဆယ်ခုတွေ့မည်ဆိုလျှင်လည်း တွေ့နိုင်လောက်ပေ၏။ သဘော်များ အစုန်အဆန်ဆိုက်ကပ်သော နေ့ရက်များတွင် အဆိုပါလမ်း၌ ခရီးသည် မပြတ် လှသော်လည်း ကြားရက်မျိုးတွင်မူကား တစ်နေကုန်သော်လည်း ခရီးသွား တစ်ယောက်တလေမျှပင် ရှိချင်မှရှိတတ်ပေ၏။

ကျွန်ုပ်တို့သည် နံနက်ခြောက်နာရီခန့်တွင် ထွက်လာခဲ့ကြ၍ တစ်နာရီ ကျော်မျှ မောင်းနှင်ခဲ့ကြသော်လည်း ကျောက်တုံးကျောက်ခဲများထူထပ်လှသော တောင်ကြားလမ်းဖြစ်သည့်အပြင် နွားများမှာလည်း ခပ်ညံ့ညံ့ဖြစ်သောကြောင့် ခရီးနှစ်မိုင်မျှလောက်ထက် ပိုမိုပေါက်ရောက်ခဲ့သည်မထင်ပေ။ တစ်ဘက်တစ်ချက်၌ တောင်ကမ်းပါးယံတို့သည် မတ်စောက်စွာမြင့်တက်သွားလေရာ ကျောက်တုံးကြီး များသည် တောင်စောင်းတလျှောက်တွင် အနံ့အပြားရှိနေကြသည်ဖြစ်သောကြောင့်၊ ကျွန်ုပ်သည် လှည်းပေါ်မှ ဝဲယာသို့ မော့်ကြည့်မိရာတွင် ထိုကျောက်တုံးကြီးများ နောက်မှ စောင့်နေသောလူတစ်ယောက်သည် ကျွန်ုပ်တို့နှစ်ယောက်ကိုသာမက လှည်းသမားကိုပါ တစ်ချက်စီသေနတ်နှင့်ပစ်သတ်မည်ဆိုလျှင် ကျွန်ုပ်ထို့က မည်သို့မျှမတတ်နိုင်ဘဲ ခံကြရမည်ဟူ၍ စိတ်ကူးမိသေး၏။ ကျွန်ုပ်မှာ စွန့်စားခြင်း အလုပ်၌ဝါသနာပါခဲ့သည့်အလျောက် သေနတ်ကိုယ်စီဖြင့် အပြန်အလှန်ပစ်ကြမည် ဆိုလျှင် သူ့ကံကိုယ့်ကံ၊ သူ့လက်စွမ်းကိုယ့်လက်စွမ်းဆို၍ ပြုလုပ်ဝံ့သော်လည်း တစ်ဘက်သတ် သက်သက် အပစ်ခံရမည်ဆိုပါမူကား မတုန်လှုပ်ဘဲ မနေနိုင်ပေ။ သို့ဖြစ်၍ အထက်ပါစိတ်ကူးဖြစ်ပေါ်လာသည်တွင် ကျောထဲက စိမ့်ခနဲ ချမ်း၍ တက်သွားမိလေ၏။

ခရီးတစ်ဝက်ခန့် ပေါက်ရောက်လတ်သော ကျွန်ုပ်တို့သည် အလွန် မတ်စောက်၍ တစ်ဖာလုံခန့်ရှည်သော ကုန်းတက်ကလေးတစ်ခုကို တက်ကြပြီး နောက် ထိပ်သို့ရောက်ကြရာတွင် နွားများမှာ မတ်စောက်သောကုန်းမြင့်ကြောင့် မောဟိုက်လျက်ရှိကြသဖြင့်၊ လှည်းသမားအား ခေတ္တရပ်နားရန် ပြောကြား၏။ ကိုဇော်ဟိတ်သည် ခြောက်လုံးပြူးသေနတ်ကို ခါးထိုးလျက် ကိုယ်လက်

mgyoe.com

သုတ်သင်ရန် လှည်းပေါ်မှ ဆင်းသွားလေရာ ကျွန်ုပ်သည်လည်း လှည်းပေါ်၌ လှည်းသမားနှင့်အတူ ထိုင်လျက် ကျန်ရစ်စဉ် တောင်ကုန်း၏အခြားဘက်မှ မြင်းခွာသံများကြားလိုက်ရသည်ဟု မှတ်ထင်သဖြင့် လှည်းသမားအား မေးမြန်းစုံစမ်းလေ၏။ တောင်ကုန်း၏အခြားဘက်၌ လှည်းလမ်းမရှိဘဲ ခြေလျင်ဖြစ်စေ၊ မြင်းလှည်းနှင့်ဖြစ်စေ သွားနိုင်သည့် လမ်းကြောင်းကလေးရှိ၍ ထိုလမ်းကြောင်းကလေးလည်း မြစ်ကမ်းသို့ ရောက်နိုင်သည်ဟု သိရှိရ၏။ ကိုဇော်ဟိတ်ပြန်ရောက်လာ၍ ကျွန်ုပ်က ပြောပြသောအခါ ကိုဇော်ဟိတ်မှာ အခြားဘက်သို့ သွားခဲ့ခြင်းဖြစ်သောကြောင့် မည်သည့်အသံကိုမျှ မကြားခဲ့သည့်အပြင် ကျွန်ုပ်အားလည်း သွေးလန့်နေသဖြင့် ကျောက်တုံးကျောက်ခဲများ လိမ့်ကျသောအသံကို မြင်းခွာသံ မှတ်ထင်နေဟန်တူသည်ဟု ပြက်ရယ်ပြု၍ ပြောသေး၏။ စင်စစ်မှာ ကျွန်ုပ်တို့၌ ခြောက်လုံးပြူးသေနတ်တစ်လက်စီနှင့် ဓားမြှောင်တစ်ချောင်းစီမှတစ်ပါး အခြားလက်နက်မပါသည်ဖြစ်သောကြောင့် ရန်သူတစ်ယောက်ယောက်က ကိုက်ငါးဆယ်ခန့်မှ ရိုင်ဖယ် သို့မဟုတ် နှစ်လုံးပြူးသေနတ်ကြီးဖြင့် ပစ်ခတ်ခဲ့လျှင် အန်တုဗလ မပြုနိုင်ဘဲ အချောင်အသေခံရမည်ဟု အောက်မေ့မိသေး၏။

ကျွန်ုပ်တို့သည် ဆက်လက်မောင်းနှင်လာခဲ့ကြ၍ လေးဖာလုံခန့် ခရီးလောက်ရောက်သောအခါ ကျွန်ုပ်တို့နောက်မှ မြင်းခွာသံများကြားရသဖြင့် နားစွင့်ကာ ထောင်နေကြသည်တွင် ချိုင့်ဝှမ်းသောအရပ်မှတက်လာသည့်မြင်းစီးခရီးသည်တစ်ယောက် ဘွားခနဲ ပေါ်ပေါက်လာလေ၏။ ကျွန်ုပ်တို့သည် မျက်စိသို့ ထိုးဝင်သောနေရောင်ခြည်ကို လက်ဖြင့်ကာကွယ်ကြည့်လိုက်မိသည်တွင် မြင်းပေါ်မှ လူမှာ အခြားမဟုတ်။ တစ်ဘက်လူပင်ဖြစ်သည်ကို တွေ့ရသဖြင့် အံ့အားသင့်လျက်ရှိကြ၏။ တစ်ဘက်လူသည် မြင်းရောလူပါ မောဟိုက်စွာဖြင့် လှည်းအနားစိုင်းလာ၍. . .

လူ။ ။"တိုင်းလုံးကျော်နှင့် သူ့တပည့် ရွာလုံးပြုတ် မြင်းတစ်စီးစီနှင့် ထွက်သွားတယ် ဆရာတို့။ ကျုပ်ကြည့်နေမှန်းသိလို့ အရှေ့ဘက် ထွက်ချင်ယောင်ဆောင်ပြီး မျက်ခြည်ပြတ်တော့မှ အနောက်ဘက်ချိုးပြီး လိုက်သွားကြတယ်။ ကျုပ်က ခင်ဗျားတို့ကို စိတ်မချလို့ မြင်းတစ်စီးငှားပြီး လိုက်ကြည့်လာတယ်။ အမယ်လေးဗျ"

တစ်ဘက်လူသည် အထက်ပါစကားကို ပြော၍မဆုံးမီ ကျွန်ုပ်တို့သည် သေနတ်သံနှစ်ချက် တစ်ဖြိုင်နက်ကဲ့သို့ ကြားလိုက်ရပြီးနောက် တစ်ဘက်လူစီးလာသော မြင်းမှာ ရုတ်တရက်ခွေကျသွား၍ တစ်ဘက်လူကိုယ်တိုင် မြင်းနှင့်အတူ ခွေကျသွားလေ၏။ ကျွန်ုပ်မှ တစ်ဘက်လူဖြစ်ပုံကို ငေးကြည့်နေမိစဉ် ရှေ့သို့ထိုးစိုက်သွားသည်နှင့် လှည်းဦးသို့ လှည့်ကြည့်လိုက်မိသည်တွင် လက်ဝဲ

mgyoe.com

mgyoe.com
ဘက်၌ တပ်ထားသော နွားတစ်ကောင်မှာ ထိုးလဲသွား၍ လှည်းဦးနိမ့်ဆင်းသွားသည့်အတွက်ကြောင့် ဤကဲ့သို့ဖြစ်ရသည့်အကြောင်းကို ရိပ်မိလေတော့၏။

ကိုဇော်ဟိတ်သည် လှည်းပေါ်မှ ရုတ်တရက်ခုန်ဆင်းကာ "မြောက်ဘက်ကို ပြေးကြ။ တည့်တည့်မပြေးနှင့်။ ကွေ့ကောက်ပြေး။ ကျောက်တုံးကြီးတွေနောက်မှ ကပ်ပုန်းကြ"ဟု ပြောပြောဆိုဆို မြောက်ဘက်သို့ ပြေးသွားလေရာ ကျွန်ုပ်တို့နှင့် တစ်ဘက်လှသည် ကိုဇော်ဟိတ်နောက်သို့ ပြေးလိုက်ကြသဖြင့် လှည်းသမားလည်း နောက်မှပြေးလိုက်လာလေ၏။ အခြားနေရာများ၌ လှည်းလမ်းလည်း တောင်ကမ်းပါးယံနှစ်ဘက်ကြားမှ ကျဉ်းမြောင်းစွာတည်ရှိသော်လည်း ထိုနေရာ၌မူကား လက်ဝဲဘက် တောင်ကမ်းပါးယံသည်သာ နီးကပ်စွာတည်ရှိ၍ လက်ယာဘက် တောင်ကမ်းပါးယံမှာမူ ပေတစ်ရာကျော်ခန့် ကွာလှမ်းသည်ဖြစ်၍ ညီညာပြန့်ပြူးစွာရှိနေသော မြေပြင်တစ်လျှောက် ဖြတ်ကျော်ပြေးလွှားပြီးမှ ကျောက်တုံးကျောက်ခဲကြီးများရှိသော တောင်ကမ်းပါးယံသို့ ဆိုက်ရောက်ကြမည်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် တစ်ယောက်ကိုတစ်ယောက် ဆိုင်းငံ့ဖို့ သတိမထားနိုင်ဘဲ ခြေဦးတည့်ရာသို့ ကဆုန်စိုင်းပြေးလွှားကြစဉ် "ဒိုင်း ဒိုင်း" မြည်သောသေနတ်သံနှစ်ချက် ပေါ်ထွက်လာသည်နှင့်တစ်ပြိုင်နက်၊ အင့်ခနဲမြည်သံ၊ ဘုတ်ခနဲလဲကျသံများကို ကြားရသည်နှင့် နောက်သို့လှည့်ကြည့်လိုက်သည်တွင် လှည်းသမားနှင့် တစ်ဘက်လှတို့သည် မြေပေါ်၌ မှောက်လျက်လဲနေကြသည်ကို တွေ့ရလေ၏။ လှည်းသမားမှာ ကျောကိုဖောက်၍ နှလုံးကိုထိမှန်ထားသဖြင့် ပွဲချင်းပြီးသေဆုံးသည့် လက္ခဏာဖြင့် မလှုပ်မလှုပ်ဘဲ ငြိမ်သက်စွာရှိလေရာ၊ တစ်ဘက်လှမှာမူ ပခုံးကို ကျည်ဆံဖောက်သွားသည်ဖြစ်သောကြောင့် မြေပေါ်တွင် တွန့်လိမ်လျက်ရှိလေ၏။ ကိုဇော်ဟိတ်သည် အနည်းငယ်မျှ ဆိုင်းတွ စဉ်းစားခြင်းမရှိဘဲ ရုတ်တရက်ပြန်လှည့်၍ အခြေအနေကိုရိပ်မိသည်နှင့် တစ်ပြိုင်နက် တစ်ဘက်လှကို ကူပွေ့မည်ပြုသည်နှင့်၊ ကျွန်ုပ်သည်လည်း ရပ်တန့်၍ တစ်ဘက်လှအား တွဲခေါ်ခြင်းအလုပ်တွင် အကူအညီပေးမည်ပြုလေသည်။

ထိုခဏ၌ လှည်းလမ်းတောင်ဘက်၌ရှိသော တောင်ကမ်းပါးတွင် ကျောက်တုံးကြီးတစ်ခုနောက်မှ တိုင်းလုံးကျော်ပေါ်ထွက်လာ၍ သေနတ်ဖြင့် ချိန်ရွယ်လျက် "လက်မြှောက်လိုက်ကြ၊ ပစ်လိုက်မယ်နော်"ဟု ဟစ်အော်၍ ပြောလိုက်သည်တွင် ကိုဇော်ဟိတ်လည်း ခပ်ဆိုင်းဆိုင်းလုပ်နေသဖြင့် ကျွန်ုပ်သည်လည်း သူ၏အရိပ်အကဲကို ကြည့်နေလေ၏။ "ဒိုင်း"ခနဲ သေနတ်သံတစ်ချက် ပေါ်ထွက်လာပြန်၍၊ "အင့်"ခနဲ ညည်းလိုက်သောအသံကို ကြားရလေရာ ကျွန်ုပ်တို့လက်ဝယ်ရှိသော တစ်ဘက်လှမှာ ဦးခေါင်းငိုက်စိုက်ကျသွားသည်ကို တွေ့ကြရ၏။ "လက်မြှောက်လိုက်ကြ။ နောက်ဆုံးဝမ်နင်ပဲ။ တစ်–နှစ်–သုံး" စသည်ဖြင့်
mgyoe.com

mgyoe.com
တိုင်းလုံးကျော်က ရေရွတ်နေသည်တွင် ကျွန်ုပ်တို့သည် ဆုတ်ဆိုင်းခြင်း မရှိတော့ဘဲ၊ "နှစ်"ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် လက်များကို ညီညာစွာ မြှောက်ထားလိုက်ကြလေ၏။ တစ်ဘက်လုမှာ ကျွန်ုပ်လက်က လွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် မြေပေါ်သို့ ထိုးလဲသွားရာမှ လှုပ်ရှားခြင်းမရှိတော့ချေ။

ထိုအခါ တိုင်းလုံးကျော်သည် ရိုင်ဖယ်သေနတ်ကို ပခုံးပေါ်တွင် ထောက်လျက်ချိန်ရွယ်ကာ ကျွန်ုပ်တို့ရှိရာသို့ လျှောက်လာလေရာ၊ သူ၏နောက်မှ တပည့်တစ်ယောက်သည်လည်း ထိုနည်းအတူ ချိန်ရွယ်လျက် လိုက်ပါလာလေ၏။ အနီးသို့ ချဉ်းကပ်လာကြသောအခါ တိုင်းလုံးကျော်က သူ့တပည့်အား "သူတို့သေနတ်တွေ သိမ်းလိုက်ဟေ့"ဟု ပြောလိုက်သည်တွင် ထိုသူသည် သူ၏ ရိုင်ဖယ်ကို တိုင်းလုံးကျော်အနီးတွင် ချထားခဲ့၍ ကျွန်ုပ်တို့၏ ခြောက်လုံးပြူး သေနတ်များကို သိမ်းယူလေ၏။ တိုင်းလုံးကျော်မှာမူကား ကျွန်ုပ်တို့နှင့် ဆယ်တောင်ကွာလောက်တွင်ရပ်လျက် သေနတ်ဖြင့် ချိန်ရွယ်ထားလေ၏။ လက်နက်များသိမ်းယူပြီးသည့်နောက် တိုင်းလုံးကျော်သည် ဒေါသအလျှင်းမပါဘဲ တည်ကြည်ငြိမ်သက်သော မျက်နှာထားဖြင့် ကိုဇော်ဟိတ်အား ကြည့်လျက် "ခင်ဗျားနာမည် ဘယ်သူတဲ့။ ဦးဇော်ဟိတ်၊ ဟုတ်လား။ ကိုင်း ဦးဇော်ဟိတ်၊ ခင်ဗျားတို့အတွက် ကျုပ် စီမံထားတဲ့ကိစ္စလေး တစ်ခုရှိတယ်။ လာကြဗျာ၊ လိုက်ခဲ့ကြပေဦးတော့။ ကိုင်း လက်မြှောက်ပြီး ရှေ့ကသွားကြ။ ကျုပ်တို့က နောက်က လိုက်မယ်။ ယီးတီးယားတားများတော့ မလုပ်ကြနှင့်နော်။ ပစ်လိုက်မယ်"

ထိုအခါ ကိုဇော်ဟိတ်သည် တုန်ရီခြင်းအလျှင်းမရှိဘဲ တည်ငြိမ်အေးချမ်းလှသောအသံဖြင့် "ကျုပ်တို့ ဘယ်အထိလိုက်ရမှာလဲ"ဟု လက်ဖက်ရည်ဆိုင်သို့ ခေါ်သူတစ်ယောက်အား တုံ့ပြန်မေးမြန်းသော အနေမျိုးဖြင့် မေးမြန်းလေရာ၊ တိုင်းလုံးကျော်က "သိပ်မဝေးပေါင်ဗျာ။ ဟောဟိုဘက်က ကျောက်တုံးနားတင်ပါပဲ"ဟု ခပ်အေးအေး ပြန်ပြောလေ၏။

ကိုဇော်ဟိတ်နှင့် ကျွန်ုပ်တို့သည် ရှေ့က လက်မြှောက်ရင်း လျှောက်လာကြ၍ တိုင်းလုံးကျော်တို့က နောက်က စောင့်ကြပ်လိုက်ပါလာကြလေရာ ကျွန်ုပ်မှာ မြေကြီးပေါ်တွင် ငြိမ်သက်စွာရှိနေကြသော တစ်ဘက်လုနှင့် လှည်းသမားတို့၏ အလောင်းများကို လှမ်းကြည့်မိစဉ် "သူတို့နှင့် နေရာချင်းလဲရလျှင် ကောင်းလေစွ" ဟူ၍ပင် အောက်မေ့မိသေး၏။ ထိုအရပ်မှာ ရှေးအခါက ကျောက်တွင်းများ တူးဖော်လုပ်ကိုင်ဖူးကြ၍ ငှက်ဖျားရောဂါဖြင့် သေဆုံးသူပေါများလှသောကြောင့် "ကျောက်တွင်းသင်္ချိုင်း"ဟူ၍ အလုပ်သမားများက မှည့်ခေါ်ထားကြသည်ဖြစ်ရာ၊ ထိုအခါ၌ပင် အချို့နေရာများ၌ ကျောက်တွင်းဟောင်းများ ကြိုးတန်းလန်းဖြင့် တည်ရှိကြသေး၏။ ကျောက်တွင်းတစ်ခု၌ ကြိုးပြတ်၍ မတော်တဆဖြစ်ခဲ့လျှင်
mgyoe.com

ဆက်လက်တူးဖော်ရမည့် အလုပ်သမားမရနိုင်သဖြင့် တချို့မှာ ကြိုးတန်းလန်းနှင့်ပင် ပစ်ထားခဲ့ကြလေတော့သည်။

ကျွန်ုပ်တို့သည် ကြိုးတန်းလန်းရှိနေသော ကျောက်တွင်းတစ်ခုအနီးသို့ ရောက်ကြသောအခါ တိုင်းလုံးကျော်က "ရပ်ကြတော့"ဟု ပြောလိုက်သဖြင့် ကျွန်ုပ်တို့ တန့်ရပ်ကာ နောက်သို့ လှည့်ကြည့်လိုက်လေ၏။ တိုင်းလုံးကျော်လည်း ကိုဖော်ဟိတ်အား ပြုံးမယောင်ရှိသော မျက်နှာထားဖြင့် စိုက်ကြည့်လျက်ရှိစဉ် သူ၏တပည့်သည် အသင့် မောင်းတင်ထားသော ရိုင်ဖယ်သေနတ်ဖြင့် ဆရာ၏ နံဘေး၌ရပ်ကာ ချိန်ရွယ်ထားလေ၏။ တွင်းပေါ်၌ကား သံစက်ဘီးတစ်ခု တပ်ဆင်ထား၍ အုန်းဆံကြိုးတစ်ချောင်း တွဲရရွဲကျလျက် ရှိလေ၏။

ကျော်။ ။"မိတ်ဆွေကြီး ဦးဖော်ဟိတ်ကို အကြောင်းစုံ လင်းရဦးတော့မှာပဲ။ ဒီကျောက်တွင်းက ကျောက်ကြီးကျောက်ကောင်း အမြောက်အမြားထွက်နေရာကနေပြီး ကံအားလျော်စွာ လူတစ်ယောက်ကျ သေသွားလို့မို့ တွင်းကန်းသွားပြီး ကျောက်ကောင်းတစ်လုံးမှ မထွက်တော့ဘဲ ကျောက်ဖြုန်းနှင့် ကျောက်သလဲချည်းထွက်တာနှင့် ဥစ္စာရှင်က စိတ်ပျက်ပြီး ကြိုးတန်းလန်းကြီးနှင့် ပစ်ထွက်သွားလေရဲ့။ နက်တာကတော့ဖြင့် ဒီနယ်တစ်ဝိုက်မှာ သူ့ကိုမိတဲ့တွင်း မရှိဘူးတဲ့။ သို့သော် ဒီကြိုးကတော့ တော်တော်ရှည်ပုံရတာပဲ။ အောက်ထိအောင် မိကောင်းပါရဲ့။ မမိလို့ရှိရင်လည်း ခင်ဗျားတို့ ကုသိုလ်ပဲဗျာ။ ခင်ဗျားတို့နှစ်ယောက် တော်တော်ခင်တယ်ဆိုတာပဲ။ ကိုင်း သေမခွဲ ရှင်မခွာ ဆိုတဲ့စကားလို အတူတူ နေကြပေတော့။ တစ်နေ့က လိမ့်ကျတဲ့လူဟာလည်း ပုပ်ပဲပုပ်လေပြီလား မဆိုနိုင်ဘူး။ ဟိုရောက်တော့ ခင်ဗျားတို့ သိကြရရောပေါ့ဗျာ" စသည်ဖြင့် သာမန်အခြင်းအရာ တစ်ခုခုကို ပြောပြနေဘိသကဲ့သို့ ခပ်အေးအေး လေသံဖြင့် ပြောနေသည်တွင် ကျွန်ုပ်သည် ထိုသူပြောလိုသော အနက်အဓိပ္ပာယ်ကို ရိပ်မိသည်နှင့် စပါးကြီးမြွေညှို့ထားသော ယုန်သူငယ်သည် မြွေကြီးကို မကြည့်ဘဲမနေနိုင်သဖြင့် ပြူးကြည့်နေသကဲ့သို့ ကျွန်ုပ်သည်လည်း စက်သီးနှင့် အုန်းဆံကြိုးများကို စိုက်ကြည့်နေမိလေ၏။ တွင်းပေါ်၌ တိုင်ကြီးနှစ်တိုင် စိုက်ထူထား၍ စက်သီးချိတ်ရန်အတွက် တန်းတစ်တန်း တင်ထားသည်ဖြစ်ရာ အုန်းဆံကြိုးတစ်ခုမှာ စက်သီးမှ တန်းလန်းကျလျက် အခြားတစ်စမှာမူ တိုင်ခြေတွင် အခွေလိုက်ရှိနေလေ၏။

ကျော်။ ။"ကိုင်း ဆရာကြီးတို့၊ ခင်ဗျားတို့ နားဝေးတဲ့ လူတွေမှ မဟုတ်ဘဲ။ ဒီလောက်ပြောပြလျှင် သိလောက်ရောပေါ့။ ကိုင်း ဆိုစမ်း။ ဘယ်သူ အလျင်ဆင်းမလဲ။ ဆင်းမည့်သူက ကြိုးစကို ကိုင်ပေတော့။ ကျုပ်က ဖြည်းဖြည်း လျှော့ချပေးမယ်။ မတော်လို့ ကြိုးပြတ်သွားလျှင်လည်း ခင်ဗျားတို့ကံပေါ့ဗျာ။ ကျုပ်အတွက်တော့ စိတ်သာချ။ မလွတ်စေရဘူး။ ခပ်ဖြည်းဖြည်း လျှော့

mgyoe.com

ချပေးမယ်။ သို့သော် နေဦးလေ။ တွင်း ဘယ်လောက် နက်တယ်ဆိုတာ စုံစမ်းကြည့်ကြဦးစို့"

တိုင်းလုံးကျော်သည် ကျောက်တုံးတစ်ခုကို ကောက်ယူ၍ တွင်းထဲသို့ ပစ်ချလိုက်ရာ ကျွန်ုပ်သည် တစ်မှစ၍ ရေတွက်မိသဖြင့် လေးဆယ့်ခုနှစ်သို့ ရောက်သောအခါ တွင်းထဲမှ အုန်းခနဲ မြည်သောတစ်သံ ပေါ်ထွက်လာသည်ကို ကြားရလေတော့၏။ ထိုအတောအတွင်း၌ ကိုဇော်ဟိတ်မှာ စိတ်ထဲ၌ မည်ကဲ့သို့ ရှိနေသည်ဟု ကျွန်ုပ်မပြောနိုင်သော်လည်း သူ၏မျက်နှာမူကား တွင်းချေးဆယ်သော လူတစ်ယောက်သည် ရေတွင်းထဲသို့ ဆင်းမည်ဟု ပြင်ဆင်နေသော အခိုက်၌ ဖြစ်ပေါ်လျက်ရှိသော မျက်နှာမျိုးထက် တုန်လှုပ်ခြင်းကို မတွေ့ရပေ။ ကျွန်ုပ်မူကား ရင်ထဲတွင် အင်ဂျင်စက်ခုတ်နေသကဲ့သို့ တဒိန်းဒိန်း တဒိုင်းဒိုင်း မြည်လျက်ရှိသည့်အပြင်၊ မျက်နှာမှာလည်း ဆီးရွက်ထက် ကြီးကောင်းမှ ကြီးပေလိမ့်မည်။ တိုင်းလုံးကျော်မှာ လက်ထဲ၌ အုပ်မိထားသော ကြွက်ကလေးကို ရုတ်တရက် ဝါးမစားသေးဘဲ အရသာခံ၍ကစားနေသော ကြောင်ကဲ့သို့ အချိန်ဆွဲနေခြင်းဖြစ်ပေရာ ကိုဇော်ဟိတ် ကြောက်လန့်သည်ကိုကြည့်၍ အရသာခံလိုခဲ့လျှင် သူ၏မျှော်လင့်ချက်မှာ အချည်းနှီးဖြစ်လေတော့၏။ အကြောင်းမူကား ကိုဇော်ဟိတ်သည် အာသဝေါကင်းပြီးသော ရဟန်းပုဂ္ဂိုလ်တို့ မတုန်လှုပ်ခြင်းမျိုး မဟုတ်စေကာမူ အာဇာနည်ယောက်ျားတို့၏ ကြံ့ခိုင်ခြင်းဖြင့် မျက်နှာမပျက်ဘဲ ရှိနေသောကြောင့် ပေတည်း။

ကျော် ။ ။ "ကိုင်း၊ ဆရာကြီးတို့ ဆိုကြစမ်း။ ဘယ်သူ အလျင်ဆင်းမလဲ"

ဟိတ် ။ ။ "မဆင်းရင်ကော ဘယ့်နှယ့်လဲ"

ကျော် ။ ။ "မဆင်းရင်တော့ ဒီလိုလေ၊ ခင်ဗျားလူကို သေနတ်နှင့်ပစ်ပြီး တွင်းထဲကန်ချလိုက်မယ်။ ပြီးတော့မှ ခင်ဗျားကို ကျုပ်တို့ နှစ်ယောက်က အတင်းဖမ်းပြီးကြိုးနှင့်တုပ်ပြီး ဖောက်ထိုးလျှောချလိုက်မှာပဲ။ ကိုင်း တော်လောက်ပြီ ဆရာကြီးတို့။ တစ်ကစပြီး တစ်ဆယ်ထိလို့မှ မဆင်းရင် ဟိုလူကို ပစ်သတ်လိုက်တော့မှာနော်၊ ငါ့လူ။ ကိုင်း ရေပြီဗျို့"

'တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်'

ကိုဇော်ဟိတ်မှာ မည်သို့မျှ မပြောဘဲ စက်သီးမှတန်းလန်းကျလျက် ရှိသော အုန်းဆံကြိုးကို လက်နှစ်ဖက်ဖြင့် ကိုင်ဆွဲကာခုန်လိုက်သည်တွင် ခြေထောက်များသည် မြေကြီးမှလွတ်၍ ကိုဇော်ဟိတ်တစ်ကိုယ်လုံးမှာ စက်သီးအောက်တွင် တန်းလန်းကြီးဖြစ်နေလေ၏။ ထိုခဏ၌ ကျွန်ုပ်မှာ ရင်ထဲ၌ရှိသော နှလုံးသားသည် အထက်သို့ပြုတ်တတ်လာ၍ လည်ချောင်းထဲမှ

mgyoe.com

mgyoe.com
တိုးထွက်တော့မည့်ကဲ့သို့ တစ်ဆို့ကြီးဖြစ်နေလေတော့၏။ သို့သော် သတ္တဝါမည်သည် နောက်ဆုံးအချိန်တိုင်အောင် လက်မလျှော့သေးဘဲ မျှော်လင့်ချက်ထားတတ်သော သဘာဝအလျောက် ကျွန်ုပ်၏ စိတ်ထဲ၌ တွင်းအောက်သို့ ချောမောစွာရောက်သွားခဲ့လျှင် တစ်နည်းနည်းဖြင့် လွတ်ပေါက်တွေ့ကောင်းပါသေး၏ဟု မျှော်လင့်မိသည်ဖြစ်၍ အောက်သို့ ချောချောမောမောရောက်ဖို့သာလျှင် ဆုတောင်းနေမိလေတော့၏။

ဟိတ် ။ ။ "သွားသေးပြီဗျို့၊ မိတ်ဆွေကြီး ဦးသိန်းမောင်။ ကျွန်တော် ခေါင်းမာမိလို့ ခင်ဗျားပါ ခံရတဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ"

ယင်းသို့ နှုတ်ဆက်လျက်ရှိစဉ် ကိုဇော်ဟိတ်မှာ ခြေနှင့် မြေကြီး မထိဘဲ တွင်းပေါ်တွင် ကြိုးတန်းလန်းရှိနေသဖြင့် ချာလပတ် ခပ်ဖြည်းဖြည်း လည်လျက်ရှိရာ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်မိသော တစ်ခဏတွင် သွားကို ဖြီး၍ ပြုံးပြသေး၏။ အာဂယောကျ်ားပါပေ။

ထိုနောက် တိုင်းလုံးကျော်သည် တိုင်ကို ခြေထောက်ဖြင့် ကန်ကာ အားယူလျက် ကြိုးခွေကို တဖြည်းဖြည်း လျှော့ပေးလေ ကိုဇော်ဟိတ်မှာ တဖြည်းဖြည်း နိမ့်ဆင်းလျောကျသွားလေ ဖြစ်သောကြောင့် သူ၏ မျက်နှာလည်း မြေပြင်အောက်သို့ ရောက်သဖြင့် ကွယ်ပျောက်သွားသော တစ်ခဏအချိန်ကလေး အတွင်း ကျွန်ုပ်ခံစားလိုက်ရသော ဒုက္ခဝေဒနာမှာ လူဖြစ်ကတည်းက တစ်ကြိမ် မျှလည်း မကြုံဘူးချေ။ ထိုနောက်တွင်လည်း မကြုံခဲ့ရဘူးချေ။ တတ်နိုင်၍ နှိုင်းယှဉ်ချက်ထုတ်ရသော် ကျွန်ုပ်၏ ဝမ်းတွင်း၌ရှိသော အသည်းနှလုံး၊ ကျောက်ကပ်၊ သရက်ရွက်၊ အူသိမ်အူမမှစ၍ ကလီစာအားလုံးတို့ကို တစ်ချက်တည်း ထုတ်နုတ်ဆွဲယူလိုက်သကဲ့သို့ ဟာလာဟင်းလင်းကြီး ဖြစ်သွားလေ တော့ရာ အားငယ်လိုက်သည်ဆိုရာမှာလည်း ပြောဖွယ်ရာ မရှိချေ။ တပည့် ဆိုသူကမူ ကျွန်ုပ်အား သေနတ်ဖြင့် ချိန်ရွယ်လျက်ရှိ၏။

အုန်းဆံကြိုးသည် တစ်ခွေပြီးတစ်ခွေ ကုန်သွား၍ ကိုဇော်ဟိတ်မှာ လည်း တစ်ပေထက်တစ်ပေ နိမ့်ဆင်းလျောကျလျက်ရှိစဉ် ကျွန်ုပ်၏ ဦးခေါင်း ထဲတွင် အကြံတစ်ခု ရိပ်ခနဲ ပေါ်လာလေ၏။

"ဟောဗျာ။ ကြည့်လိုက်ကြစမ်း" ဟု ကျွန်ုပ်က လွှတ်ခနဲ အော်ပြော လိုက်သည်တွင် ကျွန်ုပ်ကို သေနတ်ဖြင့် ချိန်ထားသော သူသည် ကျွန်ုပ် လက်ညှိုးညွှန်ရာအရပ်သို့ ဦးခေါင်းလှည့်၍ ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် အနီး၌ရှိသော ထင်းတုံးတစ်ခုကို ဆတ်ခနဲကောက်ယူ၍ နောက် ဘက်သို့ ခွပ်ခနဲ ရိုက်ချလိုက်ရာတွင် ဟပ်ထိုးကြီး လဲကျသွားလေ၏။ ထိုခဏ၌ တိုင်းလုံးကျော်သည် ကြိုးကို လျှောချပေးနေရာမှ အံ့အားကြီးသင့်လျက် ကျွန်ုပ်
mgyoe.com

mgyoe.com

ကို လှည့်ကြည့်နေလေရာ ကျွန်ုပ်သည် သူ့အတွက် စဉ်းစားဖို့ အချိန်မပေးဘဲ တဟုန်တည်း ပြေးလာ၍ တစ်ချက်တည်း တွန်းချလိုက်လေ၏။ ထိုအခါ ကြိုးကို ကိုင်လျက်ရှိသော တိုင်းလုံးကျော်သည် "ဟေ့ကောင် ခွေးမသား"ဟု ဟစ်အော်လျက် လူရောကြိုးပါ တွင်းထဲသို့ ကျသွားလေရကား မည်ကဲ့သို့ ပြုရမည်ဟု စဉ်းစားဖို့ အချိန်မရမီ ကြိုးတန်းလန်းကြီးနှင့် အောက်သို့ လျှောကျ သွားလေ၏။ တိုင်းလုံးကျော်မှာ ကိုဇော်ဟိတ်ထက် ကိုယ်အလေးချိန်ကြီးသည် ဖြစ်သောကြောင့် တစ်ဘက်မှ ကိုဇော်ဟိတ်လည်း အပေါ်သို့ တက်လာလေ၏။ တိုင်းလုံးကျော်မှာ လူကောင်ကြီးသလောက် ဉာဏ်နည်းသူဖြစ်၍ မည်ကဲ့သို့ ပြုလုပ်ရမည် မသိဘဲ ကန့်လန့်ကန့်လန့်ဖြင့် လျှောကျသွားလေရာ ကိုဇော်ဟိတ်ကို ကျော်လွန်၍ အောက်သို့လျှောသွားသောအခါမှ အကြံရ၍ ကိုဇော်ဟိတ်၏ ခြေထောက်ကို လှမ်းဆွဲလိုက်သေး၏။ သို့ရာတွင် ကိုဇော်ဟိတ်က ဦးခေါင်းကို ခြေဖြင့် ကန်ကျောက်လိုက်သဖြင့် မဖမ်းမိဘဲ ကျိန်ဆဲလျက်နှင့်ပင် လျှောကျသွား လေတော့၏။

ဤတွင် ကိုဇော်ဟိတ်က ကျွန်ုပ်အား "စက်သီး ရပ်လိုက်စမ်း ဗျို့ ဦးသိန်းမောင်။ မြန်မြန်လုပ်ပါဗျို့"ဟု အော်ပြောလိုက်ရာ ကျွန်ုပ်သည် သူ၏ အကြံကို မရိပ်မိသော်လည်း ခိုင်းစေသည့်အတိုင်း ထင်းတုံးကြီးဖြင့် စက်သီးကို ဘရိတ်သဖွယ် အုပ်ပေးလိုက်သည်တွင် တဖြည်းဖြည်း ရပ်သွားလေတော့၏။ ထိုအခါ ကိုဇော်ဟိတ်သည် မိမိ၏ ကြိုးစကိုသာမက တိုင်းလုံးကျော် ခိုစီးထား သော ကြိုးစကိုလည်း လှမ်းဆွဲ၍ နှစ်ခုပြူးထားလိုက်ရာ ထိုအခိုက်တွင်မူကား ကိုဇော်ဟိတ်မှာ တွင်းထိပ်ဝနှင့် လေးတောင်ခန့်မျှသာ ကွာလှမ်းနေတော့သည်။ ထို့နောက် ကိုဇော်ဟိတ်သည် မိမိ၏အင်္ကျီအိတ်ထဲမှ မုဆိုးကိုင် မောင်းချဓားကို ထုတ်ယူပြီးလျှင် တိုင်းလုံးကျော်ရှိသော ကြိုးကို လှီးဖြတ်လေ၏။ နောက်ဆုံး၌ "အမလေးဗျ"ဟူသော အသံနှင့် ဘုတ်ခနဲမြည်သော အသံတို့သည် ကျွန်ုပ်ရှိရာသို့ မရေးမနှောင်းတက်လာကြလေရာ နောက်ဆုံးတက်လာ၍ ကျွန်ုပ်အဖို့ ဝမ်းသာဆုံး ဖြစ်ရသူမှာကား ကိုဇော်ဟိတ်ပင် ဖြစ်ပေ၏။ ကျွန်ုပ်သည် ကိုဇော်ဟိတ်၏ လက်ကို လှမ်းကိုင်၍ တွင်းထိပ်သို့ရောက်အောင် ကူညီဆွဲတင်ပြီးသောအခါ၌မူကား အာဂယောက်ျားဟု ခေါ်ဆိုခဲ့ရသော ကိုဇော်ဟိတ် တစ်ယောက်လုံးသည် ပင်လျှင် သတိမေ့လျော့ ပျော့ခွေသွားရာလေသေး၏။

mgyoe.com

ထိုအတောအတွင်း၌ ကျွန်ုပ်သည် လက်နက်အားလုံးတို့ကို သိမ်းယူ ထား၍ မြေပေါ်၌ မူးလဲနေသော တပည့်ကိုလည်း သေနတ်ဖြင့် ခြောက်ထား ရပေရာ ထိုသူမှာ နောက်လိုက်တစ်ယောက်မျှသာဖြစ်သောကြောင့် အရေးနိမ့် ကြောင်း တွေ့ရသည်နှင့် တစ်ပြိုင်နက် လက်လျှော့တော့သည်ဖြစ်၍ သူ့ကို

စောင့်ထိန်းရသော အလုပ်မှာ မခဲယဥ်းလှချေ။ နောက်ဆုံး၌ ကိုဇော်ဟိတ် သတိရလာ၍ ရှေ့ခရီးကို တိုင်ပင်ကြရာတွင် ထိုသူသည် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါရစေဟု တောင်းပန်၏။ ထိုသူသည် ကျွန်ုပ်တို့ကို အန္တရာယ်ပေးနိုင်ရန် နည်းလမ်းမမြင်သည့်အပြင် မန္တလေးသို့ မရောက်မီ အကူအညီပေးနိုင်မည့် လူ တစ်ယောက်လည်း ဖြစ်ပေရကား ကျွန်ုပ်တို့သည် မြစ်ဆိပ်သို့ ရောက်သောအခါ သမ္ဗန်တစ်စင်းဝယ်၍ မြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့ကြလေတော့သတည်း။

●

သွေးသောက်မဂ္ဂဇင်း
၁၉၄၉၊ မေလ။

mgyoe.com

mgyoe.com

# သူသေကိုယ်သေ တစ်ယောက်ချင်း သတ်ကြခြင်း

ကိုဇော်ဟိတ်၏ ဝါသနာတစ်ခုမှာ ကုလားထိုင်ပေါ်တွင် ငြိမ်းချမ်းစွာထိုင်၍ အလုပ်လုပ်ခြင်းအားဖြင့် ငွေတစ်ထောင်ရမည့် အလုပ်မျိုးနှင့် စွန့်စားဆောင်ရွက်ခြင်းအားဖြင့် ငွေနှစ်ထောင်ရမည့် အလုပ်မျိုးကို ယှဉ်ပြိုင်ရွေးချယ်ရမည်ဆိုလျှင် စွန့်စားဆောင်ရွက်ရသော အလုပ်မျိုးဘက်သို့ ပါသွားမည်ဖြစ်၏။ ထိုထက် အသက်ကိုစွန့်ရစေ၊ ငွေသုံးထောင်ရမည် ဖြစ်သေးလျှင် ထိုအလုပ်မျိုးသည် ကိုဇော်ဟိတ်အဖို့ အကြိုက်ဆုံးဖြစ်တော့၏။ သို့ဖြစ်၍ ကျွန်ုပ်နှင့်ကိုဇော်ဟိတ်တို့သည် တွင်းယဲမှဆင်းလာ၍ မန္တလေးမြို့သို့ ဆိုက်ရောက်ကြပြီးသည့်နောက် များမကြာမီအတွင်း၊ ဆင်စွယ်ကုန်သည်တစ်ယောက်နှင့် တွေ့ဆုံမိကြရာတွင် အထက်မြစ်ညာ ရွှေလီချောင်းဘက်၌ ဆင်စွယ်များပေါလှသည်ဟု သတင်းရရှိသဖြင့် စိတ်သွားတိုင်းကိုယ်ပါနိုင်သည့် လူလွတ်များဖြစ်သည့်အတိုင်း သမ္ဗန်တစ်စင်းဖြင့် ဆန်တက်ခဲ့ကြ၍ စော်ဘွားနယ်သို့ ဆိုက်ရောက်ကြလေ၏။

ထိုစော်ဘွား၏အမတ်ကြီး ဦးထွန်းဖေဆိုသူမှာ ကျွန်ုပ်နှင့် ကျောင်းနေဖက်မြန်မာတစ်ယောက်ဖြစ်၍ ကျွန်ုပ်တို့သည် သူ၏နေအိမ်တွင် တည်းခိုလျက်လျှို့ဝှက်စွာ ရောင်းချသော ဆင်စွယ်များအကြောင်းကို စုံစမ်းထောက်လှမ်းလျက်ရှိကြ၏။ အမတ်ကြီးဦးထွန်းဖေသည် ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့ကို စော်ဘွားထံသို့ ခေါ်သွား၍ အသိအကျွမ်းဖွဲ့ပေးရဦးမည်ဟု အကြိမ်ကြိမ်ပြောဖူးသော်လည်း

mgyoe.com

mgyoe.com

အကြောင်းမညီညွတ်သေးသည်ဖြစ်၍ ကျွန်ုပ်တို့ဆိုက်ရောက်ပြီးသည့် ရက်သတ္တတစ်ပတ်ခန့်အတွင်းတွင် ဟော်နန်းသို့ ကျွန်ုပ်တို့ တစ်ခါမျှ မရောက်ဖူးသေးချေ။

ဦးထွန်းဖေ၏ဇနီးမှာ စော်ဘွားနှင့် မောင်နှမဝမ်းကွဲတော်စပ်လေရာ ဦးထွန်းဖေမှ အသောက်ကလေး အနည်းငယ်ဝါသနာပါသော်လည်း၊ စော်ဘွား၏နှမတော်စပ်သူ မိမိ၏ဇနီးအပေါ်တွင် နာမည်ကောင်းယူလိုသည်ဖြစ်သောကြောင့် မိမိ၏နေအိမ်တွင် မသောက်ဘဲ ဧည့်သည်များကိုလည်း ဝတ်ပြုရင်းဆို၍ ထောင်ကဲတစ်ယောက်၏နေအိမ်သို့ ကျွန်ုပ်တို့ကို ခေါ်သွားလေ၏။ အဆိုပါ တရုတ်လူမျိုးထောင်ကဲကြီးမှာ ထိုနယ်တွင် အလုပ်အမျိုးမျိုး လုပ်ကိုင်သူဖြစ်၍ အမတ်ကြီးဦးထွန်းဖေနှင့်တကွ လူကုံထံဟူသမျှကို လိုက်လျောပေါင်းသင်းလေ့ရှိသည့်အတိုင်း ဧည့်သည်များအား အလွန်ရှားပါးသော နိုင်ငံခြားအရက်များဖြင့် ဧည့်ခံကျွေးမွေးလေ၏။

ကျွန်ုပ်တို့ မြန်မာသုံးယောက်နှင့် ထောင်ကဲကြီးတို့သည် ကျောက်စားပွဲတစ်ခုတွင် ဝိုင်းရံကာ ကုလားထိုင်တစ်လုံးစီ ထိုင်ကြလျက် အရက်ဖန်ခွက်ကိုယ်စီဖြင့် ဖိမ်ယူနေကြစဉ်၊ ကိုဇော်ဟိတ်မှာ ပြောလက်စစကား မဆုံးသေးသည်နှင့် ဖန်ခွက်ကို လက်တွင်ကိုင်ကာ မတ်တတ်ရပ်ရင်း ထရံ၌ ချိတ်ထားသော တရုတ်ပြည်မြေပုံကို လှမ်းကြည့်လျက်ရှိလေ၏။ ကိုဇော်ဟိတ်မှာ တရုတ်ဂျပန်စစ်အကြောင်းကို ပြောလျက်ရှိသဖြင့် မြေပုံကို လက်တစ်ဖက်ဖြင့်ထောက်ကာ အခြားလက်တစ်ဖက်ဖြင့် အရက်ဖန်ခွက်ကိုကိုင်လျက်ရှိ၏။ ထိုခဏ၌ အရပ်ခြောက်ပေထက် မနည်းမြင့်၍ အရပ်နှင့်လိုက်အောင် တုတ်ခိုင်ထွားကျိုင်းလှသော ပန်ချာပီကြီးတစ်ယောက်သည် ကာကီဘောင်းဘီတိုနှင့် ရှပ်လက်တိုတို့ကိုဝတ်လျက် အခန်းတွင်းသို့ဝင်လာလေရာ၊ ကျွန်ုပ်သည် အလွန်မျက်နှာထားဆိုးလှသော ပန်ချာပီ၏ မျက်နှာကို အံ့သြစွာ ငေးကြည့်မိသဖြင့် ပန်ချာပီကလည်း မိမိအား ပြုံးကြည့်ရမည်လောဟု ဒေါပွသည့် အမူအရာဖြင့် ကျွန်ုပ်တို့ရှိရာသို့ တည့်တည့်ကြီးလျှောက်လာလေ၏။ ကိုဇော်ဟိတ်တစ်ယောက်တည်းသာလျှင် မြေပုံတွင် မျက်လုံးစူးစိုက်လျက်ရှိသောကြောင့် ထိုသူ ဝင်လာသည်ကို မမြင်ဘဲ စကားပြောချင်တိုင်းပြောလျက်ရှိလေ၏။

ပန်ချာပီသည် အိမ်ရှင်ထောင်ကဲကြီးက နှုတ်ခွန်းဆက်စကားကိုပင် ကြားသည့် လက္ခဏာမရှိဘဲ ကျွန်ုပ်တို့ရှိရာသို့ ရှေ့တူရှုလျှောက်လာခဲ့၍ မြေပုံဘက်သို့ ခပ်ကိုင်းကိုင်းရှိနေသော ကိုဇော်ဟိတ်ကို နောက်မှဝင်တိုက်မိရာတွင် ကိုဇော်ဟိတ်ကလည်း ဟပ်ထိုးဖြစ်သွား၍ ဖန်ခွက်ထဲမှ အရက်များလည်း ဖိတ်သွားလေ၏။ ပထမ၌ ပန်ချာပီသည် ကိုဇော်ဟိတ်အား မတော်တဆတိုက်မိသည် ကျွန်ုပ် တွေးထင်မိသော်လည်း၊ ထိုသူအကြောင်းကို နောက်ထပ်

mgyoe.com

ကြားသိရသော သတင်းစကားများဖြင့် ချင့်ချိန်ကြည့်လိုက်သည့်အခါ မတော်တဆ တိုက်မိခြင်းမဟုတ်ဘဲ တမင်တကာ တိုက်လိုက်ခြင်းဖြစ်ကြောင်း သိရပေ၏။ လက္ခဏာမှာ ပန်ချာပီသည် ထိုနယ်တွင် လူကျယ်တစ်ယောက်ဖြစ်၍ ကိုဇော်ဟိတ် ထိုင်မည်ပြုနေသည့် ကုလားထိုင်ကို လုယူလိုသည့်အတွက် ကိုယ်လုံးရိုက်ကာ တိုက်လွှင့်လိုက်ဟန်တူပေသည်။

ထိုအခြင်းအရာကို တွေ့မြင်ရသောအခါ ကိုဇော်ဟိတ်၏ ဝါသနာကို သိပြီးဖြစ်သော ကျွန်ုပ်မှာ ဒိုင်းနမိုင်းက စနက်တံကို မီးရှို့လိုက်ပြီးနောက် ပေါက်ကွဲမြည်ဟိန်းတော့မည့် အသံကြီးကိုစောင့်၍ နားထောင်နေသော သူကဲ့သို့ ဘုရားတလျက် အသက်မရှူရှိုက်မိဘဲ ငေးကြည့်နေမိလေတော့၏။ ကိုဇော်ဟိတ်မှာ ရှေ့သို့ ငိုက်ခနဲယိမ်းသွားသဖြင့် ဟပ်ထိုးလဲတော့မတတ်ဖြစ်သွားရာမှ မိမိကိုယ်ကို ဟန်၍ထူလိုက်ပြီးနောက် သူ၏မျက်နှာသည် နီချည်တစ်ခါ ဖြူချည်တစ်လှည့် ဖြစ်သွား၍ မျက်လုံးများ မီးထွက်တော့မတတ် အရောင်တဖျတ်ဖျတ် ဝင်းလက်လျက် နောက်သို့ တဖြည်းဖြည်း လှည့်ကြည့်လိုက်လေ၏။ ထိုခဏ၌ ပန်ချာပီကြီးမှာ ကိုဇော်ဟိတ်ထိုင်သည့် ကုလားထိုင်တွင် ထိုင်တော့မည် ဟန်ပြင်လျက် ရှိလေ၏။ နောက်တခဏတွင် ပန်ချာပီကြီးသည် ထိုင်လိုက်၏။ သို့ရာတွင် ကုလားထိုင်ပေါ်သို့ မရောက်ခင် ကြမ်းပေါ်တွင် ပက်လက်လန်ကာ လဲကျသွားလေတော့၏။ အကြောင်းမူကား ကျောင်းသားဘဝ၌ ကြံခဲ့ကြဖူးသည့် နည်းစနစ်အတိုင်း ကိုဇော်ဟိတ်သည် ထိုင်မည့်ဆဲဆဲပြုနေသော ကုလားထိုင်ကို နောက်မှ ဆတ်ခနဲ ဆွဲနုတ်ဖယ်ရှားထားလိုက်ကြောင်းပေတည်း။

ငယ်ရာမှ ကြီးလာခဲ့ကြသော လူများသည် ကျောင်းသားအချင်းချင်း 'နှပ်'သော နည်းအမျိုးမျိုးတို့အနက်တွင် ဤနည်းစနစ်၏ အခံရခက်လှ၍ စိတ်ဆိုးဖွယ် ကောင်းလှသောအဖြစ်ကို ကိုယ်တိုင်ကြုံဖူး၍ နားလည်ကြပေလိမ့်မည်။ ထိုင်ချလိုက်သဖြင့် ကုလားထိုင်တွင် ထိတွေ့သင့်သည့်အချိန်တွင် မထိမတွေ့ဘဲ ဟာခနဲဖြစ်၍ ရင်ထဲ၌၊ ဒိတ်ခနဲ ဖြစ်သွားရာမှ ရပ်တည်ရာမရတော့ဘဲ နောက်သို့ ပက်လက်လန်ကာ ကျသွား၍ မြေကြီးသို့ မရောက်သေးမီ အတောအတွင်း၌ အသူတစ်ရာနက်သော ချောက်ကြီးပေလောဟု မပြောနိုင်အောင် စိတ်တွင် လန့်ဖျပ်သွားရသည့် နှလုံးမသက်သာမှုသည်ကား အချိန်တို၍သာ တော်ပေတော့၏။ အကယ်၍သာ ကြမ်းပြင်နှင့် ရုတ်တရက်မထိတွေ့ဘဲ တစ်မိနစ်ခန့် တောက်လျှောက် ဆက်လက်လျှောကျသွားရမည်ဆိုပါမူ လန့်ဖျပ်ရခြင်းနှင့်ပင် အသက်ထွက်ရတော့မတတ် ရှိကောင်းရှိပေလိမ့်မည်။ စင်စစ်အားဖြင့် အကြင်သူသည် ကုလားထိုင်နှင့်တွေ့သင့်သောနေရာတွင် မတွေ့ရ၍ ဟာခနဲ ဖြစ်သွားသော အချိန်တွင် အလွန်ဆုံးအားဖြင့် ကြမ်းသို့ရောက်အောင် လျှောကျသွားရုံမျှသာ

mgyoe.com

mgyoe.com

ရှိသည်ဆိုသော အဖြစ်ကို မစဉ်းစားနိုင်ဘဲ နက်လှစွာသော ချောက်ကြီးထဲသို့ ကျသွားရခြင်းနှင့် အတူတူပင် စိတ်ထဲတွင် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ရလေတော့သည်။ ကြမ်းနှင့်ထိတွေ့သော တစ်ခဏ၌ ဒိန်းခနဲ ခိုက်မိ၍ နာကျင်ပြန်သော အခါတွင် နာကျင်ခြင်းတည်းဟူသော ကာယိကဒုက္ခနှင့် ထိတ်လန့်ခြင်းတည်းဟူသော စေတသိကဒုက္ခတို့နှစ်ခု ရောပေါင်းမိလေရကား အဘယ်မျှလောက် စိတ်ဆိုးရသည်ကို ကြံ့ဖွံ့သူတိုင်း နားလည်ကြပေလိမ့်မည်။

ပန်ချာပီကြီးမှာ ရှေးဦးစွာ ဝင်လာကတည်းက ဒေါမာန်ဖြင့် ဝင်လာခြင်း ဖြစ်ရသည့်အတွင်း လန့်ခြင်း၊ နာခြင်း၊ ရှက်ခြင်းတို့ပါ တစ်ချိန်တည်း ရောစပ်ဖြည့်သွင်း ပေါင်းထည့်လိုက်ခြင်းဖြစ်လေရကား ကြမ်းပေါ်မှ လူးလဲထသည့်အခိုက်တွင် သူ၏မျက်နှာမှာ မီးသွေးတုံးပမာဏကဲ့သို့ နက်မှောင်သွားသည့်အပြင်၊ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးတို့သာမက တစ်ကိုယ်လုံး၌ရှိသော မွေးလုံးကြီးများပင်လျှင် ထောင်လျက်ထလာတော့၏။ ပထမ၌ သူ၏ပါးစပ်က စကားပြောသည့် လက္ခဏာဖြင့် နှုတ်ခမ်းများ တလှုပ်လှုပ် ရှိနေသော်လည်း ဒေါသကြီးလှသည့်အတွက်ကြောင့် ဘာသံမျှမထွက်ဘဲ မျက်လုံးကြီးများဖြင့်သာလျှင် ပြူးကြည့်နေလေတော့၏။ နဖူးပြင်၌ကား အကြောကြီးများထောင်ထလျက် လက်နှစ်ဖက်တို့မှာလည်း ဆုပ်ချည်ဖြန့်ချည် ဖြစ်နေလေ၏။ ကိုဇော်ဟိတ်မူကား ပန်ချာပီကြီးအောက်မှ နုတ်ယူထားသော ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်လျက် ပန်ချာပီကြီးကို မတုန်မလှုပ် ကြည့်နေလေ၏။ ကိုဇော်ဟိတ်၏ ပြင်ပအမူအရာမှာ ငြိမ်သက်စွာ ရှိနေသော်လည်း သူ၏ နားထင်ကြောကလေးမူကား တဒိတ်ဒိတ် လှုပ်ရှားနေသည်ကို ကျွန်ုပ်တွေ့ရသဖြင့် ဖြစ်ချင်ရာဖြစ်စေ အသင့်ရှိသည်ဆိုသော စိတ်ထားမျိုးဖြင့် အသင့်ပြင်ဆင်လျက်ရှိကြောင်း ရိပ်မိနိုင်ပေ၏။ သူ၏နှာသီးဖျားကလေးမှာလည်း ဖောင်းချည်ပိန်ချည်ရှိနေလေရာ ထိုအခြင်းအရာများမှာ ကိုဇော်ဟိတ်အဖို့၌ ရက်ရက်စက်စက် ပြတ်ပြတ်သတ်သတ် လုပ်တော့မည်ဆိုသော အထိမ်းအမှတ်များဖြစ်ကြောင်း ကျွန်ုပ်သိပြီး ဖြစ်လေသည်။

ပန်ချာပီကြီးသည် ဒေါသမာန်ကြောင့် စကားမပြောနိုင်အောင်ရှိနေရာမှ အသံထုတ်၍ ပြောနိုင်သောအချိန်တွင် ကိုဇော်ဟိတ်ဘက်သို့လှည့်၍ ဟိန္ဒူစတန်ဘာသာဖြင့်. . .

“ငါ့ကုလားထိုင်ကို ဆွဲယူလိုက်တာ မင်းလား။ ငါ့ကို ဝင်တိုက်ပြီး တောင်းပန်ရမှန်း မသိအောင် မိုက်ရိုင်းတာ မင်းလား”

ထိုအခါ၌မူကား ပန်ချာပီကုလားကြီးသည် ဆဲဆိုနိုင်လောက်အောင် အသံကို အစိုးရလာပြီဖြစ်၍ ‘စူဝက်’ရော၊ ‘ခွေးမသား’ရော၊ ‘ဘလယ်ဒီဖူး’ရော၊ ကုလား မြန်မာ အင်္ဂလိပ်ပါမကျန် သုံးဘာသာတို့ဖြင့် ဆဲဆိုရေရွတ်တော့လေရာ

mgyoe.com

mgyoe.com

ကိုဇော်ဟိတ်မူကား မည်သို့မျှ ပြန်လည်ပြောဆိုခြင်းမပြုဘဲ ကုလားကြီးကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ ကုလားထိုင်ပေါ်တွင် ငြိမ်သက်စွာ ထိုင်လျက် ရှိလေ၏။

ထိုအတောအတွင်း၌ ဦးထွန်းဖေသည် ကျွန်ုပ်ကို လက်တို့လျက် "ဆူဘဒါမေဂျာရာဟင်ဘတ်ဆိုတာ သူပဲဗျ။ ခင်ဗျား သူ့ကို ခေါ်ထုတ်သွားစမ်း ပါဗျာ။ ရန်ဖြစ်ကုန်ကြလျှင် မကောင်းဘူးဗျို့။ သိပ်ရမ်းတဲ့လူကြီး"ဟု တီးတိုး ကပ်၍ ပြောလေ၏။ အလွန်ဆိုးသည်ဆိုခြင်းမှာ ဟုတ်မှန်သည့် လက္ခဏာရှိ၏။ မျက်ထောင့်နီနီ ပါးစပ်ပြဲပြဲ အသံသြကြီးဖြင့် အော်ကျယ်အော်ကျယ် စကားပြော ခြင်းဖြင့်ပင်လျှင် လူဆိုးလူရမ်းကြီး တစ်ယောက်ဖြစ်သည်ကို ကျွန်ုပ် အကဲခတ်နိုင် ပေ၏။ သို့ရာတွင် ကိုဇော်ဟိတ်ကို ခေါ်ထုတ်သွားရမည်ဆိုခြင်းမှာမူ ကျွန်ုပ်အဖို့ မှာ ကျားတစ်ကောင်ကဖမ်းအုပ်ထားသော ချေတစ်ကောင်ကို လက်ဖြင့် အတင်း ဆွဲလုခြင်းမှာ မဝံ့သကဲ့သို့ရှိသည့်အပြင် ထိုအလုပ်ကဲ့သို့ပင် ခဲယဉ်းခြင်း ရှိလိမ့်မည် ဟူ၍လည်း သဘောပေါက်ပြီးဖြစ်သောကြောင့် စိတ်ကူးပင် မထည့်မိချေ။

ထိုခဏ၌ ကိုဇော်ဟိတ်သည် လက်၌ကိုင်ထားသောဖန်ခွက်ကို ကျောက် စားပွဲပေါ်သို့ လှမ်းတင်၍ ကုလားထိုင်မှ မတ်တတ်ထလျက်ရှိရာ ပြင်းထန်စွာ အမျက်ထွက်သော လူတို့၏ ထုံးစံအတိုင်း နှာခေါင်းဖြင့် အသက်ရှူရသည်ကို အားမရနိုင်သဖြင့် ပါးစပ်ကိုဟကာ ရှူရှိုက်လျက် ကုလားကြီး၏ မျက်နှာမှ မိမိ၏ မျက်စိကို တစ်ချက်ကလေးမျှ မရုပ်သိမ်းသည့်အပြင် စူးစိုက်ကာ ကြည့်နေ လေ၏။ ကုလားကြီးက မြန်မာဟူသမျှကို လူမထင်ကြောင်း သိမ်းကျုံးပုတ်ခတ် ရာမှ ကိုဇော်ဟိတ် တစ်ယောက်တည်းအား တိုက်ရိုက် ဆဲရေးတိုင်းထွာသောအခါ ၌ပင် ကိုဇော်ဟိတ်သည် တစ်ခွန်းတစ်ပါဒမျှ ပြန်လှန်ချေပခြင်းမပြုဘဲ စေ့စေ့ကြီး သာလျှင် ကြည့်နေလေ၏။ နောက်ဆုံး၌ ပန်ချာပီကြီးသည် စကားပြောရင်း ကဲတက်လာ၍ ကိုဇော်ဟိတ်အား ယခင်က တိုက်မိခြင်းမှာ မတော်တဆမဟုတ်၊ အရေးမလုပ်လောက်သော အကောင်တစ်ကောင်ဖြစ်သောကြောင့် တမင်တကာ ဝင်တိုက်ခြင်းဖြစ်သည်ဟု ဖော်ထုတ်ပြောဆိုသောအခါမှသာလျှင် ကိုဇော်ဟိတ် သည် တစ်စုံတစ်ခု ပြုလေတော့သည်။ ပြုလုပ်သောအခါတွင်မူကား ကိုဇော်ဟိတ် သည် သူ၏ဝါသနာအတိုင်း သပ်သပ်ရပ်ရပ် အလုပ်လုပ်ပေ၏။

ကုလားကြီးသည် ကိုဇော်ဟိတ်မျှလောက်သော လူတစ်ယောက်ကို အရေးလုပ်ဖွယ်မရှိသည့် လက္ခဏာဖြင့် ကိုဇော်ဟိတ်၏ရှေ့တွင် မျက်နှာကြီးကို ရှေ့သို့ခင်းလျက် ပမာမခန့် ဆဲရေးတိုင်းထွာလျက်ရှိစဉ် ကိုဇော်ဟိတ်၏ လက် ယာဘက်လက် ပခုံးသည်နောက်သို့ ဆုတ်ခနဲ ကျုံ့လိုက်ရာမှ ရှေ့သို့တစ်ဖန် ယိမ်းနွဲ့လာပြီးလျှင် လက်မောင်းအားတွင် ကိုယ်အားပါဖြည့်သွင်းလျက် ရှေ့သို့

mgyoe.com

mgyoe.com
ငေါထွက်နေသော ပန်ချာပီကြီး၏မေးစေ့ကို လက်သီးဖြင့် ကျုံးသတ်လိုက်လေရကား ဘိလိယက်သမားတစ်ယောက် 'စကရူ' ဆွဲထုတ်သောအခါ၌ ဖြစ်ပေါ်လာတတ်သည့် ခွပ်ခနဲမြည်သော အသံကြီးကို ကျွန်ုပ်တို့ ကြားလိုက်ကြရလေ၏။ ကိုဇော်ဟိတ်မှာ ဟဲဗီးဝိတ် လက်ဝှေ့အတန်းတွင် ချန်ပီယံဖွဲ့ခဲ့ဖူးသည့်ပြင် သဲအိတ်ကို အမြဲထိုး၍ လေ့ကျင့်ထားသည့်အတိုင်း သူ၏လက်သီးချက်သည် အလွန်တရာပြင်းထန်လှပေရကား ကုလားကြီး၏ မေးစွန်းပေါ်၌ လှလှကြီး ထိလိုက်သော ဒဏ်ချက်ကြောင့် ကြမ်းနှင့်ခြေထောက် မထိဘဲ မြောက်တက်သွားပြီးလျှင် ကြမ်းပေါ်တွင် ဘိုင်းခနဲ ပက်လက်လန်လဲသွားလေတော့၏။

ပထမ၌ ကျွန်ုပ်တို့လူစုမှာ အံ့အားသင့်နေကြသဖြင့် မည်ကဲ့သို့ ပြုရမည် မသိဘဲ ကြမ်းပေါ်တွင် ပက်လက်လန်နေသော ပန်ချာပီကြီးကို ငေးကြည့်နေမိကြရာ ထောင်ကဲကြီး၏အိမ်သားများက ဆူညံသံကြားသဖြင့် နောက်ပိုင်းက ပြေးထွက်လာကြသောအခါတွင်မှ ဦးထွန်းဖေက ကျွန်ုပ်အား "မလုပ်ပါနှင့်ဗျ ဦးသိန်းမောင်။ ခင်ဗျားလူ ဆွဲခေါ်ခဲ့ဗျ။ ကြာကြာနေလျှင် ခက်ကုန်လိမ့်မယ်။ မြန်မြန်လုပ်ပါဗျ။ စော်ဘွားကြီးဆီကို ကျုပ်တို့က ဦးအောင်သွားရအောင် ဆွဲခေါ်ခဲ့ပါဗျ" တရစပ် တိုက်တွန်း၍ ကိုဇော်ဟိတ်၏ လက်တစ်ဖက်ကို သူကိုယ်တိုင်ဆွဲသည်တွင် ကျွန်ုပ်သည် အခြားလက်တစ်ဖက်ကို ကိုင်ကာ နှစ်ယောက်သားဆွဲလျက် ကိုဇော်ဟိတ်ကို အိမ်အထဲက ခေါ်ထုတ်လာခဲ့ကြလေ၏။ ကိုဇော်ဟိတ်ကမူ နောက်သို့လှည့်ကြည့်လျက် "မြည်လိုက်တဲ့ အသံကြီးဗျာ။ မေးရိုးများကျိုးသွားရော့လား မဆိုနိုင်ဘူး ခင်ဗျာ့လူ"ဟု ပြိန်ယှက်စွာ ပြောလိုက်သေး၏။

အိမ်အပြင်သို့ရောက်ကြသောအခါ ဦးထွန်းဖေက "ခုတော့ ကျကုန်ကြပြီဗျို့။ ခင်ဗျားတို့ မသိသေးပါဘူး။ လမ်းကျတော့ ကျွန်တော် ပြောပြပါဦးမယ်"ဟု ပြောလျက် လက်ကိုအတင်းဆွဲခေါ်သွားလေ၏။ ကိုဇော်ဟိတ်ကလည်း နောက်သို့ တလှည့်လှည့်ဖြင့် "နေကြစမ်းပါဦးဗျ။ ဘာကြောင့် ကျုပ်ကို အတင်းဆွဲခေါ်နေကြတာတုန်း။ ဒီကောင်ကြီး ကျုပ်ကို မတောင်းပန်သေးဘူးဗျ"ဟု ဆိုကာ တစ်ချက်တစ်ချက် ရုန်းထွက်သဖြင့် ကျွန်ုပ်တို့မှာ ခွန်အားထုတ်၍ ဆွဲကြရ၏။

"တော်ပါတော့ မိတ်ဆွေ၊ တောင်းပန်ရအောင် သတိလည်း မရတော့ပါဘူး။ သတိရလာတောင် သူ့မေးစေ့ကို မြင်းကန်မိတယ် ထင်နေမလားမပြောတတ်ပါဘူးဗျာ။ လာသာ လာပါတော့"ဟု ဦးထွန်းဖေက ပြော၏။

ကျွန်ုပ်တို့သည် ရုန်းရင်းဆွဲရင်းဖြင့် ကိုဇော်ဟိတ်ကို ခေါ်လာခဲ့ကြ၍ မိတ်ဆွေတစ်ယောက်၏ နေအိမ်သို့ ရောက်ကြသောအခါ ဦးထွန်းဖေသည် ကုလားထိုင်ပေါ်တွင် ကိုဇော်ဟိတ်အား ထိုင်စေပြီးမှ နောင်ရေးကို ရှင်းလင်းပြောပြလေ၏။
mgyoe.com

mgyoe.com

"သိပ် ခွကျကုန်ပြီဗျာ။ ခင်ဗျားတို့ မသိကြဘူးနော်။ ဒီကောင်ကြီးက နှယ်နှယ်ရရ ကောင်ကြီးမဟုတ်ဘူးဗျ။ စော်ဘွားကတောင် သူ့သြဇာကို မပယ်ဝံ့ဘူး ခင်ဗျားကြီးတို့ရဲ့။ စော်ဘွားမှာ ငွေလိုလျှင် သူ့ဆီမှာ သုံးနေရလို့ စော်ဘွား တစ်ယောက်လုံးတောင် အိတ်ထောင်ထဲ ထည့်ထားနိုင်တဲ့ ကောင်ကြီးဗျ။ ဖြစ်မှ ဖြစ်ရလေဗျာ။ ခွကျကုန်ပါပြီ၊ အင်မတန် ဆိုးပါတယ်ဆိုမှ သူ့ထိုင်မယ့် ကုလား ထိုင်ကို ဆွဲနုတ်လိုက်ပါပေရဲ့ ဆရာကြီးရယ်"

"သူက ဘာကြောင့် ကျွန်တော့်ကို ဝင်တိုက်သေးသလဲ"

"မှန်ပါတယ် ခင်ဗျာ။ ဟုတ်ပါတယ်။ ကျွန်တော်ကလည်း ဒီကောင် ကြီးကို မြင်ပြင်းကပ်လွန်းလို့ ခင်ဗျား ထိုးလှဲချလိုက်တာ မြင်လိုက်ရတော့ သဘောကျလိုက်တဲ့ ဖြစ်ခြင်းဆိုတာ ဘာပြောကောင်းမလဲဗျာ။ စော်ဘွားမြင်ရ လျှင်လည်း ကျွန်တော့်လိုပဲ သဘောကျမယ် ဧကန္တပဲ။ သို့သော် ဝမ်းထဲက သဘောကျပေမယ့် သူ့သြဇာမကင်းလို့ သူ့ကြောက်ရတာ ခင်ဗျာ။ ခက်ကုန်ကြပါ လိမ့်မယ် ခင်ဗျာ။ မပြောချင်ပါဘူး"

"ကျွန်တော် တစ်ခုပြောမယ် ဦးထွန်းဖေ။ စော်ဘွားဆီကို ကျွန်တော့်ကို ခေါ်သွားပါ။ ဒီအတွက် ခင်ဗျားအပေါ်မှာ အမှုမပတ်စေရအောင် စော်ဘွားကို ကျွန်တော် အားလုံးရှင်းပြပါမယ်ဗျာ။ ကျွန်တော့်တာဝန် ထားလိုက်ပါ"

"စော်ဘွားကလည်း ခင်ဗျားတို့ကို တွေ့ချင်တယ်လို့တော့ ပြောတာပဲ။ ကိုင်း၊ ပြောနေကြာရှေ့ လိုက်ခဲ့ဗျာ။ ကျွန်တော် အခုခေါ်သွင်းသွားမယ်။ မိတ်ဆွေ ဦးသိန်းမောင်တော့ ဒီက နေရစ်ဦးဗျာ။ တစ်ယောက်ချင်းမှ နေရာကျမယ်။ ဦးသိန်းမောင်ပါလာရင် စော်ဘွားက ကုလားကြီးအကြောင်း ပြောချင်တိုင်း ဖွင့်မပြောပေဘူး။ ကျွန်တော်တို့ စော်ဘွားက အင်မတန် ပရိယာယ်များတယ်ဗျ"

ဦးထွန်းဖေနှင့် ကိုဇော်ဟိတ်တို့သည် ဟော်နန်းသို့သွားကြစဉ် ကျွန်ုပ် သည် နေအိမ်သို့ တစ်ယောက်တည်း ပြန်လျှောက်လာခဲ့ရာ လမ်းခရီးတွင် အဖြစ်အပျက်ကို ပြန်ပြောင်းဆင်ခြင်ရင်း အလွန်စိတ်ဆတ်လှသည့် ကိုဇော်ဟိတ် တို့၏ ရန်ပွဲမှာ မည်သည့်နည်းနှင့် မည်သည့်နေရာတွင် အဆုံးသတ်၍ ကျွန်ုပ်၏ အခန်းကား မည်သို့ပါဝင်ရဦးမည့် အရေးများကို မျှော်တွေးဝင်စားမိလေ၏။ သို့သော် ဖြစ်ချင်ရာဖြစ်စေ၊ ဤလူနှင့် 'မခွဲတော့ပြီ' ဟူ၍မူကား ကျွန်ုပ်၏ စိတ်ထဲတွင် ဆုံးဖြတ်ပြီးဖြစ်လေသည်။

ကိုဇော်ဟိတ်တို့ ပြန်လာကြသောအခါ ကျွန်ုပ်မှာ ဦးထွန်းဖေ၏ ဣန္ဒြေကြီးသောမျက်နှာကို မြင်လိုက်ရသဖြင့် မျှော်လင့်သလောက် ချောမောခဲ့ ဟန်မတူဟူ၍ အကဲခတ်မိ၏။ ဦးထွန်းဖေသည် သူ၏ဇနီးရှိရာသို့ ဝင်သွားစဉ် ကိုဇော်ဟိတ်သည် ကျွန်ုပ်အနီးတွင် ကုလားထိုင်ပေါ်၌ ထိုင်လေ၏။

mgyoe.com

mgyoe.com

"ဘယ်နှယ်လဲ ဆရာကြီး"

"ရာဇဝတ်အိုး ခြေမနှင့်ထိုး"ဆိုတာမျိုးလို ဖြစ်ကုန်ပြီကော ဦးသိန်းမောင်။ ဒီလိုလေဗျ၊ စော်ဘွားက ဒီကောင်ကြီးကို ရွံကြောက်ကြီးဖြစ်နေတာမို့ ကျွန်တော်က ယခုလို အညွှန့်ချိုးနှိမ်ချလိုက်တာကို သူ့ဝမ်းထဲက သဘောကျတာပေါ့ အမှန်ပဲ။ နို့ပေမယ့် သူ့အကြွေးတွေက စော်ဘွားမှာ လည်ပင်းချိတ်နေလေတော့ ဒီကောင်ကြီး စိတ်ဆိုးမှာကို စော်ဘွားကိုယ်တိုင်က အင်မတန် ကြောက်နေရတယ် ခင်ဗျ။ ဒီအကြောင်းကြားရတော့ ထလည်းခုန်ချင်ရဲ့၊ ထွက်လည်းပြေးချင်ရဲ့ ဆိုကပဲ။ လုပ်မယ့်လုပ်ရင်လည်း တစ်ခါတည်း သေသွားအောင် လုပ်လိုက်ရင်လည်း ကောင်းသေးရဲ့ဗျာတဲ့။ တစ်ခုခက်နေတာက ဒီကောင်ကြီးက ဂျပန်တွေကို ဘယ်လိုနားသွင်းထားတယ် မဆိုနိုင်ဘူး။ ဂျပန်တွေကတောင် သူ့ကို လေးစားနေကြတယ်တဲ့ဗျ"

"ဟာ၊ ဒီလိုဆိုလျှင် တော်တော်ခက်ကျသားပဲဗျို့။ ဂျပန်ဆီသွားပြီး ချောက်တွန်းတဲ့ အလုပ်ဟာက ဘာမှခက်တာ မဟုတ်ဘူးဗျ။ ဒီကောင်တွေက တစ်ဘက်နား တစ်ဘက်စကားနှင့် ထင်ရာလုပ်တဲ့ကောင်တွေပဲ"

"မှန်တယ်ဗျ။ ဒါကြောင့် စော်ဘွားက ဒီနယ်မှာ နေကြလျှင် သူဘာမှ တတ်နိုင်မှာ မဟုတ်ဘူးတဲ့။ ဂျပန်ဆီ သူသွားပြီး ကုန်းတိုက်လျှင် စော်ဘွား မကယ်နိုင်တဲ့အပြင် စော်ဘွားပါမှာတောင် စိုးရိမ်ရသေးတယ်တဲ့ဗျာ"

"ဒါဖြင့် ကျုပ်တို့ ဘယ့်နှယ်လုပ်ကြပါ့"

"စော်ဘွားပြောတဲ့အတိုင်း လုပ်ကြရုံပေါ့ဗျ"

"စော်ဘွားက ဘယ်နှယ့်ပြောလိုက်သလဲ"

"ဒီကနေ့ည မှောင်မှောင်ချင်း သူ့နယ်ကထွက်ပြီး အင်္ဂလိပ် စစ်တပ်ဆီ ရောက်အောင် သွားကြရမယ်တဲ့ဗျ။ အဲဒါ သူ့ကိစ္စလည်း ပါတယ်။ အင်္ဂလိပ် ဆီရောက်တော့ သူမှာလိုက်တဲ့ စကားကို စစ်ဗိုလ်ကြီး ပြောပြရမယ်တဲ့ဗျ"

"ကောင်းလှပကောဗျာ"

"မကောင်းနှင့်လေ။ ဒီလိုမှမဟုတ်လျှင် ဟိုကောင်ကြီး တို့မီး ရှို့မီး လုပ်တာနှင့် ကျုပ်တို့နှစ်ယောက် ဂျပန်လက်ချက်နှင့် အသက်ထွက်ကြလိမ့်မယ် တဲ့ဗျ"

"ဒီကောင်ကြီးက အင်္ဂလိပ်လက်ထက်က စစ်ဗိုလ်ဆိုပြီး ဂျပန်နှင့်လည်း ပုလဲနံ့ပသင့်နေသလားဗျ"

"စော်ဘွားကိုယ်တိုင် သူ့ကို အကဲခတ်လို့ မရဘူးတဲ့။ ဂျပန်လူလိုလို အင်္ဂလိပ်လူလိုလိုနှင့် သူ့ကို အနည်းအနင်း ကြောက်နေရတာပဲတဲ့ဗျ။ စော်ဘွား တစ်နယ်လုံးမှာ သူ့ကို ကြည်ညိုတဲ့လူ တစ်ယောက်မှမရှိဘူးတဲ့။ ဒါပေမဲ့

mgyoe.com

mgyoe.com

သူ့ကို တစ်ရွာလုံးက ကြောက်နေရသတဲ့။ ကိုင်း၊ ဒါထက် ကျွန်တော်တို့ ဒီကနေ့ည ခရီးထွက်ဖို့ ပြင်ရလိမ့်မယ်ဗျို့"

ကျွန်ုပ်တို့သည် ထိုနေ့ညသန်းခေါင်ဦးအချိန်တွင် စော်ဘွားနယ်မှ ထွက်ခွာခဲ့ကြရာ၊ ကိုဇော်ဟိတ်သည် စော်ဘွားနှင့်တိုင်ပင်ခဲ့သော လုပ်ငန်း အစီအစဉ်ကို ကျွန်ုပ်အား အစုံအလင် ဖွင့်ဟပြောဆိုခြင်း မပြုသော်လည်း အင်္ဂလိပ်စစ်တပ် (ထိုအခါက အမေရိကန်စစ်တပ်)နှင့် တွေ့ဆုံရန်သွားရသည် ဆိုကတည်းက စော်ဘွားမှာ အင်္ဂလိပ်လူဖြစ်မည်ဟု ကျွန်ုပ် အကဲခတ်နိုင်ပေ၏။ စော်ဘွားသည် လူယုံတော်နှစ်ယောက်ကို ကျွန်ုပ်တို့နှင့်အတူ ထည့်လိုက်၍ မြောက်အရပ်သို့ ဆယ်ရက်ခန့် ခရီးသွားမိကြသောအခါတွင် စစ်စခန်းချရာအရပ်သို့ ဆိုက်ရောက်ကြသဖြင့်၊ ကိုဇော်ဟိတ်သည် စစ်ဗိုလ်နှင့် တစ်နာရီကျော်ခန့် ဆွေးနွေးတိုင်ပင်၍ စော်ဘွား မှာထားလိုက်သော စကားများကို ပြောပြလေ၏။ ကျွန်ုပ်တို့ သွားကြရသော လမ်းခရီးသည်ပင်လျှင် အသည်းနှလုံး တုန်လှုပ်ဖွယ် အခြင်းအရာ မြောက်မြားစွာတို့နှင့် ကြုံတွေ့ခဲ့ရသဖြင့် အံ့သြဘနန်းဖြစ်သော်လည်း ဆူဘဒါ မေဂျာရာဟင်ဘတ်နှင့် ပတ်သက်သော အကြောင်းအရာများကို သဘောကျရန် ရည်ရွယ်ချက်ရှိသောကြောင့် ထိုအကြောင်းများကို သင့်တော်သော နေရာမှ ရေးသားဖော်ပြရပေမည်။

ကိစ္စပြီးစီးသဖြင့် ကျွန်ုပ်တို့ပြန်လာကြ၍ စော်ဘွားနယ်နှင့် နှစ်ညအိပ် ခရီးမျှကွာဝေးသောနေရာသို့ ဆိုက်ရောက်ကြသောအခါ ထိုဒေသတွင် ဘီအိုင်အေ စစ်တပ်စခန်းချလျက်ရှိကြောင်း ကျွန်ုပ်တို့ ကြားသိရလေ၏။ ဦးစီးအုပ်ချုပ်သော စစ်ဗိုလ်၏ ဇာတိဇစ်မြစ်နှင့် နာမည်ရင်းကို စုံစမ်းထောက်လှမ်းလိုက်သည့်အခါ ထိုသူမှာ ကိုဇော်ဟိတ်နှင့် ကျောင်းနေဖက်သူငယ်ချင်းဖြစ်ကြောင်း သိရှိရသဖြင့်၊ ကိုဇော်ဟိတ်သည် ထိုစစ်ဗိုလ်နှင့် သွားရောက်တွေ့ဆုံရန် အကြံဖြစ်ပေါ်လေ၏။ သို့ဖြစ်၍ ကိုဇော်ဟိတ်သည် ဘီအိုင်အေ စစ်သားတစ်ယောက်အား စာတစ်စောင် ရေးသားပေး၍ စစ်ဗိုလ်ထံသို့ ပို့ပေးရန် ညွှန်ကြားလေရာ၊ စစ်ဗိုလ်က ကိုဇော်ဟိတ် နှင့် စကားပြောလိုသောကြောင့် ထိုနေ့ညနေတွင် စစ်စခန်းသို့ လာရောက်ရန် ဖိတ်ကြားလိုက်လေ၏။

ကျွန်ုပ်တို့ ထိုနယ်၌မရှိသည့်အခိုက်တွင် မြန်မာနှင့်အင်္ဂလိပ် ပူးပေါင်း၍ ဂျပန်ကို တိုက်ထုတ်ရန် ဆုံးဖြတ်ပြီးဖြစ်သည့်အလျောက် ဂျပန်များလည်း ထိုနယ်မှ ကြက်ပျောက်ငှက်ပျောက် ကွယ်ပျောက်ကုန်နှင့်ပြီဖြစ်၏။ ကိုဇော်ဟိတ် မိတ်ဆွေ ဘီအိုင်အေ စစ်ဗိုလ်၏ ဖိတ်ကြားချက်အရ စစ်စခန်းသို့ သွားရောက်သောအခါ စစ်ဗိုလ်သည် လက်အောက်အရာရှိလေးငါးယောက်နှင့် အတူထိုင်လျက် လက်ဖက်ရည် သောက်နေကြသည်နှင့်တွေ့ဆုံကြလေရာ ယင်းတို့အနက်တွင် ပန်ချာပီဆူဘဒါ

mgyoe.com

မေဂျာရာပဟင်ဘတ်ကသည်လည်း ဧည့်သည်အဖြစ်ဖြင့် ပါဝင်လျက်ရှိသည်ကို တွေ့ရလေ၏။ ရာပဟင်ဘတ်က ကျွန်ုပ်တို့ ဝင်သွားသောအချိန်တွင် စစ်ဗိုလ်ဘက်သို့ လှည့်၍ စကားပြောနေခိုက်ဖြစ်သဖြင့် ကျွန်ုပ်တို့ဘက်သို့ ကျောခိုင်းလျက်ရှိသော ကြောင့် ကျွန်ုပ်တို့ကို မမြင်သေးဘဲရှိရာ၊ စစ်ဗိုလ်က ထိုင်ရာမှ ထ၍ ကိုဇော်ဟိတ်ကို နှုတ်ဆက်သောအခါတွင်မှ ပန်ချာပီကြီးသည် ကိုဇော်ဟိတ်ကို ရုတ်တရက်တွေ့မြင် ရလေတော့သည်။ ပန်ချာပီကြီးသည်ကိုဇော်ဟိတ်ကိုမြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် သူ၏ ညိုမှိုင်းသောမျက်နှာသည် ချက်ချင်း ညစ်ပုပ်မည်းနက်သွား၍ အောက်နှုတ်ခမ်း ကို သွားဖြင့်ဆတ်ခနဲကိုက်ကာ ကြောင်တောင်ကြီး ငေးကြည့်နေလေရာ၊ ကျွန်ုပ် မှာလည်း လှမ်းသောခြေလှမ်းသည် ရုတ်တရက် တန့်သွား၍ တစ်စုံတစ်ခု ဖြစ်ရချေတော့မည်ဟု ချက်ချင်းပင် စိုးရိမ်မိလေ၏။ ကိုဇော်ဟိတ်မှုကား ဝမ်း တွင်း၌ မအံ့သြဘဲနေနိုင်မည့် မဟုတ်သော်လည်း ပြင်ပအမူအရာမှာမူ သာမန် သူစိမ်းတစ်ယောက်နှင့် တွေ့ဆုံမိလေဟန် ခြေလှမ်းမှန်မှန် ဝင်သွားလေ၏။

ပန်ချာပီကြီးသည် ထိုင်ရာမှ ရုတ်တရက် ထခုန်၍ ကိုဇော်ဟိတ်အနီးသို့ ချဉ်းကပ်ပြီးလျှင် "လာခဲ့၊ လာခဲ့၊ မင်းကို မိပြီ။ ငါ့ကို လက်သီးနှင့်ထိုးပြီး သတ္တိမရှိဘဲ ထွက်ပြေးတဲ့ကောင်ကလေး။ လာခဲ့၊ ဒီတစ်ခါ မိပြီ"ဟု ဆိုကာ ကိုဇော်ဟိတ်ကို ကိုင်ဖမ်းတော့မည်ကဲ့သို့ ဟန်ပြင်လိုက်သည်တွင်၊ ဘီအိုင်အေ စစ်ဗိုလ်က ပန်ချာပီကြီး၏လက်ကို ဟန့်တားလျက် "ကျွန်တော့်နေရာမှာ ဆုံမိကြတဲ့အခိုက် အားလုံး ကျွန်တော့် မိတ်ဆွေဖြစ်ရမယ်၊ သည်းခံ့ပါ ဆူဘဒါ မေဂျာ"ဟု ပြောလိုက်လေ၏။ ကိုဇော်ဟိတ်မှုကား အနည်းငယ်မျှ ထိတ်လန့် တုန်လှုပ်ခြင်းမရှိဘဲ စပ်ဖြဲဖြဲမျက်နှာထားမျိုးဖြင့်ပင် ပန်ချာပီကြီးကို ကြည့်နေလိုက် ချေသေး၏။ အနီး၌ရှိသော မြန်မာစစ်ဗိုလ်ကလေးများမှာလည်း အကြောင်း ခြင်းရာကို နားမလည်နိုင်ကြသဖြင့် ကိုဇော်ဟိတ်နှင့် ပန်ချာပီကြီးတို့ကို တစ်လှည့်စီ လှမ်းကြည့်လျက်ရှိကြ၏။ အမှန်အားဖြင့်ဆိုသော် ပန်ချာပီကြီးနှင့် ရှေးဦးစွာ သိကျွမ်းထားကြသော်လည်း၊ မြန်မာအချင်းချင်းဖြစ်သော ကိုဇော်ဟိတ်ဘက်က ဘီအိုင်အေစစ်ဗိုလ်က. . .

ဗိုလ်။ ။"နေပါဦး ကိုဇော်ဟိတ်ရဲ့။ ခင်ဗျားတို့ ဘယ်မှာ တွေ့ဖူးကြ လို့လဲခင်ဗျ"

ဟိတ်။ ။"ပြောတတ်ပါဘူးဗျာ။ မျောက်ရိုင်းကြီးတစ်ကောင် ဖမ်းမွေး ထားတာ လွတ်ပြီးထွက်ပြေးလို့ တောစိတ်ပြန်ပေါက်နေထင်ပါရဲ့ဗျာ။ ဆုံးမ ပေးဦးမှ ဖြစ်မှာပါပဲ"

ထိုအခါ ပန်ချာပီကြီးသည် နှုတ်ဖြင့် တုံ့ပြန်ချေပရန် မတတ်နိုင်သည့် လက္ခဏာဖြင့် လက်နှစ်ဖက်ကို ရှေ့ကိုပစ်ကာ ကိုဇော်ဟိတ်ထံ အတင်းပြေးဝင်

mgyoe.com

mgyoe.com

ကိုင်ဖမ်းတော့လေရာ ကျွန်ုပ်မှာ အသက်အောင့်လျက် ငေးကြည့်နေမိလေတော့၏။ လက်သီးချင်း ယှဉ်ပြိုင်ထိုးသတ်ရမည်ဆိုလျှင် ဆင်လောက်ကြီးသူဖြစ်စေ ကိုဇော်ဟိတ်ကို ကျွန်ုပ် စိတ်ချနိုင်သော်လည်း၊ နပန်းလုံး၍ ပူးသတ်ခြင်း အလုပ်မျိုးမှာ ပန်ချာပိများ အထူးကျွမ်းကျင်သည့်အပြင် လူကောင်ချင်းမှာလည်း နှစ်ဆနီးပါး ကြီးမားနေသောကြောင့် ဘုရားတ မိပေတော့၏။ သို့ရာတွင် သတ်ပုတ်ခြင်း အမျိုးမျိုး၌ ကျွမ်းကျင်လှ၍ မျက်စိအလွန်လျင်သော ကိုဇော်ဟိတ် သည် ကျွန်ုပ်စဉ်းစားနည်းအတိုင်း စဉ်းစားပြီးဖြစ်ဟန် လက္ခဏာဖြင့် ပူးကပ်၍ သတ်ရန် ကြံရွယ်ချက်မရှိဘဲ ပန်ချာပိကြီးက လက်ကြီးကားယားဖြင့် ရှေ့သို့ တိုးသွားလိုက်သည်နှင့် တစ်ပြိုင်နက် ကိုဇော်ဟိတ်က နောက်သို့ ခြေနှစ်လှမ်းမျှ တစ်ပြိုင်နက် ဆုတ်ခွာလိုက်ပြီးလျှင် ဦးခေါင်းကို ဆတ်ခနဲ ငုံ့လျှိုးကာ ပန်ချာပိ ကြီး၏ ဒူးနှစ်ဖက်အကြားသို့ တစ်ဟုန်ထိုး ထိုးဝင်လိုက်လေရကား ပန်ချာပိ ကြီးမှာ ကိုဇော်ဟိတ်၏ ကျောပေါ်မှကျော်၍ ရှေ့သို့ ဟပ်ထိုးကြီး လဲကျရင်း တိုင်နှင့် ဦးခေါင်းတို့ ဒေါင်ခနဲ ဆောင့်မိလေ၏။

ထိုညဥ့်၌ စစ်ဗိုလ်သည် ကိုဇော်ဟိတ်ကိုခေါ်သဖြင့် ကျွန်ုပ်တို့ ဝင်သွား ကြသောအခါ ပန်ချာပိကြီးလည်း ရောက်နှင့်လေပြီ။

ဗိုလ်။ ။"သိပ်ခွကျတယ်ဗျာ ဦးဇော်ဟိတ်။ ကျွန်တော်က တောင်းပန် ပေမယ့် သူက မကျေနိုင်ဘူး ပြောနေတယ်ဗျာ။ ဘယ့်နှယ်လုပ်ကြမလဲ"

ဟိတ်။ ။"တောင်းပန် မနေပါနှင့်ဗျာ။ တရားစွဲချင်သလားစွဲပေါ့။ ဒါမှမဟုတ်လို့ တစ်ယောက်ချင်း သတ်နိုင်သလား၊ သတ်ပေါ့။ ဒါပဲ ရှိတာပဲ မိတ်ဆွေ"

ပီ။ ။"သတ်ချင်တယ်၊ တစ်ယောက်ချင်း သတ်ချင်တယ်"

ဟိတ်။ ။"ကျုပ်က အဆင်သင့်ပါဗျာ။ ခု ချက်ချင်းလား။ လာ"

ပီ။ ။"လာခဲ့၊ သတ်မယ်"

ဟိတ်။ ။"ဘယ်လို သတ်ကြမလဲ"

ပီ။ ။"သူတို့ အင်္ဂလန်မှာလို တစ်ယောက်ချင်း သေနတ်ချင်း ဆိုင်ပစ်မယ်"

ဟိတ်။ ။"ကြိုက်သလိုလုပ်ဗျာ။ ဓားချင်းကြိုက်ကြိုက် သေနတ်ချင်း ကြိုက်ကြိုက်၊ သတ်ချင်တဲ့နည်းနှင့် သတ်ဗျာ"

ဗိုလ် ။ ။ "ကျွန်တော် တစ်ခုပြောမယ်။ ခင်ဗျားတို့ နားထောင်ကြ မလား"

ပီ။ ။"ပြောစမ်းပါ"

ဟိတ်။ ။"ဆိုစမ်းပါဦး"

mgyoe.com

mgyoe.com

ဗိုလ်။ ။"ဒီလိုလုပ်ကြပါ။ မျက်နှာချင်းဆိုင် ပစ်တယ်ဆိုတော့ ရက်စက်လွန်းရာကျတယ်။ ဒီတော့ ခင်ဗျားတို့နှစ်ယောက်ကို ခေါ်သွားပြီး တောထဲမှာ မိုင်တစ်ဝက်လောက် ခွာထားပေးမယ်။ ဒီနောက် ကျုပ်တို့က သေနတ်တစ်ချက်ဖောက်ပြီး အချက်ပေးလိုက်မယ်။ ဒီအခါမှာ ခင်ဗျားတို့က တစ်ယောက်ကိုတစ်ယောက် တွေ့အောင်ရှာပြီး သေနတ်နှင့် ပစ်ကြပေတော့။ ဘယ့်နှယ်လဲ၊ သဘောကျကြရဲ့လား"

ပီ။ ။"ကောင်းပါတယ်"

ဟိတ်။ ။"သဘောကျပါတယ်"

ဗိုလ်။ ။"စီမံပုံကတော့ ခပ်ဆန်းဆန်းပဲဗျ။ သို့သော် ရုံးတွေဘာတွေ မရှိသေးတဲ့ ယခုအချိန်မျိုးမှာတော့ ဘယ်သူပြောပြော ကျွန်တော့် သဘော အတိုင်း စီမံနိုင်ခွင့်ရှိတာပဲ။ ကျွန်တော်ကလည်း မတရားတာတော့ မကြိုက်ဘူး။ တရားသဖြင့်ဆိုလျှင် ဘယ်သူက အပြစ်တင်လို့ ဘာကြီးပဲဖြစ်သွားသွား၊ ကျွန်တော် မကြောက်ပါဘူး။ တာဝန်ယူဝံ့ပါတယ်၊ သို့သော် ဆူဘဒါမေဂျာကြီး နောက်ဆုံး စဉ်းစားလိုက်ပါဦးဗျာ။ မကျေနိုင်တော့ဘူးလား"

ပီ။ ။"မကျေနိုင်ဘူး၊ တစ်ယောက်ယောက်သေသေ၊ နှစ်ယောက် လုံးသေသေ၊ သေပေစေ"

ဟိတ်။ ။"စိန်လိုက်ဗျာ"

နောက်တစ်နေ့နံနက်စောစော၌ စစ်ဗိုလ်ကလေးတစ်စုတို့သည် ကာယကံ ရှင်နှစ်ယောက်တို့ကိုခေါ်၍ နောက်ဆုံးအကြိမ် တောင်းပန်စကားပြောသော်လည်း မရတော့သောကြောင့်၊ သေနတ်ကိုယ်စီကိုင်ဆောင်ကာ တောဘက်သို့ ထွက်လာ ခဲ့ကြလေရာ ကျွန်ုပ်လည်း ကိုဇော်ဟိတ်နှင့်အတူ လိုက်ပါသွားလေ၏။ ကျွန်ုပ်တို့ ထွက်လာခဲ့ကြသည့်ကိစ္စမှာ မြန်မာပြည်၌ တစ်ခါမျှ မကြုံဘူးသေးသည့် ကိစ္စမျိုး ဖြစ်၍ ကျွန်ုပ်နှင့်တကွ ဘီအိုင်အေ စစ်ဗိုလ်ကလေးများပါ အနည်းနှင့် အများ တုန်လှုပ်သော အမူအရာဖော်ပြကြသော်လည်း ကိုဇော်ဟိတ်မှာမူ တိုင်းလုံးကျော်နှင့် လက်ဖွေ့ထိုးစဉ်ကလောက်မျှ တုန်လှုပ်ခြင်းဟန် လက္ခဏာမရှိဘဲ မတော်တဆ မိမိကျဆုံးခဲ့လျှင် မည်ကဲ့သို့ ပြုလုပ်ရစ်ပါဟူ၍ ယမန်ညဥ့်က မှာထားသော စကားများကိုသာ ထပ်လောင်းသတိပေးကာ ဆေးပြင်းလိပ် တဖွာဖွာဖြင့် လိုက်ပါ လာလေ၏။ ပန်ချာပီကြီး၏ လက်ဖြောင့်ခြင်းအကြောင်းကို ဦးထွန်းဖေက ပြောဖူးသဖြင့် ကျွန်ုပ်က ကိုဇော်ဟိတ်အား အလွန်အမင်း အတင့်မရဲဘဲ သတိဖြင့် အလုပ်လုပ်ဖို့ပြောရာတွင် ကိုဇော်ဟိတ်က "ကိစ္စမရှိပါဘူးဗျာ။ ခင်ဗျားလူ လက် ဖြောင့်တယ်ဆိုပေမယ့် တောကောင်ကို ပစ်ရာမှာသာ လက်ဖြောင့်နိုင်မှာပါဗျာ။ တစ်ဘက်က သူ့ကိုသေနတ်နှင့် လိုက်ရှာနေတယ်ဆိုတာ သူသိထားတော့

mgyoe.com

mgyoe.com

ခင်ဗျားလူ လက်မဝှ့နဲ့ဘဲ နေနိုင်မယ်မထင်ပါဘူး။ သို့သော် စိတ်ချပါ၊ ကျွန်တော်ကတော့ သတိမလစ်စေရပါဘူး"ဟု ပြန်ပြောလေ၏။ မှန်သည့်အတိုင်း ရေးရလျှင် ကျွန်ုပ်မှာ ယမန်ညဉ့်က ကိုဇော်ဟိတ်အတွက် စိုးရိမ်ပူပန်မိသဖြင့် အိပ်မပျော်နိုင်ဘဲ အိပ်ရာထဲ၌ တလိမ့်လိမ့်တလွန့်လွန့် ဖြစ်နေသဖြင့် ကိုဇော်ဟိတ်ကို ခေါ်စမ်းကြည့်ရာ၊ ကိုဇော်ဟိတ်မှာ ဆယ့်နှစ်နာရီကျော် ကတည်းက အသက်ရှူမှန်မှန်ဖြင့် အိပ်ပျော်လျက်ရှိသည်ကို တွေ့ရ၏။ သို့ဖြစ်၍ ထိုနေ့နံနက်၌ ကျွန်ုပ်သည်သာလျှင် အိပ်ပျက်သည့်အတွက် မျက်လုံးများ ကြည့်မကောင်းဘဲ ဖန်တန်တန်ရှိနေသည်ဖြစ်ရာ ကိုဇော်ဟိတ်မှုကား လတ်ဆတ်ရွှင်လန်းစွာ ရှိနေလေ၏။

ဟိတ်။ ။"တစ်ခုတော့ ရှိတယ်ဗျ ဦးသိန်းမောင်၊ ကျွန်တော့်စိတ်က တစ်မျိုးပဲ။ မနေ့ညတုန်းက ရန်ဖြစ်ပြီး ချက်ချင်း ပူပူနွေးနွေး သတ်လိုက်ရလျှင် သိပ်ပြီး မြိန်ရေရှက်ရေရှိမှာပဲ၊ အခုတော့ အမှန်ပြောရလျှင် သူနှင့် ကျွန်တော်နှင့်မှာ သူသေဖို့က သေချာနေတော့ ကျွန်တော့်စိတ်ထဲမှာ အေးစက်စက်နှင့် သိပ်မမြူးလှပေါင်ဗျာ"

နံပ်။ ။"ခင်ဗျား ထင်တဲ့အတိုင်း ဖြစ်ပါစေလို့ ဆုတောင်းပါတယ်ဗျာ"

ဟိတ်။ ။"ထင်တာမဟုတ်ဘူး ဆရာကြီးရဲ့။ ကျွန်တော့် သွေးထဲက လိုက်ပြောနေတာခင်ဗျ"

ကျွန်ုပ်တို့ တိုင်ပင်ရွေးချယ်ထားသော တောင်ကုန်းသို့ ရောက်ကြသောအခါ စစ်ဗိုလ်ကလေး နှစ်ယောက်တို့သည် ကိုဇော်ဟိတ်ကို တောင်ပူစာ၏ ခြေရင်း၌ရှိသော တောစပ်ကလေး၏ အရှေ့ဘက်သို့ ခေါ်သွား၍ အခြားစစ်ဗိုလ်ကလေးနှစ်ယောက်တို့က ပန်ချာပီကြီးကို ထိုတောစပ်ကလေး၏ အနောက်ဘက်သို့ ခေါ်သွားကြလေရာ ကျွန်ုပ်နှင့် ဗိုလ်ကြီးလုပ်သူတို့က တောင်ပူစာပေါ်မှ စောင့်နေရစ်ကြလေ၏။ ကျွန်ုပ်တို့၏ အစီအစဉ်မှာ ကိုဇော်ဟိတ်နှင့် ပန်ချာပီကြီးတို့ကို တစ်ကွဲစီပို့ထားခဲ့ပြီးနောက် စစ်ဗိုလ်ကလေးများ တောင်ထိပ်သို့ ပြန်ရောက်ကြသောအခါတွင် သေနတ်တစ်ချက် ပစ်ဖောက်၍ အချက်ပေးရန်ဖြစ်လေရာ၊ သေနတ်သံကြားသောအချိန်မှစ၍ ရန်သူနှစ်ယောက်တို့သည် တစ်ယောက်ကို တစ်ယောက် တွေ့အောင်ရှာ၍ ပစ်ကြရန်ဖြစ်လေရာ သူတို့လက်တွင် နှစ်လုံးပြူး သေနတ်တစ်လက်စီနှင့် အံယ်လ်ဂျီယမ်းတောင့် သုံးတောင့်စီပါရှိကြ၏။ လူနှစ်ယောက်တို့သည် ကျွန်ုပ်တို့ရှေ့တွင် သေနတ်ကို ယမ်းတောင့်များ သို့ဝှက်ဆောင်ယူခြင်း မရှိစေရန်လည်း စစ်ဆေးရှာဖွေပြီးဖြစ်လေသည်။

တောင်ပူစာခြေရင်း၌ လက်ခုပ်တစ်ဖောင်ခန့်မြင့်သည့် ဆောက်ကလားပင်များနှင့် နွယ်နီချုံများရှိကြလေရာ ကျွန်ုပ်နှင့် စစ်ဗိုလ်လုပ်သူတို့သည် တောင်ကုန်း

mgyoe.com

mgyoe.com

ပေါ်က မျှော်ကြည့်လိုက်သည့်အခါ ပန်ချာပီကြီးနှင့် ကိုဇော်ဟိတ်တို့အကြားတွင် မိုင်တစ်ဝက်ခန့်ခြား၍ ချုံများ ကာဆီးလျက် ရှိသည်ကို တွေ့မြင်ရ၏။ ကျွန်ုပ်တို့ ကမူ လူနှစ်ယောက်လုံးကို တောင်ကုန်းပေါ်မှ မြင်နိုင်ကြသော်လည်း သူတို့ အချင်းချင်းမူကား တစ်ယောက်ကိုတစ်ယောက် မမြင်နိုင်ချေ။

လိုက်ပို့သော စစ်ဗိုလ်ကလေးများ ပြန်ရောက်လာသည်နှင့်တစ်ပြိုင်နက် ဗိုလ်ကြီးလုပ်သူသည် ရိုင်ဖယ်သေနတ်ကို အထက်သို့ထောင်လျက် တစ်ချက် ပစ်ဖောက်လိုက်ပြီးနောက် ကျွန်ုပ်တို့ ခြောက်ဦးသားသည် တောင်ကုန်းပေါ်တွင် ထိုင်ကြ၍ မကြုံဖူးအောင် ထူးဆန်းသောတိုက်ပွဲကို စောင့်ကြည့်၍နေကြလေ၏။ စစ်ဗိုလ်ကလေးများအဖို့မှာ မြန်မာအမျိုးသားတစ်ယောက် ပါဝင်သည့် တိုက်ပွဲ ဟူသော အမှတ်ဖြင့်ကြည့်နေဟန်တူသည့်အပြင် သူတို့ကိုယ်တိုင် စစ်သားများဖြစ်၍ အောက်ပြည်မှ အထက်သို့ ချီတက်လာရောက်သည့် လမ်းတစ်လျှောက်၌ အထိုက် အလျောက် တိုက်ခိုက်သတ်ဖြတ်ခဲ့ရသဖြင့် အလေ့အကျင့် ရှိနေကြသော်လည်း လူသတ်ပွဲမမြင်ဘူးသော ကျွန်ုပ်အဖို့မှာ ညီရင်းတမျှ ခင်မင့်တွယ်တာလျက်ရှိသော မိတ်ဆွေလည်းဖြစ်သောကြောင့် ရင်ထဲ၌ တဒိန်းဒိန်းလှုပ်ခုန်၍ ထိုင်ချည်ထချည်ဖြင့် နေမထိထိုင်မထိ ဖြစ်နေလေ၏။

စစ်ဗိုလ်က သေနတ်ပစ်ဖောက်လိုက်သောတစ်ခဏ၌ ကိုဇော်ဟိတ်သည် သေနတ်ကို မြေပေါ်တွင်ချထား၍ ဆေးပြင်းလိပ်တစ်လိပ်ကို ရှူဖွာလျက်ရှိရာမှ ဆေးလိပ်ကို ဆတ်ခနဲပစ်ချကာ သေနတ်ကို ကောက်ယူလိုက်လေရာ၊ ပန်ချာပီ ကြီးမှာမူ သေနတ်ကိုထမ်းကာ စကြံလျှောက်နေရာမှ ကိုဇော်ဟိတ် ရှိရာဘက်သို့ ချာခနဲ လှည့်လိုက်လေ၏။ ထို့နောက် လူနှစ်ယောက်တို့သည် ဆောက်ကလား ပင်များနှင့် နွယ်နီချုံများအတွင်းမှ ဖြတ်သန်းကာ တစ်ယောက်ရှိရာသို့ တစ်ယောက် ချီတက်လာကြသည်ဖြစ်သောကြောင့် ချုံကျဲသော နေရာများ၌သာ သူတို့ကို မြင်နိုင်၍ များသောအားဖြင့် နှစ်ယောက်လုံးကို မမြင်ရချေ။ ချုံများအတွင်းမှ သေနတ်သံတစ်ချက် ပေါ်ထွက်လာရာတွင် ကျွန်ုပ်မှာ ရင်ထဲ၌ထိတ်ခနဲ ဖြစ်သွား မိ၏။ မည်သူက ပစ်လိုက်သည်မသိ။ ထိမှန်ခြင်း ရှိမရှိကိုလည်း မသိရချေ။ သို့ရာတွင် နောက်များမကြာမီအတွင်း ဆောက်ကလားပင်တစ်ပင်မှ နွယ်နီချုံတန်း တစ်ခုဆီသို့ သေနတ်ကို လက်နှစ်ဖက်တွင်ကိုင်လျက် ခပ်ကုန်းကုန်း လှမ်းသွား နေသော ကိုဇော်ဟိတ်ကိုမြင်လိုက်ရသည်တွင်မှ ကိုယ့်လူမထိမှန်ကြောင်း သိရ ပေတော့သည်။ ဗိုလ်ကြီးလုပ်သူမှာ လက်ဝယ်၌ မှန်ပြောင်းတစ်ခုရှိသဖြင့် ကျွန်ုပ်က ခေတ္တ ငှားကြည့်လိုက်သည်တွင် ကိုဇော်ဟိတ်၏ မျက်နှာထားမှ လေးစားသော အမူအရာမျိုးမရှိဘဲ ခပ်ပေါ့ပေါ့ ခပ်အေးအေးရှိနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်မှာ အားမရနိုင်အောင် ဖြစ်သွားသေး၏။

mgyoe.com

mgyoe.com

ထိုအချိန်၌ ကိုဇော်ဟိတ်မှာ ကျွန်ုပ်နှင့်တည့်တည့်လျက်ရှိသော တောင်ခြေသို့ ရောက်လာခဲ့ပြီဖြစ်ရာ၊ ဒုတိယ သေနတ်သံတစ်ချက်ကြားရ၍ ကိုဇော်ဟိတ်၏ ဦးခေါင်းထက်ရှိသော ဆောက်ကလားကိုင်းတစ်ခု ကျိုးကျသွားသည်ကို တွေ့ရသော အခါတွင်မှ ကိုဇော်ဟိတ်လည်း ခက်ထန်သော မျက်နှာထား ဖြစ်ပေါ်လာလေ တော့သည်။ သေနတ်သံနှစ်ချက် ကြားရပြီးဖြစ်၍ တစ်ချက်မှာ ကိုဇော်ဟိတ်၏ ဦးခေါင်းအနီးမှ သစ်ကိုင်းကို ထိမှန်သွားသောကြောင့် ပန်ချာပီကြီး၏ လက်ချက် ဖြစ်ကြောင်း သေချာပေရာ တစ်ချက်သည်သာလျှင် မည်သူ၏ လက်ချက်ဖြစ်သည် ဟု မပြောနိုင်ဘဲရှိတော့၏။ အကယ်၍ ပထမသေနတ်သံသည်လည်း ပန်ချာပီကြီး၏ လက်ချက်ဖြစ်ခဲ့ပါလျှင် ပန်ချာပီကြီး၌ ယမ်းတောင့်တစ်တောင့်သာ ကျန်ရချေ တော့မည်။

နောက်တစ်ခဏ၌ ကိုဇော်ဟိတ်သည် ကျွန်ုပ်တို့၏ရှေ့တည့်တည့်တွင် ဝပ်နေရာမှ မျက်နှာထားတစ်မျိုးပြင်ကာ ထသွား၍ ချုံများအတွင်း ကွယ်ပျောက် သွားလေရာ သူနှင့် ကိုက်တစ်ရာငါးဆယ်ခန့် ကွာလှမ်းသောနေရာတွင် ပန်ချာပီ ကြီးလည်း ၎င်းနည်းတူပင် ချုံတစ်ချုံမှ တစ်ချုံသို့ ဝပ်လျှိုးကာ ပြောင်းရွှေ့ကူး လာသည်ကို မြင်နိုင်ပေ၏။ ထိုသူမှာလည်း တစ်ခါတစ်ရံပေါ်လာ၍ တစ်ခါတစ်ရံ ပျောက်ကွယ်သွားလေရာ သူတို့နှစ်ယောက်အကြားတွင် ကိုက်ပေါင်းသုံးဆယ်ထက် ပို၍ဝေးတော့မည် မထင်ပေ။ ထိုမှတစ်ဖန် တဖြည်းဖြည်း တွားလာခဲ့ကြ၍ တစ်ယောက်နှင့်တစ်ယောက် နီးကပ်သည်ထက် နီးကပ်လာကြရာ နောက်ဆုံး၌ ၎င်းတို့နှစ်ယောက်အကြားတွင် အလွန်ရှုပ်ထွေး ထူထပ်လှသော ချုံကြီးတစ်ချုံ တည်းသာလျှင်ရှိတော့၏။ ထိုအခါ၌ ကျွန်ုပ်တို့သည် ထိုသူနှစ်ယောက်လုံးကို မြင်ကြသည်ဖြစ်ရာ ချုံ၏အခြားဘက်၌ မိမိ၏ရန်သူရှိနေသည့်အဖြစ်ကို နှစ်ယောက် လုံးကပင် သိနေကြသည့် လက္ခဏာရှိ၏။ ဤနေရာတွင် နှစ်ယောက်လုံးတို့သည် ရှေ့သို့ တဖြည်းဖြည်း တိုး၍တိုး၍ သွားကြစဉ် နောက်မှ ရန်သူပေါက်လာချေ မည်လောဟု မကြာခဏ လှည့်၍ကြည့်နေကြပုံများမှာ နှစ်ယောက်လုံးကို မြင်နေရ သော ကျွန်ုပ်တို့အဖို့၌ 'ငိုအားထက် ရယ်အားသန်'ဟူသော စကားကဲ့သို့ ရယ်ချင်သလိုပင် ဖြစ်မိသေး၏။ တစ်ခါက မိမိ၏နောက်မှ အသံတစ်စုံတစ်ရာ ကြားရသည့် လက္ခဏာဖြင့် ပန်ချာပီကြီးက ဆတ်ခနဲ လှည့်ကြည့်လိုက်ပုံမှာ ကျွန်ုပ်တို့အားလုံး မပြုံးဘဲမနေနိုင်အောင် ဖြစ်ကြရလေတော့သည်။ စင်စစ်သော်ကား ထိုခဏ၌ ကိုဇော်ဟိတ်မှာ ချုံကြီး၏ အခြားဘက်တည့်တည့်ကြီး၌ ရှိနေသည်ဖြစ်ရာ ကျွန်ုပ်တို့မှာ ထိုအခြင်းအရာ သိမြင်နေကြသည် ဖြစ်သောကြောင့် သူ့အရိပ်ကို သူလန့်၍နေသည်ဟု စိတ်ထဲက ပြောင်လှောင်စိတ်ကူးမိကြသောကြောင့် ဖြစ်လေ သည်။

mgyoe.com

mgyoe.com

ဤနည်းအားဖြင့် လူနှစ်ယောက်တို့သည် ချုံကြီးကို ပတ်ချာလှည့်နေကြသဖြင့် တစ်ပတ်တိတိ လှည့်ပြီးသောအခါတွင် ကိုဇော်ဟိတ်သည် မြေကြီးပေါ်သို့ ငုံ့ကြည့်လိုက်၍ အဖြစ်အပျက်အမှန်အတိုင်း တွေးဆမိသည့် လက္ခဏာဖြင့် သူ၏ဝါသနာအတိုင်း ဖြစ်ချင်ရာဖြစ်စေဟု ဆုံးဖြတ်ပြီးလျှင် သေနတ်ကို အဆင်သင့်ကိုင်လျက် ရှေ့သို့ဖျတ်ခနဲ တိုးသွား၍ မောင်းဖြုတ်ချလိုက်သဖြင့် ဒိုင်းခနဲ အသံထွက်သည်နှင့်တစ်ပြိုင်နက်၊ ဒိုင်းခနဲတုံ့ပြန်လိုက်သော အသံလည်း ပေါ်ထွက်လာလေ၏။ စင်စစ်မှာ ကိုဇော်ဟိတ်က ပစ်လိုက်သောအသံနှင့် ပန်ချာပီကြီးက ပစ်လိုက်သော သေနတ်သံတို့မှာ တစ်စက္ကန့်၏ ဆယ်ပုံတစ်ပုံမျှပင် ခြားကောင်းခြားမည်ဖြစ်၍ ကျွန်ုပ်တို့၏နားသို့ တစ်ပြိုင်နက်တည်း ဆိုရမတတ် တိုးဝင်လာလေတော့၏။

အခြားလူများမှာလည်း ကျွန်ုပ်နောက်က ပြေးလိုက်လာကြလေရာ ဗိုလ်ကြီးနှင့် ကျွန်ုပ်တို့သည် ကိုဇော်ဟိတ်ကို ပွေ့ထူပေးကြစဉ် ဗိုလ်ကလေးများကလည်း ပန်ချာပီကြီးဆီသို့ ပြေးကြလေ၏။ ကျွန်ုပ်သည် တုန်တုန်ရီရီဖြစ်နေသော လက်များဖြင့် ကိုဇော်ဟိတ်ကို ပွေ့ထူပေး၍ "ဘယ်ထိသွားသလဲ သူငယ်ချင်း"ဟု မေးရင်း၊ သွေးများယိုစီးကျသော နေရာသို့ ကြည့်လိုက်ရာတွင် လက်ဝဲဖက်ပခုံးကို ဖောက်သွားသော ဒဏ်ရာမျှသာဖြစ်ကြောင်း တွေ့ရှိရသဖြင့် 'မောင်မင်းကြီးသား တော်ပါသေးရဲ့'ဟု အောက်မေ့မိ၏။ ထိုခဏ၌ ပန်ချာပီကြီးဆီမှ လာကြသော လူများကို မော့ကြည့်လိုက်သည့်အခါ ဦးခေါင်းယမ်းပြသည်ကို တွေ့ရ၏။ အကြောင်းမူကား ပန်ချာပီ၏ ဒဏ်ရာမှာ နဖူးတည့်တည့်တွင် ထိမှန်ခြင်းဖြစ်သောကြောင့် ပွဲချင်းပြီး အသက်ပျောက်ရှာခြင်း ဖြစ်ပေသောကြောင့်တည်း။

ထိုခေတ်မှာ ဂျပန်ပြေး၍ အင်္ဂလိပ်ဝင်စခေတ်ဖြစ်သောကြောင့် လူတစ်ယောက်မက ဆယ်ယောက်သေသော်လည်း အလွယ်တကူ ဖုံးဖိနိုင်ကြသည်ဖြစ်ရာ ကျွန်ုပ်တို့သည် ထိုလူ၏အလောင်းကို ထိုနေရာ၌ပင် လှံစွပ်များဖြင့် တစ်လှည့်စီတူး၍ မြေမြှုပ်ခဲ့ကြရလေတော့သတည်း။

●

သွေးသောက်မဂ္ဂဇင်း

၁၉၄၉၊ ဇူလိုင်လ။

mgyoe.com

mgyoe.com

# နံပါတ်ငါးနှင့် ဇော်ဟိတ်

တစ်နေ့သ၌ ကျွန်ုပ်နှင့်ကိုဇော်ဟိတ်တို့သည် မန္တလေးမြို့ နေသူရိန်ရုံကြီး၌ ကိုယ်ရေပြားရောဂါရုံအတွက် အလှူငွေ ကောက်ခံရေးကိစ္စနှင့် ပတ်သက်၍ အစည်းအဝေး ကျင်းပလျက်ရှိသဖြင့် အရေးပိုင်ကတော် ဒေါ်သိန်းတင်က ဥက္ကဋ္ဌ အဖြစ် 'လက်ချာ'ပေးသည်များကို နားထောင်လျက်ရှိကြ၏။ မင်းကတော် ဒေါ်သိန်းတင်မှာ ဗြူရိုကရေစီခေတ်အခါက ရန်ကုန်မြို့ရှိ အတွင်းဝန်ကြီးနှင့် လည်းကောင်း၊ ကော်မရှင်နာမင်းကြီးနှင့်လည်းကောင်း၊ အိုင်စီအက်စ် အရာရှိ များနှင့် လည်းကောင်း အလွန်တရာ ပုလဲနံပသင့်သည်ဖြစ်၍ မြန်မာ အရာရှိ ကတော်တစ်ယောက်မျှဖြစ်စေကာမူ ဥရောပတိုက်သား အရာရှိကြီးများ၏ ဒင်းနား ပါတီများသို့ လင်မယားနှစ်ယောက် ဖိတ်ခေါ်ခြင်း ခံခဲ့ကြရလေသည်။ စင်စစ်မှာ ထိုကဲ့သို့ ဖိတ်ခေါ်ခြင်းခံခဲ့ရခြင်းများသည် လင်ယောက်ျား အရေးပိုင်၏ တန်ခိုး အာနိသင် အစွမ်းကြောင့်မဟုတ်။ မင်းကတော် ဒေါ်သိန်းတင်၏ လူပေါင်း ကောင်းခြင်းအတွက်ကြောင့် ဖြစ်ပေ၏။

ဒေါ်သိန်းတင်မှာ ကောလိပ်ကျောင်းတွင် တစ်နှစ်ခန့်မျှသာ ပညာသင်ခဲ့ ဖူးသော်လည်း ကွန်ဗင့်ကျောင်းထွက်ဖြစ်၍ အင်္ဂလိပ်စကားကို ဘိုကပြားမတမျှ ပြောတတ်သည့်အပြင် မျက်နှာဖြူများနှင့် ပေါင်းသင်းဆက်ဆံခြင်းများခဲ့သည့် ဖြစ်သောကြောင့် သူတို့၏ ပြောပုံဆိုပုံ၊ နေပုံထိုင်ပုံနှင့် ဆက်ဆံပုံအခြင်းအရာ

mgyoe.com

mgyoe.com

များကိုလည်း ကောင်းစွာ နားလည်ကျွမ်းကျင်ခဲ့လေသည်။ သို့ဖြစ်၍ ထိုခေတ်အခါက မည်သည့်အဆောက်အအုံ အုတ်မြစ်ချပွဲ၊ မည်သည့် အဆောက်အဦဖွင့်ပွဲ၊ မည်သည့်ကိစ္စအတွက် အလှူငွေ ကောက်ခံပွဲ အစရှိသည့် အစိုးရအရာရှိများနှင့် သက်ဆိုင်သည့် အခမ်းအနားနှင့် ပွဲလမ်းသဘင်မဆို ဒေါ်သိန်းတင်မပါလျှင် မပြီးသလောက်ဖြစ်နေ၍ လူမှုဆက်ဆံရေးဆိုင်ရာ အခမ်းအနား မှန်သမျှတွင် မျက်နှာဖြူ အရာရှိကြီးများသည် မင်းကတော် ဒေါ်သိန်းတင်ကို အလွန်တရာအားထားကြသည်။

အင်္ဂလိပ်အရာရှိကြီးများက မြန်မာတိုင်းသူပြည်သားကို အရေးယူစပြုနေသော ထိုခေတ်၌ ဒေါ်သိန်းတင်သည် မြို့သူမြို့သားတို့အကြိုက်ကို နားလည်သည်ဆို၍ သူ့အား လက်ကသုံးတောင်ဝှေးသဖွယ် အသုံးပြုခဲ့ကြလေသည်။

သို့ဖြစ်၍ 'နို့စို့ကလေးငယ်ကိစ္စ၊ ဆေးရုံကြီးကိစ္စ၊ လူအိုရုံကိစ္စ' အစရှိသည့် လူအများနှင့် သက်ဆိုင်သော ကိစ္စများတွင် အင်္ဂလိပ် အရာရှိကြီးများသည် ဒေါ်သိန်းတင်ကို ရှေ့တန်းမှတင်၍ ဒေါ်သိန်းတင် စီမံအုပ်ချုပ်မှ အလှူငွေအမြောက်အမြားရရှိ၍ လိုရာကိစ္စများ ပြီးနိုင်သည်ဟု သဘောထားကြလေသည်။

အရေးပိုင်ကတော် ဒေါ်သိန်းတင်သည် လေဒီရှူးဖိနပ်ကိုစီး၍ ပိုးမာဖလာကလေးကို လည်ပင်း၌စည်းပြီးလျှင် ရာဇဝတ်မင်းကြီး၊ ကော်မရှင်နာမင်းကြီး၊ ဣမင်းကြီး ထိုမင်းကြီးစသော ဥရောပတိုက်သား မျက်နှာဖြူအရာရှိကြီးများနှင့် ကားအတူစီးကာ အင်္ဂလိပ်စကားကို ဘိလပ်သူတစ်ယောက်ကဲ့သို့ တရွှီးရွှီး တရွတ်ရွတ် ပြောတတ်သည်များကို အခြားသော မင်းကတော်များ မြင်ကြရသောအခါ ခေတ်ဆန်သော ကတော်ပေါက်စများ အလွန်အားကျ၍ အတုခိုးဖို့ ကြိုးစားကြ၏။

ဒေါ်သိန်းတင်ကဲ့သို့ မျက်နှာပွင့်လန်းလိုသော်လည်း သူကဲ့သို့ နေရာတကျ မလုပ်တတ်သော မင်းကတော်များကမူကား သူတို့အချင်းချင်း မဲ့ကာရွဲ့ကာ ကဲ့ရဲ့ရှုတ်ချတတ်ကြလေသည်။

ဒေါ်သိန်းတင်၌ ချီးမွမ်းထိုက်သောအခြင်းအရာတစ်ခုမှာ မိမိအား အရာရှိများက မြှောက်စားလိုလားကြသော်လည်း အစည်းအဝေးများ၌ ဥက္ကဋ္ဌအဖြစ်စကားပြောခွင့်ရှိ၍ ပြောရသောအခါများတွင် အချို့သော မိန်းမများကဲ့သို့ ကိုယ့်ဟာကိုယ် ဟုတ်လှပြီထင်၍ တောင်စဉ်ရေမရဟူဘိသကဲ့သို့ အဓိပ္ပာယ်မရှိသော စကားတို့ကို ပျင်းရိငြီးငွေ့ဖွယ်ရာ လေရှည်ဆွဲ၍မပြောဘဲ တိုတိုတုတ်တုတ် လိုရင်းလောက်ကို ချုပ်၍ ရယ်မောဖွယ်ရာ ပုံတိုပတ်စကလေးတစ်ခုတလေ ညှပ်ကာ အလွန်တရာ အချက်ကျအောင် ပြောဆိုတတ်ပေ၏။ သို့ဖြစ်၍ ရှုံ့မဲ့ကဲ့ရဲ့ချင်သော ကတော်ကြီးများသည်ပင်လျှင် ဗိုလ်ဆန်ချင်သည်ဟု အပြစ်ဆိုကြ

mgyoe.com

mgyoe.com

စေကာမူ သူကဲ့သို့ ပြောတတ်လျှင် ကောင်းလေစွဟု စိတ်ထဲက အောက်မေ့ကြရလေတော့သည်။

အရေးပိုင်ဦး. . .မှာမူ မိမိ၏ ဇနီးအစွမ်းကြောင့် မိမိပါ မျက်နှာရနေသည့်အဖြစ်ကို သိရှိသော်လည်း မနာလိုဝန်တိုခြင်းမရှိ၊ မိမိကြီးပွားရေးအတွက် 'အမှီသဟဲပြုရသော မိန်းမတစ်ယောက်ယေတည်းဟု အလွန်တရာ ကျေနပ်နှစ်သိမ့်လျက်ရှိ၏။ သို့ဖြစ်၍ အရေးပိုင်ကြီးသည် ဒေါ်သိန်းတင်ထားရာဌာနေ၍ ဒါဘာမင်းပွဲများ၌ ဒေါ်သိန်းတင်က ဆင်ပေးသော အဝတ်အစားများကိုသာလျှင် ဝတ်ဆင်လေ့ရှိ၏။ ဒေါ်သိန်းတင်သည် ပါးသောမိန်းမတစ်ယောက်ဖြစ်၍ လင်ယောကျ်ား၏ ရုံးကိစ္စများတွင် ပါဝင်စွက်ဖက်ခြင်း မပြုသော်လည်း လူမှုကိစ္စဟု ဆိုအပ်သော ဆက်ဆံရေး ကိစ္စများ၌မူ လင်ယောကျ်ားသည် အရုပ်ဖြစ်၍ ဒေါ်သိန်းတင်က ကြိုးကိုင်ရလေသည်။

နေသူရိန် အစည်းအဝေး၌ အခြားသော ပုဂ္ဂိုလ်များသည် ကိုယ်ရေပြားရောဂါရုံကိစ္စနှင့် ပတ်သက်၍ စာအုပ်စာတမ်းများမှ မွှေနှောက်ဖတ်ရှုကာ ကမ္ဘာပေါ်၌ ကိုယ်ရေပြားစွဲကပ်သူ အရေအတွက် မည်မျှ၊ မြန်မာ၌ မည်မျှ၊ အိန္ဒိယပြည်၌ မည်မျှ စသည်ဖြင့် ပျင်းရိဖွယ်ရာ အကျယ်တဝင့် ချဲ့ထွင်ဟောပြောကြသော်လည်း ဒေါ်သိန်းတင်၏အလှည့်သို့ ရောက်သောအခါ အလွန်တရာ ချိုအေးပြုံးရွှင်သော မျက်နှာထားဖြင့် ထိုင်ရာမှထ၍ အချိန်နှစ်မိနစ်ခန့်ထက် မကျော်လွန်စေဘဲ တိုတိုတုတ်တုတ်ဖြင့် အချက်ကျကျ ပြောဆိုလျက် နောက်ဆုံး နိဂုံးချုပ်သော အချိန်၌ "ရှင်တို့ ကျွန်မတို့မှာတော့ ကိုယ်ကာယက သန်သန်စွမ်းစွမ်း၊ ပြည့်ပြည့်ဖြိုးဖြိုး ခိုင်ခိုင်မာမာရှိနေကြလို့မို့ ကိုယ်ရေပြားရောဂါ စွဲကပ်ခြင်းဆိုတာဟာ ဘယ်လောက်အတိဒုက္ခ ရောက်နေတယ်ဆိုတာကို မသိကြပေဘူးပေါ့လေ။ သူ့ခမျာများမှာတော့ သွားချင်လို့လည်း နေရာတကာ မသွားနိုင်၊ လူကောင်းများမြင်ရင်လည်း၊ ကိုယ့်ကိုယ်ကိုရှက်ရ၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားမယ်ဆိုလို့လည်း ခြေမသန်လက်က ခနော်ခနဲ့၊ မျက်စိက ပိုးတိုးဝါးတား၊ အဲဒီလောက် အတိဒုက္ခရောက်လာရှာကြလို့မို့ လူ့ဘုံလို့သာဆိုရ ငရဲပြည်တမျှ ဆင်းရဲရှာကြတဲ့ဒုက္ခသည် ယောကျ်ားမိန်းမများကို ကိုယ်စားမည့်အထဲက တစ်ရက်စာကလေးဖြစ်စေ၊ ကိုယ်ဝတ်မည့်အထဲက တစ်ထည်တလေဖြစ်စေ ဖဲ့ပြီးပေးကြမယ်ဆိုလျှင် သူတို့မှာလည်း အကျိုးများပြီး ကျွန်မတို့အဖို့မှာလည်း နောင်သံသရာအတွက် ဘယ်လောက်များ အကျိုးကြီးမယ်ဆိုတာ ကျွန်မက ထုတ်ဖော်ပြီး ပြောပြဖို့ မလိုပါဘူးမှတ်တယ် မြို့မိမြို့ဖများရှင်"

ထိုခဏ၌ ဒေါ်သိန်းတင်သည် ဦးခေါင်းညွှတ်လျက် ကုလားထိုင်၌ ထိုင်လိုက်လေရာ ဩဘာလက်ခုပ်သံကြီးလည်း နားကွဲမတတ် ဆူပွက်သွားလေတော့၏။

mgyoe.com

mg.yoe.com

ထို့နောက် ဒေါ်သိန်းတင်သည် ပရိသတ်၏ ဩဘာပေးခြင်းကို ပြုံးရွှင်သော မျက်နှာထားဖြင့် လက်ခံလျက် ပရိသတ်ရှိရာသို့ကြည့်ကာ မျက်နှာပေးလိုက်သည်တွင် ဒေါ်သိန်းတင်၏ ချိုပြုံးရွှင်ပျသော မျက်နှာသည် ရုတ်တရက် ပြောင်းလဲသွား၍ ထိတ်လန့်တုန်လှုပ်ဟန်တူသော အမူအရာမျိုး ဖြစ်ပေါ်လာလေ၏။ ဒေါ်သိန်းတင်၏ မျက်လုံးများသည် ရုတ်တရက် ကျယ်ပြန့်ပြူးထွက်လာ၍ ပါးပြင်မှာလည်း ဖြူဖပ်ဖြူရော်ဖြစ်သွားလေ၏။ ယင်းသို့ရှိစဉ် ဒေါ်သိန်းတင်သည် ကုလားထိုင်ပေါ်မှ မူးဝေလျှောကျသွားမည်ကိုပင် စိုးရိမ်သည့် လက္ခဏာဖြင့် ကုလားထိုင် လက်တင်နှစ်ဖက်ကို လက်ဖြင့် ဆုပ်ကိုင်ထားလိုက်ရသေး၏။

စင်မြင့်ပေါ်တွင် ဒေါ်သိန်းတင်အနီး၌ ဝိုင်းဝန်းခြံရံကာ ထိုင်လျက်ရှိကြသော အရာရှိကြီးများနှင့် လူကြီးလူကောင်းတို့သည် ဒေါ်သိန်းတင်၏ အမူအရာပြောင်းလဲသွားခြင်းကို မြင်လိုက်ကြသဖြင့် စိုးရိမ်ကြောင့်ကြမကင်းဖြစ်လေရာ သူတို့အနက်တွင် စီဗီဆာဂျင်ခေါ် ဆေးရုံဆရာဝန်ကြီးလည်း ပါရှိသည်ဖြစ်ရာ အနီးသို့ ရုတ်တရက် ပြေးလာကာ သွေးစမ်းရင်း အကျိုးအကြောင်းကို စုံစမ်းမေးမြန်းလေ၏။ ဒေါ်သိန်းတင်က မိမိမှာ အပူမခံနိုင်သော ကိုယ်ကာယရှိရသည့်အတွင်း အလွန်အမင်း လူစည်ကားသည့်အတွက်ကြောင့် လူငွေ့သင့်၍ မူးဝေသွားခြင်း ဖြစ်ဟန်တူသည်ဟု ရှင်းလင်းပြောပြလေ၏။

ထိုအခါ အစည်းအဝေးကိစ္စလည်း ပြီးစီးပြီဖြစ်၍ ပရိသတ်တို့သည် ဆေးရုံကြီးမှ ထွက်စပြုလေရာ ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့သည်လည်း အခြားသူတို့နှင့် ရောနှောလျက် ရုံအပြင်သို့ ထွက်၍လာ၏။ ရုံပေါက်သို့ ရောက်သောအခါ ကိုဇော်ဟိတ်သည် တစ်ခဏမျှ ရပ်တန့်လျက် စင်မြင့်ဘက်သို့ တစ်ချက်မျှ လှည့်ကြည့်လိုက်သေး၏။ ထိုခဏ၌ မင်းကတော် ဒေါ်သိန်းတင်သည်လည်း ကျွန်ုပ်တို့ရှိရာသို့ မျှော်ကြည့်လျက်ရှိသည်ဖြစ်သောကြောင့် ဒေါ်သိန်းတင်နှင့် ကိုဇော်ဟိတ်တို့မှာ မျက်လုံးချင်းဆိုင်မိကြသည်ဟု ကျွန်ုပ်ထင်လိုက်မိ၏။ ကျွန်ုပ်သည် ဒေါ်သိန်းတင်၏မျက်နှာကို လှမ်းမျှော်ကြည့်လိုက်မိသည်တွင် အလွန်ထိတ်လန့် တုန်လှုပ်သော မျက်နှာထားသည် တတ်နိုင်လျှင် 'ကိုင်း၊ ကျုပ်မကြောက်ဘူး၊ ဘာဖြစ်ရဦးမှာလဲ'ဟု ဆိုလိုသော အမူအရာမျိုးသို့ ရုတ်တရက် ပြောင်းလဲသွားသည်ဟု ကျွန်ုပ် မှတ်ထင်လိုက်မိလေတော့သည်။

ထိုနောက်ကိုဇော်ဟိတ်သည် ရုံဝသို့ တစ်ဖန်မျက်နှာမူလျက် ထွက်လာသဖြင့် ကျွန်ုပ်သည်လည်း သူ၏နောက်က လိုက်ပါလာခဲ့ရာ ရုံအပြင်သို့ ရောက်လာကြလေ၏။ ကျွန်ုပ်တို့သည် လမ်းမကြီးပေါ်သို့ ရောက်ကြ၍ လမ်းလျှောက်လာကြစဉ် ကိုဇော်ဟိတ်မှာ စကားတစ်ခွန်းမျှမပြောဘဲ ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လှန်စိတ်ကူးနေသည့် လက္ခဏာဖြင့် မျက်မှောင်ကြုတ်ကာ

mg.yoe.com

mgyoe.com

လိုက်ပါလာလေ၏။ နောက်ဆုံး၌ ရုံတော်ကြီးသို့ ရောက်ကြ၍ တရုတ်ဟိုတယ် အခန်းတစ်ခန်းထဲသို့ဝင်ကြပြီးလျှင် ကုလားထိုင်တွင် ထိုင်လိုက်သောအခါတွင်မှ ကိုဇော်ဟိတ်လည်း တခိခိ ရယ်မောလိုက်လေ၏။

ဟိတ်။ ။"တော်ပါပေ့ဗျာ။ အရေးပိုင်ကတော်တောင် ဖြစ်နေမှကိုး။ သတင်းမွှေးပုံတွေ ထောက်ကြည့်ရလျှင် တော်တော်ကြာတော့ သူ့ယောကျ်ားဟာ ခရိုင်ဝန်ရှင်တော်မင်းကြီးဖြစ်မလား၊ အတွင်းဝန်ကြီးများ ဖြစ်ဦးမလား မဆိုနိုင်ဘူး။ ဖြစ်ခဲ့လို့ရှိရင်လည်း ကျွန်တော့်အဖို့ မအံ့ဩပေါင်ဗျာ။ ဖြစ်လည်း ဖြစ်ထိုက်ပေတာပဲ"

နိုပ်။ ။"ဘယ်သူ့ ပြောတာလဲဗျ။ ဒေါ်သိန်းတင်ကို ပြောနေတာလား။ သူ့ကို ခင်ဗျားသိလို့လား"

ဟိတ်။ ။"သိပြီလား ဆရာကြီး။ လူမှုဆက်ဆံရေးမှာ တော်သလောက် အတွင်းစိတ်ဓာတ်က ရှော်တဲ့မိန်းမတစ်ယောက်ပါဗျ။ ရှော်လိုက်ပုံတော့ လွန်ရောဗျာ"

နိုပ်။ ။"နေပါဦးဗျ။ ခုနတုန်းက ခင်ဗျားနဲ့ ဒေါ်သိန်းတင် မျက်နှာချင်း ဆိုင်လိုက်မိကြတုန်းက ဒေါ်သိန်းတင် မျက်နှာထားပျက်သွားတာကို ကျုပ် မြင်လိုက်မိပါတယ်။ ဟုတ်ကဲ့လားဗျ"

ဟိတ်။ ။"ဟုတ်လှချေပေါ့ဗျာ။ စင်မြင့်ပေါ်မှာ စကားပြောတုန်းက မှုးတော့မလို လဲတော့မလို ဖြစ်သွားတာဟာလည်း ကျွန်တော့်ကို သူ မြင်သွားလို့ပဲ။ ကျွန်တော့်ကို အစတုန်းက မမြင်သေးဘူးဗျ။ စကားဆုံးလို့ ပရိသတ်တွေရဲ့ မျက်နှာကို လှမ်းကြည့်လိုက်တော့မှ ရှေ့ဆုံးတန်းဆီက ထိုင်နေတဲ့ ကျွန်တော့်ကို သူ မြင်သွားတာကိုးဗျ"

နိုပ်။ ။"နေပါဦးဗျ။ ဘယ်တော့လောက်ဆီက တွေ့ဖူးကြတာလဲ"

ဟိတ်။ ။"ခင်ဗျားနဲ့ မတွေ့ခင် မြစ်ကြီးနားမြို့မှာ ကျွန်တော် နေခဲ့ဖူးတုန်းက သူနှင့်ကျွန်တော်နှင့် ပထမ စတွေ့ကြတယ်။ ဒီအခါတုန်းက ဒေါ်သိန်းတင်ဟာ ဘိလပ်သားတွေက ပျော်တတ်တဲ့ မုဆိုးမကလေး (Merry Widow) လို့ နာမည်ပေးထားတဲ့ မိန်းမတစ်ယောက်ပေါ့ဗျာ။ မကြာမီ လင်သေဆုံးရှာတဲ့ မုဆိုးမ ကလေးဆိုပြီး မြစ်ကြီးနားမှာ မသိန်းတင် ခေတ်စားလိုက်ပုံတော့ ဘာပြောကောင်းမလဲဗျာ။ ကျွန်တော် ပြောခဲ့တဲ့အတိုင်း အပြင်မှာ တကယ် တော်သလောက် အတွင်းစိတ်ဓာတ်က ရှော်တဲ့ မိန်းမတစ်ယောက်ပဲဗျ။ သူနှင့် ကျွန်တော် တော်တော်ကြာအောင် အတူတူ ခရီးသွားခဲ့ရဖူးတယ်"

နိုပ်။ ။"ပြောစမ်းပါဦးဗျ။ ကြားစမ်းပါရစေဦး"

mgyoe.com

mgyoe.com

ကိုဖော်ဟိတ်သည် သူ၏ဝါသနာအတိုင်း အာမခြောက်စေရန် ဆို၍ ဘီယာတစ်ခွက် သောက်ပြီးလျှင် စီးကရက် တဖွာဖွာဖြင့် အောက်ပါအတိုင်း ပြောပြလေ၏။

ဟိတ်။ ။"ကျွန်တော်တို့ အင်္ဂလိပ်အစိုးရဟာ နိုင်ငံရေးဌာန (Political Department)ဆိုတဲ့ ဌာနကြီးတစ်ခုဖွင့်ထားပြီး ထိုဌာနအတွက်ဆိုလျှင် ငွေကိုရေလိုသုံးလေ့ရှိတယ်ဗျ။ သုံးဖြုန်းတဲ့နေရာမှာတော့ အရက်ရောဆုံးပါပဲ။ ငွေဘယ်လောက်လိုလို တစ်သောင်းလိုတယ်ဆိုတစ်သောင်းပဲ။ ကိစ္စသာနေရာကျ ပေစေ။ ငွေဆိုတာတော့ လုံးဝအရေးမထားဘူး။ ကျွန်တော့် အရည်အချင်းကို အိုင်စီအက်စ်အရာရှိတစ်ယောက်က သဘောကျတာမို့ ဘုရင်ခံဆီ ထောက်ခံစာ ရေးပေးလို့ ရဲဖန်ရံခါ အရေးကိစ္စပေါ်တိုင်း နှစ်ခါသုံးခါလောက် ကျွန်တော့် ဆောင်ရွက်ပေးခဲ့ရဖူးတယ်ဗျ။ သို့သော် ကျွန်တော် ဆောင်ရွက်တဲ့ကိစ္စက ဗမာ လူမျိုး နိုင်ငံရေးသမားတွေနှင့် မဆိုင်ပါဘူး။ ကချင်တို့၊ ချင်းတို့၊ နာဂတို့လို အဲဒီလို တိုင်းရင်းသားတွေနှင့် ပတ်သက်တဲ့ ကိစ္စတွေသာ များခဲ့ပါတယ်။ တစ်ခါတုန်းက မြစ်ကြီးနားမှာ ကျွန်တော်နေစဉ် မသိန်းတင်ကလည်းရှိတယ်။ ဟိုတုန်းကတော့ မသိန်းတင်ပဲ ရှိသေးတယ်။ အခုမှ ဒေါ်သိန်းတင် ဖြစ်လာတာ ကိုးဗျ။ ဒီတုန်းက မြစ်ကြီးနားမှာ ရှိရှိသမျှ ဘိလပ်သားအရာရှိတွေ ဘိလပ်သား စစ်ဗိုလ်တွေဆိုလျှင် မဲသိန်းတင်ကို မပိုးလိုက်တဲ့လူ မရှိဘူးဗျ။ နို့ပေမယ့် မိန်းမက အင်မတန် ပါးတယ်။ အရာရှိကြီးထဲကဆိုလျှင် ဘယ်သူနှင့်မဆို တွဲလိုက်တာပဲ။ ခေါ်လျှင်လည်း လိုက်လိုက်တာပဲ။ ဒါပေမဲ့ ဘယ်တော့မှ အလစ်မခံဘူးတဲ့ ဆရာကြီးရေ့။ မှောင်မိုက်တဲ့နေရာ လူပြတ်တဲ့နေရာ အဲဒီလို နေရာမျိုးကို ဘယ်တော့မှ ခေါ်လို့မရဘူးတဲ့။ ကြောချင်လို့ ပိုးလိုက်ကြတဲ့ အရာရှိတွေ တစ်သီတစ်တန်းကြီးပဲ။ ဒါပေမဲ့ သူ့ကို အတည်တကျယူမှာဖြင့် ယူ၊ ကြောရရုံကလေးတော့ဖြင့် ဘယ်သူမှ ကြံစည်လို့မရဘူးတဲ့။ အဲဒီလို နေတဲ့အထဲမှာ ယခု သူနှင့်ရတဲ့ ဦး. . .က မြစ်ကြီးနားမြို့မှာ နယ်ပိုင်ဝန်ထောက် ကိုးဗျ။ သားမယားလည်း မရှိသေးဘူး။ ဒါနဲ့ မသိန်းတင်ရဲ့ ကျော့ကွင်းမှာ တစ်နေ့သဉ္ဇာတော့ မိသွားတာကိုးဗျ။ ကျွန်တော်က မသိန်းတင် ရော်ကြောင်းကို အတွင်းသိဖြစ်လေတော့ ဦး. . .နှင့်လည်း သူငယ်ချင်းဖြစ်ဖူးလို့ သတိပေးချင် ပါရဲ့။ ဒါပေမဲ့ ငနဲက သိပ်စွဲနေပြီဖြစ်လေတော့ ကျွန်တော်က သတိပေး သော်လည်း ကျွန်တော့်ကို မယုံကြည်ဘဲ လူချင်းမိတ်ပျက်ရုံရှိမှာဘဲဆိုတာ ကျွန်တော် ရိပ်မိလေတော့ သတိမပေးဝံ့တော့ပါဘူးဗျာ။ ကိုယ့်လူလည်း မသိန်းတင်ကို လက်ထပ်ယူပါလေရောဗျာ"

နိုပ်။ ။"နေစမ်းပါဦးဗျ။ ဟိုလူဒီလူနှင့် တွဲခုတ်ပေမယ့် သူထိန်းသိမ်း တတ်တယ်ဆိုလျှင် အတွင်းစိတ်ဓာတ် 'ညှံ့သလေး ရော်သလေး'နှင့် ခင်ဗျားက ဘယ့်နှယ်ကြောင့် စွပ်စွဲနိုင်သလဲဗျာ"

mgyoe.com

mgyoe.com

ဟိတ်။ ။"အို၊ ဒီလောက်မကလို့ပေါ့ခင်ဗျ။ ယခု ပြောခဲ့သလောက်တော့ ခေတ်ဆန်တဲ့မိန်းမတိုင်း လုပ်ချင်ကြမှာချည်းပေါ့။ သူ့လို နေရာကျအောင် မလုပ်တတ်ကြလို့သာ ငေးကြည့်နေကြတာပေါ့"

နှပ်။ ။"ရှော့ပုံကလေး ပြောပြစမ်းပါဦးဗျာ"

ဟိတ်။ ။"သူတစ်ပါးအကြောင်းတော့ မကောင်းမပြောထိုက်ပါဘူး။ သို့သော်လည်း သိတဲ့လူများ သိပြီးဖြစ်လေတော့ မထူးပါဘူးဆိုပြီး ပြောရဦးတော့မှာပေါ့လေ"

ကိုဇော်ဟိတ်သည် ဘီယာတစ်ခွက်ကို မော့ချ၍ စီးကရက် တစ်လိပ်ကို မီးညှိပြန်လေ၏။

ဟိတ်။ ။"တစ်နေ့သ၌တော့ မြစ်ကြီးနားအရေးပိုင်က ကျွန်တော့်ကို ခေါ်ပြီး ကျွန်တော် ဆောင်ရွက်ခဲ့ဖူးတဲ့ နိုင်ငံရေးကိစ္စမျိုးနှင့်ပတ်သက်ပြီး တရုတ်နယ်စပ်မှာရှိတဲ့ ကချင်နယ်ထဲသွားပေးဖို့ ခိုင်းတယ်။ ကိစ္စကိုတော့ ကျွန်တော် အကျယ်တဝင့် မပြောပါရစေနှင့်တော့။ ကျွန်တော့်အလုပ်က ဘာလဲဆိုတော့ အဲဒီနယ်စပ်မှာရှိတဲ့ အင်္ဂလိပ် အစိုးရရဲ့ သူလျှိုတစ်ယောက်ဆီသွားပြီး သတင်းယူခဲ့ဖို့ပါပဲ။ ဒီအလုပ်မျိုးဟာက လျှို့ဝှက်တဲ့အလုပ်မျိုးဖြစ်လေတော့ ဆောင်ရွက်သူအချင်းချင်း နာမည်နှင့် မသိကြရဘဲ နံပါတ်နှင့် သိကြရတယ်ဗျ။ ကျွန်တော်က နံပါတ်ကိုးဗျ။ နယ်စပ်ကချင်နယ်မှာရှိတဲ့ သူလျှိုက နံပါတ်ငါးဗျ။ ကျွန်တော်နှင့် တစ်ခါမှလည်း မတွေ့ဖူးဘူး။ အင်္ဂလိပ်အစိုးရကိစ္စကို သစ္စာရှိစွာဖြင့် ဆောင်ရွက်နေတဲ့ လူတစ်ယောက်လို့တော့ နာမည်ကောင်းနေတယ်။ ဟိုနယ်ရောက်နေတာ လေးငါးနှစ်လောက် ရှိသွားပြီပြောတယ်။ လူမျိုးကတော့ ဗမာပါပဲ။ ဟိုနယ်မှာ သူက ကွီနိုင်တို့၊ ချွေးထုတ်ဆေးတို့၊ ခေါင်းကိုက်ဆေးတို့လောက်နှင့် နာမည်ကြီးဆေးဆရာတစ်ယောက် ဖြစ်နေသတဲ့။ ကျွန်တော့်အလုပ်က သူ့ဆီသွားပြီး သတင်းယူဖို့ အလုပ်ပဲ။ သို့သော် ဟိုနယ်သွားလျှင် ဗမာအဖြစ်နှင့် သွားလို့ မကိုက်ဘူးဗျ။ ကချင်ဆိုမှ သွားလို့ဖြစ်နိုင်တယ်။ ကျွန်တော်က မြစ်ကြီးနားသားလိုဖြစ်နေလို့ ကချင်စကား ကောင်းကောင်းတတ်ပေမယ့် လူပုံက မြန်မာဖြစ်နေတယ်။ ဒီတော့ကာ ကချင်နှင့်တူအောင် သွားတွေ ဆေးနက်ဆိုး၊ ခြေသလုံးတွေဘာတွေ တုတ်အောင် အလေ့အကျင့်လုပ်၊ အဲဒီလို ပြင်ဆင်ပြီးတဲ့နောက်မှ သွားလို့ဖြစ်တာကိုးဗျ။ ကိုင်း တိုတိုပြောရလျှင် ကျွန်တော် ကချင်လိုဝတ်ပြီး နယ်စပ်သွား၊ ဟိုရောက်၊ နံပါတ်ငါးနှင့် တွေ့ပါရော ဆိုပါတော့ဗျာ။ နံပါတ်ငါးက အသက်သုံးဆယ်ကျော်၊ လူပုံသနားကမား စကားပြော ကောင်းကောင်းနှင့် တော်တော်အရည်အချင်းရှိတဲ့ လူတစ်ယောက်ပဲဗျ။ သို့သော် ကိုယ့်လူက စကားလေး ငါးခွန်းပြောရလျှင် ချောင်းက တဟွတ်ဟွတ် ဆိုးတော့တာပဲ။

mgyoe.com

mgyoe.com

နံပါတ်ငါးက ကျွန်တော်နှင့်တွေ့လို့ စကားပြောမိကြတော့ 'ခင်ဗျားက ဒီအလုပ်မျိုးမှာ လူသစ်တစ်ယောက်လားတဲ့'မေးလို့ ကျွန်တော်က သူနှင့် တစ်ကြိမ်မျှမတွေ့ဘူးကြသော်လည်း လူသစ်မဟုတ်ကြောင်း၊ အမြဲတမ်း အမှုထမ်းသူတစ်ယောက်မဟုတ်ဘဲ အရေးရှိတဲ့အခါကျမှ ရံဖန်ရံခါ ဆောင်ရွက်ခဲ့ဖူးတဲ့အကြောင်း ပြောပြရတယ်။ နောက်ဆုံးမှာသူနှင့် ကျွန်တော် အလုပ်ကိစ္စရှိသမျှ အဝဝတို့ကို အပြန်အလှန် ပြောပြပြီးကြတဲ့အခါမှာ နံပါတ်ငါးက ခင်ဗျား မြစ်ကြီးနားမြို့ကို တိုက်ရိုက် ပြန်မှာလားတဲ့၊ မေးလို့ ကျွန်တော်က ပြန်မည့်အကြောင်းပြောတော့ နံပါတ်ငါးဟာ ထိုင်ရာကထပြီး စကြံလျှောက်လာရင်း သူ့ခေါင်းသူ ပွတ်နေတယ်။ လက္ခဏာကတော့ သူပြောချင်တဲ့စကားကို ကျွန်တော့် ပြောသင့်မပြောသင့် ချိန်ဆနေတယ် ထင်ပါရဲ့။ ကျွန်တော်ကလည်း ဘာမျှမပြောဘဲ သူ့အကဲကြည့်နေတုန်းမှာ နံပါတ်ငါးက စကြံလျှောက်ရာမှ ရုတ်ခနဲ ရပ်တန့်ပြီး 'ကျွန်တော့်အတွက် ကိစ္စလေးတစ်ခုလောက် ဆောင်ရွက်မပေးနိုင်ဘူးလားဗျ'တဲ့။ ဒီတော့ ကျွန်တော်က 'တတ်နိုင်တဲ့ ကိစ္စမျိုးဖြစ်လျှင် ဆောင်ရွက်ပေးဖို့ အသင့်ရှိကြောင်း' ပြောရာမှာ နံပါတ်ငါးက "မြစ်ကြီးနားမြို့ထဲမှာ မသိန်းတင်ဆိုတဲ့ မိန်းမတစ်ယောက်ရှိပါတယ်"တဲ့ပြောပြီး၊ မိန်းမရဲ့ပုံသဏ္ဍာန်ကို ပြောပြတာကိုးဗျ။ ကျွန်တော့်အလုပ်က ဘာလဲဆိုတော့ ဒီမိန်းမကို တွေ့အောင်ရှာပြီး ကိုဘသိန်းက 'မျှော်နေပါတယ်၊ ဘေးအန္တရာယ် စိုးရိမ်ဖွယ်ရာမရှိတော့ပါဘူး'လို့ ပြောရမှာတဲ့ဗျ၊ ဒီတော့ ကျွန်တော်က 'ဒီလောက်လွယ်ကူတဲ့ အလုပ်ကိစ္စတစ်ခုကို အမျိုးသားချင်းချင်း တစ်ယောက်အတွက် ဆောင်ရွက်ပေးဖို့ မခဲယဉ်းတဲ့အကြောင်း မှာထားတဲ့ မသိန်းတင်ကို ပြောလိုက်မည့်အကြောင်း' ကတိထားခဲ့တာကိုးဗျ။

"ဒီလို ပြောရင်းဆိုရင်းမှာပဲ နံပါတ်ငါးက ချောင်းအကြီးအကျယ်ဆိုးလာပြီး နဖူးကြောကြီးတွေများထောင်လို့ ကျွန်တော်မှာ လန့်များ လန့်တယ်ဗျ။ ချောင်းဆိုးနေတုန်းများ အသက်ပါ ပါသွားလေရော့မလားလို့တောင် ထင်လိုက်မိတယ်။ လက်စသတ်တော့ ကိုယ့်လူက မြစ်ခြောက်ရောဂါတဲ့။ အဆုပ်နာရောဂါစွဲကပ်နေတဲ့လူကိုးဗျ။ ဒါနှင့် ကျွန်တော်က သူ့တစ်ပါးကို ဆေးကုပေးတာတော့ ဟုတ်ပါရဲ့။ ကိုယ့်ကိုယ်ကို ကုသဖို့လိုနေဟန်တူတဲ့အကြောင်း သတိပေးမိသေးတယ်ဗျ။ ဒီတော့ နံပါတ်ငါးက 'ကိစ္စမရှိပါဘူးတဲ့၊ မသိန်းတင်နှင့် တွေ့ရလျှင်သူ့ရောဂါပျောက်မှာပါ'တဲ့ဗျ။ သို့သော် မသိန်းတင်နှင့် ကျွန်တော် တွေ့တဲ့အခါမှာ ဘေးအန္တရာယ် တစ်စုံတစ်ရာစိုးရိမ်ဖို့ မရှိကြောင်းကို မသိန်းတင် နားလည်အောင် ကျွန်တော်က ပြောပြဖို့ အထပ်ထပ် မှာလိုက်တယ်ဗျ။ ကျွန်တော်ကလည်း 'ကောင်းပါပြီ၊ စိတ်သာချပါ၊ ကျွန်တော် ပြောပြပါမယ်'လို့ ကတိပေးထားခဲ့

mgyoe.com

mgyoe.com

ဟယ်ဗျ။ နောက်ဆုံးကျတော့ ကျွန်တော်က 'မသိန်းတင်နှင့် ဘယ်လိုတော်ကြပါသလဲ'လို့ မေးကြည့်တော့ နံပါတ်ငါးက 'အခြားလူ ဟုတ်ရိုးလားဗျ။ ကျွန်တော့်မယားပါပဲ'တဲ့ ပြောရှာတယ်။ ကျွန်တော်က 'ဒါဖြင့် ခင်ဗျားကိုယ်တိုင် ဘာကြောင့် မြစ်ကြီးနားကို မလိုက်နိုင်ရသလဲ'လို့မေးတော့၊ နံပါတ်ငါးက 'ကျွန်တော်ကိုယ်တိုင်လိုက်လို့တော့ မဖြစ်ဘူး။ သို့သော် ဘေးအန္တရာယ် စိုးရိမ်စရာမရှိဘူးဆိုလျှင် ဧကန္တ သူလိုက်လာမှာပါပဲဗျ။ သူလာချင်တဲ့အခါမှာ ခင်ဗျားက ခရီးစဉ်ကလေးကို တစ်ဆိတ်လောက် နေရာရာကျ ညွှန်ပြလိုက်ပါဗျာ။ ခင်ဗျားကျေးဇူးကို ကျွန်တော် မမေ့ပါဘူး'တဲ့ဗျ။ မျက်ရည်ကလေးဝိုင်းလို့ ပြောရှာတယ်။ လက္ခဏာမှာ သူတို့လင်မယား ကွဲကွာနေတာ သုံးလေးနှစ်ရှိပြီဆိုကိုးဗျ။ သူ့ခမျာမှာ စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်ဆိုတဲ့ စကားအတိုင်း ဖြစ်နေရှာတော့တာကိုးဗျ။ ဟုတ်လည်းဟုတ်ပေမှာပေါ့ဗျာ။ နောက်ဆုံးမှာ ကိစ္စအားလုံးပြီးစီးလို့ ကျွန်တော် ပြန်ဖို့အတွက် နှုတ်ဆက်တဲ့ အချိန်မှာလည်း နံပါတ်ငါးက သူ့မယား မသိန်းတင်ကို ဘေးအန္တရာယ် လုံးဝ စိုးရိမ်ဖွယ်မရှိတဲ့အကြောင်း စိတ်ချယုံကြည်လောက်အောင် ပြောပြဖို့ နောက်ဆုံးစကားအဖြစ်နှင့် မှာထားလိုက်ရှာသေးတယ်"

နို်ပ်။ ။"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခောဆိုတဲ့ စကားအတိုင်းပေါ့လေ"

ဟိတ်။ ။"ဒါနှင့် မြစ်ကြီးနားမြို့ကို ကျွန်တော် ပြန်ရောက်လာတဲ့အခါမှာ နံပါတ်ငါးဆီက မှတ်သားလာခဲ့တဲ့ အစီရင်ခံစာကို အရေးပိုင်လက်အပ်ပြီး မသိန်းတင်ကို ကျွန်တော် စုံစမ်းတော့တာကိုးဗျ။ ပဌမတုန်းက ဒီမိန်းမအကြောင်းကို ကျွန်တော် ကောင်းကောင်း သတိမထားမိဘူး။ နာမည်တော့ကြီးပါရဲ့။ နို့ပေမယ့် ကျက်စားတဲ့ စားကျက်ချင်းက တခြားဖြစ်နေလေတော့ တစ်ယောက်နှင့်တစ်ယောက် သိပ်ပြီးအတွေ့အကြုံ မများလှဘူးဗျ။ ပြန်ရောက်လို့ သတင်းနားထောင်ကြည့်လိုက်လျှင်ပဲ တယ်ပြီး သတင်းမမွှေးလှဘူးဗျ။ မုဆိုးမတစ်ယောက်အဖြစ်နှင့် ဘိလပ်သားအရာရှိတွေ စစ်ဗိုလ်တွေ ဝိုင်းပိုးနေကြတယ်ဆိုတာလည်း ကြားရတယ်။ ကျွန်တော်ပြန်ရောက်လာတဲ့ အချိန်အခါမှာ နယ်ပိုင်ဝန်ထောက်က မသိန်းတင်ကို အတင်းပိုးနေတယ်ဆိုကိုးဗျ။ သူ့ထက်မကတဲ့ အင်္ဂလိပ် အရာရှိကြီးတွေ ဝိုင်းပိုးနေကြတယ်ဆိုသော်လည်း ဟိုလူတွေက ကြောရှုံ့ကြဲကြတယ်။ ကိုယ့်လူကတော့ အတည်တကျ လက်ထပ်ယူဖို့ ကြံစည်နေဆိုကိုးဗျ။ ဒီတော့ မိန်းမက မိန်းမပါးဖြစ်လေတော့ အပျော်ကြံစည်ကြတဲ့ အရာရှိကြီးတွေကို နံဘေးချိတ်ထားပြီး အတည်ကြံစည်တဲ့ နယ်ပိုင်ဝန်ထောက်ကို အရေးပေးတော့တယ် ဆိုကိုးဗျ။ အရပ်ထဲမှာ သတင်းဖြစ်နေတာကလည်း

mgyoe.com

mgyoe.com
မသိန်းတင်ဟာ နယ်ပိုင်ဝန်ထောက်ကတော် ဖြစ်တော့မယ်ဆိုကိုးဗျ။ ဒီတော့ ကျွန်တော် ခက်နေတာက နံပါတ်ငါးက မှာလိုက်တဲ့ စကားကို မသိန်းတင် ပြောပြဖို့ အလုပ်ကလည်း ရှိနေတယ်။ ပြောပြန်လို့ရှိရင်လည်း လက်ရှိ အခြေ အနေအရဆိုလျှင် သေချာတဲ့ ဝန်ထောက်ရည်းစားသစ်ကို ပစ်ပြီး မရေရာတဲ့ နယ်စပ်က လင်ဟောင်းဆီကို လိုက်ပါ့မလားလို့ ကျွန်တော် စဉ်းစားမိတယ်။ သို့သော် လိုက်တာမလိုက်တာ သူ့အလုပ်။ မှာလိုက်တဲ့စကားအတိုင်း ပြောပြဖို့ ဝတ္တရားက ကျွန်တော့်မှာ ရှိနေတယ်ဆိုပြီး မသိန်းတင်ကို ကျွန်တော် တွေ့ရဖို့ စိမ်ရတော့တာကိုးဗျ"

နံ့ပ်။ ။"ဆိုစမ်းပါဦးဗျာ။ ဇာတ်ကွက်ကတော့ ရုပ်လုံးပေါ်လာပြီ ဗျို့"

ဟိတ်။ ။"ကျွန်တော် ပြန်ရောက်လာပြီး နှစ်ရက်လောက်မှာ အမှု ထမ်းပေါင်းစုံကလပ်မှာ အငြိမ့်ပွဲတစ်ခုလုပ်တယ်ဗျ။ မြို့ပေါ်က အရာရှိဟူသမျှနှင့် လူကြီးလူကောင်း မှန်သမျှကို အားလုံးဖိတ်ထားတယ်။ အဲဒီပွဲကို မသိန်းတင် လာလိမ့်မယ်ဆိုတာ ကျွန်တော် သိလေတော့ နံပါတ်ငါး မှာလိုက်တဲ့စကားကို ဒီညအတွင်း ကျွန်တော် ပြောပြဖို့ သန္နိဋ္ဌာန်ချလိုက်တယ်။ ဒီတော့ ကျွန်တော်က ကချင်အစေခံ တစ်ယောက်အနေနှင့် ကလပ်ထဲဝင်ပြီး မသိန်းတင်ကို ပြောဖို့ စိတ်ကူးတယ်။ ဒါနဲ့ ညအချိန်မှာ ကလပ်ထဲရောက်တော့ အငြိမ့်ပွဲနားက မသိန်းတင်အနီးမှာ မျက်နှာဖြူအရာရှိတွေ ခြံချင်းလိမ်နေကြတော့တာပဲဗျာ။ ဟိုကတွဲချင် ဒီကတွဲချင်နှင့် မသိန်းတင်တော့ ဝိုင်းဝိုင်းလည်သွားတော့တာပဲ။ အတည်ယူမယ်ဆိုတဲ့ ဝန်ထောက်ငနဲတောင် ဗိုလ်ကြီးတွေရှေ့မှာတော့ ခပ်ရှောင် ရှောင် လုပ်နေရတော့တာကိုးဗျ။ မသိန်းတင်က ဝန်ထောက်ကို ဘယ်လိုအရေးပေး ချင်ပေမယ့် ဗိုလ်ကြီးတွေ ရှေ့မှာတော့ အရေးပေး မခံဝံ့ဘဲဟာကိုးဗျ"

နံ့ပ်။ ။"ဖြစ်မှ ဖြစ်ရလေဗျာ"

ဟိတ်။ ။"မဖြစ်နှင့်လေ။ ကြိုက်တာကတစ်မျိုး၊ ရာထူး တိုးချင်တာ ကလည်း တစ်မျိုးကိုးဗျ။ ဒါနှင့် ကျွန်တော်က မသိန်းတင်ကိုတွေ့ဖို့ ချက်ကောင်း ချောင်းနေတုန်းမှာ ဝန်ထောက်နှင့် မသိန်းတင်နှင့်က မှောင်ရိပ်ထဲက ပေါ်လာကြပြီး မော်တော်ကားတွေထားတဲ့ရုံထဲ ရိပ်ခနဲ ဝင်သွားကြတာမြင်လိုက်ရတာကိုးဗျ။ အတန်ကလေးကြာတော့ ဝန်ထောက်တစ်ယောက်တည်း ထွက်လာပြီး "ခဏ ကလေးပါနော်။ မကြာပါဘူး။ ခု ချက်ချင်း ပြန်လာခဲ့မယ်"တဲ့ လှမ်းပြောပြီး ပွဲဘက်လျှောက်သွားတော့ မသိန်းတင်က ရုံထဲမှာ ချန်နေရစ်တယ်ဗျ။ ဒီတော့ ကျွန်တော်က အခွင့်သာပြီဆိုပြီး ကားရုံထဲ ဝင်သွားတာကိုးဗျ။ မသိန်းတင်က ကားတစ်စီးပေါ် ထိုင်စောင့်နေရာမှာ ကျွန်တော်ဝင်လာတာ မြင်မြင်ချင်း "ဟဲ့

mgyoe.com

ဘယ်သူလဲ ဘာလုပ်တာလဲ"တဲ့။ ဒီတော့ ကျွန်တော်က 'ကျွန်တော် လဗ္ဗန်းတန်ပါ။ မြန်မာတစ်ယောက်က မှာလိုက်တဲ့စကား တစ်ခွန်းပြောချင်လို့ လာခဲ့ရပါတယ်'လို့ ပြောလိုက်ကရောဗျာ။ ဒီတော့ မသိန်းတင်က 'ဘာမှာလိုက်တာလဲ'တဲ့ မေးရာမှ၊ ကျွန်တော်က 'ကိုဘသိန်းက စောင့်မျှော်နေပါတယ်။ ဘေးအန္တရာယ်တစ်စုံတစ်ရာ စိုးရိမ်ဖို့ မရှိပါ'လို့ ပြောလိုက်တာကိုး ခင်ဗျ။ ဒီလို ပြောလိုက်ခါရှိသေး မသိန်းတင်မှာ ကားပေါ်က ရှေ့ငိုက်ကျသွားတော့မလောက်ဖြစ်သွားရာက အလန့်တကြားနှင့် မော်ကြည့်ပြီး 'မဟုတ်နိုင်တာဘဲကွယ်၊ ကိုဘသိန်း သေပါပြီ' တဲ့။ ဒီတော့ ကျွန်တော်က မသေရှာသေးတဲ့အပြင် ကျွန်တော်နှင့် ကိုယ်တိုင်တွေ့ရတဲ့အကြောင်း ပြောပြတော့ 'သူဘယ်မှာလဲ'တဲ့၊ 'တရုတ် နယ်စပ်မှာ ရှိပါတယ်။ ခင်ဗျား သွားချင်သလား'လို့ ကျွန်တော်က မေးတော့ 'မဟုတ်နိုင်ပါဘူး'တဲ့။ အတင်းငြင်းနေတယ်။ နောက်ဆုံးမှာ ကျွန်တော်က ဟုတ်ရုံမကသေးဘူး၊ သူ့ကို မျှော်လင့်စောင့်ဆိုင်းနေတဲ့ အဖြစ်အပျက် အလုံးစုံကို ပြောလိုက်တော့တာကိုးဗျ။ ဒီတော့ သူက 'သူ့နောက်လိုက်လို့ ဘယ့်နှယ်ဖြစ်နိုင်မှာလဲ'တဲ့ မေးလေတော့ ကျွန်တော်က 'ကိုယ့်လင်နောက် ကိုယ်လိုက်တာဘာကြောင့် မဖြစ်နိုင်ရမှာလဲ'လို့ အတင်းပြောတာကိုးခင်ဗျား။ ဒီတော့ သူက ကျွန်တော့်ကို ကချင်အစစ်မှတ်ပြီး 'နင်တို့ ဘာနားလည်လို့လဲ' ဘာလဲနှင့် ကြိမ်းလားမောင်းလား လုပ်လိုက်သေးတယ်ဗျ။ ကျွန်တော်ကလည်း နံပါတ်ငါးကို သနားလေတော့ ကာမပိုင် ယောကျ်ားကခေါ်လျှင် လိုက်သွားထိုက်ကြောင်း ပြောရာမှ၊ မသိန်းတင်က 'သူ့နယ်စပ်ကို ငါ သွားချင်ဦးတော့ ဘယ့်နှယ်လုပ်ပြီး သွားလို့ဖြစ်နိုင်မှာလဲ'တဲ့ မေးတယ်။ ဒီတော့ ကျွန်တော်က 'ခင်ဗျားသွားချင်လျှင် ကျုပ် လိုက်ပို့မယ်'လို့ ပြောလိုက်တဲ့အခိုက်မှာ သူ့ရည်းစားဝန်ထောက် ပြန်လာတဲ့ ခြေသံကြားပါရော ခင်ဗျ၊ ဒီတော့ မသိန်းတင်က 'ငါစဉ်းစားဦးမယ်။ နက်ဖြန်တော့ အိမ်ကိုလာခဲ့'တဲ့။ ပြောပြောဆိုဆိုနှင့် တွန်းထုတ်လိုက်လို့ ကျွန်တော်လည်း တခြားအပေါက်တစ်ခုက ပျာယီးပျာယာ ထွက်လာခဲ့ရတယ်ဗျ"

နှ်ပ်။ ။"နောက်တော့ တွေ့သေးသလား"

ဟိတ်။ ။"တွေ့ပြီလားဗျာ။ တော်တော်တတ်နိုင်တဲ့ မိန်းမပဲဗျို့။ သူ့ရည်းစား ဝန်ထောက်ကို သူ ဘယ်လိုနားလှည့်ပြီး ပြောတယ်မဆိုနိုင်ဘူး။ ကျွန်တော်နဲ့ တွေ့တဲ့အခါမှာ နယ်စပ်ကို ကျွန်တော်နှင့်လိုက်ဖို့ ဆုံးဖြတ်ပြီးကြောင်း ပြောတယ်ဗျ။ တိုတိုပြောတော့မယ်။ နောက်သုံးလေးရက်လောက်မှာ မသိန်းတင်နှင့် ကျွန်တော် တရုတ်နယ်စပ်ကို ထွက်လာခဲ့ကြပါရောဗျာ။ ဝန်တင်ကားတို့ ကူလီတို့အတွက် ကျွန်တော်က အားလုံး စီမံပေးရတယ်။ ပိုက်ဆံတော့ သူကပေးတယ်။ နောက်ဆုံးကျတော့ နယ်စပ်ကို ချောချောမောမောရောက်ကြပြီး

mgyoe.com

mgyoe.com

နံပါတ်ငါးနှင့် တွေ့ကြပါရော ဆိုပါတော့ဗျာ။ နံပါတ်ငါးဆိုတဲ့လူက ဘာမှ မပြောပါနှင့်တော့။ သူ့မယားကို မြင်လိုက်ခါရှိသေး၊ ကျွန်တော့်ကိုတောင် ကျေးဇူးတင် စကားပြောဖို့ သတိမရတော့ဘဲ သူ့မယားဆီ တန်းပြီး ပြေးလိုက်တာဗျာ။ ဒီလိုမိန်းမမှ မိန်းမမြတ်အစစ်ဆိုလား ဘာဆိုလား။ ပါးစပ်က တတွတ်တွတ် ပြောလိုက်သေးတယ်။ ဒါနှင့်ဆရာကြီး မိခင်ဆီကို အူယားဖားယားနှင့် ပြေးသွားတဲ့ သားကလေးကို မိခင်လုပ်တဲ့ မိန်းမက 'ရှုပ်တယ်' ဆိုပြီး ထိပ်ပုတ်လိုက်တဲ့အခါမှာ သားကလေးမျက်နှာဟာ ဘယ်လိုဖြစ်သွားတယ်ဆိုတာ မြင်ဖူးတယ်မဟုတ်လား။ အဲ ကျွန်တော့်လူ နံပါတ်ငါးမှာလည်း ဟိုနေ့က ဒီအတိုင်း ဖြစ်သွားရှာတယ်ဗျ။ ဝမ်းသာအားရနှင့် မယားပခုံးကို ပြေးကိုင်လိုက်တော့ မသိန်းတင်က ခပ်ဖယ်ဖယ် လုပ်လိုက်ရာမှာ နံပါတ်ငါး ခမျာမှာ မျက်နှာပျက်သွားလိုက်တာဗျာ။ ကျွန်တော်ဖြင့် သနားတောင် သနားမိပါသေးတယ်။ မိန်းမက တကယ့်ဆိုတော့ တွေ့ခါစအချိန်ကလေးမှာ ပရိယာယ်ကလေးများ သုံးပါဦးဗျ"

နိုပ်။ ။"သူ့ဘက်က ကြည့်ပြန်တော့လည်း လင်သေပြီ မှတ်လို့ ဝန်ထောက်နှင့် ယူမယ်လုပ်တုန်းမှာ လင်မသေလို့ သူ့အကြံအစည် ပျက်သွားတာလည်း ရှိပေသေးတာကိုးဗျ"

ဟိတ်။ ။"ဒါလည်း ဟုတ်ပါတယ်။ သို့သော် ဟန်ကလေးတော့ လုပ်ဖို့ကောင်းပါသေးဗျာ"

နိုပ်။ ။"တွေ့ကြတော့ ဘာပြောကြသလဲ"

ဟိတ်။ ။"တွေ့တွေ့ချင်း မိန်းမက 'ရှင် ဘယ့်နှယ်လုပ်တာလဲ။ ကိုယ့်ကိုယ်ကို သေပြီလေး ဘာလေးနှင့် ဘာကြောင့် သတင်းလွှင့်ရတာလဲ'တဲ့။ ထန်ထန်ကြီး မေးလိုက်သေးဗျာ။ ဒီတော့ ယောကျ်ားက 'ဒါကတော့ သိန်းရယ်၊ အချိန်တန်တော့ ရှင်းပြဦးမှာပေါ့'တဲ့။ ပြောရင်း စကားမဆုံးခင် ချောင်းအကြီးအကျယ်ဆိုးလာလို့ မျက်နှာကို လက်ကိုင်ပဝါနှင့်ပိတ်ပြီး ဖွင့်လိုက်တဲ့အခါမှာ လက်ကိုင်ပဝါမှာ သွေးတွေ ရဲလို့ဗျ"

နိုပ်။ ။"သွေးအန်တာလား"

ဟိတ်။ ။"အဆုတ်နာဆိုတော့ တစ်ချက်တစ်ချက် ဒီလိုဖြစ်တာမျိုးပဲဗျ၊ ဒါနှင့် မသိန်းတင်က သူ့ယောကျ်ား သွေးအန်တာမြင်တော့ ဘယ်လို ဖြစ်သွားမှတ်သလဲ"

နိုပ်။ ။"ဆိုပါဦးဗျာ"

ဟိတ်။ ။"ပထမတော့ လန့်သွားတယ်ဗျ။ နောက်တော့ ကြောက်လာတယ်။ နောက်ဆုံးကျတော့ ဒီလူ ကြာရှည်နေရဖို့ မရှိဘူးဆိုတာ ရိပ်မိလေတော့

mgyoe.com

mgyoe.com
လွတ်ရာလွတ်ကြောင်း လမ်းပေါက်မြင်ပြီး ကျေနပ်အားရတဲ့ မျက်နှာမျိုး ဖြစ်ပေါ်လာတာကို ကျွန်တော် မြင်လိုက်တယ်။ ဒီတော့မှ ကရုဏာ သက်ချင်ယောင်ဆောင်ပြီး ပခုံးကို မကိုင်ချင်ကိုင်ချင်ကိုင်လျက် 'ကိုဘသိန်း တော်တော်ကြီးနေမကောင်းနေတာပါကလား'တဲ့။ ဟန်လုပ်ပြီး မေးဖော်ရတော့တယ်။ ကိုဘသိန်းခမျာတော့ ကုန်းနေအောင် ချောင်းဆိုးနေရလို့ သူ့မျက်နှာထား ပြောင်းလဲတာတွေကို မမြင်ရှာပေဘူးပေါ့ ခင်ဗျာ။ ဒီတော့ မယားက ခုလို ကြင်ကြင်နာနာအမူအရာနှင့် ပခုံးကလေးဘာလေးကိုင်ပြီး ယုယုယယ လုပ်လိုက်ရင်ပဲ အဟုတ်ထင်သွားရှာသေးတာကိုး။ ကျုပ်တို့ ယောကျ်ားများဟာ ထူတဲ့နတဲ့နေရာမှာ တော်တော်ကို ကဲလွန်းတဲ့လူတွေပဲဗျ။ သူတို့နှစ်ယောက်ကို ဝိုင်းပြီး ကြည့်နေကြတဲ့ လူတွေကလည်း ကချင်တွေဆိုတော့ ရက်လောက်တယ်လို့ မအောက်မေ့ဘဲ နံပါတ်ငါးက သူ့မယား သူလက်တွဲပြီး အိမ်ထဲဝင်သွားတဲ့အခါမှာ မသိန်းတင်က ရှန်းဖယ်လို့မကောင်းလို့သာ တွဲလိုက်သွားရတယ် သူ့ကိုယ်ကိုတော့ တတ်နိုင်သမျှ သူ့ယောကျ်ားရဲ့ ကိုယ်နှင့်ဝေးအောင် ခပ်တောင့်တောင့်လုပ်ပြီး လိုက်သွားတာကိုးခင်ဗျ။ သူ့ရောဂါကူးမှာစိုးလို့ မျက်နှာပျက်ပျက်နှင့် လိုက်သွားတာကိုလည်း ကိုဘသိန်းက မမြင်ရှာဘူး။ ဒါနှင့် တဲထဲရောက်တော့ ဘာများပြောကြတယ် မဆိုနိုင်ဘူး။ တစ်နာရီလောက်တော့ ကြာတာပဲ။ နောက်ဆုံးမှာ တဲထဲက ပြန်ထွက်လာပြီး မသိန်းတင်က ကျွန်တော့်ကို 'ဟေ့ လဒွန်းတန်၊ ငါတို့ နက်ဖြန်ခါပြန်ကြဖို့ ပြင်ဆင်ထားဟေ့'လို့ အမိန့်ပေးပြီး၊ သူလုပ်စရာကလေးတွေရှိတာ သွားလုပ်နေတုန်း ကျွန်တော်က နံပါတ်ငါးနေတဲ့ တဲထဲဝင်သွားတယ်ဗျ။ နံပါတ်ငါးက ပထမတော့ ကျွန်တော့်ကို မမှတ်မိတဲ့ လက္ခဏာနှင့်ငေးကြည့်နေသေးတယ်ဗျ။ နောက်ကျတော့မှ သတိရလာပြီး 'ကျွန်တော့်အတွက် ခင်ဗျား ဆောင်ရွက်ပေးတာ အများကြီး ကျေးဇူးတင်ပါတယ်ဗျာ။ နို့ပေမယ့် ခဲလေသမျှ သဲရေကျဆိုတဲ့ စကားလို ဖြစ်နေပြီကော'တဲ့၊ မျက်နှာကလေး ငယ်ငယ်နှင့် ပြောရှာတယ်၊ 'ဘာကြောင့်လဲဗျာ'လို့ ကျွန်တော်က မေးတော့ သူက 'လူ့ပြည်မှာ ကြာကြာနေရဖို့ မရှိဘူးဆိုတာ ကျွန်တော် သိပါပြီ။ ဒီအတူတော့ သူ့ကိုခေါ်မိတာ အလကားသက်သက် ဒုက္ခပေးရာရောက်တော့တာပဲဗျာ။ လူသူမနီးတဲ့ နယ်စပ်ဒေသရောက်အောင်လာဖို့ ခေါ်မိတာဟာလည်း မှန်တော့မှန်ပေတယ်။ ကျွန်တော်ကလည်း ငယ်ငယ်ကတည်းက ပေါင်းသင်းလာခဲ့တဲ့မယားမို့ တွေ့ချင်မြင်ချင်တဲ့အတွက် ခေါ်ယူမိတော့တာပဲ။ ဖြစ်ရပုံကတော့ ဒီလိုခင်ဗျ။ ကျွန်တော်က အသက်အာမခံကုမ္ပဏီတစ်ခုမှာ မန်နေဂျာလုပ်တုန်း ကိုယ့်မယားကို လှပစေချင်တဲ့အတွက် အကောက်ကြံမိတာပဲခင်ဗျ။ အလွဲသုံးစား လုပ်မိတဲ့ ငွေသုံးသောင်းဟာလည်း သူ့အတွက်ပါပဲ။ ငွေလိမ်ပြီး ဝရမ်းပြေး

mgyoe.com

နေတော့ ကျွန်တော့် အစွမ်းသတ္တိကိုသိတဲ့ အရေးပိုင်တစ်ယောက်က နိုင်ငံရေးဘက်မှာ လှုံ့ဝှက်စွာ အမှုထမ်းပြီး နယ်စပ်မှာ လေးငါးခြောက်နှစ်လောက်တိမ်းရှောင်နေနိုင်လျှင်တော့ နောက်ဆုံးမှာ ထောင်မကျရအောင် သူ စီမံပေးမယ်ဆိုတာနှင့် ကျွန်တော်လည်း ဒီအရပ်မှာ ရောက်နေခဲ့တာပါပဲ။ ပြောရဦးမယ် မိတ်ဆွေ။ သားမရှိ မယားမရှိလေတော့ ကျွန်တော့်မှာ မယား မသိန်းတင်ကိုသာ သတိရပြီး နောက်ဆုံးတစ်နေ့မှာ ဘယ်လိုဒေသမှာပဲ နေရနေရ၊ ကိုယ့်လင်မယား အတူနေရလျှင် ပြီးရောဆိုပြီး သူရောက်ဖို့ နေ့ရက်ကိုသာ မျှော်လင့်နေခဲ့မိပါတယ်။ ဒီအတောအတွင်း ခွကျချင်တော့ ဒီရောဂါက လာပြီးစွဲကပ်နေပြန်ပါရောခင်ဗျ။ ဒုက္ခပါပဲ ခင်ဗျာ၊ ကျွန်တော်တော့ လူ့ပြည်က မြန်မြန်ခွာမှ အေးတော့မှာပါပဲ'လို့ ပိုပြီး သနားစဖွယ် ညည်းညူရှာတယ်ဗျ။ ဒီတော့ ကျွန်တော်က 'မသိန်းတင်က ဘယ့်နယ်ပြောသလဲ'လို့မေးတော့ နံပါတ်ငါးက ကျွန်တော့်ကို မျက်နှာထား တစ်မျိုးနှင့်ကြည့်ပြီး သူပြောတာကတော့ 'ကိုယ့်ကိုယ်ကို မြန်မြန် ကျန်းမာအောင် လုပ်ပါဦးတဲ့။ ကျန်းမာလာတဲ့အခါကျတော့ ယိုးဒယားပြည်လို၊ အိန္ဒိယပြည်လို ထွက်သွားကြပြီး လင်မယား အတူတကွ နေကြတာပေါ့တဲ့ ခင်ဗျာ။ ကိုင်း မိတ်ဆွေ၊ ဆောင်ရွက်တဲ့ လက်စနှင့် အဆုံးတိုင်ဆောင်ရွက်ပြီး မသိန်းတင်ကို တစ်ဆိတ်ဖြင့် ခေါ်သွားပါဦးခင်ဗျာ'တဲ့ တောင်းပန်ရှာတယ်"

နိုပ်။ ။"ဒီတော့ ခင်ဗျားက ဘာပြောသလဲ"

ဟိတ်။ ။"ကျွန်တော်က ဒီလူဟာ သူ့မယားပြောတဲ့ စကားကို တကယ်ပဲ ယုံကြည်ရှာသလားလို့ သူ့မျက်နှာကို အကဲခတ်တော့ မျက်နှာ ထားတော့ တစ်မျိုးဖြစ်နေတာ တွေ့ရတယ်ခင်ဗျ။ ဘာပဲဖြစ်ဖြစ် ကျွန်တော့် အဖို့တော့ သူခိုင်းတာလုပ်ပေးဖို့ ဆုံးဖြတ်ပြီးဖြစ်တဲ့အတွက် 'ပြန်ပို့စေချင်လျှင် ပြန်ပို့ပေးပါမယ်'လို့ အာမခံခဲ့ရတာပေါ့ဗျာ။ ဒါနှင့် ကျွန်တော်က နက်ဖြန် ပြန်ကြဖို့အကြောင်း ပြောပြပြီး သူ့တဲထဲက ထွက်လာလို့ လေးငါးဆယ် လှမ်းလောက် လျှောက်မိသေးတယ်။ 'ဒိုင်း'ဆို သေနတ်သံတစ်ချက် ကြားလိုက် ရလို့ တဲဘက်ကို ကျွန်တော် လှည့်ကြည့်လိုက်မိတယ်။ ကျွန်တော့် စိတ်ထဲမှာ တဲဆီကလာတဲ့ သေနတ်သံလို့ ထင်တာနှင့် တဲဆီကို တစ်ခါ ပြန်ပြေးပြီး ကြည့်တော့ လားလား ခင်ဗျာ၊ ကျွန်တော်နှင့်ထိုင်ပြီး စကားပြောကြတဲ့ နေရာမှာပဲ သူ့ကိုယ်သူ ခြောက်လုံးပြူးနဲ့ ပစ်သတ်ထားတာ တွေ့ရတာကိုး ခင်ဗျ။ ပြောင်းဝကို ပါးစပ်ထဲ ငုံပြီး ပစ်လိုက်ဟန်တူပါရဲ့။ တစ်ခေါင်းလုံး ရစရာမရှိဘူး။ ကြေမွလို့ခင်ဗျ။ သူက ခရစ်ယာန် ဘိုဆန်ဆန် ကိုယ့်ကိုယ်ကို စီရင်လိုက်တာပေါ့ ခင်ဗျ"

mgyoe.com

နိုပ်။ ။"နို့၊ သူ့မယားကော"

mgyoe.com

ဟိတ်။ ။သူ့မယားဆီကို ကျွန်တော် သွားပြောတော့ မိန်းမက 'လိုက်မကြည့်ပါရစေနှင့်၊ မထူးတော့ပါဘူး'တဲ့ ငြင်းနေတယ်။ ကျွန်တော်က ဘာရမလဲ ခင်ဗျာ။ အတင်းဆွဲခေါ်ခဲ့လို့ ကလန်ကဆန်နှင့် ပါလာရတာပေါ့။ တဲထဲရောက်တော့ ကျွန်တော်က သူ့လက်မောင်းနှစ်ဖက်ကို နောက်က ကိုင်ထားပြီး ဦးနှောက်တွေ ဗလပွကြဲလို့ ဦးခေါင်းကြီးကြေကွဲနေတဲ့ သူ့ယောကျ်ားအလောင်းကို အတင်းပြတာကိုးဗျ။ မိန်းမက ဘာမှမပြောနှင့်တော့ ကျွန်တော့် လက်ထဲတွင် ပျော့ကျသွားပြီး သတိလစ်သွားတာပေါ့ခင်ဗျာ"

နိုပ်။ ။"လုပ်လည်းလုပ်တဲ့ လူပါပဲ" .

ဟိတ်။ ။"ဘယ့်နှယ် မလုပ်ဘဲဖြစ်မလဲ။ ဆိုးတူကောင်းဖက် သဘောမထားဘဲ ငွေတွေကို လက်ကိုင်ထားပြီး သူကတော့ ပျော်နိုင်တယ်။ ဟိုငနဲတော့ တောကြီးမျက်မည်းမှာ တစ်ယောက်တည်းနေရတယ်၊ ဘယ်ကလာ တရားမှာလဲ။ အမှန်တော့ သူရက်စက်တဲ့အတွက် ဟိုလူ သေရှာရတာပဲ။ နို့မဟုတ်လျှင်တော့ သုံးလေးငါးနှစ်ဆိုတာလို နေရှာရဦးမှာပဲ"

နိုပ်။ ။"သူ့မယား ရက်စက်တာကို သိလျက်နှင့် သူ့တစ်ယောက်တည်း စီရင်တာဟာ ကျုပ်တို့ မြန်မာလူမျိုးအတွက်တော့ ခပ်ဆန်းဆန်းပဲဗျို့"

ဟိတ်။ ။"ခရစ်ယာန်မို့ ဘိုဆန်တယ်လို့ ပြောပါကော"

နိုပ်။ ။"များများကြီး ပြောစရာမကျန်တော့ပါဘူး။ မသိန်းတင်နှင့် ကျွန်တော် အတူတူ ပြန်လာကြလို့ မြစ်ကြီးနားရောက်တော့ ကိုယ့်မိတ်ဆွေ ဝန်ထောက်ကို ဒီမိန်းမအကြောင်းပြောပြဖို့ ကြံမိသေးတယ်။ သို့သော် နောက်ထပ် စဉ်းစားကြည့်လိုက်ပြန်တော့ ကိုယ်နှင့်မဆိုင်လှတာက တစ်ကြောင်း။ ပြောလို့ ယုံချင်မှယုံမှာ တစ်ကြောင်းကြောင့် နောက်ဆုံးမှာ သူတို့နှစ်ယောက် လက်ထပ်သည့် တိုင်အောင် ကျွန်တော် မြိုနေလိုက်တော့တယ်။ ဒီပြင်တစ်ကြောင်းကလည်း မြစ်ကြီးနား ပြန်ရောက်လာပြီး သုံးလေးရက် အတွင်းမှာပဲ ကျွန်တော် မူးလို့ ဆေးရုံတက်နေရသေးတယ်"

နိုပ်။ ။"ဒါနှင့် ဆုံးရောလား"

ဟိတ်။ ။"နေပါဦးဗျ၊ မဆုံးသေးဘူး။ နည်းနည်းကျန်သေးတယ်။ နယ်က ပြန်လာပြီး မဖျားသေးမီ ကျွန်တော့်ကို ရှေးဦးစွာ နယ်စပ်သွားဖို့ခိုင်းတဲ့ အရေးပိုင်ဆီသွားပြီး မသိန်းတင်နှင့် နံပါတ်ငါးရဲ့ အဖြစ်အပျက်ကို ပြောဖူးတယ်။ အရေးပိုင်က မြန်မာဗျ။ ကျွန်တော် ပြောတဲ့သတင်းကို သဘောကျတာပဲ၊ သူ့ တပည့်ဖြစ်တဲ့ ဝန်ထောက်မင်းကိုလည်း မသိန်းတင်နှင့် ပတ်သက်ပြီး ဝမ်းထဲက ကြိတ်လှောင်နေတာပေါ့ဗျာ။ ဒါနှင့် ဆေးရုံက ကျွန်တော်ဆင်းတော့ အရေးပိုင်နှင့် သွားတွေ့တဲ့ အချိန်ကျတော့ နယ်ပိုင်ဝန်ထောက်နှင့် မသိန်းတင်တို့ လက်ထပ်ပြီးကြ

mgyoe.com

mgyoe.com

ပြီဗျ။ ကျွန်တော့်ကို မြင်မြင်ချင်း အရေးပိုင်က 'ကျုပ်တို့လူတော့ ကျော့ကွင်း မိသွားပြီဗျို့။ နယ်စပ်သွားတဲ့ ကိစ္စဟာ မသိန်းတင်က သူ့မောင်တစ်ယောက် နိုင်ငံရေးနှင့် ဝရမ်းပြေးနေတာ တွေ့ချင်လို့သွားရပါတယ် ပြောတာကိုး၊ ကိုယ့် လူက ယုံရှာတယ်ဗျ။ သိပ်နေရာကျတယ်ဗျာ။ ဩော်. . .ဒါထက် နေဦးဗျို့ ကိုဇော်ဟိတ်။ မသိန်းတင်က ခင်ဗျားကို ကချင် မှတ်နေတယ်ဗျ။ ဒီနေ့ည ဗမာလိုဝတ်ပြီး ကျုပ်အိမ်ကို ထမင်းလာစားစမ်းပါ။ မသိန်းတင်တို့ လင်မယား ကိုလည်း ကျုပ် ဖိတ်လိုက်မယ်။ ရယ်စရာကလေးတစ်ခုတော့ တွေ့ရလိမ့်မယ် ထင်တယ်'လို့ ပြောတော့ ကျွန်တော်က 'လာခဲ့ပါမယ်'လို့ ဝန်ခံခဲ့တာကိုး"

နှ်ပ်။ ။"နေရာကျသဗျာ။ ဆိုစမ်းပါဦး"

ဟိတ်။ ။"အဲဒီညနေ အရေးပိုင်အိမ်မှာ ဆုံမိကြတော့ မသိန်းတင်က ကျွန်တော့်ကို လုံးဝ မမှတ်မိဘူး။ ရွှေမျက်မှန်နှင့် ဘန်ကောက်တောင်ရှည်နှင့် အုပ်ပေါင်းနှင့် ပေတင်ရှူးနှင့်ဆိုတော့ သူ ခိုင်းစေလာခဲ့တဲ့ သွားနက်ကြီးနှင့် ကချင်ရယ်လို့ ဘယ်နည်းနှင့်မှ မထင်မိဘူးပေါ့လေ။ သူ့ယောကျ်ားဝန်ထောက်က မိန်းမသား တစ်ယောက်ဖြစ်လျက်နှင့် မောင် တစ်ယောက်အတွက် နယ်စပ် ရောက်အောင် စွန့်စားသွားလာဝံ့တဲ့ မိန်းမမျိုးဟာ တစ်ပြည်လုံးမှာ လည်ရှာလို့ တွေ့နိုင်ဖို့ မရှိတဲ့အကြောင်း ချီးကျူးပြီး ကျွန်တော့်ကို ပြောပြတော့ မသိန်းတင်က 'ကျွန်မ အစွမ်းကြောင့် မဟုတ်ပါဘူး။ လဇွန်းတန်ဆိုတဲ့ ကချင်တစ်ယောက်ရဲ့ အစွမ်းကြောင့်ပါ။ ဒီကချင်ကို ကျွန်မ တွေ့လျှင် ကျေးဇူးတင်စကားပြောပြီး ကျေးဇူးဆပ်ချင်ပါသေးတယ်ရှင်။ သူ့ခမျာမှာ ပြန်ရောက်ရောက်ချင်း မကျန်းမာလို့ ဆေးရုံတက်ရသေးတယ်။ ယခုတော့ ပျောက်ကောင်းပျောက်လေပြီလား မဆို နိုင်ဘူး"လို့ ပြောလိုက်တယ်။

ဒီတော့ အိမ်ရှင်အရေးပိုင်က ပြုံးလိုက်ပြီး 'ဆေးရုံက ဆင်းလာရှာပါပြီ။ သူ့ကို ခင်ဗျားတွေ့ချင်လျှင် တွေ့ရပါစေ့မယ်'တဲ့ ပြောလိုက်တော့၊ မသိန်းတင်က 'ဘယ်မှာလဲ အရေးပိုင်မင်း၊ တွေ့ပါရစေရှင်'တဲ့၊ ဒီတော့ အရေးပိုင်က 'ခင်ဗျား တွေ့ချင်လို့ရှိလျှင် ခုချက်ချင်းရောက်လာအောင် ကျုပ် မန်းမှုတ်ပေးလိုက်မယ်။ ကိုင်း. . .ဥံဖွ ဆရာ့အတတ်နှင့် လဇွန်းတန် ချက်ချင်းရာက်စေဗျား'လို့ ပြော လိုက်ပြီး ကျွန်တော့် ပခုံးကို ပုတ်လိုက်တာကိုး၊ ဒီတော့မှ မသိန်းတင်က ကျွန်တော့်ကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကြည့်တဲ့ပြီး ' ဩော် ဩော်၊ မြတ်စွာဘုရား၊ ကယ်တော်မူပါ'တဲ့။ ယောင်ပြီး အော်လိုက်သေးတယ်။ သူ့ ယောကျ်ားဝန်ထောက်ကလည်း မိန်းမကို လိုက်ပို့ဖူးတဲ့လူဟာ သူ့မိတ်ဆွေဟောင်း ဖြစ်နေတာတွေ့ရလို့ ဝမ်းသာအားရနှင့် ကျွန်တော့်လက်ကို ဆွဲလှုပ်နေတာကိုး၊ နောက်ပြီးတော့မှ အရေးပိုင်နှင့် ဝန်ထောက် နှစ်ယောက်တည်း စကားပြောနေ

mgyoe.com

mgyoe.com

ခိုက်မှာ မသိန်းတင်က ကျွန်တော့် အနားကပ်ပြီး 'ရှင် ဘယ်လို သဘောထား သလဲ'တဲ့ ကျိတ်မေးတယ်၊ ဒီတော့ ကျွန်တော်က 'ဝန်ထောက်မင်းက စောင့်မျှော်နေ ပါတယ်၊ ဘေးအန္တရာယ် စိုးရိမ်ဖွယ်ရာမရှိပါ။ သို့သော် ဝန်ထောက်မင်းကတော့ ဘယ်နေ့မှာ ကယ်တော်မူပါလို့ တ,ရမလဲ။ စောင့်ကြည့်နေရဦးမှာပဲ'လို့ ပြောလိုက် မိပါတယ်။ မိန်းမပါးဖြစ်တော့ ကျွန်တော်ပြောတဲ့ စကားအဓိပ္ပာယ်ကို ရိပ်မိ တာနှင့် မျက်စောင်းကြီး ထိုးလိုက်သေးတယ်။ ဒီနေ့ကစပြီး မသိန်းတင်နှင့် ကျွန်တော် တွေ့တာ၊ ခုနက နေသူရိန်ရုံကျမှ ပထမအကြိမ် တွေ့ကြခြင်းပါပဲ ဆရာကြီး ခင်ဗျာ"

●

သွေးသောက်မဂ္ဂဇင်း
၁၉၄၉၊ စက်တင်ဘာလ။

mgyoe.com

mgyoe.com

# ဟန်ကိုယ့်ဖို့

အင်္ဂလိပ် အစိုးရခေတ်၌ ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့သည် ဗန်းမော်မြို့သို့ ရောက်နေကြသဖြင့် တစ်နေ့သ၌ မြန်မာပြည်ရေလမ်းခရီးအကြောင်းကို စကားစပ်၍ ပြောမိကြရာတွင် ရေကြောင်းခရီးဖြင့် အရှည်ဆုံးသွားကြရန် အကြံပေါ်ပေါက်လာသောကြောင့် ဗန်းမော်မြို့မှ ရန်ကုန်မြို့သို့ သင်္ဘောဖြင့်လိုက်ကြရန် ဆုံးဖြတ်ကြလေ၏။ ဗန်းမော်မြို့မှ ရန်ကုန်သို့သွားလိုသော သူတို့သည် မန္တလေးသို့ သင်္ဘောဖြင့် လိုက်ကြ၍ ထိုမှတစ်ဖန် ရန်ကုန်သို့ မီးရထားဖြင့် လည်းကောင်း စီးနင်းသွားလာကြရလေသည်။ ကျွန်ုပ်တို့မှာမူ အချိန်အရေးမကြီးသောသူများ ဖြစ်၍ ဗန်းမော်မှ ရန်ကုန်သို့ ရေကြောင်းခရီးဖြင့် တောက်လျှောက်သွားကြရန် ဆုံးဖြတ်ကြခြင်းဖြစ်လေသည်။

ကျွန်ုပ်တို့သည် ဗန်းမော်မြို့မှ 'တာပင်'အမည်ရှိ စာပို့သင်္ဘောကြီးတွင် ဒုတိယတန်း ခရီးသည်များအဖြစ် ပွဲပိုင်းမှ စီးနင်းလိုက်ပါလာကြစဉ်၊ အခန်းလေးခန်းရှိသည့်အနက် ကျွန်ုပ်တို့က တစ်ခန်းရှိ၍၊ အခြားသော အခန်းတစ်ခန်းတွင် အရာရှိကတော် သားအမိနှစ်ယောက် (အမေနှင့်သမီး)တို့လည်းကောင်း၊ တတိယအခန်းတွင် ကောလိပ်ကျောင်းသားအရွယ် လူငယ်နှစ်ယောက်တို့ လည်းကောင်း၊ စတုတ္ထအခန်းတွင် ဘိုကပြားလင်မယား နှစ်ယောက်တို့ လည်းကောင်း အသီးသီး လိုက်ပါလာကြလေ၏။

mgyoe.com

mgyoe.com

ဒုတိယအခန်း၌ လိုက်ပါလာသော သားအမိနှစ်ယောက်တို့မှာ ဗန်းမော်မှ မန္တလေးသို့ ပြောင်းရွှေ့သွားရသော အရေးပိုင်တစ်ယောက်၏ မယားနှင့် သမီးဖြစ်၍ အဆောတလျင် ပြောင်းရွှေ့သွားရသော လင်ယောကျ်ားနောက်သို့ လိုက်ကြရန် အိမ်ထောင်ပရိဘောဂများနှင့်တကွ စီးနင်းလိုက်ပါလာကြခြင်း ဖြစ်သည်။ မင်းကတော်ကြီးမှာ အလွန်တရာ မွန်ရည်ဖော်ရွေလှ၍ အခြားခရီးသည်များဖြစ်ကြသော ကျွန်ုပ်တို့နှင့် ကောလိပ်ကျောင်းသားအရွယ် လူငယ်နှစ်ယောက်တို့အား လမ်းခရီးတစ်လျှောက်လုံးတွင် ဘာလချောင်၊ ဝက်အူချောင်း၊ ငါးကြင်းသားကြော် အစရှိသော စားသောက်ဖွယ်များကို ဝေငှကျွေးမွေးပါသည်။ သမီးဖြစ်သူ ခင်မမမှာ ခေတ်ပညာတတ် မိန်းမချောကလေးတစ်ယောက်ဖြစ်၍ အလွန်တရာ ဖျတ်လတ်သွက်လက်ပေသည်ဖြစ်သောကြောင့် ဘိုကပြား လင်မယားတို့မှတစ်ပါး အားလုံးသော ဒုတိယတန်း ခရီးသည်များ၏ ချီးကျူးခြင်း၊ အံ့သြခြင်းခံရပေ၏။ ခေတ်ပညာမတတ်သော မိန်းကလေးများကဲ့သို့ နေရာတကာ တိုင်းလည်း မရှက်တတ်။ အချို့သော ကောလိပ်ကျောင်းသူများကဲ့သို့ အလွန်အမင်းလည်း ဇက်မရဲလှဘဲ သိုက်သိုက်မြိုက်မြိုက်ဖြင့် ဣန္ဒြေရလှ၍ ချစ်စရာကောင်းရုံမျှလောက်သာ လိုက်လျောခြင်းရှိပေ၏။ ကျွန်ုပ်၏မိတ်ဆွေ လူပျိုကြီးကိုဇော်ဟိတ်ကပင်လျှင် သူကိုယ်တိုင် အိမ်ထောင်ပြုသော တစ်နေ့၌ ဤကဲ့သို့သော အမူအရာမျိုးရှိသည့် မိန်းကလေးတစ်ယောက်ကိုသာ စိတ်ကူးလိမ့်မည် အကြောင်း ဖွင့်ဟဝန်ခံရလေသည်။

တတိယအခန်း၌ လိုက်ပါလာသော လူငယ်နှစ်ယောက်အနက် တစ်ယောက်မှာ ကောလိပ်ကျောင်းသားဖြစ်၍ ကျောင်းပိတ်ရက်လကုန်သဖြင့် ရန်ကုန်ယူနီဗာစတီသို့ ပြန်ရမည်ဖြစ်ရာ ကသာသို့ရောက်သောအခါတွင် မီးရထားဖြင့် ဆက်လက်ခရီးသွားရန် စီမံပြီးဖြစ်လေသည်။ ခင်မောင်တင် အမည်ရှိ ဒုတိယလူငယ်မှာ ဗန်းမော်မြို့တွင် ကုန်စုံဆိုင်ကြီးတည်ခင်းရောင်းချသည့် ကုန်သည်ကြီး တစ်ဦး၏ သားဖြစ်လေရာ ထိုသူငယ်သည် ကုန်ပစ္စည်း ဝယ်ယူရန်အတွက် ရန်ကုန်သို့ ဆင်းလာခဲ့ခြင်းဖြစ်၏။ မန္တလေးမြို့၌ ဝယ်ယူရခြင်းထက် လက်ရင်းကျသော ရန်ကုန်မြို့ကြီးမှာ ဝယ်ယူရခြင်းက ဈေးနှုန်း သက်သာသည် ဆို၍ မိဘများ၏ စေခိုင်းချက်အရ ငွေအမြောက်အမြားဖြင့် လိုက်ပါလာခဲ့ခြင်း ဖြစ်လေသည်။ ခင်မောင်တင်မှာ လူချောလူသွက် ကလေးတစ်ယောက်ဖြစ်၍ ဗန်းမော်ကျောင်းမှ အင်္ဂလိပ်စာ ခုနစ်တန်းမျှ အောင်မြင်ရာတွင် မိဘများက ကုန်သည် အနွယ် ဖြစ်သည့်အတိုင်း အရောင်းအဝယ်ဘက်၌ ကြီးပွားနိုင်သည်ဆိုကာ ပညာ ဆက်လက်မသင်စေဘဲ ကုန်စုံဆိုင်ကြီးထဲတွင် အသုံးချထားခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com

စတုတ္ထအခန်း၌ လိုက်ပါလာသော ဘိုကပြားလင်မယားတို့မှာ ဘီဘီတီစီကုမ္ပဏီက လက်ထောက်ကိုယ်စားလှယ် ဖြစ်သည့်အလျောက် ကျွန်ုပ်တို့ မြန်မာခရီးသည်များနှင့် ရောနှောခြင်းမရှိလှဘဲ သူတို့ဘာသာအလျောက် ခပ်ခွဲခွဲ စီးနင်းလိုက်ပါလာကြသည်ဖြစ်သောကြောင့် သူတို့အကြောင်းကို အကျယ်တဝင့် ဖော်ပြရန် မလိုတော့ပေ။

ဇန်းမော်မြို့မှ သင်္ဘောထွက်လာသည်မှစ၍ မင်းကတော်ကြီးသည် ကျွန်ုပ်တို့ မြန်မာခရီးသည်များအပေါ်၌ အလွန်တရာ ဖော်ရွေစွာ ပေါင်းသင်းဆက်ဆံဖော်ရပေသည့်အလျောက် ကျွန်ုပ်တို့ နှစ်ယောက်နှင့်တကွ ခင်မောင်တင်တို့ လူငယ်နှစ်ယောက်သည် မင်းကတော်ကြီး သားအမိနှစ်ယောက်အနီးတွင် တရစ်ဝဲဝဲ ရှိနေကြလေ၏။ နံနက်စာစားပြီးကြ၍ နေ့လယ်အချိန်လောက် ရောက်လာခဲ့လျှင်ပင် ခင်မောင်တင်နှင့် ခင်မမတို့သည် အခြားခရီးသည်များ နီးကပ်ကြသည်ထက် သူတို့အချင်းချင်း ပိုမိုနီးကပ်သော အရိပ်နိမိတ်များ တွေ့မြင်ကြရလေတော့သည်။ ခင်မမက စာအုပ်ကလေးယူပေးရန်ရှိလျှင်လည်း 'ကိုခင်မောင်'၊ သတင်းစာကလေး လှမ်းပေးရန်ရှိလျှင်လည်း 'ကိုခင်မောင် တစ်ဆိတ်ကလေး'၊ မသိ၍ မေးစရာရှိလျှင်လည်း 'တစ်ဆိတ်ကလေး ကိုခင်မောင်' စသည်ဖြင့် တစ်ခင်မောင်တည်း ခင်မောင်လျက်ရှိလေတော့သည်။ ညနေစောင်းလတ်သော် ကျွန်ုပ်တို့ခရီးသည်များသည် ခင်မောင်တင်နှင့် ခင်မမတို့၏ အမူအရာကို ပြုံးစိစိမျက်နှာထားဖြင့် ကြည့်စပြုနေကြပြီဖြစ်ရာ ကသာ၌ ဆင်းရမည့် ကောလိပ်ကျောင်းသားကလည်း အထုပ်အပိုးများပြင်ဆင်ပြီးသည့်နောက် ခင်မောင်တင်ကို နှုတ်ဆက်သောအခါ 'ဂွတ်ဒ် လတ်ကံ တူယူ' (ကံကောင်း၍ အကြံအစည်ထမြောက်ပါစေ)ဟူ၍ ကောင်းချီးပေးသွားလေ၏။

ကသာမှ ထွက်ခွာလာသောအခါ၌ကား ရွယ်တူချင်း လူငယ်တစ်ယောက်ရှိနေသည့်အတွက်ကြောင့် ရှန့်တန့်တန့် ဖြစ်နေခဲ့သော ခင်မောင်တင်သည် လုံးဝ ရှက်ရွံ့ခြင်းမရှိတော့ဘဲ ခင်မမအား အတင်းပိုးပန်းတော့လေရာ၊ မင်းကတော်ကြီးကလည်း သဘောမတူလောက်အောင် မရှိသည့် လက္ခဏာဖြင့် ကန့်ကွက်ခြင်းမရှိဘဲ ဣန္ဒြေမဲ့သော အဖြစ်မျိုးသို့ မရောက်ကြစေရုံမျှလောက်သာ ထိန်းသိမ်းထားဟန် တူပေတော့သည်။ သို့ဖြစ်၍ ခင်မောင်တင်နှင့် ခင်မမတို့မှာ တစ်ယောက်၏မျက်လုံးနှင့် တစ်ယောက်၏မျက်လုံး ခွာတော့သည်မရှိဘဲ လူကြီးများ လစ်သောအချိန်များ၌ စကားတစ်ခွန်းတလေမျှပင် ကျူးလွန်ကြဟန် တူပေ၏။

မန္တလေးမြို့သို့ ဆိုက်ကပ်လာကြသောအခါ ခင်မောင်တင်သည် မင်းကတော်ကြီး၏ ဖိတ်ခေါ်ချက်အရ အရေးပိုင်မင်းနှင့် သိကျွမ်းခွင့်ရစိမ့်သောငှာ

mgyoe.com

mgyoe.com

ထိုမြို့၌ တစ်ရက်မျှ တည်းခိုနေထိုင်ရန် စီမံသည်ဟု ကျွန်ုပ်တို့ သိရှိရလေရာ၊ ကျွန်ုပ်တို့မှာလည်း ရန်ကုန်စာပို့ကြီးထွက်ဖို့ ရက်လိုသေးသည်ဖြစ်သောကြောင့် မန္တလေးမြို့၌ နှစ်ရက်သုံးရက်မျှ စောင့်ဆိုင်းနေရသည်အတွင်း ခင်မောင်တင်နှင့် ထပ်မံ တွေ့ဆုံကြဖို့ ဆုံဆည်းမိလေ၏။

ကျွန်ုပ်တို့သည် အာဠဝီလမ်းရှိ ဂရင်းဟိုတယ်၌ တည်းခိုလျက်ရှိကြစဉ် ခင်မောင်တင်သည် ကျွန်ုပ်တို့ထံရောက်လာ၍ သူ၏အဖြစ်အပျက်ကို ကိုဇော်ဟိတ်အား ပြောပြလေ၏။ ကိုဇော်ဟိတ်၏ ထူးခြားသော အရည်အချင်းတစ်ခုမှာ လူငယ်များသည် သူတို့၏အခက်အခဲများကို ကိုဇော်ဟိတ်အားပြောပြ၍ အကြံဉာဏ်တောင်းတတ်ခြင်းပင်ဖြစ်လေသည်။ ခင်မောင်တင်၏ ပိုးပန်းရေး အခြေအနေမှာ မင်းကတော်ကြီးကလည်း သဘောတူညီကြောင်း၊ သို့သော် ခင်မောင်တင်မှာ ဖခင်၏ကုန်စုံဆိုင်တွင် လက်ထောက်မျှသာဖြစ်သေး၍ ကိုယ်ပိုင်ဆိုင် တစ်ဆိုင် တည်ထောင်နိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ နှစ်ဦးလုံးမှာ ငယ်ရွယ်သေးသည်ဖြစ်၍ နှစ်နှစ် သုံးနှစ် စောင့်ဆိုင်းကြသည့်အတွက် မည်သူမျှ 'ဟိုင်း' သွားနိုင်ဖို့ မရှိကြောင်း၊ မိမိတို့ မျှော်လင့်သည့်အတိုင်း လူရည်ချွန်သော လူငယ် တစ်ယောက်ဖြစ်ခဲ့လျှင် ထိုအချိန်အတွင်း ကိုယ်ပိုင်ဆိုင်တစ်ဆိုင် ဖြစ်နိုင်ဖို့ ဘာမျှ ခဲယဉ်းခြင်းမရှိသင့်ကြောင်း မိဘနှစ်ပါးက ပြောပြလိုက်သည်ဟု ကြားသိရလေသည်။

တင်။ ။"သိပ်ရှော်တဲ့ လူကြီးတွေ။ ကိုယ်ချင်းလည်း မစာတတ်ဘူး။ ကြည့်စမ်းပါဦးတော့။ နှစ်နှစ် သုံးနှစ် စောင့်ကြရမတဲ့။ ကျွန်တော်တို့ကဖြင့် နှစ်ရက် သုံးရက် ခွဲခွာရမှာတောင် သိပ်ဝန်လေးနေကြပြီ။ အကြံပေးစမ်းပါဦး"

ဟိတ်။ ။"ငါ့လူရာ၊ သူတို့ပြောတာ မရိုင်းပေဘူးပဲ။ သားကျေးမှု မယားကျေးမှုဆိုတာ ကိုယ့်ဟာနှင့်ကိုယ် ဖန်တီးနိုင်မှပေါ့ကွ။ အရေးပိုင် ရင့်မကြီးရဲ့ သမီးတစ်ယောက်ဆိုပြီး ကုန်စုံဆိုင်က စာရေးတစ်ယောက်နှင့် လက်ထပ်ရမယ် ဆိုတော့ ဘယ်သူကျေနပ်နိုင်မတုံးကွ ငါ့လူရ"

တင်။ ။"စာရေးမဟုတ်ပါဘူး။ ကျွန်တော့် အဖေဆိုင်မှာ လက်ထောက်ပါ"

ဟိတ်။ ။"အေးလေ၊ မင်း ပြောတာကတော့ ဟုတ်တာပေါ့။ သို့သော် သူသူငါငါ မျက်စိထဲမှာတော့ လက်ထောက်ဆိုတာ စာရေးပဲကွ။ သူတို့ပြောသလို ဖြစ်အောင်ကြိုးစားချေဦးလေကွာ"

ခင်မောင်တင်လည်း စိတ်ရှုပ်စွာ ပြန်သွားလေ၏။

နောက်တစ်နေ့၌ ကျွန်ုပ်တို့သည် 'ဘာဂျာကလပ်'ဟုခေါ်သော တရုတ် ကလပ်တစ်ခုသို့ အပျင်းပြေသွားရောက် လည်ပတ်ကြ၍ လေးကောင်ဂျင်၊ ပိုက်ကျုံး

mgyoe.com

mgyoe.com

စသော လောင်းကစားဝိုင်းများတွင် ငါးကျပ်တန်သည် တစ်ဆယ်တန်သည် ကံစမ်းရင်း လောင်းကစားကြသဖြင့် ငွေနှစ်ဆယ်ခန့် နိုင်ခဲ့ကြသည်တွင်၊ ကလပ်မှ ဆင်းလာ၍ မြင်းရထားတစ်စီးပေါ်သို့ တက်မည်ပြုသည်နှင့် တစ်ပြိုင်နက် လမ်း၏ အခြားတစ်ဘက်တွင် ဆံပင်စုတ်ဖွားဖြင့် လျှောက်သွားသော ခင်မောင်တင်ကို မြင်လိုက်သဖြင့် ကိုဇော်ဟိတ်က 'ငနဲကလေး ဘာဖြစ်လာပါလိမ့်'ဟု ဆိုကာ သူငယ်၏ လက်မောင်းကို ပြေး၍ဆွဲလိုက်လေ၏။ ခင်မောင်တင်သည် ကျွန်ုပ်တို့၏ မျက်နှာကို လှည့်၍မျှမကြည့်ဘဲ မျက်နှာခပ်လွဲလွဲထားလျက် 'နေကြစမ်းပါဗျာ၊ လာမရှုပ်ကြစမ်းပါနှင့်'ဟု ဆိုကာ ရုန်းဖယ်ထွက်သွားမည်ပြုသော်လည်း ကိုဇော်ဟိတ်က သူ၏လက်ကိုမလွှတ်ဘဲ 'ငါ့လူ ဘာဖြစ်လာတာလဲကွ ပြောစမ်းပါဦး၊ ငါတို့ တတ်နိုင်ရင် ကူညီကြရအောင်'ဟုဆိုကာ သူငယ်ကိုဆွဲ၍ လှည့်လိုက်လေ၏။ သူငယ်သည် ဆက်လက်ရုန်းဖယ်မည်ပြုသေးသော်လည်း တော်လှန်ဖီဆန်ခြင်းငှာ မဖြစ်နိုင်သော ကိုဇော်ဟိတ်၏သဘောကို ရိပ်မိသောကြောင့် ပျော့ပါလာသည်တွင် ကိုဇော်ဟိတ်လည်း သူငယ်ကို မြင်းရထားပေါ်သို့ တင်လာခဲ့လေ၏။

တရုတ်ဟိုတယ်တစ်ခုသို့ ရောက်ကြ၍ စားသောက်စရာများ မှာထားပြီးသောအခါ. . .

ဟိတ်။ ။(မျက်နှာထားတည်တည်ဖြင့်) "ကိုင်း ငါ့လူ၊ တူကလေးညီကလေးလို အောက်မေ့လို့ တတ်နိုင်တဲ့ ကိစ္စဖြစ်ရင် ကူညီချင်လို့ မေးတာကွ။ မင်းဘာဖြစ်လာသလဲ။ ပြောစမ်း"

တင်။ ။"ဘာမှ မဖြစ်ပေါင် ခင်ဗျာ"

ဟိတ်။ ။"ဘာမှမဖြစ်ဘဲနှင့် ခေါင်းစုတ်ဖွားကြီးနှင့် မင်း မနေပါဘူး။ ပြောစမ်း။ ဘာဖြစ်ခဲ့တာလဲ"

အကြီးအကျယ် ဝမ်းနည်းဖွယ် အဖြစ်အပျက်နှင့် ကြုံတွေ့ရသော သူတို့မည်သည် မျက်ရည်ကျအောင် ငိုကြွေးရသော အချိန်အခါ၌ သက်သာရာရတတ်ခြင်းကို နားလည်သည့်အလျောက် ကျွန်ုပ်နှင့် ကိုဇော်ဟိတ်တို့သည် ခင်မောင်တင်အား အားရအောင် ငိုကြွေးစေပြီးမှ ကိုဇော်ဟိတ်က သူငယ်၏ ပခုံးကိုပုတ်ကာ ချော့မော့လျက် "ပြောစမ်းပါဦး ငါ့လူ၊ ငါတို့ တတ်နိုင်တဲ့ကိစ္စဆိုရင် အချိန်မရွေး အကူအညီပေးမယ်ဆိုတာ မင်းသိတဲ့အတိုင်းပါပဲ"ဟု ပြောလိုက်သောအခါတွင်မှ ခင်မောင်တင်သည် မျက်ရည်များကို သုတ်သိမ်း၍ စီးကရက်တစ်လိပ်ကို မီးညှိသောက်လေ၏။ ထိုနောက်မှ. . .

တင်။ ။"ကျွန်တော် မိုက်မိတာပါပဲ အစ်ကိုကြီးတို့ရယ်။ ကျွန်တော်တစ်နေ့က ပြောခဲ့တဲ့အတိုင်း ကိုယ့်ဆိုင်နှင့် ကိုယ်ဖြစ်အောင် တည်ထောင်နိုင်တဲ့

mgyoe.com

mgyoe.com
အခါကျမှ ပေးစားနိုင်မယ်လို့ ပြောလိုက်လေတော့ ကျွန်တော့် စိတ်ထဲမှာ ဆိုင်တစ်ဆိုင် မြန်မြန်တည်ထောင်နိုင်အောင် ဘယ်လိုလုပ်ရပါမလဲလို့ စိတ်ကူးမိပါတယ်။ ဒီလို စိတ်ကူးတုန်းမှာ ကိုသောင်းတင်ဆိုတဲ့ မန္တလေးသားတစ်ဦးနှင့် ဟိုတယ်မှာ တွေ့ကြလေတော့ သူကလည်း စကားပြောကောင်းကောင်းနှင့် ဘီယာကလေး အတူတူသောက်ကြရင်း တစ်ယောက်နှင့်တစ်ယောက် လူချင်းခင်မင်ပြီး ကျွန်တော်က ကျွန်တော့် အခက်အခဲကို ပြောပြမိပါတယ်။

ကိုသောင်းတင်က 'ကုန်စုံဆိုင်တစ်ဆိုင် တည်ထောင်နိုင်ဖို့ဟာ ငွေရင်း သုံးလေးသောင်း မလိုပါဘူး'တဲ့။ 'သုံးလေးထောင်လောက်ရှိရင် ဖြစ်နိုင်ပါတယ်' တဲ့၊ ပြောတယ်ခင်ဗျ။ ဒီတော့ ကျွန်တော်က 'ငွေရင်း သုံးလေးထောင်လောက်နှင့် ဖြစ်နိုင်တဲ့ ဆိုင်မျိုးလောက်ဆိုရင် ယောက္ခမကြီးများက ပေးစားမှာ မဟုတ်ဘူး'လို့ ပြောတော့၊ သူက 'ငွေရင်းသုံးလေးထောင်ရှိရင် သုံးလေးသောင်းတန်တဲ့ ဆိုင်မျိုး ဖြစ်နိုင်ပါတယ်'တဲ့။ လိုရင်းမှာတော့ 'ငွေသုံးလေးထောင်လောက်နှင့် အကော် တင်ရရင် သုံးလေးသောင်းလည်း နိုင်နိုင်တယ်၊ တစ်သိန်းလည်း နိုင်နိုင်တယ်ဆိုတဲ့ ကစားဝိုင်းမျိုးကို သူသိပါတယ်'လို့ ပြောတော့တာကိုး။ အမှန်ပြောရရင် ကျွန်တော်က သူတိုက်တဲ့ ဘီယာကြောင့် တော်တော် မူးနေတာကတစ်ကြောင်း၊ ကိုယ်ပိုင်ဆိုင်တစ်ဆိုင် တည်ထောင်ရရင် ဘယ်နည်းနှင့် တည်ရတည်ရ မြန်မြန် တည်ရပြီး ခင်မမနှင့် လက်ထပ်ချင်တာက တစ်ကြောင်းကြောင့် မိုက်သွေးဝင်လာပြီး သူပေးတဲ့အကြံအစည်ကို လိုက်မိတော့တာကိုး။ သူ တစ်ခု ပြောတာကလည်း 'ကိုးမီးဖဲ ကစားရတယ်ဆိုရင် ဘယ်သူနှင့် ကစားရ ကစားရ၊ သူနိုင်အောင် ကစားနိုင်တာချည်းပဲ'တဲ့။ ဒီတော့ သူ့ကို ထောင်ပေးလို့ရှိရင် ကျွန်တော့် ငွေရင်းကို ဆယ်ဆ တိုးအောင် သူ လုပ်ပေးနိုင်ပါတယ်တဲ့ ပြောလေတော့၊ ကျွန်တော်က ခပ်ထွေထွေနှင့်မို့ အဟုတ် မှတ်မိတာပေါ့။ နောက်ဆုံးကျတော့ ကျွန်တော်က သူ့ဆလွန်းကား သစ်ကြီးစီးပြီး သူခေါ်တဲ့ဝိုင်းကို လိုက်သွားမိပါရော။ ဆိုဖာကြီးတွေ၊ မှန်ဗီရိုကြီးတွေ၊ ရေဒီယိုတွေ ဘာတွေနှင့် သားသားနားနား ဆင်ပြင်ထားတဲ့ ဘိုအိမ်ကြီး တစ်ဆောင် ရောက်ကြတော့ မွှန်မွှန်ရည်ရည်နှင့် သိုက်သိုက်မြိုက်မြိုက် ဝတ်ဆင်ထားတဲ့ လူလေးငါးယောက်နှင့် ခေတ်ဆန်ဆန်ဝတ်ထားတဲ့ မိန်းမချောတစ်ယောက်ကို တွေ့ရတယ်"

ဟိတ်။ ။"ကစားကြတာက ဘာကစားနည်းလဲကွယ့်"

တင်။ ။"ပိုကာလည်းရှိတယ်၊ ကက်လည်းရှိတယ်၊ ကိုးမီးလည်း ရှိတယ်၊ ပိုက်ကျူးလည်းရှိတယ်။ ကျွန်တော်တို့ကစားတော့ ကိုးမီးဖဲ ခင်ဗျ"

ဟိတ်။ ။"ဟုတ်လိုက်ချေပြီကောကွယ်။ ငါလည်း ထင်သားပဲ"
mgyoe.com

mgyoe.com

တင်။ ။"ဒီပြင်ဟာတွေ ကြာတယ်၊ ကိုးမီးကမှ မြန်မြန် နိုင်လွယ် ရှုံးလွယ်တယ်တဲ့။ ကျွန်တော်က ကောင်းကောင်း နားမလည်ပေမယ့် မြန်မြန် ရနိုင်မည့် ကစားနည်းကို သဘောကျမိတာပေါ့"

ဟိတ်။ ။"မှန်ပါတယ်။ သူ့အဖို့ မြန်မြန်နိုင်တဲ့နည်းပါပဲ"

တင်။ ။"တစ်လှည့်တုံးက ကျွန်တော့်မှာ ကုလားသုံးစီး ကျနေ တာတောင် လက်သည်လုပ်တဲ့လူက ကြေးတိုးဦးမွလားတဲ့။ ကျွန်တော့်ဖဲကို သူက မမြင်ရဘူးပေါ့။ ကျွန်တော်က ဒီတော့ သေချာပေါက်ပဲဆိုပြီး ရှိတဲ့ငွေကို အားလုံးပုံပြီး လောင်းလိုက်တယ်"

ဟိတ်။ ။"ဒီတော့ ဘာဖြစ်သလဲ၊ သူက တစ်သုံးလုံးနှင့် စားသွားရော လားကွယ့်"

တင်။ ။"အစစ်ပါပဲ။ ကျွန်တော်ဖြင့် အံ့သြလို့မဆုံးအောင် ဖြစ်မိတော့ တာပါပဲ"

ဟိတ်။ ။"နေစမ်းပါဦး။ စုစုပေါင်း ဘယ်လောက် ရှုံးခဲ့သလဲ"

တင်။ ။"သုံးထောင့်ငါးရာ ရှုံးခဲ့တယ်"

ဟိတ်။ ။"တော်တော်မိုက်တဲ့ ငနဲကလေးပဲကိုး။ မင်း ဒါထက် ငွေသားလားဟေ့"

တင်။ ။"ငွေသားက ငါးရာ၊ ဟွန်ဒီလက်မှတ်က သုံးထောင်ခင်ဗျ။ ကျွန်တော့်ငွေသားကုန်တော့ ကိုသောင်းတင်က ဟွန်ဒီလက်မှတ်ကို သုံးထောင်နှင့် အပေါင်ခံတယ်။ နိုင်တော့ အတိုးမရှိ ပြန်ရွေးနိုင်တယ်တဲ့"

စင်စစ် ခင်မောင်တင်မှာ ရန်ကုန်၌ ကုန်ဝယ်ရန်လာခဲ့သော ငွေသုံး ထောင့်ငါးရာကို ကုန်စင်အောင် ရှုံးခဲ့လေပြီ။ ထိုသူငယ်သည် ထိုငွေကို ပြန်၍ မရခဲ့လျှင် မိဘများအပေါ်၌ အရှက်ကွဲရုံသာမက မိမိချစ်ကြိုက်ခဲ့သော ခင်မမနှင့် အကြောင်းဆုံဆည်းဖို့ အရေးမှာလည်း လုံးဝ မျှော်လင့်ချက်ရှိတော့မည်မဟုတ်ချေ။ ထိုအတွက်ကြောင့် အကြီးအကျယ် စိတ်ဒုက္ခရောက်လျက်ရှိသော ခင်မောင်တင် သည် ကျွန်ုပ်တို့ နှစ်ယောက်အလယ်၌ထိုင်ကာ မှိုင်တွေချလျက်ရှိစဉ် ကိုဇော် ဟိတ်လည်း စဉ်းစားစိတ်ကူးလျက်ရှိလေ၏။

ဟိတ်။ ။"မင်း ရှုံးခဲ့တာက ဘယ်တုန်းကလဲ"

တင်။ ။"ဒီကနေ့ နေ့လယ်ကခင်ဗျ"

ဟိတ်။ ။"ဒီအိမ်ကို မင်း မှတ်မိရဲ့လား"

တင်။ ။"မှတ်မိပြီလား ခင်ဗျာ။ သေတောင် မမေ့နိုင်တော့ပါဘူး"

ယင်းသို့ ပြောပြောဆိုဆို ခင်မောင်တင်သည် သောက်ပြီးသော စီးကရက် တိုကို စားပွဲပေါ် ပွတ်ချေလျက် အခန်းအပြင်ဘက်သို့ ငေးမျှော်ကြည့်နေရာမှ

mgyoe.com

mgyoe.com

ကိုဇော်ဟိတ်၏ လက်မောင်းကို ရုတ်တရက် ကိုင်ဆွဲ၍ "ဟောဟိုမှာ အစ်ကိုကြီး၊ ကိုသောင်းတင်ဆိုတဲ့သူပဲ"ဟု ပြောလိုက်လေ၏။ ကျွန်ုပ်တို့သည် ခင်မောင်တင် ညွှန်ပြရာသို့ ကြည့်လိုက်သောအခါ မိန်းမတစ်ယောက်နှင့် ယောကျ်ားသုံးယောက်တို့သည် ဟိုတယ်ထဲသို့ ဝင်လာကြသည်ကို တွေ့ရလေ၏။ ခင်မောင်တင်က "ဗန်ကောက်လုံချည် သနပ်ခါးရောင်နဲ့ တာဖလာ အင်္ကျီဝတ်ထားတဲ့လူပဲ"ဟု ပြောလိုက်သဖြင့် ကြည့်လိုက်ကြရာတွင် အသက်သုံးဆယ်ကျော် အရွယ်ရှိ၍ ရုပ်ချောချော ဂိုက်ဆိုက်ကောင်းကောင်းဖြင့် မျက်နှာထားအလွန် ရွှင်ပျသည့် လူတစ်ယောက်ကို တွေ့မြင်ကြရလေ၏။ သူတို့သည် ဟိုတယ်အတွင်းရှိ အခန်းကလေး တစ်ခန်းသို့ ဝင်ကြ၍ စားသောက်ဖွယ်တို့ကို မှာထားလျက် ရှိကြလေ၏။

ကိုဇော်ဟိတ်သည် အတန်ငယ် ကြာသည့်တိုင်အောင် စီးကရက် သောက်ရင်း စဉ်းစားနေပြီးမှ တစ်စုံတစ်ခု ဆုံးဖြတ်ချက်ချလိုက်သည့် လက္ခဏာဖြင့် စီးကရက်တိုကို လွှင့်ပစ်လိုက်ပြီးလျှင်. . .

ဟိတ်။ ။"ကိုင်း ငါ့လူ၊ မင်းတည်းတဲ့အိမ်ကို ပြန်သွားပြီး နက်ဖြန် ၂၂ကျတော့ ငါတို့တည်းတဲ့ ဂရင်းဟိုတယ်ကို လာခဲ့ပေတော့။ မင့်ကိစ္စ မပြီးစီးခင် စာပို့သင်္ဘောထွက်သွားလို့ရှိရင်၊ ရန်ကုန်ကို ငါတို့ မီးရထားနှင့်ပဲ လိုက်ပါတော့မယ်။ ကိုင်း. . .သွားပေတော့ ငါ့လူ"

ကိုဇော်ဟိတ်သည် အချို့သော လူများကဲ့သို့ မိုက်ပြစ်အတွက်ကြောင့် မြည်တွန်တောက်တီးခြင်းမပြုဘဲ မိမိတတ်နိုင်သမျှ ဆောင်ရွက်ပေးမည့်အကြောင်း တာဝန်ခံလိုက်ရာတွင် ခင်မောင်တင်မှာ အလွန်စိတ်ညစ်ညူးလျက်ရှိရာမှ မျှော်လင့်စရာ ဖြစ်ပေါ်လာသည့် လက္ခဏာဖြင့် မျက်နှာရွှင်ပျလာပြီးလျှင် ကိုဇော်ဟိတ်အား ကျေးဇူးတင်စကား ပြောလေ၏။

ဟိတ်။ ။"ဟေ့၊ ဒါတွေလုပ်မနေပါနှင့်ကွာ။ နေရာကျစေ့မယ်လို့ ငါက အာမခံနိုင်တာ မဟုတ်သေးပါဘူး။ သို့သော် ငါတတ်နိုင်သလောက် ကြိုးစားမယ်ဆိုတာတော့ မင်း စိတ်ချသွားပေတော့။ ဪ ဒါထက် တစ်ခုမှာလိုက်မယ်ဟေ့။ မတော်တဆ မင့်လူများရှေ့မှာ မင်းနှင့် ငါတို့နှင့် တွေ့ဆုံမိကြလို့ရှိရင် မင်းက ငါတို့ကို အသိမလုပ်နှင့်နော်။ သူစိုး်လိုသာနေပေတော့။ ကြားလား။ မမေ့နှင့်နော်၊ ကိုင်း. . .သွားတော့"

ခင်မောင်တင် ထွက်သွားသောအခါ. . .

ဟိတ်။ ။"သိပ်မိုက်တဲ့ကောင်ကလေးပဲ။ သို့သော် လူကောင်းကလေး တစ်ယောက်မို့ ကျွန်တော် သနားမိတယ်။ မိန်းကလေးဟာလည်း စိတ်ကြီးမဝင်တတ်လို့ ကျွန်တော်က သဘောကျတယ်"

mgyoe.com

mgyoe.com

နိုပ်။ ။"ခင်ဗျား ဆောင်ရွက်ရမယ့် အလုပ်ကတော့ တော်တော် ကျပ်ပါရဲ့"

ဟိတ်။ ။"ကျပ်တာတော့ မပြောနှင့်တော့လေ။ ဘယ်လိုလုပ် ရမယ် လို့တောင် ကျွန်တော် စိတ်မကူးရသေးဘူး။ ငနဲလေးဆီက လိမ်ယူကြတာတော့ အမှန်ပဲ၊ သို့သော် အကြမ်းနည်းနဲ့ပြန်ရအောင် လုပ်လို့တော့ ဟန်မယ်မထင်ဘူး၊ ပရိယာယ်သုံးပြီး အလုပ်လုပ်မှ တော်လိမ့်မယ်ထင်တယ်။ ရှေးဦးစွာ ကျွန်တော်တို့ လုပ်ရမယ့် အလုပ်က ကိုသောင်းတင်ဆိုတဲ့လူနဲ့ အသိအကျွမ်း ဖွဲ့ဖို့လိုတယ်။ ဒုတိယအလုပ်က သူတို့အိမ်ရောက်ဖို့ကိစ္စပဲ။ ကိုင်း. . .ဦးသိန်းမောင်၊ ခင်ဗျား နှင့် ကျွန်တော်နှင့် ခေတ္တလောက်ခွဲကြဦးမှ ဖြစ်မယ်ထင်တယ်။ ဒီတော့ တစ်နာရီ လောက် ခင်ဗျား လျှောက်လည်ချေဦး။ နောက်ပြီးတော့မှ ဒီ ဟိုတယ်ကို ပြန်လာခဲ့ပေတော့"

ကျွန်ုပ်သည် ကိုဇော်ဟိတ် ပြောသည့်အတိုင်း လျှောက်လည်ရန်ထိုင်ရာ မှ ထလာသောအခါ ကိုဇော်ဟိတ်မျက်နှာထားမှာ အခက်အခဲဖြင့် ကြုံတွေ့ရ သောအခါများတွင် ဖြစ်ပေါ်လေ့ရှိသည့်အတိုင်း စပ်ဖြဲဖြဲရှိနေလေတော့၏။ သူ့မျက်နှာ ထားကို မြင်ရသောအခါ ကျွန်ုပ်မှာ ထိုသို့သော အခြေအနေမျိုးတွင် ဆေးတံကြီး တခဲခဲဖြင့် မျက်မှောင်ကြုတ်လျက်နေတတ်သော မိတ်ဆွေကြီးဦးစံရှားကို သတိရ၍ သူတို့နှစ်ယောက်၏ ခြားနားပုံကို သတိပြုမိပေသေး၏။

ကျွန်ုပ်သည် ဟိုတယ်မှထွက်လာ၍ ဓာတ်ရထားတစ်စင်းပေါ်သို့ တက်ပြီး လျှင် မြစ်ဆိပ်သို့ရောက်သောအခါ၌ နက်ဖြန်ထွက်မည့် ရန်ကုန်စာပို့ရထားကြီး ပေါ်တွင် ခရီးသည်များ တိုးဝှေ့တက်ကာ နေရာထိုင်ခင်းမှတ်သားကြသည့် အခြင်းအရာကို ငေးကြည့်နေမိလေ၏။ သင်္ဘောပေါ်၌ အကောင်းဆုံးနေရာများမှာ ဖျာစုတ်များခင်းထား၍ ကူလီများထံမှ ခရီးသည်များက ဝယ်ယူကြသောအခြင်း အရာကို တွေ့မြင်ရသဖြင့် သင်္ဘောကူလီများ တီထွင်ထားကြသော ငွေဝင်ပေါက် ကို သိမြင်ခဲ့ရပေ၏။ ဒုတိယတန်းခရီးသည်များအဖို့ ထိုကဲ့သို့ ငွေပိုကုန်ကျ ရန် နည်းလမ်းမရှိသောကြောင့် လောက၌ မည်သည့်နေရာမဆို အောက်ကျ လေလေ သူတစ်ပါး၏အညှဉ်းခံရလေလေ ရှိနေဖို့အကြောင်းကို စဉ်းစားမိလေ တော့သည်။

အချိန်တော်လောက်သဖြင့် ဟိုတယ်သို့ပြန်ရောက်သွားသောအခါ မိတ်ဆွေကိုဇော်ဟိတ်မှာ တစ်ခုသောစားပွဲတွင် ကိုသောင်းတင်ဆိုသူနှင့် အတူတကွ ထိုင်နေကြ၍ ဂိုက်ဆိုက်ကောင်းလှသော မိန်းမချောသည်လည်း ကိုသောင်းတင်၏ အနီးတွင် ထိုင်လျက်ရှိလေ၏။ ကိုဇော်ဟိတ်၏အမူအရာကို ကြည့်ရခြင်းအားဖြင့် လွန်လည်းမလွန်၊ လိုလည်းမလို၊ 'ရေချိန်တည့်' လျက်ရှိဟန်ဖြင့် အလွန်တရာ

mgyoe.com

mgyoe.com

အာရှင်လျက်ရှိပေရာ ထိုသူသည် အလွန်သောက်လုံးကြီးလှပါသည်ဆိုသော လူသုံးယောက်နှင့် တစ်ယောက်ချင်း တစ်ခွက်စီသောက်ကြလျှင် ထိုလူများသာ တစ်ယောက်ပြီးတစ်ယောက် လဲကြ၍၊ သူမလဲဘဲနေနိုင်လျှင် အဘယ်မျှလောက် သောက်ထားကြသည်ကို ကျွန်ုပ် ခန့်မှန်းနိုင်ပေ၏။ ကျွန်ုပ် ဝင်သွားသောခဏ၌ ကိုဇော်ဟိတ်နှင့် ကိုသောင်းတင်တို့၏ရှေ့တွင် ဖန်ခွက်တစ်လုံးစီ ထောင်လျက်ရှိရာ မိန်းမမှာမူ အမြည်းများကိုသာ တူကလေးဖြင့် ညှပ်လျက်စားနေလေ၏။ ကိုဇော်ဟိတ်သည် ကျွန်ုပ် ဝင်လာသည်ကို မြင်သည်နှင့် တစ်ပြိုင်နက်. . .

ဟိတ်။ ။"အလို ဦးသိန်းမောင်လား။ လာပါဦး မိတ်ဆွေ။ ဟောဒီက မိတ်ဆွေများနှင့် မိတ်ဆက်ပေးစမ်းပါရစေဦး"

ကျွန်ုပ်လည်း သူတို့၏စားပွဲ၌ ဝင်၍ထိုင်လိုက်၏။

ဟိတ်။ ။"ကျွန်တော်က ဒီကမိတ်ဆွေတွေကို ပြောနေတယ် ဦးသိန်းမောင်ရဲ့။ ကစားတာတော့ ကောင်းကောင်းကစားချင်တယ်။ သို့သော် ကလပ်တွေ ဘာတွေဆိုတာတော့ လူရှုပ်ပြီး ဘောက်သောက်ကျလွန်းလို့ မကြိုက်ဘူး။ ကျွန်တော်က တိတ်တိတ်ဆိတ်ဆိတ် အေးအေးဆေးဆေးနှင့် သပ်သပ်ရပ်ရပ် ဝိုင်းမျိုးမှ ကြေးကောင်းကောင်း ကစားချင်တယ်လို့ ပြောရတယ်။ ဟော့. . . သူငယ် တစ်ခွက်ထည့်ပေးပါဦး။ သောက်ပါ၊ ခင်ဗျားကော"

ကိုဇော်ဟိတ်သည် ရှေ့တွင်ထောင်ထားသော ဖန်ခွက်ကိုမော့ချ၍ နောက်တစ်ခွက်ယူပြန်ရာ သူ၏ မူးယစ်ဟန်ရှိနေသော အမူအရာမှာ ယုံမှားဖွယ် မရှိချေ။

တင်။ ။"ကျွန်တော်လည်း ပြောနေပါတယ်။ လူသန့်သန့်နှင့် တိတ်တိတ်ဆိတ်ဆိတ် ကစားချင်ရင်တော့ အကောင်းဆုံး ဝိုင်းတစ်ဝိုင်းရှိတယ်လို့ ပြောနေတာပါပဲ။ ကြေးဆိုတာကတော့ ခင်ဗျားသဘောပေါ့။ တစ်လှည့် တစ်ကျပ်တည်း လောင်းချင်လောင်း၊ တစ်ထောင်လောင်းချင်လောင်း၊ တစ်သောင်း လောင်းချင်လောင်း၊ စွန့်နိုင်တယ်။ ထားလိုက်ပါတော့"

ဟိတ်။ ။"ရှေ့၊ ကြိုက်ပြီ။ ကျပ်အတွက်တော့ လက်ကြီးလေ ကြိုက်လေပါပဲ။ မိန်းမတွေ ကစားတာလို တစ်လှည့် ငါးကျပ်တစ်ဆယ်။ ဘာလုပ်ဖို့လဲ။ ကိုယ်ကြိုက်တဲ့ အလှည့်ဆိုရင် 'တူ'ပေးပြီး တစ်ထောင်နှစ်ထောင် လောင်းချလိုက်ချင်တာဗျ"

တင်။ ။"စိတ်ချပါ မိတ်ဆွေ။ 'တူ'ပေးဝံ့တဲ့နောက် ခင်ဗျား ပြချင်တဲ့ကြေး စွန့်နိုင်ပါတယ်"

ဟိတ်။ ။"နိပ်ပြီဗျာ။ ချိတက်လိုက်ကြစို့။ နို့. . .နေရာက ဘယ် အနားမှာလဲ"

mgyoe.com

mgyoe.com

တင်။ ။"စိဗ္ဗိလိုင်းမှာပါ။ အရပ်ထဲမှာလို ရှုပ်ရှုပ်ယှက်ယှက် ဘာမှ မရှိစေရဘူး။ စိတ်သာချ"

ဟိတ်။ ။"ကစားကြတာကတော့ ကိုးမီးပဲလား"

တင်။ ။"ကိုးမီးလည်း ရှိတယ်၊ ပိုကာလည်း ရှိတယ်၊ ပိုက်ကျူး လည်း ရှိတယ်၊ ခင်ဗျားကြိုက်ရာပေါ့"

ဟိတ်။ ။"ကျုပ်ကတော့ ကိုးမီးကြိုက်တာပဲ"

တင်။ ။"စိတ်ချ၊ ကြိုက်ရာကို ကြိုက်တဲ့ကြေး ကစားနိုင်တယ်"

ဟိတ်။ ။"ကိုင်း၊ ဒါဖြင့် သွားကြစို့"

တင်။ ။"ကြွကြပါ ခင်ဗျာ၊ ကျွန်တော့်ကားလည်း အဆင်သင့် ပါပဲ။ နို့. . .ဒီက မိတ်ဆွေကော"

နုပ်။ ။"ကျွန်တော်က မကစားတတ်ပါဘူး"

ဟိတ်။ ။"မကစားပေမယ့် ကျွန်တော်နှင့် လိုက်ခဲ့ပါဦး"

တင်။ ။"လိုက်နိုင်ပါတယ်။ မကစားတတ်ရင်လည်း စားစား သောက်သောက်ပေါ့။ ပျော်ပါးစရာတွေ အစုံရှိပါတယ်"

ကိုသောင်းတင်သည် စားပွဲထိုးကိုခေါ်၍ ကျသင့်သော ဘီလ်စာရင်းကို ယူခဲ့စေရာ ကိုဇော်ဟိတ်က ပေးချေမည်ပြုသည်ကိုပင် လက်မခံဘဲ သူ၏အိတ်ထဲက ရှင်းပေးခဲ့လေ၏။ ထို့နောက် ကိုဇော်ဟိတ်နှင့် ကိုသောင်းတင်တို့က ရှေ့မှ လျှောက်သွားကြ၍ မိန်းမနှင့် ကျွန်ုပ်ကနောက်မှ လိုက်လာကြသည်။ မိန်းမသည် ကိုဇော်ဟိတ်ကို အကဲခတ်နေရာမှ ကျွန်ုပ်ဘက်သို့ လှည့်လျက် "ရှင့်မိတ်ဆွေက တော်တော် ဂိုင်တောင့်ရဲ့လား"

"ဟုတ်ကဲ့၊ လေးငါးခြောက်ထောင်လောက်တော့ မဖြုန်ပါဘူး"

"သူ့ကြည့်ရတာ မဟုတ်မခံတတ်တဲ့ ဝါသနာ ရှိပုံရတယ်"

"သူ့ရုပ်ကတော့ ဒီလိုပါပဲ၊ ဒါပေမဲ့ ပေါင်းကြည့်တော့ မြက်လျှောလို လူထဲကပါဗျ"

"ဝိုင်းထဲမှာ လူတစ်ယောက်က သူချည်းပဲ နိုင်နိုင်နေလို့ သိပ်ကြွားနေ တယ်ရှင့်။ တစ်လှည့်တစ်ပတ်တော့ သူ့ကို ချိုးနိုင်တဲ့လူ တစ်ယောက်တလေ ပေါ်လာကောင်းပါရဲ့။ ရှင့်လူ နိုင်ပါစေရှင်"

"ဒါကတော့ ကံအတိုင်းပေါ့ဗျာ"

ကျွန်ုပ်တို့သည် ကားပေါ်သို့ တက်ကြ၍ ကိုသောင်းတင်ကိုယ်တိုင် မောင်းနှင်လျက်ရှိရာ တစ်ဦးကိုတစ်ဦး ဖြုတ်ရန် အကြံပြုသည့် အရာဌာနတွင် ထိုကားပေါ်၌ လိုက်ပါလာကြသော ကျွန်ုပ်တို့လေးယောက်ထက် သာလွန်သော ပုဂ္ဂိုလ်များကို တစ်မြို့လုံးတွင် ရှာတွေ့နိုင်မည် မဟုတ်ဟူ၍ ကျွန်ုပ် စဉ်းစားမိလေ

mgyoe.com